www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆ခုနှစ်၁၀၀၈
အုပ်နှင့်ပြုချက်အမှတ် - ၅၀၀၁၂၅၀၁၀၉

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ်	။	၂၀၀၉ဖေဖေါ်လ
အုပ်ရေ	။	၅၀၀
မျက်နှာပုံး	။	မြတ်မင်းဟန်
ကွန်ပျူတာ	။	*Welfare*
အတွင်းဖလင်	။	*Quality*

■

ပုံနှိပ်သူ
ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၄)၊ မင်းရဲကျော်စွာလမ်း
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း (မြ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၅၀၀ကျပ်

မာတိကာ

စဉ်	စာစဉ်အမည်	စာမျက်နှာ
၁။	အိပ်မက်အိပ်	၁
၂။	သေရွာပြန်ဦးကတိုး	၁၉
၃။	အကြွေးဆပ်ရန်ပြန်လာသူ	၃၉
၄။	ကျွန်တော်နှင့် ဆလုံဆလင်ကြီးဦးနီ	၅၃
၅။	ကြွက်ပေးတဲ့ရွှေအိုး	၇၀
၆။	အလမ္ဘာယ်သိန်းမောင်	၈၈
၇။	ဝဲဂယက်သံသရာ	၁၀၉
၈။	ကိုရောင်စိန်နှင့် ထူးဆန်းသောဂါထာ	၁၂၅
၉။	မရဏပုန်းသံ	၁၄၂
၁၀။	ဝိညာဉ်ဓာတ်ပုံ	၁၆၁
၁၁။	အေးစွန်ပါတောင်တော်မြတ်မှ ရည်ညွှန်းပေးသော ဣဏ္ဍာသယဆေး(၃)လုံး	၁၈၀
၁၂။	ကျောင်းကလေးရဲ့ညီ	၁၉၉
၁၃။	ဝိုးညဝက်ပါ	၂၁၄

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်အိမ်

❑

လူ့လောကကြီးတွင် ယူးခြားဆန်းကြယ်သည့် လက်လှမ်းမမှီနိုင်သော အကြောင်းအရာများစွာတို့ဖြင့် ပြည့်နေတတ်သည်မှာ တကယ်တော့မဆန်း၊ ယနေ့တိုးတက်လာနေသော ကမ္ဘာကြီးတွင် မမြင်နိုင်သည့် ပရလောကတစ်ခု၊ အခိုင်အမာရှိခဲ့သည်ဟူသည့် အကြောင်းအရာတစ်ခုသည်ပင် သာမာန်လူတစ်ယောက်အဖို့ လက်ခံယုံကြည်ဖို့ဆိုသည်မှာ လွယ်ကူလိမ့်မည် ဖြစ်သော်လည်း ခေတ်ပညာ အမြင့်ဆုံးတတ်မြောက်သင်ယူခဲ့သည့် ဒေါက်တာကောင်းမြတ်လို ဆရာဝန်တစ်ဦးနေနှင့်ကား လက်ခံယုံကြည်ဖို့ဆိုသည့်ကိစ္စမှာ တကယ်တော့ မလွယ်ကူသော အဖြစ်

တစ်ခုပင်။ သို့ရာတွင် အနီပုဂ္ဂိုလ် ဒေါက်တာကောင်းမြတ် ကိုယ်တိုင်ပင် ယုံကြည်လက်ခံစွာပြောပြလာခဲ့သော အဖြစ်အပျက်လေးတစ်ခုက ဝတ္ထုတစ်ပုဒ် ဇာတ်လမ်းတစ်ခုအလား ‘စိတ်ဝင်စားစရာအကြောင်းများဖြင့် ပြည့်နှက်နေသည်။

ဒေါက်တာကောင်းမြတ်ပြောပြခဲ့သည့် အဖြစ်အပျက်အကြောင်းအရာတို့အား စာဖတ်သူများသိစေရန် ပြန်လည်ပြောပြရလျှင် ဤသို့ဖြစ်လေသည်။

♛ ♛ ♛

(၁)

ကျွန်တော်နှင့် ဒေါက်တာကောင်းမြတ် ဆုံတွေ့ခဲ့ကြသည်က အတိအကျဆိုလျှင်(၁၅)နှစ်ခန့်ရှိပြီး။ ဒေါက်တာကောင်းမြတ်က ဟသ်တမြို့တွင်နေထိုင်၍ ကျွန်တော်က ရန်ကုန်မြို့တွင်နေထိုင်သည်။ အဖေအမေများ၏ မွေးရပ်ဇာတိဖြစ်သည်။ ဟသ်တမြို့နယ် နီဗွာန်လေးသို့ တစ်နှစ်လျှင် တစ်ခေါက်ဆိုသလို ပြန်သွားသည့်အခါတိုင်း အမေ့ဘက်ညီမ အန်တီတင်တင်ရှိရာဆေးခန်းလေးသို့ သွားရောက်လည်ပတ်ဖြစ်ခဲ့သည်။ အန်တီတင်တင်က နီဗွာန်ရွာဆေးခန်းတွင်အလုပ်လုပ်ရင်း ကိစ္စဖက်မှ

www.burmeseclassic.com

www.burmeseclassic.com

လည်း ဆေးများကိုရောင်းသည်။ ဆေးခန်းလေးသို့ နေ့စဉ်ဆိုသလို သွားရောက်ရင်း ဒေါက်တာကောင်းမြတ်နှင့် ရင်းနှီးခင်မင်ခဲ့ကြသည်။

ဒေါက်တာကောင်းမြတ်က နေ့စဉ်ဆိုသလို ဟသ်တမြို့မှ ဆေးခန်းရှိရာ နိဗ္ဗာန်ရွာကလေးသို့ နံနက်စောစောမှီရာကား(သို့မဟုတ်) ရထားတစ်ခုခုဖြင့် လာ၍လုပ်ရှိသည်။ ဆေးခန်းလူပါးချိန်ဖြစ်သည်။ နေ့လယ် (၁)နာရီ၊ (၂)နာရီခန့်တွင် မိမိနေထိုင်ရာ ဟသ်တမြို့သို့ ပြန်လေ့ရှိသည်။ သုံးလေးနှစ်ခန့်ကြာသည့်အချိန်၌ သွားရေးလာရေးအခက်အခဲကြောင့် ဆိုင်ကယ်လေးတစ်စီးဝယ်သည်။ ထိုအခါသွားရေးလာရေးက အရင်ထက်စာလျှင် ပို၍ချောမွေ့လာသည်။ မိမိရောက်လိုသည့်အချိန်ကို မှန်း၍ ထွက်လာနိုင်ပြီး ပြန်ချိန်ကိုလည်း မိမိပြန်လိုသည့်အချိန်ကိုမှန်း၍ ပြန်နိုင်သည်။

ထို့ပြင် ရွာနီးချုပ်စပ်ရွာများသို့လည်း အလျင်အမြန်ဆိုသလို ပြေးသွား၍ လူနာများကိုကြည့်နိုင်သည်။ တကယ်တော့ ဟသ်တမြို့ဆိုသည်က ရန်ကုန်မြို့ပြကြီးတွေလို သွားလာမှုကမလွယ်။ ကားဆိုသည်က မပေါ်။ ရထားဆိုလျှင်လည်း မနက်တစ်စီး၊ ညဆိုလျှင်တစ်စီး ဒါပဲရှိသည်။ ထို့ကြောင့်ဒေါက်တာကောင်းမြတ် ဆိုင်ကယ်တစ်စီးဝယ်ရန် စိတ်ကူးသည် ကွက်တိအန်ကိုက်ဖြစ်နေသည်။

ဆေးခန်းသို့ လာရောက်ပြသကြသည့် လူနာများက ရွာနီးချုပ်စပ် ရွာများဖြစ်သည့် စည်တော်ကုန်၊ ညောင်ကုန်၊ ပေါက်တန်းလေး၊ သံပုရာကွင်း၊ လေးပျစ်ကုန်းစသည့် နိဗ္ဗာန်အပိုင်ရွာကလေးများဖြစ်သည်။ ကံတရား၏ မျက်နှာသာပေးမှုကို ခံရသည်လား(သို့)ဒေါက်တာ ကောင်းမြတ်၏ စေတနာသဒ္ဓါတရားထားမှုများက အကျိုးပေးသည်အလား၊ ဒါတော့မသိ။ ဆေးခန်းလေးဖွင့်စက တစ်နေ့လျှင်ပြသသူ လူနာ(၁၀)

ယောက်၊ (၁၅)ယောက်သာရှိသော ဆေးခန်းလေးသည် ခုတော့တစ်နေ့လျှင် လူနာ(၁၀၀)ကျော် (၂၀၀)နီးပါးအထိ များပြားနေတတ်သည်။ တစ်ဝန်းတစ်ခို ရွာကလေးများ၏ ပတ်ဝန်းကျင်တွင်လည်း ဒေါက်တာကောင်းမြတ် ဆေးဝါးကုသမှုကောင်းသောသတင်းများက ပန်းတစ်ပွင့်လို မွှေးပျံ့နေသည်။ ဒေါက်တာကောင်းမြတ်ဆေးခန်းဖွင့်ရာ ဆေးခန်းလေးသို့ တစ်မနက်တွင် ကျွန်တော်ရောက်ရှိသွားသည်တွင်တော့ –

"လာ . . . ကိုအောင်ကျော် ထိုင်ဗျာ"

"ဆရာ ဒီနေ့တော့ လူနာ နည်းနည်းပါးသလိုပဲနော်"

"အင်း . . . . ဟုတ်တယ် ကိုအောင်ကျော်"

"ဆရာဝန်ဆိုတာကလည်း လူနာများများလာအောင် ဆုတောင်းရတဲ့လူတွေမှ မဟုတ်ဘဲ။ လူနာတွေ ကျန်းမာချမ်းသာဖို့ပဲ ဆုတောင်းရတာလေ။ ဒီလိုပါပဲ ကိုအောင်ကျော်ရယ် အလုပ်ဆိုတာ ဘယ်မှာလာပြီး နေ့တိုင်းကောင်းနိုင်ပါ့မလဲဗျာ"

"ဟုတ် . . . ဟုတ်ပါတယ် ဆရာ"

BURMESE CLASSIC

မိုးလေအေးအေးလေးများက ကျွန်တော်နဲ့ဒေါက်တာကောင်းမြတ်တို့ စကားပြောနေသည့် ဆေးခန်းလေးပေါ်သို့တသည်းသည်း ကျရောက်နေလေသည်။ ထိုနောက် ဒေါက်တာကောင်းမြတ်မှ ဆေးခန်းလေးအတွင်းသို့လှည့်ကာ –

"အန်တီတင်တင်ရေ ဓာတ်ဘူးလေးယူခဲ့ပါအုံးဗျာ"

ဆေးခန်းလေးနောက်ဝယ် ရေနွေးကြို့နေသော အန်တီတင်တင်အား ဒေါက်တာကောင်းမြတ်မှ လှမ်း၍အသံပြုလိုက်ရင်း ခဏကြာတော့ အန်တီတင်တင်က ဓာတ်ဘူးလေးယူ၍ ဆေးခန်ရှေ့သို့ထွက်လာသည်။

"ဟော . . . အောင်ကျော်တောင် ရောက်နေပြီ၊ မင်းကောစားခဲ့

www.burmeseclassic.com

www.burmeseclassic.com

သလဲ''

''ကျွန်တော် နိုဗွာန်ဈေးကလေးထဲက မုန့်ဟင်းခါးစားခဲ့ပါပြီ အန်တီတင်တင်''

ဒေါက်တာကောင်းမြတ်က အန်တီတင်တင်ယူလာပေးသော ဓာတ်ဘူးလေးကို ငဲ့လိုက်ရင်း . . .

''သောက် ကိုအောင်ကျော်ဒါနဲ့ရန်ကုန်ကို ဘယ်တော့ပြန်မလဲ''

''နောက်တစ်ပတ်လောက်ဆိုရင် ပြန်မှာပါဆရာ''

''ဒါနဲ့ ကိုအောင်ကျော်အလုပ်က''

''ကျွန်တော် ရန်ကုန်မြို့မှာ ကျောင်းဆရာလုပ်ပါတယ်။ ပြီးတော့ ဝါသနာအရ စာတိုပေစလေးတွေလည်းရေးပါတယ်''

''ကောင်းတယ်ဗျာ . . . ကျွပ်လည်းစာရေးတာကို ဝါသနာပါတယ်။ ဟိုခပ်ငယ်ငယ်ကဆိုရင် ကဗျာတွေ ဘာတွေတောင်ရေးခဲ့ဖူးသေးတယ်။ ဒါပေမယ့် စာရေးဆရာ ကဗျာဆရာတော့ဖြစ်မလာခဲ့ဘူး။ ဆေးကုသတဲ့ဆရာဝန်ပဲ ဖြစ်နေတယ်''

''ဒီလိုပါပဲ ဆရာရယ်။ လူ့ဘဝဆိုကာက ဆန္ဒနဲ့ဘဝ ထပ်တူမကျတဲ့အဖြစ်တွေနဲ့ပဲ နေကြထိုင်ကြရတာပဲလေ''

ထို့နောက် ဘာကြောင့်မသိ၊ အဝေးတစ်နေရာဆီသို့ ငေးငေးရိုရို အကြည့်တစ်စုံဖြင့်ကြည့်နေရင်း အကြောင်းအရာတစ်ခုကို ချင့်ချင့်ချိန်ချိန် နှုတ်ဆက်ပြုနေခဲ့သည်။ အတန်ကြာတော့မှ . . .

''ကိုအောင်ကျော်ရေးတော့ ဘယ်လိုစာတွေရေးသလဲဗျာ''

''ဒီလိုပါပဲဆရာရယ် . . . အစုံပေါ့။ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးတွေပေါ့။ တစ်ခါတစ်ခါကြတော့လည်း ကမ္ဘာ့ရလို့ခေါ်တဲ့ နက်နဲထူးခြားဆန်းကြယ်တဲ့ အကြောင်းအရာလေးတွေနဲ့ပတ်သက်ပြီး, ဝတ္ထုလေးတွေတို

လည်း ရေးဖြစ်ပါတယ်''

''အေးဗျာ . . . ခင်ဗျားကတော့ စာရေးဆရာဆိုတော့ ထူးခြားဆန်းကြယ်တဲ့ အကြောင်းအရာဆိုရင် ခင်ဗျားအတွက် ကုန်ကြမ်းရနိုင်တာပေါ့။ ခက်တာက ပရလောကဆိုတာကျွပ်တို့လို ခေတ်လူငယ်တွေအဖို့ယုံရဖို့ အတော်ခက်သားလား။ ဒါပေမယ့်ကျွပ်ကြုံတွေ့ခဲ့ရတဲ့ နောက်(၁၀)နှစ်လောက်က အဖြစ်တစ်ခုက ကျွပ်အဖို့ ကျွပ်တောင် ယုံရမလား၊ မယုံရဘူးလားဆိုတာ ဝေခွဲမရနိုင်အောင်ဖြစ်နေတယ်''-

ငဲ့ထားသော ရေးနွေးကြမ်းခွက်လေးတစ်ခွက်အား ဂွပ်ခနဲမြည်အောင်သောက်လိုက်ရင်းမှ အတန်ကြာတော့စကားကို ဆက်ပြန်လေသည်။

''ဂဲ . . . ကျွပ်ဖြစ်ပျက်ခဲ့တဲ့အဖြစ်ကတော့ ဒီလိုဗျ . . . ကိုအောင်ကျော်ရေ''

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

❑

"ခု ကျွပ် ဒီနီဗွာန်ရွာမှာ ဆေးခန်းလာဖွင့်တာ(၁၀)နှစ်ကျော်ပြီ။ ဆေးခန်းဖွင့်ရတာ အားလုံးအဆင်ပြေပါတယ်။ ဒါပေမယ့် ခက်တာက သွားရေးလာရေးဆိုတဲ့ ကိစ္စပဲ။ ကျွပ်နဲ့အတူနေတဲ့ အဖေနဲ့အမေကလည်း ကျွပ်ကိုဝေးဝေးသွားပြီး ဆေးခန်းမဖွင့်စေချင်ဘူး။ ဖြစ်နိုင်ရင်ဟသ်ာတ ပြို့ပေါ်တစ်နေရာရာမှာပဲ ဆေးခန်းပြန်ဖွင့်ဖို့ အမြဲတမ်းဆိုသလို တိုက်တွန်းကြတယ်။ ဒါပေမယ့် အဖေအမေတို့ပြောတဲ့အခါတိုင်း ကျွပ်ကဖွင့်တာပေါ့ အမေရယ်ဆိုတဲ့ ဆင်ခြေဆင်လက်တွေအမျိုးမျိုးနဲ့ ကာလတွေ အတော်ကြာတဲ့အထိ နေလာခဲ့တယ်။ အလုပ်တစ်ခုဆိုတာကလည်း ပြောင်းတယ်ရွှေ့တယ်ဆိုတာ ထင်သလောက်မလွယ်ကူဘူး။ အထူးသဖြင့် ကျွပ်က နီဗွာန်ရွာမှာ အသားကျနေပြီး မိတ်ရနေပြီလေ။ ပြီးတော့ ဒီနယ်ကလူတွေ အများစုကလည်း ကျွပ်ဆေးခန်းလေးကိုပဲ ဆေးရုံတမျှ အားကိုးအားထား ပြုနေကြတာ။ ဒီအကြောင်းတရားတွေက ကျွပ် ဟသ်ာတပြို့ပေါ်ကို ပြန်ပြောင်းဖို့ ခက်တဲ့အချက်တွေပဲ။ အင်း . . . ဒီလိုနဲ့ တစ်နေ့မှာတော့ ကျွပ်ဆေးခန်းက ခပ်စောစောပြန်ရင်း ဟသ်ာတ ပြို့စွန်က ရပ်ကွက်လေးတစ်ခုမှာ ရောင်းဖို့အိမ်ကလေးတစ်လုံးရှိတယ် ဆိုတဲ့စကားအရ ဆေးခန်းလေးဖွင့်နိုင်ဖို့ သွားကြည့်ဖို့အကြောင်းတစ်ခု

ကဆုံစည်းလာတယ်''

ထိုအခိုက် ပုခက်တစ်လုံးနှင့် ထမ်းပိုးလာသော လူနာတစ်ယောက်ဆေးခန်းထဲသို့ ဝင်လာသည်။ ကောင်စာစားပွဲလေးတွင် ထိုင်နေသော အန်တီတင်တင်ကိုတွေ့တော့ . . .

''အန်တီ ဒေါက်တာရှိလား''

''ရှိပါတယ်ရှင် . . . ဆရာရေ လူနာလာတယ်''

ထိုနောက်တွင်တော့ ဆေးခန်းလေးရှေ့တွင် ထမ်းလာသော ပုခက်ကိုချလိုက်ရင်း –

''ကဲ . . . ကဲ . . . လူနာကို တွဲခဲ့ . . . တွဲခဲ့''

ဆေးခန်းလေးထဲသို့ ခေါ်လိုက်သည်။ လူနာစမ်းသပ်သည်။ စားပွဲလေးတွင် ထိုင်မိတော့ . . .

''ကဲ . . . ကဲ . . . အိပ်လိုက် အိပ်လိုက်။ ဘာဖြစ်တာလဲ ဒေါ်ကြီး''

''ဖျားတာပါ ဒေါက်တာရယ်။ ခုတော့ လှုပ်တာတောင် မောနေတယ်''

''ဟုတ်ပြီ . . . ဟုတ်ပြီ၊ ကဲ . . . အစာရော ဘာတွေစားသလဲ''

''ဘာမှ မည်မည်ရရ မစားနိုင်ဘူး၊ ခံတွင်းလည်း ပျက်နေတယ်''

''ဟုတ်ပါပြီ၊ ဖျားပြီး အားကိုအတော်နည်းနေတာ''

''ကဲ . . . ကဲ ဒီဘက်ကို စောင်းလိုက် ဆေးတစ်လုံးထိုးပေးလိုက်မယ်။ သောက်ဆေး(၃)ရက်စာပေးလိုက်မယ် ကောင်းသွားမယ်ပါ အဒေါ်''

www.burmeseclassic.com

www.burmeseclassic.com

"ကျေး . . . ကျေးဇူးပါပဲ ဒေါက်တာရယ်"

ဤသို့ဖြင့် စကားဆုံးတော့ . . .

"အန်တီ တင်တင်ရေ၊ ဒီဒေါ်ကြီးကို ဆေးပေးလိုက်ပါနော်"

ထို့နောက် ဆေးခန်းလေးနောက်သို့ဝင်သွား၍ လက်များကို ဆေးကြောသန့်စင်ပြီးမှ ထွက်လာသည်။ ကျွန်တော့်နားသို့ ရောက်လာ၍ ဒေါက်တာကောင်းမြတ်ထိုင်မိတော့ –

"ကဲ . . . ဆက်ပါအုံးဆရာရဲ့"

"မြို့စွန်ရပ်ကွက်လေးကို တစ်ညနေမှာ ကျွန်ုပ်ရောက်သွားတော့ အဲဒီရောင်းမယ်ဆိုတဲ့ အိမ်ကလေးက ဝင်းတံခါးလေးပိတ်ထားပြီး ရှေ့မှာတော့အိမ်ရောင်းမည်ဆိုတဲ့ ဆိုင်းဘုတ်လေးကို ချိတ်ထားတယ်။ ဒါနဲ့ ကျွန်ုပ်လည်း အိမ်နီးချင်း အိမ်တစ်အိမ်ကို အကျိုးအကြောင်းပြောပြရင်း အိမ်ကလေးရဲ့အခြေအနေကို အကဲခတ်နိုင်ဖို့ ခြံတံခါးလေးကိုဖွင့်ရင်း အိမ်ကလေးကို လှည့်ပတ်ကြည့်တယ်။ အိမ်ကလေးကတော့ (၁၀)ပေ (၁၅)ပေလောက်ရှိတဲ့ သွပ်မိုးမျဉ်းထော်င် လုံးချင်းအိမ်ကလေးပါပဲ။ အိမ်ကလေးက သပ်သပ်ရပ်ရပ်ကလေး ဆောက်ထားတယ်။ နောက်ဖေးဘက်ကို မြင့်တက်နေရင်းမို့နေတဲ့ တောင်ပူစာမို့မို့လေးတစ်ခုကို တွေ့ရတယ်"

ထို့နောက် စကားကိုဖြတ်လိုက်ရင်း . . .

"အဲဒီ တောင်ပူဇာလေးနားမှာ ဘာတွေတွေ့ခဲ့သလဲဆရာ"

"ဘာမှတော့ မတွေ့ခဲ့ပါဘူး။ ဒါပေမယ့် အဲ့ဒီတောင်ပူစာလေးနားမှာ ကျွန်ုပ်ထိုင်ရင်း အပေါ့အပါး သွားလိုက်မိတယ်"

ထိုစဉ် ရှေ့သာလျောင်းရွာဘက်မှ အိမ်သို့လာကြည့်ရန် ဆရာလာ၍ ပင့်လေသည်။ ထို့ကြောင့် လူနာရှင်တစ်ဦးနှင့်အတူ ဒေါက်တာ

ကောင်းမြတ်နှင့် အန်တီတင်တင်တို့နှစ်ယောက် ဆေးအိတ်ကလေးကို ကိုင်ဆောင်ကာ မကြာမီ ဆိုင်ကယ်လေးစီး၍ ထွက်သွားတော့သည်။

❦ ❦ ❦

ဒီနေ့ ဒေါက်တာကောင်းမြတ်အိမ်သို့ပြန်ရောက်တာ ခေါင်းများက အုံ့ခဲရင်း ကိုယ်လက်တချို့ပင် နာကျင်ကိုက်ခဲနေသည်။ ယနေ့ ဆေးခန်းတွင် လူနာများသည်။ ထို့ပြင် အနီးအပါးရွာကလေးများသို့လည်း ဆိုင်ကယ်တစ်စီးနှင့်သွားရောက်ရင်း ဆေးကုသရသေးသည်။ ထို့ကြောင့် ပင်ပန်းနွမ်းနယ်သွားသည်။ ဆေးတစ်ခွက်ကို သောက်လိုက်ရင်း ဒေါက်တာကောင်းမြတ်အိပ်ရာသို့ ခပ်စောစောဝင်ခဲ့တော့သည်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည့်အခိုက် . . .

"ဟေ့ကောင် . . . ကောင်းမြတ် . . . ကောင်းမြတ်"

ဟူသည့် ခေါ်သံတစ်ခုက မိမိနားထဲမှ ခပ်သဲ့သဲ့ကြားနေရသည်။ ထို့ကြောင့် မှိတ်ထားသော မျက်လုံးအစုံကို အားယူဖွင့်ကြည့်လိုက်တော့ မိမိခုတင်နဘေးတွင်ရပ်နေသော ဝတ်ဖြူစင်ကြယ် ပဂ္ဂိုလ်

www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးကို တွေ့လိုက်ရသည်။ အုံ့အားသင့်စွာ ကြည့်နေခိုက် . . .

"မင်း တော်တော်မိုက်မဲတဲ့ကောင်ပဲ။ အပေါ့အပါးသွားတယ်ဆိုတာ ဘယ်နေရာပဲဖြစ်ဖြစ် တောင်းပန်တိုးလျှိုးပြီး သွားရတယ်ကွ။ မင်းအပေါ့သွားခဲ့တဲ့တောင်ပူစာလေးဟာ ငါတို့နေတဲ့နေရာပဲ။ အဲဒါ မင်းသိလား''

ထို့နောက် ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်ကြီးကို အုံ့အားသင့်စွာ ငေးမောကြည့်နေရင်း အမြင်လွှာထဲက ဖြည်းဖြည်းမှုန်ဝါး ပျောက်ကွယ်သွားသည်။

ဒေါက်တာကောင်းမြတ်လည်း အိပ်မက်မှလန့်နိုးကာ ဟိုဟိုသည်သည် အကြည့်များဖြင့်ရှာဖွေရင်း အိပ်ရာပေါ်တွင် အတွေးတစ်စဖြင့် ထိုညက မိုးစင်စင်လင်းခဲ့ရတော့သည်။

ဒေါက်တာကောင်းမြတ်တစ်ယောက် သွားရောက်ကြည့်ရှုခဲ့သော အိမ်ကလေးကိုလည်း မဝယ်ယူဖြစ်ခဲ့တော့။ ထို့နောက် ထိုအိမ်ကလေးသို့လည်း တစ်ခေါက်တစ်ခါမျှပင် မရောက်ရှိခဲ့တော့ပေ။ ထိုအဖြစ်အပျက် အကြောင်းအရာလေးများ ဖြစ်ပျက်ခဲ့ပြီးသည့် နောက်ပိုင်းကာလများတွင် တစ်လတွင် တစ်ခါဆိုသလို ညတစ်ခုခု ဒေါက်တာကောင်းမြတ် ထိုအိပ်မက်မျိုးမြင်မက်လေ့ရှိသည်။ ထိုမြင်မက်သည့် အိပ်မက်များသည်လည်း အကြောင်းအရာ ပုံသဏ္ဌာန်ပြောင်းလဲသွားသည်ဟူ၍မရှိ။ အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်ကြီးတစ်ဦးပေါ်လာ၍ အပေါ့အပါးသွားခဲ့သည့်ကိစ္စ မကျေနပ်ကြောင်း ပြောဆိုတတ်ပြန်သည်။

ထိုအိပ်မက်များ ဆက်၍ မက်သောကာလများတွင် ဒေါက်တာကောင်းမြတ်တစ်ယောက် နေထိုင်မကောင်းဖြစ်တတ်ပြန်သည်။ ထို

အိပ်မက်မြင်မက်ပြီး တစ်ပတ်ခန့်တွင် စိတ်များနောက်ကျိကာ လုပ်ငန်းတွင် အမှားအယွင်းလုပ်မိသည်။ လူနာများနှင့်လည်း ဆက်ဆံရေး မပြေမပြစ်ဖြစ်ကာ အဖုအထစ်များဖြစ်လာသည်။ စကားများစွာပြောလာသည်။ ပြောသောစကားတို့မှာ အမှန်ထက် အမှားများသာဖြစ်သည်။

ထို့ကြောင့် ပြဿနာများစွာ ဖြစ်ပေါ်လာသည်။ သို့သော် (၂)ပတ်၊ (၃)ပတ်ခန့်ကြာသည့် ကာလတစ်ခုတွင်တော့ စကားများများ ပြောရာမှ ဘာတစ်ခုမှမပြောမဆိုတော့ဘဲ ငြိမ်သက်သွားရင်းမကြာမီ ပုံမှန်ပြန်၍ ဖြစ်သွားတော့သည်။ ထိုသို့ ဖြစ်ပေါ်နေခဲ့သည်မှာ ကာလအစိုးခုပင် ကြာကြာညောင်းညောင်းရှိခဲ့ပြီ။

ခေတ်ပညာတတ် တစ်ယောက်ဖြစ်သည့် ဒေါက်တာကောင်းမြတ်ကို တတ်ကျွမ်းနားလည်သော ဆရာများနှင့်ပြသရန် တိုက်တွန်းဆက်ကြေးဘို့ဆိုသည်က မလွယ်ကူသောအလုပ်။ ပြောဆိုတိုင်ပင်ကြည့်ညည်ဆိုလျှင်လည်း ဒေါက်တာကောင်းမြတ်က လက်ခံမည်မဟုတ်သည်ကာ သေချာသည်။ တစ်နေ့ ဟသ်တမြို့သို့ ကိစ္စတစ်ခုနှင့်လာရောက်ခိုက် အန်တီတင်တင်သည် ငါးမျက်နှာဘုရားတွင်းရှိ နာမည်ကြီးဗေဒင်ဆရာကြီးတစ်ဦးနှင့် တွက်ချက်မေးမြန်းကြည့်သည်။

"ဒီပုဂ္ဂိုလ်မှာ အမှားအယွင်းတစ်ခုရှိနေတယ်။ ခင်ဗျားတို့ သူ့ကြည့်မယ်ဆိုရင် ပွဲတစ်ခုပေးပြီး အဲဒီတောင်ပို့မှာ သွားတောင်းပန်ပေါ့''

"ကောင်း . . . ကောင်းပါပြီ ခဗျာ''

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

❑

တစ်နေ့ မြို့စွန်က ဒေါက်တာကောင်းမြတ်သွားကြည့်သည့် အိမ်ကလေးဆီသို့ အွန်တီတင်တင်ရောက်ရှိသွားရင်း အိမ်နီးချင်းများကို စုံစမ်းကြည့်ရာ . . .

"ဒီက ညီမတို့က ဒီအိမ်ရဲ့အိမ်ရှင်တွေလား"

"မဟုတ်ပါဘူးရှင်။ ကျွမတို့က အိမ်နီးချင်းမို့ ကြည့်ရှုစောင့်ရှောက်ပေးထားတာပါ"

"ဩော် . . . ဩော် . . . ဒါနဲ့ ဒီအိမ်ကလေးနဲ့ပတ်သက်လို့ အန်တီနည်းနည်းလေး မေးချင်လို့ပါ။ ညီမလေးတို့က ဒီမှာနေတာ ကြာပြီလား"

"ကြာပါပြီ၊ အဖေအမေတို့ဝိုင်တဲ့ ဘိုးဘွားပိုင်မြေမို့ ဒီမှာနေလာတာ အနှစ်(၂၀) ကျော်လောက်ရှိပါပြီ"

"ဒါဆိုရင် ဒီအိမ်မှာ နေခဲ့တဲ့လူတွေကို မှတ်မိလား"

"မှတ်မိပါတယ်။ ဟို . . . ကျွမတို့ငယ်ငယ်ကတော့ နတ်ခနောက်ခဲ့တဲ့ အိန္ဒိယလူမျိုး အဖိုးကြီးတစ်ယောက်နေမါတယ်။ သူ့မိန်းမကလည်း အိန္ဒိယသူပဲ။ နတ်ခနောက ခေတ်စဉ် ဟသ်ာတမြို့ထဲကို နွားနို့လှည့်လည်ပို့ရင်း သူ့အမျိုးသမီးကတော့ မုန့်ပဲသရေစာလေးတွေ ရောင်း

တယ်။ သူတို့မှာ သားထောက်သမီးခ်ဆိုလို့ တစ်ဦးမှမရှိကြဘူး။ သူ့မိန်းမကြီးက စိတ်ရောဂါနဲ့ ဆုံးသွားတယ်။ အဲဒီတော့ နတ်ခနောက သူ့အမျိုးအဆွေတွေရှိတဲ့ အိန္ဒိယကို အပြီးပြန်သွားတယ်"

ထို့နောက်တွင်တော့ စကားကိုခေတ္တမျှ ရပ်လိုက်ရင်း အတန်ငယ်ကြာတော့ ဆက်ရှုပ်ပြောပြန်သည်။

"အဲဒီနောက်တော့ နတ်ခနောရဲ့ အိမ်ကလေးကို မြန်မာလူမျိုးကုန်သည်တစ်ဦးဖြစ်တဲ့ ဦးရာတင်လို့ခေါ်တဲ့ လူကြီးတစ်ဦးကဝယ်တယ်။ သူတို့လည်း သိပ်မကြာလိုက်ပါဘူး။ ဦးရာတင်ကုန်ရောင်းသွားရင်း ကားမောက်ပြီးဆုံးသွားတယ်။ သူ့မိန်းမ မစိန်သီးကတော့ ခုထိရှားနေလို့ ရန်ကုန်မြို့စိတ်ကျန်းမာရေးဆေးရုံကို ပို့ထားတယ်ဆိုလား ဘာလားကြားမိတယ်"

"ဩော် . . . ဩော် . . . ဟုတ်ပြီ . . . ဟုတ်ပြီ"

"အင်း . . . သူတို့မှာတော့ သမီးနှစ်ယောက်ရှိတယ်။ တစ်ယောက်က မန္တလေးမှာအိမ်ထောင်ကျတယ်။ အကြီးဆုံးဖြစ်တဲ့ တင်တင်မြကတော့ ဒီအိမ်ကို အခုထိဆက်ပြီးနေပါတယ်"

"ဟုတ်လား . . . ဒါဆို အခု တင်တင်မြက ဘယ်မှာလဲ"

"အင်း . . . ခုတော့ သူလည်း ဒီအိမ်လေးမှာပဲ စီးပွားတွေ့ချက်၊ ယောက်ျားကလည်းဆုံးနဲ့ ခုတော့သူက သူ့ညီမရှိတဲ့ မန္တလေးမှာသိုက်နေတယ်။ ဒါကြောင့် ဒီအိမ်ကို ရောင်းဖို့ ဆိုင်းဘုတ်ချိတ်ရင်း အိမ်နီးချင်းဖြစ်တဲ့ ကျွန်မကိုမှာခဲ့တာပါ အန်တီ"

"အေး . . . အေး . . . ခုလို စိတ်ရှည်လက်ရှည်ရှင်းပြပေးတာ ကျေးဇူးတင်ပါတယ်ကွယ်။ ဒါနဲ့စကားမစပ် ဒီအိမ်ကို ဝယ်မဲ့သူတွေ ဘာတွေရော လာမေးကြာတာမျိုးရှိလား"

www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . ရှိတော့ရှိတယ် ဒါပေမယ့် ဘာဖြစ်လို့လဲမသိဘူး မေးပြီး ပြန်သွားကြတာပဲရှိတယ်။ တော့တော့ဆိုင်ဆိုင် အရောင်းအဝယ် ဖြစ်တာမျိုး မရှိပါဘူး။ အဲဒီလိုမေးတဲ့လူလည်း နောက်တစ်ခါ ပေါ်မလာ တော့ဘူး"

စကားဆုံးတော့ ဒေါ်တင်တင် အတွေးတစ်ခုကို စဉ်းစားရင်း

"အင်း . . . ဟုတ်ပြီ . . . ဟုတ်ပြီ။ ဒါ သေချာသလောက် ရှိတယ်။ အေးကွယ် . . . ကျေးဇူးတင်ပါတယ်။ အန်တီကို သွားခွင့် ပြုပါအုံးနော်"

"ဟုတ် . . . ဟုတ်ကဲ့ပါရှင်"

ထို့နောက်တွင်တော့ ဒေါက်တာကောင်းမြတ်တစ်ယောက် လာရောက်စုံစမ်းခဲ့သည့် အိမ်ကလေးအား တစ်ချက်လှမ်းရှုကြည့်လိုက်ရင်း အန်တီတင်တင်ကားဂိတ်လေးရှိရာဆီသို့ ဆိုက္ကားစီးကာ ထွက်လာခဲ့တော့သည်။

❦ ❦ ❦

❑

ဤသို့ဖြင့် ကျွန်တော် ဟသ်ဘတ်မြို့နယ် နီဗွာန်ရှာကလေးသို့ မရောက်နိုင်ခဲ့သည်မှာ(၁၀)နှစ်ခန့်ပင်ရှိခဲ့ပြီ။ ဒေါက်တာကောင်းမြတ် တစ်ယောက်သည်လည်း နီဗွာန်ရှာဆေးခန်းလေးမှ ပြောင်းရွှေ့သွားခဲ့သည်မှာ (၅)နှစ်ခန့်မျှပင် ကြာညောင်းခဲ့ပြီဟု သိရသည်။ သို့သော် လွန်ခဲ့သော တစ်လခန့်က အန်တီတင်တင် ရန်ကုန်မြို့သို့ကိစ္စတစ်ခုနှင့်လာခိုက် အလည်အပတ်သင့်သည်တွင်ပြောဆိုသွားသော ဒေါက်တာကောင်းမြတ်၏ နောက်ဆက်တွဲသတင်းများက တစ်လ၏နောက်ဆုံးပတ်ရက်ကလေးများသို့ ရောက်ရှိသည့်အခါတိုင်း ဒေါက်တာကောင်းမြတ် တစ်ယောက် မြင်မက်နေကျအိပ်မက်ဆန့်ကိုမြင်မက်ရင်း တစ်ပတ်ခန့် ကြာသည့်ကာလတွင် စကားများများ ပြောဆိုလာတော့သည်။ ထို့နောက် အမှားအယွင်းများကို ပြုလုပ်လာသည်။ မကြာခဏဆိုသလို လူနာများနှင့်လည်းကောင်း၊ မိသားစုဝင်များနှင့်လည်းကောင်း ပြဿနာပေါင်းစုံ ဖြစ်ပေါ်တတ်သည်။ တစ်ပတ်(၁၀)ရက်ခန့်ကြာသည့်တွင်တော့ ပုံမှန်အတိုင်း တဖြေးဖြေးငြိမ်သက်၍သွားရင်း နောက်ဆုံး စကားလုံးဝမပြောဆိုတော့ဘဲ ပုံမှန်အနေအထားသို့ရောက်ရှိကာ ယခုထိတိုင်ဖြစ်ပျက်နေဆဲဖြစ်သည်ဟု ကြားသိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

တချို့သော သူများက ဒေါက်တာကောင်းမြတ်တစ်ယောက် စိတ်ဝေဒနာတစ်ခုခုကို ခံစားနေရပြီဟု ယူဆကြသည်။ တချို့က ပရလောကတွင် အမှောက်အမှားတစ်ခုကို ကျူးလွန်ပစ်မှားမိခြင်းကြောင့် ဒဏ်ခတ်ခံနေရသည်ဟု ယူဆကြသည်။ တကယ်တော့ ဒေါက်တာကောင်းမြတ်ကဲ့သို့ ခေတ်ပညာအမြင့်ဆုံး တတ်မြောက်သင်ကြားခဲ့သူ ဆရာဝန်တစ်ဦးတစ်ယောက်အဖို့ ဤအယူအဆများကို လက်ခံယုံကြည်ဖို့ဆိုသည်မှာ ခက်ပေလိမ့်မည်။ သို့သော် ယုံရခက်သည့် အဖြစ်အပျက်များစွာဖြင့်ပင် ဒေါက်တာကောင်းမြတ်တစ်ယောက်ကတော့ ယနေ့ထိ ထိုင် အိပ်မက်ဆန်းများကိုမြင်မက်ရင်း ဖြစ်ပျက်ခံစားနေရဆဲဖြစ်တော့သည်။

❦ ❦ ❦

မင်းအောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com

သေရွာပြန်ဦးကတိုး

❑

ငါးဘတ်အင်းရွာကလေးသည် အိမ်ခြေ (၂၀၀၀) ကျော်ခန့်ရှိ သည့် ရွာကြီးတစ်ရွာဖြစ်၍ မိရိုးဖလာလယ်လုပ်ငန်း၊ ခြံလုပ်ငန်းများ ဖြင့် အသက်မွေးဝမ်းကျောင်းလျက် ရှိကြသည်။ နိမ့်ဗာန်၊ ငါးဘတ်အင်း ရိုးတန်း၊ ကန်ကြီးဒေါင့်၊ ရွာသစ်ကုန်းစသည့် တစ်ဝန်းတစ်စုံ ရွာလေး များစွာက ကျောင်းသူ၊ ကျောင်းသားများသည်ကတော့ ကန်ကြီးဒေါင့် ကျေးရွာကလေးရှိ ဆရာတော်ဦးအိန္ဒ၏ ဘုန်းတော်ကြီးကျောင်း ကလေးတွင် လောကဓာတ်ပညာရပ်များကို သွားရောက်သင်ယူဆည်းပူး ရသည်။ ထိုဘုန်းကြီးကျောင်းကလေးတွင်(၄)တန်းအထိ အတန်းပညာရပ်

များကိုလည်းကောင်း၊ သဒ္ဒါဗြိုလ်စသော စာပေများကိုလည်းကောင်း သင်ကြားလေသည်။ စတုတ္ထတန်းအောင်လျှင် အစိုးရကျောင်း၊ ငါးဘတ် အင်းရွာကလေးတွင် ဦးနေဝင်းအလွတ်ပညာသင်ကျောင်း၊ ငါးဘတ်အင်း ရွာကလေးမှ ဆရာဦးသီဟန်၊ ဆရာဦးထိအောင်တို့ ဦးစီးသင်ကြားသော အမျိုးသားကျောင်းအချို့သည်လည်း ပေါ်ပေါက်လျက်ရှိသည်။

ဖိုးကုလား၊ လှဖေ၊ ဦးကတိုးတို့မှာ အလွန်ခင်မင်သော သူငယ် ချင်းများဖြစ်ကြသည်။ ဖိုးကုလားသည် ငါးဘတ်အင်းရွာသား တစ် ယောက်ဖြစ်သလို ကတိုးနှင့် လှဖေသည် ရွာမပိုင်းသားများဖြစ်ကြသည်။ ငါးဘတ်အင်းရွာကလေးထဲမှ ဆရာတော်ဦးအိန္ဒကျောင်းသို့ သွားရောက် တက်နေကြသည်။ ကျောင်းသူ ကျောင်းသားများစွာရှိသည့်အနက် ဖိုးကုလားမှာ တစ်ရွာထဲနေသူများနှင့် အဖွဲ့မကျ နိမ့်ဗာန်ရွာမပိုင်းသား မောင်ကတိုး၊ လှဖေတို့နှင့်သာ အဖွဲ့ကျလေသည်။

ဤသည်ကားလည်း အကြောင်းရှိလေသည်။ ဖိုးကုလား၊ လှဖေ၊ ကတိုးတို့မှာ စ၅ပေ၊ ဝါသနာထုံသူများဖြစ်ကြ၏။ စာရေးစာဖတ်ရန် ဝါသနာကြီးသလို စာရေးရန်လည်း ဝါသနာပြင်းပြကြသည်။ အမိအဖများ ပေးကမ်းကြသည့် မုန့်ဖိုးပဲဖိုးလေးများကို စုဆောင်းကာ ကျောင်းပိတ် ရက်ကလေးများ၌ ဟသ်တမြို့၊ လမ်းမတော်ရပ်ရှိ ''ရွှေမောင်း'' စာအုပ် ဆိုင်ကလေးသို့ သွားရောက်ကာ ရုပ်၊ ရွှေဥဒေါင်း၊ ဒဂုံရွှေမျှားစသော စာရေးဆရာကြီးများ၏စာအုပ်များကို ဝယ်ယူဖတ်ရှုကာ စာပေရူးသွပ် ခြင်း၌ (၃)ဦးစလုံးက တိုက်တိုက်ဆိုင်ဆိုင် တူညီကြသည်။

ထိုသူငယ်ချင်း(၃)ဦးထဲကွင် လှဖေနှင့်ကတိုးတို့က စီးပွားရေး ဆောင်တင်းသည်။ လှဖေမှာမူ လူချမ်းသာအသိုင်းအဝန်းတစ်ခုမှ ပေါက် လာခဲ့သူဖြစ်သည်။ ကတိုးမှာ လှဖေလောက်တော့မချမ်းသာ။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com

ဖိုးကုလားထက်တော့သာသည်။ မိဘများက လယ်ယာပေါင်းများစွာကို ပိုင်ဆိုင်ကြသည်။ သူ့တွင်အထက်(၂)ယောက် အစ်မနှင့်ညီမများ ရှိသည်။ မောင်ဆိုရ၍ ကတိုးတစ်ယောက်သာလျှင်ရှိရ၍ မိဘနှင့်အစ်မ၊ ညီမများက တုန်နေအောင်ချစ်ကြသည်။ ကျောင်းပိတ်ရက်များတွင် တစ်ခါတစ်ရံ ဖိုးကုလား၏အိမ်တွင်လည်းကောင်း၊ တစ်ခါတစ်ရံမောင်ကတိုးတို့အိမ်တွင် လည်းကောင်း။ လှဖေ၏အိမ်ကလေးတွင်လည်းကောင်း သွားလာလည်ပတ်၍ တစ်ခါတစ်ရံ ညအိပ်ညနေပင် နေထိုင်ကြသည်။ လှဖေ၏ မိဘများလည်းကောင်း၊ ကတိုး၏ညီအစ်ကိုမောင်နှမများသည်လည်းကောင်း ဖိုးကုလား၊ လှဖေ၊ ကတိုးတို့နှင့်ပတ်သက်၍ မိသားစုတစ်စုကဲ့သို့ ဆွေမျိုးသားချင်းများကဲ့သို့ပင် ရင်းနှီးနေကြတော့သည်။

ဘဝဟူသည် စိုးပိုင်ရမရ။ ကံကြမ္မာတည်းဟူသော အရာတစ်ခုကိုလည်း လူသားတို့က မပိုင်ဆိုင်။ ကံကြီးဒေါင့်ရှာ ဆရာတော်ဦးအိန္ဒိကျောင်းကလေးမှ စတုတ္ထတန်းအောင်မြင်သောနှစ်တွင် လှဖေနှင့် ကတိုးမှာ ဟသ်တမြို့ပေါ်ရှိ အစိုးရကျောင်းများသို့ ဆက်၍တက်ကြသော်လည်း ဖိုးကုလားမှာမူ ကျောင်းဆက်၍မတက်တော့ပေ။ အမိအဖိုင်

လယ်ကလေးကို ဝင်ရောက်ကူညီလုပ်ကိုင်ရင်း လက်သမားတစ်ယောက် အဖြစ် ဘဝကိုရုန်းကန်ရတော့သည်။ သို့သော် ငယ်စဉ်ကပင် ဝါသနာထုံခဲ့သော စာပေဝါသနာကား ဖျောက်ဖျက်၍မရ။ ကတိုးနှင့်လှဖေ ဟူသော သူငယ်ချင်းများကလည်း အခင်အမင်မပျက်။ အသွားအလာ မပျက်။ ကျောင်းပိတ်ရက်ကလေးများသို့ရောက်တိုင်း ယခင်ကနည်းတူ လှဖေအိမ်တွင်လည်းကောင်း၊ ဖိုးကုလားအိမ်တွင်လည်းကောင်း၊ ကတိုး တို့၏အိမ်တွင်လည်းကောင်း သွားရောက်လည်ပတ်နေထိုင်ကာ စာအကြောင်းများပြောရင်း နေထိုင်လျက်ရှိကြသည်။

ထိုအချိန် မြန်မာနိုင်ငံကြီးတွင် စစ်မီးဟုခေါ်သော မီးလျှံ၊ မီးစများက အနယ်နယ်အရပ်ရပ်တွင် ကျရောက်ပေါက်ဖွား ကူးစက်လျက်ရှိသည်။ အင်္ဂလိပ်နယ်ချဲ့များအား တိုက်ထုတ်ရန်ဂျပန်များပင်လျှင် မြန်မာနိုင်ငံအသီးသီးသို့ တိတ်တဆိတ်ဝင်ရောက်လာကြရင်း မြန်မာ ချိုးချစ်တပ်များနှင့်ပူးပေါင်းကာ တိုက်ပွဲများဖြစ်ပွားသည့် နေရာဒေသများရှိလေသည်။ စစ်၏အရိပ်များကြောင့် လှဖေနှင့်ကတိုးတို့မှာ ဟသ်တမြို့ပေါ်တွင် ကျောင်းတက်လျက်ရှိရာမှ ကျောင်းများဖိတ်လိုက်သော ကာလတွင် မိမိနေရာဒေသများသို့ပြန်ရောက်ကာ မိဘများနှင့် နေထိုင်ကျက်ရှိကြသည်။ ထိုသို့သောကာလအတွင်း သူငယ်ချင်း (၃)ယောက်သည် စာပေ၊ ကဗျာများကို ရေးသည့်အခါရေးကာ သူဝယ်ထားသော ကဗျာ၊ ငါဝယ်ထားသော စာအုပ်များကို လဲလှယ်ဖတ်ရှုခြင်း၊ တစ်ဦးနှင့်တစ်ဦးက ငှားရမ်းခြင်းများဖြင့် အချိန်များစွာကို ဖြတ်သန်းလွန်မြောက်နေကြသည်။

တစ်ခါတစ်ရံ ကတိုးနှင့်လှဖေတို့သည် ဖိုးကုလားအလုပ်လုပ်ရာ လယ်ကလေးထဲသို့လိုက်၍သွားကာ သူငယ်ချင်းဖြစ်သူဖိုးကုလား

www.burmeseclassic.com

www.burmeseclassic.com

နှင့် တလင်းနယ်၊ စပါးလှေ့ စသောလုပ်ငန်းလေးများ ဝိုင်းဝန်းကူညီ လုပ်ကိုင်ကြသည်။ လှဖေ၊ ဖိုးကုလား၊ ကတိုးတို့သူငယ်ချင်း(၃)ဦးစလုံး တူညီသောအချက်မှာ အရွယ်ရောက်ကြသည့်တိုင် ချစ်သူရည်းစား မထားရှိကြသေးခြင်းပင်။ သူတို့ချစ်သည်က စာအုပ်စာပေအကြောင်း ပြောဆို နေရလျှင် ဘဝကပြည့်စုံနေကြသည်။ စစ်၏အခြေအနေသည် တစ်စ တစ်စ ဆိုးဝါး၍ လာတော့သည်။ မြို့ရွာများကို ဗုံးကြဲတိုက်ခိုက်ခြင်း၊ အိမ်ခြေယာခြေ ကျောင်းကန်ဘုရားများကို မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်လာသည်။ ဖိုးကုလားတို့မိသားစု အမိအဖများ၏ ဆွေမျိုးသား ချင်းများရှိရာ ကွမ်းခြံကုန်းရွာကလေးသို့ စစ်ရှောင်ရင်း ပြောင်းရွှေ့သွား ကြသလို လှဖေနှင့်ကတိုးတို့သည်လည်း နိဗ္ဗာန်ရွာပေါ်မှပြောင်းကာ ညောင်ကုန်း၊ စည်တော်ကုန်းစသောရွာများသို့ ပြောင်းရွှေ့သွားကြတော့ သည်။

လယ်ယာလုပ်ငန်းများကိုပင် ပစ်ရှုထားခဲ့ကြရာသလို အိုးအိမ် တန်ဆောင်း၊ ဘုရားမြို့ရွာများကိုလည်း ပစ်ခွာခဲ့ကြရသည်။ အချို့ရွာ များပျက်စီး၍ ဘုရားပျက်၊ ကျောင်းပျက်များနှင့် အနိဋ္ဌာရုံမြင်ကွင်းများ ဖြစ်နေတော့သည်။ ထိုအချိန်တွင် တောမီးလောင်၊ တောကြောင်းလက်ခ မောင်းခတ်ဆိုသော စကားအတိုင်း ရောင်စုံသောင်းကျန်းသူအချို့က လည်း စစ်မီးစစ်ရိပ်အောက်တွင် လူသတ်၊ ပစ္စည်းလုယူသော လုပ်ငန်း များကို လုပ်ကိုင်ခဲ့ကြသည်။ ကျောက်ရောဂါ၊ ပလိပ်ရောဂါစသော ဘေးအန္တရာယ်များကိုလည်း ခံကြရသည်။ ထိုပြင် မနက်ဖြန်ပင်လျှင် ဟသ်တပြို့မှ ဂျပန်တပ်များချီလာမည်ဆိုသော သတင်းများကို လည်း ကောင်း၊ ပုသိမ်မြို့တော့ကျသွားပြီ၊ ခု ဟသ်တကိုလည်းသိမ်းရန် ခို လာပြီဆိုသော သတင်းများကလည်းကောင်း အမျိုးမျိုးအဖုံဖုံ ပျံ့လွင့်

လျက်ရှိတော့သည်။

ထိုအချိန်က ဂျပန်တပ်များနှင့် အင်္ဂလိပ်တပ်များ၏တိုက်ပွဲ များက နေ့စဉ်ဆိုသလို ဖြစ်ပွားနေခဲ့ကြပြီ။ သေနတ်သံများအောက် တွင် သေဘေးမှလွတ်ရာလွတ်ကြောင်းများကို ရှာဖွေရင်း ဖိုးကုလား၊ လှဖေ၊ ကတိုးတို့သည် အသီးသီးကွဲကွာခဲ့ကြလေတော့သည်။

♛ ♛ ♛

❑

ကာလအတော်ကြာကြာစစ်ဘေးကို ရှောင်တိမ်းရင်းနေခဲ့ကြ ရာမှ လှဖေတို့မိသားစုသည်လည်းကောင်း၊ ကတိုးတို့မိသားစုသည် လည်းကောင်း၊ နိဗ္ဗာန်ရွာကလေးပေါ်သို့ ပြန်လည်ရောက်ရှိ လာခဲ့ကြ သည်။ ထိုနည်းတူ ဖိုးကုလားတို့မိသားစုသည်လည်း ကွမ်းခြံကုန်း ရွာသောရွာကလေးမှ ငါးဘတ်အင်းမြောက်ရွာသို့ ပြန်လည်ရောက်ရှိကြ သည်။

ရွာများသည် တစပြင်ကဲ့သို့ ပျက်စီးယိုယွင်းမှုများနှင့် စစ်သည် ဆင်ထက်စာလျှင် အေးငြိမ်းသွားသော်လည်း အပြီးတိုင်ရပ်စဲသွားခြင်း မရှိသေးတော့။ ထိုအချိန်တွင် ဂျပန်များက လုံးလုံးလျားလျားသိမ်းပိုက် အုပ်ချုပ်ထားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အနည်းငယ်တည်ငြိမ်စပြုလာသော အခြေအနေတစ်ခု အောက်တွင် ကျေးလက်တောင်သူလယ်သမား၊ ခြံသမားများက စီးပွားရေးလုပ်ငန်းလေးများကို ပြန်လည်ထူထောင်လုပ်ကိုင်လာကြသည်။ ဖိုးကုလားတစ်ယောက် မိမိ၏အမိအဖဝိုင်လယ်ကလေးကို ပြန်လည်လုပ်ကိုင်နေသော်လည်း ကတိုးကမူ မည်သူ့အလုပ်ကိုမျှမလုပ်။ လှဖေသည် ပင် မိဘများ၏ ကုန်သည်အလုပ်ကို ဝင်ရောက်လုပ်ကိုင်သည်။ မိမိရပ်ရွာ ကလေးများကို ပြန်လည်ရောက်ရှိလာကြပြီဖြစ်၍ သူငယ်ချင်းတစ်စု မူလကကဲ့သို့ တတွဲတွဲပြုလာနိုင်ကြသည်။ တစ်နေ့တွင် ဖိုးကုလား နေထိုင်သည့် ငါးဘတ်အင်းရွာကလေးသို့ လှဖေနှင့်ကတိုးတို့ ရောက်ရှိ လာကြသည်။

"ဦးလေး ဦးဖိုးမြစ် . . . ဖိုးကုလား ရှိလား"

"ဩော် . . . ကတိုးတို့ လှဖေတို့ပဲ။ လာကြကွာ . . . လာကြ မင်းတို့ သူငယ်ချင်းရှိပါတယ်။ ဟိုနွားတင်းကုပ်လေးထဲမှာ နွားစာစဉ်း နေတယ်"

ဦးလေးဖိုးမြစ်ရဲ့ စကားဆုံးတော့ . . .

"ဟေ့ကောင် . . . ကုလား . . . ကုလားရေ"

"ဟေ . . . ငါဒီမှာပါကွ။ ဆို . . . ဘာကိစ္စရှိလို့လဲ"

"ကိစ္စရှိမှ လာရမှာလား။ ကိစ္စမရှိရင် မလာရတော့ဘူးပေါ့ ဟုတ်လား"

"မဟုတ်ပါဘူး။ ငါဒီလိုပြောတာ မဟုတ်ပါဘူးကွာ။ မင်းတို့ ကြည့်ရတာ အမောတကောနဲ့ဖြစ်နေလို့"

"အေး . . . မင်းမဆိုးဘူး ခန့်မှန်းတတ်တယ်။ ဒီလိုကွ သူငယ်ချင်း။ တို့မြန်မာလူငယ်တွေ ဂျပန်ကို တော်လှန်ဖို့တိတ်တဆိတ်

တပ်တွေဖွဲ့နေပြီ။ အဲဒါငါတို့ မျိုးချစ်တပ်မတော်ထဲကို ဝင်မလားလို့ မင်းကို လာတိုင်ပင်တာ"

ကတိုးရဲ့စကားဆုံးတော့ အပေါ်တစ်နေရာဆီသို့ အတွေးတစ်ခု ကို ဆန့်ထုတ်မျှောလိုက်ရင်းက . . .

"အင်း . . . ငါတော့ ဝင်နိုင်မှာမဟုတ်ဘူး သူငယ်ချင်း"

"ဘာပြုလို့လဲကွာ"

"အဖေနဲ့အမေကလည်း အသက်ကြီးပြီကွာ။ ငါ တပ်မတော် ထဲကိုဝင်သွားရင် ဒီလယ်၊ ဒီယာတွေကို ဘယ်သူတွေက ထွန်ကြမလဲ။ ငါ့ညီတွေဆိုတာလည်း ခလေးသာသာ မအူမလည် တွေပဲရှိသေးတာ"

"ဟာကွာ . . . မင်းကလည်း မင်းလိုသာပြောကြေးဆိုရင် ငါဆိုလည်းအိမ်က ဘယ်သဘောတူပါ့မလဲ။ ငါ့အမေ၊ ငါ့ညီမတွေက သူ့မောင်၊ သူ့အစ်ကိုတစ်ယောက်ထဲရှိတာ။ စစ်ထဲအဝင်မခံနိုင်ဘူးတဲ့"

"ဒါဖြင့် လှဖေနဲ့မင်းက ဆုံးဖြတ်ပြီးကြပြီပေါ့ ဟုတ်လား"

"ဟေး . . . ငါကတော့ ဆုံးဖြတ်ပြီးပြီ၊ ဝင်မယ်ကွာ။ လှဖေ ကတော့မသိဘူး"

စကားဆုံးတော့ လှဖေမှ . . .

"ငါလည်းဝင်ဖို့မလွယ်ပါဘူး။ အဖေအမေတို့က ဝင်ခွင့်မပြု ဘူးကွာ"

"ကဲ . . . ဒါနဲ့ ကတိုးပြောပါဦး။ ဒီကိစ္စကို ဘယ်လိုလုပ်ပြီး မင်းက လမ်းစရတာလဲ"

"ဒီလိုသူငယ်ချင်း။ ဟို ရွှေသာလျောင်ရွာက ခင်အေးနဲ့ ထွန်းမောင်တို့လည်း ဝင်ကြမယ်"

"အေးကွာ . . . ငါလည်း ဆန္ဒရှိပါတယ်။ ဒါပေမယ့် ငါ့ဘဝ

www.burmeseclassic.com

www.burmeseclassic.com

အခြေအနေက မင်းလိုပြတ်ပြတ်သားသား ဆုံးဖြတ်လို့မရဘူး သူငယ်ချင်း''

''အေးလေ . . . မင်းလည်း ဝင်မလားလို့ ငါလာတိုင်ပင်တာ။ ငါတော့ဝင်မယ်ကွာ။ ဘာပြုလို့လဲဆိုရင် ငါ့မှာက ခုလောလောဆယ် အလုပ်အကိုင်ဆိုတာ မရှိဘူး။ ပြီးတော့ . . . အဖေနဲ့အမေဆိုရင် ငါ့ညီမတွေက ပြုစုစောင့်ရှောက်နေကြတာ။ ငါက မင်းတို့ထက်စာရင် တာဝန်ပေါ့တယ်။ ဒါကြောင့် ဝင်မယ်လို့ဆုံးဖြတ်တာ။ ကဲ . . . ဒါဆို ငါတို့ပြန်ဦးမယ်ကွာ''

စကားဆုံးတော့ ကျွန်တော်၏အိမ်ကလေးမှ လှဖေနဲ့ကတိုး တို့နှစ်ယောက် သူတို့နေထိုင်ရာ နီဒွာန်ရွာကလေးဆီသို့ ပြန်သွားခဲ့ကြတော့သည်။

''အဖေနဲ့အမေ သားသွားတော့မယ်နော်။ အဖေ၊ အမေတို့ကို ကန်တော့ခဲ့ပါတယ်''

''အမယ်လေး . . . ကိုဘခင်။ ရှင့်သားကို မတားတော့ဘူးလား။ ဟဲ့ . . . ကတိုး ငါသေတာ နင်မြင်ချင်လို့လား''

''မောင်လေး . . . ကတိုး . . . မင်း . . . မင်း''

အမေကငိုသလို အစ်မနှင့်ညီမများကလည်း ငိုယိုကြသည်။ ကတိုးတို့မိသားစုတွင် ယောကျ်ားဆိုရ၍ သူတစ်ဦးတည်း၊ အစ်မနှင့်ညီမ၊ အဖေ၊ အမေများက တစ်ဦးတည်းသောသားလေးကို တုန်နေအောင် ခွစ်ကြသည်။ အတန်တန်တားဆီးမရကြ၍သာ နေကြရတော့သည်။

''ကဲ . . . ကဲ . . . တိတ် . . . တိတ်၊ ငိုမနေကြနဲ့။ ယောကျ်ားဆိုတာ ဒီလိုရဲရင့်ရမယ်။ ပြီးတော့ မင်းတို့သား၊ မင်းတို့ မောင်ဟာ တိုင်းပြည်အတွက် ဂုဏ်ယူစရာလုပ်ငန်းတစ်ခုကို ရဲရဲရင့်ရင့် ဆုံးဖြတ်ပြီး တပ်မတော်ကိုဝင်တာ။ ဒါ ငိုစရာမဟုတ်ဘူး။ ဂုဏ်ယူစရာကွ၊ ဂုဏ်ယူစရာ''

အဖေလုပ်သူရဲ့စကားဆုံးတော့ ငိုယိုနေကြသူများက မီးကို ရေနဲ့ဖျန်းလိုက်သည့်အလား ငြိမ်သက်တိတ်ဆိတ်သွားကြတော့သည်။ ထိုနေ့ညနေတွင် စစ်ကားကြီး(၁၀)စီးခန့်ဖြင့် နီဒွာန်နယ်တစ်ဝိုက်မှ မျိုးချစ်မြန်မာလူငယ်အတော်များများ တောင်ငူဘက်သို့ ခရီးဆက်ခဲ့ကြသည်။ တောင်ငူဒေသဘက်တွင် ရိုးမတစ်ခုကို နောက်ခံရင်းတည် ဆောက်ထားသော တပ်စခန်းများ၌ ကတိုးတို့မြန်မာလူငယ်များ စစ်ပညာကို(၆)လခန့် သည်းပူးကြရသည်။ စစ်သင်တန်းများ ပြီးဆုံးသွားသည့်အခါတွင် တပ်များဖွဲ့၍ အထက်မြန်မာပြည် ဒေသအသီးသီးသို့လည်းကောင်း၊ အောက်မြန်မာပြည် ဒေသအသီးသီးသို့လည်းကောင်း ပို့လွှတ်ပေးသည်။ ထိုသို့ တပ်များခွဲသည့်အခါတွင် ကတိုးမှာ ရွှေသာကျောင်းရွာမှ မြစိန်နဲ့အောင်ဝင်းတို့တပ်များနှင့် တစ်တပ်တည်းကျကာ ပဲခူးတိုင်း၊ ပြည်မြို့ဘက်သို့ ရောက်သွားကြတော့သည်။

ထိုအချိန်တွင် မြန်မာနိုင်ငံအရပ်ဒေသအသီးသီးမှ မျိုးချစ်

www.burmeseclassic.com

www.burmeseclassic.com

မြန်မာတပ်များက ဂျပန်ကိုတော်လှန်တိုက်ခိုက်နေကြပြီဖြစ်သည်။ ကတိုးတို့တပ် ပြည်ဒေသဘက်တွင် နေ့၊ ည မလပ်ဆိုသလို ဂျပန်တပ်များနှင့် တိုက်ပွဲများဆင်နွှဲနေရသည်။ တာဝန်ရှိသူများ၏ တာဝန်ပေးချက်အရ ကတိုးတို့တပ်များ ပြည်၊ ရွှေတောင်မြို့ဘက်သို့ ချီတက်ခဲ့ရသည်။ ပြည်နှင့်ရွှေတောင်မြို့များကို ဂျပန်ကသိမ်းရန် တပ်စွဲထားသည်။ ကတိုးတို့ပြည်မြို့နှင့် အနီးစပ်ဆုံးဒေသတစ်ခုသို့ ရောက်ရှိသည့်အချိန်တွင် ည(၁၂)ခန့်ရှိပြီ။ နယ်မြေဒေသ၏ လူပ်ရှားမှုများကို တိတ်တဆိတ်စုံစမ်းကာ တပ်ကိုချရန်ထားသည်။ မိမိတို့မြန်မာမျိုးချစ်တပ်မတော် ပြည်မြို့အနီးရောက်ရှိပြီး (၃)ရက်မြောက်နေ့တွင် ည(၉)နာရီခန့်၌ ဂျပန်တပ်နှင့် တိုက်ပွဲအကြီးအကျယ် ဖြစ်ပွားတော့သည်။

တိုက်ပွဲမှာည(၉)နာရီခန့်မှ စတင်ဖြစ်ပွားခဲ့သော်လည်း (၃)ရက်တိတိတိုင်မပြီးခဲ့။ မျိုးချစ်မြန်မာတပ်သားများ အကျအဆုံးများသလို ဂျပန်များမှာလည်း အတုံးအရုံး ကျဆုံးခဲ့ကြသည်။ စစ်ကူက ရောက်မလာ။ ကတိုးတို့ မျိုးချစ်တပ်များမှာ (၂)ရက်မြောက်သောနေ့တွင် ပြည်၊ ရွှေတောင်တစ်ဝိုက်တွင် ဂျပန်တပ်များ၏ ပိတ်ဆို့တားခြင်းကို ခံနေရတော့သည်။ နောက်ဆုံး(၃)ရက် မြောက်သောနေ့တွင် တပ်စိပ်တစ်စိပ်ကို အသေခံထိုးဖောက်ရှင်းထွက်ရင်း တပ်ကိုဆုတ်လာသည်။ ထိုသို့ ထိုးဖောက်ရန် တပ်စိပ်တစ်စိပ်ကိုရွေးချယ်ရာတွင် ကတိုး၊ မြစိန်နှင့်အောင်တင့်တို့ပါလာကြသည်။ လရောင်သည် ကြယ်စင်ကြယ်စများအတူ ဖွဖွသာ လျှံကျရှိသည်။ မီးကျည်များကိုဖောက်ရင်း ရန်သူတပ်များပေါ်သို့ ပစ်ခတ်သည်။ တိုက်ပွဲကား စလေပြီ။

"အောင်တင့် . . . သတိထားနော်"

သေနတ်သံများ၊ လက်နက်ကြီးများ၏ပေါက်ကွဲသံများက ဆူညံ

ပြည်ဟည်းလျက်နေတော့သည်။ ဂျပန်များက ဝက်ခေါင်းထိုး တိုးဝင်လာသည်။

အောင်တင့်နှင့်ကတိုးတို့နှစ်ယောက် သေနတ်ကိုယ်စီဖြင့် ရှေ့ရှိပြိုင့်တစ်ခုဆီသို့ပစ်ခတ်ရင်း ပြေးတက်သွားကြသည်။

"ဟေ့ကောင် . . . ကတိုးနဲ့အောင်စာင့်၊ အတင့်မရဲနဲ့ . . . သတိထားနော် . . . သတိထား"

နောက်မှ မြစိန်ရဲ့သတိပေးသံအဆုံး . . .

"ဝုန်း"

"ဖျောင်း . . . ဖျောင်း . . . ဖျောင်း"

"ဝုန်း"

"အား"

သေနတ်သံများ။ ပေါက်ကွဲသံများကြားတွင် မြစိန် ထင်ထင်ရှားရှား မြင်လိုက်ရသည်ကတော့ မျိုးချစ်မြန်မာတပ်သားနှစ်ယောက် ပေါက်ကွဲသွားသော ယမ်းငွေ့များကြားတွင် မြောက်တက်သွားသည်ကို မြင်လိုက်ရတော့သည်။

"ဟာ . . . ကတိုးနဲ့ အောင်တင့် ထိသွားပြီ"

သွေးရူးသွေးတန်းနှင့် သူငယ်ချင်းနှစ်ယောက်ဆီသို့ ပြေးတက်ခဲ့အလုပ် . . .

"ဆရာမြစိန် . . . မတက်နဲ့၊ မတက်နဲ့"

သတိပေးရင်းလှမ်းဆွဲလာသော မျိုးချစ်တပ်သားတစ်ယောက်ကိုအတူ မြေကျင်းတစ်ခုထဲတွင် လဲလျောင်းရင်းတတ်နိုင်သမျှ ဂျပန်တပ်သားများကို ပြန်လည်ချေမှုန်းနေရတော့သည်။ အခြေအနေသည် ဆိုးတော့။ နောက်ဆုံး မိမိတို့တပ်သည် တစ်ဖက်မှလျှို့ဝှက်ဆုတ်

www.burmeseclassic.com

www.burmeseclassic.com

ကာ ရောဝတီမြစ်ဘက်သို့ဆုတ်ခွာရင်း အကျအဆုံးများစွာဖြင့် ပြန်ခဲ့ရသည်။

တပ်သားအတော်များများ ကျဆုံးခဲ့ရသလို တပ်မှာလည်း အစိပ်စိပ်အမွှာမွှာ ကွဲသွားရတော့သည်။ မိမိတို့တပ် ပြန်လည်စုစည်းမိချိန်တွင် ကျဆုံးသူအတော်များများနှင့် အောင်တင့်နှင့်ကတိုးတို့ပါ မျောက်ဆုံးနေကြသည်ကို တွေ့ရတော့သည်။

♛ ♛ ♛

❑

''မြစိန် . . . သေချာရဲ့လား''

''ဦးလေးဘခင်ရယ်၊ ကျုပ် . . . မဟုတ်ဘဲနဲ့ ဘယ်ပြောပါ့မလဲ။ ဒီကိစ္စဆိုတာ လိမ်ညာပြောရမဲ့ကိစ္စမှ မဟုတ်တာ''

''ဟဲ့ . . . မကြီး၊ မင်ယန်နဲ့ မိသာဇံတို့ရော၊ မင်းသားကြီး ကတိုးတော့ တိုက်ပွဲမှာ ကျပြီတဲ့ကွာ''

''အမယ်လေး . . . လုပ်ကြပါဦး''

ဟုဆိုကာ လဲသူလဲ၊ ပြိုသူပြို ဖြစ်ကုန်တော့သည်။

''ညြော် . . . သတ္တဝါတစ်ခု ကဲတစ်ခုလို့သာပဲ မှတ်လိုက်

ကြပါတော့ကွာ။ မင်းသားကြီးက တိုင်းပြည်အတွက် အသက်ပေးသွားတာ''

''အမယ်လေး . . . ကတိုးရေ၊ သေရမှာကအမေကွ . . . အမေ။ ခုတော့ ငါ့သားလေး အမေ့ဆီဘယ်တော့မှ ပြန်မလာတော့ဘူးဆိုပဲ။ ဟီး . . . ဟီး . . . ဟီး . . . ဒါနဲ့ နေပါဦး၊ ဒီသတင်းက . . . ''

''ဟုတ် . . . ဟုတ်ပါတယ်။ ကျွန်တော် ပြန်လာခဲ့တာပါ ခေါ်လေး။ အောင်တင့်နဲ့ကတိုးတို့နှစ်ယောက် ကျွန်တော့်မျက်စိ ရှေ့မှာတင် ကျဆုံးခဲ့ရတာပါ ခေါ်လေး''

''အမယ်လေး . . . ဖြစ်မှဖြစ်ရလေ သားရယ်''

''ကဲ . . . ကဲ ဖြစ်ပြီးတဲ့ကိစ္စလည်း ပြန်လုပ်လို့မရတော့ဘူး။ ဦးတော့ မင်းတို့ငိုနေလည်း မင်းသားက ပြန်ရှင်လာမှာမဟုတ်ဘူး။ သူ့အတွက်မှန်းပြီး သပိတ်သွတ်ဆွမ်းကလေး ညွှတ်ကြရအောင်''

စကားဆုံးတော့ အရပ်ထဲမှလူငယ်တချို့နဲ့ လုပ်ကိုင်စရာများ ကိုစိစဉ်ကာ ဦးဘခင်သည်လည်း နိဗ္ဗာန်တိုက်ကျောင်းကလေးဘက်သို့ ဆွမ်းသွတ်တရားနာပြုလုပ်နိုင်ရန် ဘုန်းတော်ကြီးများကိုပင့်ဖိတ်ဖို့ ထွက်ခွာသွားလေတော့သည်။[1]

ထိုနေ့ညတွင် ခေါ်သာဇံအိပ်မက်တစ်ခုကို မြင်မက်တော့သည်။

ခေါ်သာဇံသည် မိမိခေါင်းရင်းဘက်ရှိ ဘုရားခန်းလေးတွင် ဘုရားရှိခိုးနေခိုက် အိမ်ရှေ့မှကတိုးတ၏ခေါ်သံသဲ့သဲ့ကို ကြားရသည်။

''အမေ . . . အမေ''

အံ့သြမှုတစ်ခုနဲ့အတူ ဘုရားရှိခိုးခြင်းကိုရပ်၍ အိမ်ကလေးရှေ့ဆီသို့ကြည့်မိတော့ အထုပ်အပိုးများကိုလွယ်လျက် ရပ်နေသော သားဖြစ်သူ ကတိုးကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ . . . သား . . . မင်း . . . မင်း"

"ဘာလဲ . . . အမေရဲ့။ ဘာတွေတအံ့တသြ ဖြစ်နေတာလဲ။ ဟုတ်ပြီ . . . ဟုတ်ပြီ၊ အမေတို့ဆီ သားအကြောင်းမကြားဘဲ ရုတ်တရက်ပြန်လာလို့ အံ့သြနေတာမဟုတ်လား"

"မဟုတ်ဘူး . . . သား . . . မင်း . . . မင်း"

"ဘာတွေလဲအမေရာ၊ ရှင်းရှင်းလင်းလင်း ပြောစမ်းပါ"

"မင်း . . . မသေဘူးနော်"

"သား မသေပါဘူး။ သားသေတယ်လို့ အမေတို့ကို ဘယ်သူက ပြောသလဲ"

"ရွှေသာလျောင်းရွာက မြစိန်ပြန်လာလို့ လာပြောသွားတာ"

"အိုဗျာ . . . ကျွန်ုပ်မသေပါဘူး"

ထို့နောက်မှာ ဒေါ်သာဇံတစ်ယောက်အိပ်ရာမှ လန့်ရှိန်းသွားတော့သည်။

"ကိုဘခင် . . . ကိုဘခင်"

"ဟဲ့ . . . မိသာဇံ ဘာများလဲဟယ် အလန့်တကြားနဲ့"

"လာစမ်းပါဦးတော်၊ ကျွန်ပ် . . . ကျွန်ပ် ရှင့်ကို ပြောစရာရှိလို့"

ကိုဘခင် အနားသို့ရောက်လာတော့ ညက မိမိမြင်မက်ခဲ့သော အိပ်မက်လေးကို ခရေစေ့တွင်းကျ အစမှအဆုံးတိုင် ပြောပြလိုက်သည်။

"အိုး . . . မင်းသားကို စွဲလမ်းလို့မက်တာပါကွာ။ အိပ်မက်ဆိုတာအပြင်မှာ တကယ်ဖြစ်တာမှမဟုတ်ဘဲ မိသာဇံရယ်"

"မ . . . မဟုတ်သေးဘူး ကိုဘခင်။ ကျွန်ုပ်စိတ်ထဲမှာတော့ တစ်မျိုးဖြစ်နေတယ်။ ကျွန်ုပ်သားလေးမသေဘူးလို့ ထင်နေမိတယ်။ မြစိန်

ပြောလို့သာ ယုံလိုက်ရတာ"

"အိုကွာ . . . မင်းမလဲ မြစိန်က သူနဲ့တိုက်ပွဲအတူတူ တိုက်ခဲ့တာ။ သူက မဟုတ်ဘဲပြောပါ့မလား။ ဒီကိစ္စက လိမ်ညာရမဲ့ကိစ္စမှ မဟုတ်တာ"

ထို့နောက်တွင်တော့ ခန့်ကြပ်ရက်လည်ဆွမ်းကျွေးသွတ်ရန် အရပ်သူတချို့မှာ ငရုတ်သီးထောင်းသူထောင်း၊ ကြက်သွန်လိုးသူ လိုးနှင့် ရွာလူကြီးကိုအုန်းဖေတို့တစ်ဆိုက်ကတော့ အိမ်ကလေး၏ ခေါင်းရင်းဘက်တွင် မုန့်ဟင်းခါးချက်ရန် ဆီသတ်လျက်ရှိကြသည်။ ကတိုးတို့ အိမ်ကလေးသည် နီဗွာန်ကားဂိတ်ကလေးနှင့် သိပ်မဝေးလှ။ ဓနုဖြူ ရှားခဲဘက်မှ ဟသ်တပြို့ဘက်သို့သွားသော ကားသံများ၊ ဟသ်တမှ အသီးသီးပြန်ရင်းရောက်ရှိလာသော ကားများ၏အသံကိုလည်း ကတိုးတို့၏ အိမ်ကလေးဆီမှကြားနေရ၏။ ဇူသံ၊ သူသံ၊ အော်ဟစ်ခေါ်သံများ၊ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များ၏အသံများက လက်ပံပင်ဆက်ရက် ကျသလို ဆူညံသွားကြ၏။ ထိုအချိန်တွင် အိပ်ရာလိပ်ကိုထမ်းကာ ကျောပိုးအိတ်ကလေးတစ်လုံးကို ရွာလယ်ကလေးအတိုင်း လူတစ်ယောက်က လျှောက်၍ လာနေသည်။

"ဝုတ် . . . ဝုတ်"

"ဟဲ့ခွေး . . . ဟဲ့ခွေး ဘိုနီ၊ အဲမယ် ငါ့ကို မမှတ်မိတော့ဘူးထင်တယ်"

ထိုစဉ် လယ်ကလေးထဲမှ နွားမြက်စာလေးများကို ရိတ်ရင်းပြန်လာသော နီဗွာန်ရွာသား သာအေးနဲ့ဆုံသည်။

"ဟ . . . ဟ အမယ်လေး"

သာအေးတစ်ယောက် အသံနက်ကြီးနဲ့အော်ကာ ပခုံးပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com

ထမ်းလာသော မြက်ထမ်းကိုချ၍ ပြေးလေတော့သည်။

"ဟေ့ကောင် . . . သာအေး . . . သာအေး"

ခြေလှမ်း(၃)(၄)လှမ်းရောက်မှ သာအေးနောက်သို့ တစ်ချက်ပြန်၍ ကြည့်သည်။

"ဟေ့ကောင် . . . သာအေး၊ ငါကတိုးပါကွ . . . ကတိုးလေ"

သာအေးကြောင်ရွှံ့ကြည့်နေရင်း ကြက်သေသေနေသည်။ ထို့နောက်မှ . . .

"မင်း . . . မင်းကတိုး၊ မင်းမသေဘူးနော်"

"ဟေ့ကောင် . . . သာအေး၊ ငါက ဘာလို့သေရမှာလဲ။ ပြောစမ်းပါကွ . . . မင်းစကားငါနားမလည်ဘူး"

ထိုမှ သာအေးတစ်ယောက် တဖြည်းဖြည်းချင်း ကတိုးနားသို့ တိုးကပ်၍လာတော့သည်။

"ဒီလိုကွ . . . ကတိုး၊ မနေ့တစ်နေ့က မင်းနဲ့အတူ တပ်ထဲဝင်သွားတဲ့ မြစိန်ပြန်ရောက်လာတယ်။ မင်းတို့ ပြည်၊ ရွှေတောင်ပြို့အနီးမှာဖြစ်တဲ့တိုက်ပွဲမှာ ကျဆုံးသွားပြီလို့သတင်းယူလာတယ်။ ဒါကြောင့် မင်းအဖေနဲ့ ညီမတွေဆို ငိုလား၊ ရယ်လားနဲ့။ မနက်ဖြန်မှာတော့ မင်းကို ရည်မှန်းပြီး ရက်လည်ဆွမ်းသွတ်ဖို့ မင်းတို့အိမ်မှာ စီစဉ်ချက်ပြုတ်နေကြပြီ"

"ဟေ . . . ဟုတ်လား"

ထို့နောက်တွင်တော့ သာအေးနဲ့ကတိုးတို့နှစ်ယောက် ကတိုးတို့အိမ်ကလေးရှေ့သို့ ရောက်လာခဲ့ကြသည်။ အိမ်ရှေ့သို့ရောက်သည်နှင့်ရက်လည်ဆွမ်းသွတ်ရန် လုပ်ကိုင်နေသောလူများက . . .

"ဟို . . . ဟိုမှာ . . . က . . . ကတိုး . . . ကတိုး"

ထိုအသံကြောင့် အိမ်ပေါ်မှ မိခင်ဖြစ်သူ ခေါ်သာဇင်ကြားရ၍ သွားပြီး . . .

"ဟဲ့ . . . ဟဲ့ ဘာတွေဖြစ်နေကြတာလဲဟဲ့။ ငါ့သားနာမည်ကို ခေါ်နေတာ ဘယ်သူလဲ"

"မ . . . မမသာဇ။ ဒီမှာ က . . . ကတိုးရယ် ပြန်လာတယ်"

"ဟဲ့ . . . ဟုတ်ရဲ့လား။ ဘယ်မှာလဲဟဲ့ . . . ငါ့သားလေး၊ အမယ်လေးသားရယ်၊ မင်း . . . . . မင်းမသေဘူးနော်"

ထို့နောက်တွင်တော့ အိမ်ကလေးပေါ်သို့ တက်ရောက်ခဲ့ကြရင်း ဖြစ်ပျက်ခြင်းအလုံးစုံကို ကတိုးမှရှင်းပြလေတော့သည်။

"ဒီလို . . . အမေရေ ပြည်၊ ရွှေတောင်နယ်အနားမှာ ကျွန်တော်တို့တပ်နဲ့ ဂျပန်တပ်တွေ(၃)ရက်ကြာ တိုက်ပွဲဖြစ်ကြတယ်။ နောက်ဆုံး ကျွန်တော်တို့တပ်ကို ဂျပန်တပ်တွေက ဝိုင်းထားတယ်။ အဲဒါကို ကျွန်တော်၊ အောင်တင့်တို့ တပ်စိပ်တစ်စိပ်က အသေခံထိုးဆောက်ပြီး ဆုတ်ခဲ့ရတာ။ အဲဒီတိုက်ပွဲမှာ ကျွန်တော်နဲ့အောင်တင့် ပုံးဆန်ကန်ခဲ့ကယ်။ အောင်တင့်ကတော့ တိုက်ပွဲမှာဒဏ်ရာပြင်းလို့ ကျဆုံးခဲ့တယ်။ ကျွန်တော်ကတော့ ပွန်းရ၊ ပဲ့ရ၊လောက်ပဲထိခဲ့တာ။ ဒါပေမယ့် သတိလစ်ပြီး မေ့သွားတာ။ ပြည်ပြို့ကဆေးရုံမှာ တစ်ပတ်လောက်တက်ရောက်ခဲ့ရပြီး ခုလို သေကံမရောက်ဘဲ အမေတို့ဆီကို သားပြန်လာနိုင်ခဲ့တာပေါ့"

"အမယ်လေး . . . သားလေးရယ်၊ ကံကောင်းထောက်မလို့ပါပေါ့။ ခုတော့ မြစိန်အပြောနဲ့ အမေတို့မနက်ဖြန်မှာ မင်းကို ဆွမ်းသွတ်ဖို့တောင် လုပ်နေပြီ။ ဒါတွေကိုလည်း ငါ့သားလေးအတွက်

www.burmeseclassic.com

www.burmeseclassic.com

အလှုအတန်း အဖြစ်လှူလိုက်တာပေါ့''

နောက်တစ်နေ့မှစ၍ နီဗွာန်ရွာမှ ကတိုးတစ်ယောက် သူ့အား ရက်လည်ဆွမ်းသွတ်မည့်နေ့တွင် မသေဘဲပြန်ရောက်လာသော အကြောင်းများက နီဗွာန်ရွာကလေးတစ်ခုလုံးသို့ ပြန့်နှံ့၍သွားလေတော့သည်။ ကတိုးသည်လည်း ထိုနေ့မှစ၍ သေရွာပြန်ကတိုးဟူသော နာမည်တစ်လုံးနှင့် မိဘညီအစ်ကို မောင်နှမများနှင့်အတူ ပျော်ရွှင်စွာ နေထိုင်လျက်ရှိလေတော့သည်။

❦ ❦ ❦

ယင်းအောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com

အကြေးဆပ်ရန်ပြန်လာသူ

ပညာတန်းရှာပြောက်ပိုင်းက ကိုဘိုစောတို့အိမ်ကို အပြေးရောင်နွားကြီးတစ်ကောင် ရောက်လာတယ်လို့ဆိုတဲ့သတင်းတစ်ခုက မလွှင့်လိုက်ရဘဲ အလိုအလျောက်ဆိုသလို အညာတန်းရွာကလေးတစ်ရွာလုံးကို ပျံ့နှံ့သွားတယ်။ တကယ်တော့ ကိုစောဆိုတာက အညာတန်းကျေးရွာထဲမှာနေတဲ့ တောင်သူလယ်သမားကြီးတစ်ဦး၊ တစ်ရွာတည်းသူဖြစ်တဲ့ ငွေဆင့်နဲ့အိမ်ထောင်ကျတော့ ကိုစောက မိဘပိုင်လယ်ကလေးတချို့ကို လုပ်ကိုင်ရင်း ဇနီးသည်ငွေဆင့်ကတော့ ခြံကလေးထဲမှထွက်သည့် ရေတ်ခရမ်း စတဲ့သီးနှံလေးတွေကို မနက်မနက်မှာ နိုဗွာန်ဈေးထဲကိုသွား

ရောင်း။ ဒီလိုနဲ့ဘဝဆိုတဲ့ခရီးတစ်ခုကို ဖြတ်သန်းရင်း သားသမီး(၅)ယောက် တိတိရခဲ့တယ်။

အဖလုပ်သူဦးဖိုးလူမှာ သားဆိုလို့ ကိုဘိုစောတစ်ယောက်ထဲရှိတာ။ တစ်ဦးတည်းသောသားရယ်မို့ ဦးဖိုးလူဆုံးတော့ ရှိသမျှလယ်တွေယာတွေကို ကိုစောပဲအပိုင်ရခဲ့တယ်။ ဒီလိုနဲ့ ကိုစောတစ်ယောက် သားသမီးတွေ အရွယ်ရောက်လာတယ်။ လုပ်နေကျလယ်ယာလုပ်ငန်းက လက်မလွတ်ဘူး။ သားကြီးထွန်းမောင်တစ်ယောက် လူလားမြောက်လာလို့ အကူအညီရမလားလို့ အတွေးနဲ့ပျော်ခဲ့မိပေမယ့် စိတ်ကူးအိမ်မက်လေးတစ်ခုက ပျက်ပြယ်လို့ အရွယ်ရောက်လာတော့ ဘဝကို အပျံသင်ချင်လာတယ်။ ချစ်သူရည်းစားထားရင်း မိဘဆိုတဲ့သိုက်မြုံးကခွဲထွက်ပျံသန်းသွားတယ်။ ဒီတော့လုပ်နေတဲ့ မိမိလယ်ကလေးတစ်ဝက်ကို ရောင်းချရင်း . . .

''ငွေဆင့်ရေ . . . မင်းလည်း ဈေးတောင်ခေါင်းရွက်ရလွန်းလို့ ဆံပင်တွေတောင်ကျွတ်ကုန်ပြီ။ ငါ့မှာလည်း လယ်ထွန်ရလွန်းလို့ ခြေထောက်တွေ တမန်းဆီနဲ့ မည်းပြောင်နေပြီ။ ဘဝကတော့ ခုထိပြောင်းလဲမှုမရှိဘူး''

ဘဲ့အညည်းအညူလေးတွေနဲ့ ဘဝကို ၄က်တွေလိုပျံသန်းကြတယ်။ ဒီလိုနဲ့ကိုစောတစ်ယောက် ကျန်တဲ့လယ်က လေးတစ်ဝက်ကို ကိုယ်တိုင်မထွန်တော့ဘဲ ဘယ်သူရင်းငှား(လယ်ထွန်သား)ငှားရင်း နွားလယ်နွားရောင်းတဲ့အလုပ်လေးကို တစိုက်မတ်မတ်လုပ်ကိုင်လာတယ်။ ကြာ ဒုနွားမင်းတွေကို အလိုက်ပေးရင်း နွားပျို၊ နွားပြန်းတွေနဲ့ လဲလှယ်၊ ပြီးတော့ ဈေးကောင်းနဲ့ပြန်ရောင်း။ ဒီတော့လယ်ထွန်လယ်လုပ်တဲ့ အလုပ်ကိုင်ထက်စာရင် အကျိုးအမြတ်ဆိုတာက မြိုးမြိုးမြက်မြက်။ လယ်ထွန်

www.burmeseclassic.com

www.burmeseclassic.com

တာထက် သာတာကတော့အမှန်။ ကိုစောကပြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် တစ်ယောက်။ ဒါကြောင့် ဘာသာတရားကိုလည်း ကိုင်းရှိုင်းကျိုးနွှံရင်း ဘဝကျိုးပေးနံ့ချာတဲ့ဘဝမှာ အကုသိုလ်ဖြစ်တဲ့ နွားကုန်သည်အလုပ်ကို လုပ်နေရတယ်။

ဒီလိုနဲ့ညစဉ် ဘုရားရှိခိုး၊ အိပ်ရာဝင်၊ နံနက်မှာ စောစောထ၊ အနီးအနားရွာကလေးတွေကို နွားရောင်းဖို့ဖြစ်ဖြစ်၊ နွားဝယ်ဖို့ဖြစ်ဖြစ်၊ နွားချင်းလဲလှယ်ဖို့ဖြစ်ဖြစ် တစ်ရွာထဲသားစံတိုးနဲ့နှစ်ယောက်သား အနီးတစ်ခိုရွာကလေးတွေကို လှည့်လည်၊ ဒါက ကိုစောရဲ့နေ့နိစ္စဝတ္ထုအလုပ်။ ဒီလိုနဲ့မိုးသောက်အာရုဏ်ဦးမှာ စျေးထွက်ဖို့မီးဖိုလေးထဲမှာ ချက်ပြုတ်နေတဲ့ ငွေဆင့်ရဲ့လှပ်ရှားသံတွေကြားတော့ ကိုစောလည်း အိပ်ရာကနိုးလာတယ်။ မျက်နှာသစ်၊ အိပ်ရာသိမ်းပြီး သွားရေစာစားဖို့ ငွေဆင့်ပြင်ဆင်ခူးခပ်ထားတဲ့ မီးဖိုလေးထဲကိုဝင်ခဲ့ရင်း . . .

"ငွေဆင့်ရေ . . . ငွေဆင့်"

"ဘာလဲရှင့် . . . ကိုစောရဲ့"

"ညြော် . . . မင်းကိုပြောစရာစကားတွေရှိလို့"

"အမယ်လေးတော် . . . ကိုစောရယ်။ ရှင်နဲ့ကျွန်မ ညားလာတာ နှစ်ပေါင်း (၃၀)ကျော်လာပြီ။ ဘာတွေများရှင့်မှာ ပြောစရာ ဆိုစရာ ထူးထူးဆန်းဆန်း စကားတွေရှိလို့လဲ"

"ဒီလိုကွ . . . ငွေဆင့်ရ။ ငါအိပ်မက်ဆန်းတွေမက်နေတာ (၃) ရက်တိတိရှိနေပြီ။ ဒါပေမယ့် ငါ့စိတ်ထင်နေတာလို့ သံသယဖြစ်မိလို့ မင်းကိုမပြောပြခဲ့တာ။ ညကလည်း မက်တယ်"

"အလိုတော် အိပ်မက်ဆန်းလို့ဆိုရအောင် ရှင်ကဘယ်လို အိပ်မက်မျိုးတွေများမက်လို့လဲ"

"အေး . . . မက်တဲ့အိပ်မက်က ဒီလိုကွ။ ငါ ပထမနေ့မှာ ဘုရားရှိခိုးပုတီးစိပ်ပြီး အိပ်ရာဝင်တယ်။ ညဖက်ကြတော့ ဒီလိုအိပ်မက်မက်တယ်။ အိပ်မက်ထဲမှ ဝတ်ပြုစင်ကြယ်ပုဂ္ဂိုလ်တစ်ဦးပေါ်လာပြီး . .

ငါ့သား . . . မင်းက အကုသိုလ်ကို မလွှဲမရှောင်သာလုပ်နေရပေမယ့် ငါးပါးသီလမပြတယ်။ ရတနာသုံးပါးကို ဆည်းကပ်တယ်။ ကုသိုလ်၊ အကုသိုလ်(၂)ခုကိုယှဉ်ရင် ကုသိုလ်စိတ်ကမျှားတယ်။ ဒါကြောင့် မကြာခင်သားတို့မှာ ထူးခြားဆန်းကြယ်တဲ့ဖြစ်ရပ်တွေ တွေ့ကြုံလာတော့မယ်။ ဒီဆက်ပိုပြီး ကုသိုလ်တရားတွေများများလုပ်နိုင်အောင် အဘက္ကညီမယ် သို့ပြောပြီး ပျောက်သွားတယ်"

ကိုစော စကားဆုံးတော့ ဆေးလိပ်တိုလေး တဖွာဖွာလုပ်နေသော မငွေဆင့်တစ်ယောက် ကိုစောပြောသည့် အကြောင်းလေးများကို စိတ်ဝင်တစားဖြစ်လာတော့သည်။

"ရှင့်အိပ်မက်က ဆန်းတော့ဆန်းနေတာအမှန်ပဲ ကိုစော"

"အေး . . . ဒါနဲ့ဆက်ပြီးပြောရဦးမယ်။ ဒုတိယနေ့မှာ မက်တဲ့အိပ်မက်ကတော့ ငါတို့မြေး ထွန်းမောင်ရဲ့သားကို မင်းရယ်ငါရယ်ကလေး ဒါယကာ၊ ဒါယိကာမကြီးတွေအဖြစ်နဲ့ ရှင်ပြုလုပ်ပေးဒါန်းရသတဲ့။ လူတွေကလည်း စည်ကားလိုက်သမှကွာ"

"ဒီလို ဒါဆို ကျွေးပွဲချေမလေး ကိုယ်လေးလက်ဝန် မပေါ့မပါးဖြစ်နေပြီးလား မသိဘူး"

"ဒါလည်း ဘယ်ပြောနိုင်မလဲကွ။ ရှိရင်လည်း အဲဒီကလေးက သာသနာပြုရမဲ့ သားယောကျ်ားလေးပဲဖြစ်မှာ သေချာတယ်"

"တတိယအိပ်မက်ကတော့ ငါတို့အိမ်ကို နွားထီးအဖြူကြီး ဝင်ကောင် ရောက်လာတယ်။ အဲဒီနွားထီးအဖြူကြီးက ငါ့ကိုအိပ်မက်

www.burmeseclassic.com

www.burmeseclassic.com

ထဲမှာ . . .

"ကိုစောရယ် . . . ငါ့ကို မင်းတို့ အိမ်မှာနေခွင့်ပြုပါတဲ့။ ငါမင်းတို့ကို ကျွေးဆပ်စရာရှိတယ်။ ဒီကြွေးတွေရှိနေလို့ ငါအတိတ် တိရစ္ဆာန်ဘဝက မကျွတ်မလွတ်နိုင်တာတဲ့။ ဒါကြောင့် အတိတ်ဘဝက ရှိခဲ့တဲ့ ငါ့ဝဋ်ကြွေးတွေကိုဆပ်နိုင်ဖို့ ငါ့ကိုနေခွင့်ပြုပါ၊ ဆပ်ခွင့်ပြုပါလို့ အခါခါပြောနေတယ်။ ဒါနဲ့ ငါလည်း ကဲ . . . ကဲ ဒါဆိုရင်လည်း နေလို့ ခွင့်လည်းပြုရော ငါ့အိပ်မက်က လန့်နိုးသွားတော့တယ်"

ကိုစောစကားဆုံးတော့ သက်ပြင်းမချနိုင်အောင် နားထောင်နေသော ငွေဆင့်တစ်ယောက် သက်ပြင်းကို ချလိုက်တော့သည်။

"အင်း . . . ဒါဆိုရင် ရှင့်အိပ်မက်တွေ တကယ်ထူးဆန်းနေတာမှန်နေပြီ ကိုစော"

ထိုအခိုက်ရွာအစွန်ရှိ ဗောဓိဘုန်းကြီးကျောင်းကလေးမှ (၆)နာရီ တီတီ အုန်းမောင်းခေါက်သံကြားလိုက်ရသည်။ ငွေဆင့်ခေါင်းခုလေးကို ပြင်၍ ခေါင်းပေါ်တင်လိုက်ရင်းက ဈေးတောင်းလေးကိုရွက်ကာ ခြံထွက် သီးနှံလေးများရောင်းချဖို့ နိဗ္ဗာန်ဈေးကလေးဆီ တရွေ့ရွေ့ထွက်ခွာ သွားလေတော့သည်။

♛ ♛ ♛

❑

ဤသို့ ထူးဆန်းသော အိပ်မက်ကလေးများ မြင်မက်သော ကိုစောသည်လည်းကောင်း၊ နိစ္စရှေ့ အိမ်မှုတာဝန်လေးများဖြင့် လုပ်ကိုင်နေရသော ဇနီးသည်ငွေဆင့်သည်လည်းကောင်း ရာသီကာလတစ်ခု အောက်တွင် ထိုအဖြစ်အပျက်ကလေးများက မေ့မေ့ပျောက်ပျောက်ဖြစ်ရင်း မှုန်ဝါးလာခဲ့တော့၏။ တစ်ခုသောနံနက်တွင် ကိုစောတစ်ယောက် သရက်ရွာကလေးဘက်ဆီသို့ နွားချင်းလဲလှယ်ရန် ချိန်းဆိုထားသည့် ကိစ္စတစ်ခုဖြင့်သွားရန် အိပ်ရာမှစောစောထသည်။ ထို့နောက် နောက်ဖေး နွားတင်းကုပ်ထဲသို့ လှည်းကျင်းရန်ဆင်းလိုက်စဉ် အပြုံရောင် နွားထီး ကြီးတစ်ကောင်ကိုတွေ့လိုက်ရတော့သည်။

"ငွေဆင့်ရေ . . . ငွေဆင့်"

ဈေးရောင်းရန်သွားဖို့ ဟန်ပြင်နေသောငွေဆင့် ကြားလျှင် . .

"ဘာလဲ . . . ကိုစော၊ ဘာလဲ"

"ငွေဆင့်ရေ . . . ခဏလာပါအုံးကွ"

ငွေဆင့် နောက်ဖေးနွားတင်းကုပ်လေးဆီသို့ အပြေးရောက် သွားချိန်တွင် . . .

"ဒီမှာကွ . . . တို့နွားတင်းကုပ်လေးထဲမှာ နွားကြီးတစ်

www.burmeseclassic.com

www.burmeseclassic.com

ကောင် ဘယ်ကရောက်လာတာလဲ မသိဘူး''

ကိုစောပင်လျှင် အုံ့သြမခံနိုးဖြစ်မိသည်။ အကြောင်းမှာ မိမိကားလေတစ်ခုက အိပ်မက်ထဲတွင် မြင်မက်ခဲ့သော မိမိအိမ်တွင် နေခွင့်တောင်းခဲ့သည့် နွားဖြူကြီးဖြစ်နေသောကြောင့် . . .

''ငွေဆင့် . . . ငွေဆင့်၊ ဒါ . . . ဒါ ငါ့အိပ်မက်ထဲမှာ တွေ့ခဲ့တဲ့ နွားကြီးကွ . . . နွားကြီး''

''အိုး . . . ဟုတ်ရဲ့လား ကိုစောရယ်။ တခြားအနီးအပါးရွာတွေက နွားတွေဘာတွေ ဖြစ်နေမယ်ထင်တယ်။ တော်ကြာ ရိုးရိုးစွပ်စွပ် အစွပ်အစွဲတွေ ခံနေရအုံးမယ်''

ငွေဆင့်စကားဆုံးတော့ . . .

''အေး . . . ဒါလည်းဟုတ်တယ်။ ငွေဆင့်တို့လုပ်နေတာ ကလည်း နွားကုန်သည်။ ဒါကြောင့် အကျိုးအကြောင်း တိုင်ကြားအသိပေးထားတာကောင်းတယ်။ ကဲ . . . ကဲ နွားကြီးကိုတော့ ဒီနေ့ကစပြီး ကံကောင်းလို့ နာမည်ပေးမယ်။ ဒီနေ့ဒီအချိန် တို့အိမ်ကိုမင်းရောက်လာကတည်းက အရာရာဟာ ကောင်းခြင်းတရားတွေနဲ့ဖြစ်ပါစေလို့ ဆုတောင်းပါတယ် ကံကောင်းကြီးရေ''

ငွေဆင့်မှလည်း သပြေခက်နှင့်ရေများဖြန်းပက်ကာ နွားဖြူကြီးကို ဆုတောင်းမေတ္တာများပို့သပေးရင်း . . .

''ကဲ . . . ကဲ . . . ကျွေးလည်း ရေးထွက်ရအုံးမယ်''

ဟုဆိုကာ ရေးတောင်းလေးနှင့်ထွက်ခွာသွားလေတော့သည်။ ကိုစောတို့အိမ်ကို နွားဖြူကြီးတစ်ကောင် ဘယ်ကဘယ်လိုရောက်လာသည်မသိဟူသောသတင်းက ထိုနေ့မှစ၍ တစ်စတစ်စပျံ့နှံ့ရင်း အနီးအပါးရွာကလေးများမှပင် လာရောက်ကြည့်ရှုမေးမြန်းကြနှင့် ကိုစောတို့

အိမ်တွင် ညှပ်ပြတ်သည်ဟူ၍မရှိ။ ထိုနွားကြီးကံကောင်းမှာ ဤကိုစောတို့အိမ်ကလေးသို့ရောက်ရှိရင်း(၁၀)နှစ်ခန့်မျှ လယ်ထွန်လုပ်ကိုင်ကျွေးမွေးကာ ယခုအခါတွင်တော့ နွားကြီးမှာ အသက်ကြီးရင့်အိုမင်းလာခဲ့ပြီဖြစ်၍ ကိုစောမှ နွားကြီးကိုဘေးမဲ့ပေးကာ မိမိအိမ်တွင် ကောင်းမွန်စွာ ကျွေးမွေးစောင့်ရှောက်ထားလျက်ရှိသည်။

ကိုစော နွားဝယ်နွားရောင်းသော လုပ်ငန်းလေးများဖြင့် အနီးအနားပတ်ဝန်းကျင် ဒေသများသို့ရောက်ရှိသည့်အခါတိုင်း ထိုနွားကြီးအကြောင်းပြောပြကာ စုံစမ်းမေးမြန်းသော်လည်း ယနေ့ထိတိုင် ပိုင်ရှင်ဟူ၍ မတွေ့ရှိခဲ့ပေ။

♛ ♛ ♛

❑

''ပါးစပ်လှုပ်မှ လက်လှုပ်'' ဟူသော စကားအရ ကိုယ်စီကိုယ်စီ တက်ညီလက်ညီ လုပ်ကိုင်နေသော်လည်း စားဝတ်နေရေးဟူသော အကြောင်းအရာလေးများက ပေါ့ပါးမသွား သမီးငယ်ဖြစ်သူ ခင်ထွေးပင်လျှင် မိုးရာသီလိုကာလများ၌ အနီးအနားလယ်ကလေးသို့ ဆိုက်၍ ကောက်စိုက်သည့်အခါ လိုက်၍ကွမ်းခြံလေးများသို့ ကွမ်းရှူး

www.burmeseclassic.com

www.burmeseclassic.com

လိုက်သည့်အခါတွင် လိုက်ရသည်။ ကိုစောတို့အိမ်သို့ နွားကြီးရောက်ရှိ ပြီးနောက်ပိုင်းတွင် ကိုစောအိပ်မက်တစ်ခုကို မြင်မက်ပြန်သည်။ အိပ်မက် ထဲတွင် နွားဖြူကြီးမှ . . .

"ကိုစော . . . ငါ မင်းကို သိပ်ကျေးဇူးတင်တယ်ကွာ။ ငါမင်း ရဲ့အတိတ်က ဝဋ်ကြွေးတွေကို ဆပ်ခွင့်ရပြီ။ ငါ့ကြွေးတွေ ကျေတော့ မယ်"

ထိုမှ ကိုစောတို့ စီးပွားရေးလုပ်ငန်းများက သိသိသာသာဆို သလို တစ်နေ့တခြား အဆင်ပြေ၍လာသည်။ ကာလတစ်ခုတွင် ချောင် လည်ချောမွေ့သော မိသားစုဘဝတစ်ခုကို ရရှိပိုင်ဆိုင်လာသည်။ တစ်နေ့ တွင် ရွာလယ်ပိုင်းမှ လယ်သူကြီးဦးပြမောင်၏လယ်ကလေးကို ကောက် စိုက်ရင်းပြန်အလာ ထမင်းဟင်းများချက်ရန် သမီးဖြစ်သူခင်ထွေး မီးဖို ချောင်ကလေးထဲသို့ဆင်းဖိတော့ မီးဖိုထဲမှပဲတီစိမ်းများထည့်ထားသည့် ပဲတင်း(၂၀)ခန့်ဝင်သည့် ပဲပုတ်ကြီးမှပဲများ၌ ပုံကျနေသည်ကို တွေ့ရ သည်။

"ဟယ် . . . ပဲတွေ ပျံနေကြပါလား။ အဖေရေ ဒီပဲပုတ်ကို အဖေဘာလုပ်ချင်လဲ"

သမီးဖြစ်သူခင်ထွေး၏အသံကြောင့် . . .

"ဟဲ့ . . . ငါလည်း ဘာမှမလုပ်ပါဘူး။ နင့်အမေတော့ မသိဘူး"

အိမ်ရှိလူကုန် မေးမြန်းသော်လည်း ပဲပုတ်ကို မည်သူတစ်ဦး တစ်ယောက်ကမှ မလုပ်ကိုင်ကြ။ ကိုစောကတော့ . . .

"ကြက်တွေဘာတွေ ပုတ်အောက်က ဖောက်သလားမသိဘူး"

ဟူသော အတွေးတစ်ခုနှင့် အဖြေထုတ်ရင်း ပုံကျနေသော

ပဲများကို ကောက်၍သိမ်းသည်းကာ ပုတ်ကလေးထဲသို့ ပြန်၍ထည့်ထား လိုက်၏။

ဤသို့ဖြင့် နောက်တစ်နေ့တွင်လည်း ထိုပဲပုတ်မှ ပဲများက ယခင် နေ့များကဲ့သို့ပင် ပုတ်ပတ်ပတ်လည်တွင် ကျဲဖြန့်ထားသလို ကျနေတော့ သည်။ (၃)ရက်ခန့်တိုက် ဤသို့ဖြစ်လာသည်မို့ ကိုစောသံသယ ဝင် လာသည်။ နောက်တစ်နေ့တွင်တော့ . . .

"ကဲ . . . ငွေဆင့်နဲ့ခင်ထွေးတို့ရေ ဒီပဲပုတ် ဒီလိုပဲ ဝေဝေနေ ရင်းလျှံကျနေတာ ပုတ်အောက်က ကြွက်တစ်ကောင်ကောင်က ဖောက် နေတာလား။ ဒါမှမဟုတ် အကြောင်းတစ်စုံတစ်ခုကြောင့်လားဆိုတာ သိရအောင် တခြားပုတ်တစ်လုံးနဲ့ ပဲတွေကိုလှယ်ကြည့်ရအောင်"

ဝမ်းစာစပါးလေးများ ကြိတ်ခွဲထည့်ရန် အသင့်ဝယ်၍ထား သော တင်း(၂၀)ဝင် ပုတ်သစ်တစ်လုံးဖြင့် ပဲများကိုမိသားစု(၃)ယောက် လှယ်၍ထည့်ကြသည်။ ပုတ်သစ်လေးသောတင်း(၂၀)ပြည့်သွားသော်လည်း ပုတ်ဟောင်းထဲရှိပဲများကမကုန်နိုင်ဘဲ(၃)တင်းခန့် ကိုးလျက်ရှိကြောင်း အံ့သြစွာ တွေ့ရသည်။ ပုတ်အောက်တွင် သတ္တဝါတစ်ကောင်ဖောက်၍ ပဲများပုံကျသည်လားဟူသော အတွေးဖြင့် ပုတ်အောက်ခြေသို့ ရှာသော် လည်း မည်သည့်သတ္တဝါမှ ကိုက်ဖောက်ထားခြင်းမရှိ။ ပဲများသည် သူ့ အလိုအလျောက်ဝေပြီး ပဲများ(၃)တင်းခန့်ကိုးနေသည်မှာ သေချာနေ တော့သည်။

"အင်း"

သက်ပြင်းရှည်တစ်ခုကို ကိုစောချလိုက်ရင်းမှ . . .

"သေချာသွားပြီး ငွေဆင့်၊ သေချာသွားပြီ"

"ဘာလဲ ကိုစော၊ ရှင့်ဟာကလဲ အစမရှိ အဆုံးမရှိနဲ့"

www.burmeseclassic.com

www.burmeseclassic.com

"အေး . . . တို့ပဲပုတ်ထဲကပဲတွေ သူ့အလိုအလျောက် ဝေဝေနေတာ 'သေချာသွားပြီးလို့ ပြောတာကွ"

"ဟို . . . ဒါဆို ဘာဖြစ်သလဲ ကိုစောရဲ့"

"ဘာဖြစ်ရမလဲကွ။ ဒါကောင်းတဲ့နိမိတ်ပေါ့။ ပဲတွေတောင် တိုးနေတာကြည့်ပါလား"

ထို့နောက်တွင်တော့ အညာတန်းရွာမှ ကိုစောတို့မိသားစုတွင် အလိုအလျောက် နွားကြီးတစ်ကောင်ရောက်လာသည့် သတင်းအပြင် ကိုစောတို့အိမ်မှပဲပုတ်များ အလိုအလျောက် ပဲတွေဝေနေသော သတင်းသည်လည်း ထပ်ဆင့်ရင်းတစ်ရွာလုံးသို့ ပြန့်ရှိသွားပြန်တော့သည်။

❦ ❦ ❦

❑

ဤသို့ဖြင့် နွေရာသီကာလတစ်ခုတွင် ကိုစောတစ်ယောက် သားကြီးထွန်းမောင်၏သား ၊ မြေးလေးကို ရှင်ပြုသာသနာ့အမွေခံဖြစ်သည်။ ထိုသို့ ပြင်မက်သည့်အိပ်မက်များအတိုင်း ဖြစ်လာသော်လည်း ကိုစောဘဝင်မကျသည့် အကြောင်းတစ်ခုက ရှိနေသည်။ ထိုအကြောင်းမှာ မိမိသည် နွားဝယ်၊ နွားရောင်းဟူသည့် အကုသိုလ်မကင်းသော အလုပ်ကို အလျင်းသင့်သည့်အခါတိုင်း ပြောမိသည်။

"ငွေဆင့်ရယ် . . . ငါတို့လည်း အသက်ကြီးလာကြပြီ။ ဒီအကုသိုလ်အလုပ်တွေ စွန့်လွှတ်ချင်လာပြီကွာ"

ညည်းသာ ညည်းနေရသော်လည်း တကယ်တမ်းတွင်တော့ ဘဝက အကုသိုလ်နှင့်ကင်းကွာ၍မရ။ အကုသိုလ်ကင်းချင်သူကိုမှ အကုသိုလ်တရားက သက်ဆိုးရှည်စွာ အခွင့်မျက်နှာသာပေး၍ နေတော့သည့်အလား။ မနှစ်က မိုးတွင်းတွင် နွားအိုတစ်ကောင်နှင့် လဲလှယ်ခဲ့သော နတ်စင်ကုန်းရွာမှနွားမလေးမှာ ခုဆိုရင် ဇီးနဲ့ကိုယ်ဝန် အရင့်အမာပင် ရှိနေတော့သည်။

"ဟယ် . . . နွားအမြှာပူးလေးနှစ်ကောင်ဟဲ့။ တစ်ကောင်က အထီး၊ တစ်ကောင်က အမ"

ဆိုသည့် ကိုစောရဲ့ နွားတင်းကုပ်ထဲမှ ဝမ်းသာလို့ကိုက်လုံ့သော ကြည်နူးသံကြီးက တစ်ခုသောနံနက်ခင်းကို ခင်းကျင်းလိုက်သည့်အလား။

"အညာတန်းရွာက ကိုစောရဲ့အိမ်မှာ နွားအမြှာပူး မွေးပြန်ပြီတဲ့ဟ"

ဆိုသည့် လူပ်ရှားမှု စကားသံလေးများက ပျံ့နှံ့၍သွားပြန်လေတော့သည်။ ရွာထဲရှိ ရှေးလူကြီးသူမများကို မေးမြန်းကြည့်သည့် အခါတွင်လည်း . . .

"နွားအမြှာပူးဆိုတာ မွေးတော့မွေးတတ်ပါတယ်။ ဒါပေမယ့် ရှားတယ်ကွ။ ဒါ ကောင်းတဲ့အတိတ်နမိတ်ပါ"

ဆိုသည့် စကားလေးများနှင့် ပျော်ရွှင်ကြည်နူးရသည်က ကိုစောမိသားစု။

"ဒီနွားကလေးနှစ်ကောင် တစ်လပြည့်တဲ့နေ့ကျရင် မုန့်ကန်းခါး အချိန်(၁၀၀)ကျွေးပြီး အသံချဲ့စက်နဲ့ကင်မွန်းတပ်မယ်။ အလှူအတန်း

www.burmeseclassic.com

www.burmeseclassic.com

လုပ်မယ်။ တစ်ရွာလုံးကိုလည်း ဖိတ်ကြေးမယ်ဌေးဆင့်''

ဆိုသည့် ကိုစောရဲ့ဆန္ဒကိုတော့ . . .

''ကောင်းတယ်ကိုစော။ ကျုပ်လည်း အလှူအတန်းလေးလုပ်ချင်နေတာ''

မည်သို့ဆိုစေ . . . ကုသိုလ်၊ အကုသိုလ် မမြင်နိုင်သောဘဝ၏ အတိတ်ပုံရိပ်များက ပစ္စုပ္ပန်ကာလတစ်ခုတွင် မျက်မြင်ကိုယ်တွေ့ ထင်ထင်ရှားရား တွေ့မြင်နေရသည်မှာ လာခဲ့သောနွားကြီးတစ်ကောင်နှင့် နွားအမြှာပူးနှစ်ကောင်၏ အဖြစ်အပျက်လေးကပင်။ အုံ့သြစရာ ဆန်းကြယ်၍ နေပြန်လေသည်။

အတိတ်ဟူသော ကာလတစ်ခုတွင် ကုသိုလ်၊ အကုသိုလ် ဆင်းရဲ၊ ချမ်းသာစသော အကြောင်းတရားများနှင့် မည်သို့ပတ်သက်ဆက်စပ်နေသည်ကို မည်သူမှမသိနိုင်၊ မမြင်နိုင်။ သို့သော် ပစ္စုပ္ပန်တွင် ဖြစ်ပျက်နေသည့် ကံတရားတစ်ခု၏ အကြောင်းတရားများကမူ ထူးခြားဆန်းကြယ်စွာ မယုံကြည်နိုင်သော ဖြစ်ရပ်တို့နှင့်အတူ ဖြစ်ပျက်နေသည်ကတော့အမှန်။

❦ ❦ ❦

ဟင်းအောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့် ဆလုံဆလင်ကြီးဦးနို

❑

ဘဝဟူသည် ဆန်းကြယ်ပေစွ။ အုံ့မခန်းသော အလှည့်အပြောင်းများစွာဖြင့် ပြည့်နှက်နေတတ်ပြန်လေသည်။ ထိုဆန်းကြယ်သော ဘဝခရီးရှည်ကြီးထဲတွင် နစ်မျောလိုက်ပါကျင်လည်ရင်း တွေ့ကြုံဖြစ်ပျက်သည့် အဖြစ်အပျက်များက တစ်ခါတစ်ခါ အိပ်မက်ထက်ပင် ဆန်းကြယ်နေတတ်ပြန်သည်။ ဤဖြစ်ပျက်အကြောင်း အရာတစ်ခုသည် စိတ်ကူးယဉ်ဇာတ်လမ်းမဟုတ်။ ဘဝဟူသော လောကခရီးတွင် ကျွန်တော် ကျင်လည်ဖြတ်သန်းရင်း တွေ့ကြုံခဲ့ရသည့် ကိုယ်တွေ့အဖြစ်အပျက် မှန်လေးတစ်ခုသာလျှင် ဖြစ်ကြောင်းဝန်ခံရင်း စာဖတ်သူများသိစေရန် ပြန်လည်ပြုလိုက် ရပေသည်။

♛ ♛ ♛

❑

စုမေဆိုတဲ့ ချစ်စရာဇနီးလေးနဲ့ ကျွန်တော်အိမ်ထောင်ကျတော့ အလုပ်အကိုင်ဟူ၍ အတည်တကျမရှိ။ စုမေက ကျောင်းပညာတစ်ဝက်တစ်ပျက်။ ကျွန်တော်က ဘဝပညာမစုံမလင်။ အချစ်ကိုအဟုတ်ကြီးထင်လို့ မိုးကောင်းကင်အောက်မှာ အချစ်နဲ့တည်ဆောက်ခဲ့သော အချစ်အိမ်ကလေးက။ တကယ်တမ်းကြတော့ ဥတုရာသီတွေ့ရဲအောက်မှာ အမိုးအကာ မိုးလေမလုံချင်။

ဒီတော့လည်း ဦးလေးအဒေါ်လုပ်သူတွေက သူတို့လုပ်ကိုင်တဲ့ ကားဝပ်ရှော့လေးတစ်ခုမှာ အလုပ်အကိုင်လေးပေးရင်း

"ဟေ့ကောင် . . . မျိုးထူး။ ငါတို့ဆီမှာလာလုပ်။ သူများကို ခိုင်လည်း အလကားရတာမဟုတ်ဘူး။ ကိုယ်သွေးကိုယ့်သားဆိုတော့ အစစအရာရာစိတ်ချရတယ်"

ဒီတော့ ကားဝပ်ရှော့လေးတစ်ခုမှာ ဘာဟီရတောက်တိုမယ်ရ အလုပ်လေးတွေကိုပဲ ဦးလေးလုပ်သူနှင့်တွဲဖက်လုပ်ကိုင်ရင်း လစာကိုတော့ ကာလတန်ကြေးနှင့် လျော်ညီစွာပေးသည်။ ဤသို့ဖြင့် သုံးနှစ်ခန့် ကာလတစ်ခုအကြာတွင်တော့ အခြားသော အလုပ်အကိုင်တစ်ခုဖြစ်သည့် အစ်ကိုဝမ်းကွဲတော်သူ ကိုတင်သောင်းလုပ်ကိုင်သည့် အုတ်သ၊

www.burmeseclassic.com

www.burmeseclassic.com

ကျောက်၊ ရောင်းဝယ်ရေးလုပ်ငန်းသို့ အလုပ်ပြောင်းခဲ့ရပြန်သည်။ ကိုတင်သောင်းက အင်းစိန်တွင်နေထိုင်သည်။ အင်းစိန် ကမ်းနားတစ်လျှောက်ရှိ အုတ်၊ သဲ၊ ကျောက် ရောင်းဝယ်ရေး အရောင်းဆိုင်များတွင် ''စိန်ရတနာ''ဟူသော အရောင်းဆိုင်လေးတစ်ခုဖွင့်လှစ်ကာ ရောင်းဝယ်လုပ်ကိုင်လျက်ရှိသည်။

ကိုတင်သောင်းက မော်တော်ကြီးတစ်စင်းကို တစ်လ(သို့)နှစ်လ စသည်ဖြင့် ငှားရမ်းကာ တစ်ခါတရံအထက်အညာဒေသသို့လည်း ကောင်း၊ တစ်ခါတရံ အောက်အရပ်မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း၊ သဲနှင့်ကျောက်စရစ်ခဲများကျင်ရန် သွားတတ်သည်။ ကိုတင်သောင်းတို့ ငှားရမ်းသည့်မော်တော်ကြီးတွင် မော်တော်လုပ်သား(၅)ဦးရှိသည်။ ဦးနီဆိုသော ဆလင်ကြီးမှာ ဆလုံကြီးတစ်ဦးဖြစ်သည်။ ကျန်(၄)ယောက်မှာ စက်မောင်းအလုပ်သမားများနှင့် မော်တော်ပိုင်ရှင်တို့ဖြစ်ကြသည်။ ဒီနေ့အိမ်သို့ပြန်ရန် ရေမိုးချိုး အဝတ်အစားလဲပြီးတော့ အစ်ကိုလုပ်သူကိုတင်သောင်းမှ . . .

''ဟေ့ကောင် . . . မျိုးထူး၊ မနက်ဖြန် ငါတို့ မကွေးဘက်ကို ခရီးထွက်မယ်။ တစ်လလောက်ကြာမယ်။ အဲဒါ မင်းဇနီးနှင့် အိမ်က လူတွေပြောခဲ့ကြားလား''

''ဟုတ် . . . ဟုတ်ကဲ့ပါ အစ်ကို''

နောက်တစ်နေ့ မနက်တွင်တော့ မိမိတို့ခရီးထွက်မည့် မော်တော်လေးဆိုက်ကပ်ရာ အင်းစိန်ဆိပ်ကမ်းလေးသို့ အဝတ်အစားဆေးဝါးများကို ယူဆောင်ထည့်ယူ၍ ထွက်လာခဲ့တော့သည်။

❦ ❦ ❦

❑

မိမိတို့ မော်တော်ကလေးသည် နေ့လယ်(၁)နာရီခန့်တွင် ကျောက်ချရပ်နားထားသည့် အင်းစိန်မြစ်ကမ်းနားမှ ထွက်ခွာလာခဲ့သည်။ ချက်ရေးပြုတ်ရေများကို တာဝန်ယူထားသည့် စားဖိုမှူးကြီးဦးမောင်လေးမှာ ညစာအတွက်ဆိပ်ကမ်းလေးမှ ဝယ်ယူခဲ့သော ချဉ်ပေါင်ရွက်များနှင့် ပျာစ်များကိုသင်ကျက်ရှိသည်။ သတော်ပေါ်ရှိ လူ(၃)ဦးခန့်မှာ သူ့တာဝန်၊ သူ့အလုပ်များနှင့် ကိုယ်စီကိုယ်စီလုပ်ကိုင်လျက်ရှိသည်။ တကယ်တော့ မိမိသည်ရေကျွမ်းကျင်သော မြစ်နားချောင်းနားနီးသည့်ဒေသမှ လူတစ်ဦးမဟုတ်။ မြစ်နှင့်တူတာဆိုရ၍ လက်ညှိုးလက်မသာသာ ရေစီးကြောင်းလေးလောက်သာ တွေ့ဖူးမြင်ဖူးခဲ့သူဖြစ်သည်။ မြစ်၊ ချောင်း၊ အင်းအိုင်မရှိသော အရပ်ဒေသမှ လူတစ်ဦးသာလျှင်ဖြစ်သည်။

မိမိ၏လုပ်ငန်းကို လုပ်ကိုင်သည်မှစ၍ မြစ်များချောင်းများကို တွေ့ဖူးမြင်ဖူးခဲ့သည်။ မိမိအစ်ကိုဝမ်းကွဲ ကိုတင်သောင်းနှင့်အတူ လုပ်ကိုင်ခဲ့သည်မှာ (၁)နှစ်ခန့်ကြာညောင်းခဲ့ပြီးဖြစ်၍ ဤရေလမ်းကို (၁)(၄)ကြိမ်ဆိုသလို တွေ့ကြုံဖြတ်သန်းခဲ့ဖူးပြီ။ မော်တော်မှလူတော်တော်

www.burmeseclassic.com

www.burmeseclassic.com

များများကိုလည်း ခင်မင်သိကျွမ်းနေခဲ့ပြီ။ အဖွဲ့ပိုရ်ကျသည်က ဆလုံ ဆလင်ကြီးဦးနီ ဖြစ်သည်။ ဦးနီဆိုသည့်အတိုင်း အသားအရည်မှာ နီဂဒိုး တစ်ယောက်၏အသားကဲ့သို့ မဲပြောင်နေပြီး ပွရောင်းရောင်းနှာခေါင်းနှင့် ခပ်မောက်မောက်နဖူးတို့က သာမန်လူတစ်ယောက်၏ မျက်နှာအသွင် အပြင်မျိုးထက်ပို၍ အကျည်းတန်စွာရှုပ်ဆိုးသည့်ဘက်ကို သာသာလွန် လွန် လုနေသည်။

မော်တော်ကလေးသည် ကမ်းမှခွာရင်း ခုတ်မောင်းလာခဲ့သည် မှာ (၄)နာရီကျော်ကြာခဲ့ပြီး ရေမိုင်တော်တော်များများကို ချန်ထားပစ်ခဲ့ရင်း ခရီးရည်တစ်ခုဆီသို့ မပျင်းမရိမ်ရိတက် ခရီးဆက်လျှက်ရှိသည်။ မြစ်ကမ်း တစ်ဖက်တစ်ချက်မှ လမုတောများ ဒီရေသောက်လတာကုန်းပြင်များကို တမ္ပော်တခေါ်ငေးရင်း လိုက်ပါလာခဲ့သည်။ လေနှုအေးသည် အပြေး လုယက်ရိုင်းဖက်လိုက်၏။ ချမ်းစိမ့်စိမ့်ကလေးဖြစ်လာသည်မို့ မျိုးထူးတစ် ယောက်မော်တော်၏ဦးပိုင်းရှိ ဆလင်ကြီးဦးနီရှိရာဆီသို့ ကူးလာခဲ့သည်။

"ဟ . . . ကောင်လေးမျိုးထူး၊ လာလက္ခ။ ဒီမှာရေနွေးကြမ်း နဲ့ မြေပဲကြော်အမြည်းရှိတယ်။ သောက်ကွာ"

ဆလင်ကြီးဦးနီဘေးသို့ ဝင်ထိုင်လိုက်ရင်း ရေနွေးကြမ်းတစ် ခွက်ကို ငဲ့လိုက်သည်။

"ဒါနဲ့ မင်းအစ်ကိုကြီးရော"

"အစ်ကိုကြီး အိပ်နေပါတယ်အဘ"

"အေးကွာ . . . မင်းတို့အစ်ကိုကြီးနဲ့ အလုပ်လုပ်ကိုင်ရတာ ကောင်းတယ်။ သူက စိတ်ကောင်းရှိတယ်။ လူကောင်းသူကောင်း တစ်ယောက်ပဲ။ အေးကွ . . . လူဆိုတာ ကိုယ်ကောင်းဖို့အစိကပဲ။ ကိုယ်ကလူကောင်းဖြစ်မှ လူကောင်းနဲ့တွေ့မှာ။ ကိုယ်မကောင်းဘဲနဲ့တော့

လူကောင်းသူကောင်းဆိုတာ တွေ့ဖို့မလွယ်ဘူး"

ထို့နောက် စကားကိုဖြတ်လိုက်ရင်း တစ်ဆစ်ချိုးကွေ့ရင်း ချီးဝင်သွားတဲ့ မြစ်ကြောင်းတစ်ခုကြောင့် ဆလင်ကြီးဦးနီစက်ခန်းလေး ဆီသို့ စက်ရှိန်လျှော့ရန် အချက်ပေးလိုက်သည်။

ထို့နောက် ဥသြကို ဆွဲလိုက်သည်။ မကြာမီ မော်တော်လေး သည် တရိပ်ရိပ်ပြေးနေရာမှ တဖြေးဖြေးအရှိန်လျှော့ချသွားပြီး မြစ်ကြောင်း ကွေ့ထဲသို့လည်း ချီးဝင်ကာ ပုံမှန်ပြေးလျှက်ရှိတော့သည်။

♛ ♛ ♛

❑

ဆလင်ကြီးဦးနီသည် ဆလုံလူမျိုးကြီးတစ်ဦးဖြစ်၍ မြစ်ကြောင်း ဘေး၏ သဘာဝ၊ မြစ်တို့၏မနောကို စောကြေကွဲမသိမြင်ထားသည်။ ညဘက် ညောက်များတွင် မော်တော်ဦးပိုင်းစက်ခန်းကလေးထဲတွင် (၁)နာရီခန့်မျှ ဆိုးစိပ်၊ တရားထိုင်တတ်သည်။ ဓမ်မအညောင်းအညာဖြေသည့်အခါ၌ ညည်းကောင်း၊ အပျေါ့အပါးသွားသည့် အခါ၌လည်းကောင်း၊ ဆလင်တာ ကိုကိုင်စေရန် ဆလင်တာလက်ထောက်တစ်ယောက်ကို ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုသူမှာ ဦးမြမောင်ဆိုသည့် ဝေါလူမျိုးတစ်ဦး ဖြစ်သည်။ ဦးမြမောင်သည် ဦးနီထက်(၁၀)နှစ်ခန့်ငယ်သည်။ မြစ်ဝကျွန်းပေါ်အရပ်ဒေသသားတစ်ဦးဖြစ်သည်။ ဦးနီနှင့်ဦးမြမောင်တို့နှစ်ယောက်စလုံး တူညီသော အချက်မှာ နှစ်ဦးစလုံး တစ်ကိုယ်ရေတစ်ကာယ မိသားစုမရှိကြတော့သော လူလွတ်များပင် ဖြစ်သည်။ ''အဘနီမှာ သားသမီးဇနီးမရှိဘူးလား''ဟု စပ်စပ်စုစု မေးခဲ့ဖူးသည်။

''အင်း . . . မရှိပါဘူး ကောင်လေးရာ''

ဟူသော မတင်မကျအဖြေတစ်စသာ ရခဲ့ဖူးသည်။ မိမိလည်း နောက်ထပ် ဦးနီ၏ဘဝနှင့်ပတ်သက်၍ မစပ်စုမမေးမြန်းတော့ ဒီနေ့ မော်တော်ကလေးထွက်လာတော့ ကောင်းကင်ပြင်ကြီးသည် ပေါ့ပါးရှင်းမနေ။ လေးလံထုံထိုင်းနေသူတစ်ယောက်လို လေးလေးပင်ပင် ဖြစ်နေသည်။ မိမိလည်း စာဖိုမှူးကြီးဦးမောင်လေး ချက်ပြုတ်ထားသည့် ငါးခေါင်းဟင်းနှင့် ထမင်းများစားကာ အိပ်ချင်လာသည်နှင့် ဆလင်ကြီးဦးနီ ရှိရာ မော်တော်ဦးပိုင်ဆီသို့ လျှောက်လာခဲ့သည်။

''ထိုင် . . . ကောင်လေး၊ ထမင်းရောစားပြီးပြီလား''

''ပြီးပါပြီ အဘ''

''ရော့ . . . စားပြီးရင် ဒီမှာထန်းလျက်ခဲနဲ့ ရေနွေးကြမ်းသောက်။ ထန်းလျက်ဆိုတာ အစာကိုကြေညက်တဲ့ဆေးတစ်မျိုးဖြစ်တယ်။ ဦးနီဘေးနားထိုင်မိတော့ ဇလုံခွက်ငယ်လေးတစ်ခုတွင် ထည့်ထားသော ထန်းလျက်ခဲလေးများကို နှိုက်၍စားလိုက်ရင်း ရေနွေးကြမ်းခွက်ကို သောက်လိုက်သည်။

''ဟိုမှာကြည့်စမ်း ကောင်လေး''

ရုတ်ခြည်း လက်ညိုးညွှန်ပြလိုက်သည်။ ရှေ့တည့်တည့်တူရွက်

လှမ်းကြည့်မိတော့ ကောက်ခါင်ခါ တွားတက်လာနေသော ပြတ်ရွှေ့တိမ်တိုက်တချို့ကို တွေ့ရသည်။

ကောင်းကင်ကြီးသည် ဆလိုက်မီးအနီရောင်များကို ထိုးထားသည်သို့ နီးပြန်းနေသည်။

''မကြာခင် လေဦးကြမ်းတိုက်တော့မဲ့ လက္ခဏာပဲကွ''

''ဟာ . . . ဒါဆို ဘယ်လိုလုပ်ကြမလဲ အဘနီ''

''အိုကွာ . . . မကြောက်စမ်းပါနဲ့။ လူဆိုတာ အရေးကြုံလာရင် သက်လုံကောင်းရမယ် ဆိုတဲ့စကားလို အခုအခံဆိုတာရှိရတယ်ကွ။ မိုးတားတယ်ဆိုတဲ့စကား၊ ဒီလောက်တော့ မင်းကြားဖူးမှာပေါ့''

''သိပါတယ်အဘ။ မိုးတားတယ်ဆိုတာ ရွာမယ့်မိုးကို မရွာအောင်တားဆီးတာပါ''

''အေး . . . ဟား . . . ဟား . . . ဒီလိုတော့လည်း စဉ်းစားတတ်သကွ။ အေး . . . အေး . . . အဲဒီ မိုးတားသလိုမျိုးပေါ့ကွာ။ မကြာခင်က ကြိုးဆင်တိုက်ခတ်လာတော့မယ့် လေနီကြမ်းတွေကို မတိုက်ခတ်အောင် အဘတားဆီးနိုင်ပါတယ်ကွဲ့''

အဘနီစကားကြောင့် ကျွန်တော်မျက်တောင်မခတ်ဘဲ ဦးနီကို ကြည့်ငေးနေမိသည်။ ဦးနီမှာ မော်တော်တက်မကြီးကို ဘယ်လှည့်၊ ညာလှည့်ပြုနေရင်းမှ . . .

''ဘာလဲ ကောင်လေး၊ မင်းအဘပြောတာ မယုံလို့လား''

''အင်း . . . မယုံလို့တော့ မဟုတ်ဘူးအဘ။ ဒါပေမယ့်''

''ဘာ . . . ဒါပေမယ့်လည်းကွ။ မင်း အဘကို မယုံမကြည်ဖြစ်နေတယ်ဆိုတာ အဘမင်းမပြောပေမယ့် စိတ်ထဲက သိနေတယ်။ အေး . . . ပြောမယုံ ကြုံဖူးမှသိ ဆိုတဲ့စကားတောင်ရှိတာဘဲ မယုတ်

www.burmeseclassic.com

www.burmeseclassic.com

ဘူးလား။ ဟား . . . ဟား . . . ဟား . . . ''

ရယ်မောသံတစ်ခုက ကျယ်လောင်ပေမယ့် မော်တော်စက်သံ လေးများကိုတော့ ဖုံးအုပ်မသွား။ စက်သံကြားမှာ မနိမ့်မမြင့်တိုးဝင် ပျောက်ကွယ်သွားသည်။

''ကဲ . . . မင်းမယုံရင်လည်း လက်တွေ့ပြရတာပေါ့ကွာ''

ထို့နောက်တွင်တော့ မော်တော်ကလေး၏ ရှေ့တည့်တည့်ဆီမှ နီပြန်းနေသော ကောင်းကင်ကြီးသို့ အာရုံပြုကာနှုတ်မှလည်း တတွတ်တွတ်ရွတ်ဆိုနေသောကြောင့် မိမိမှာအဘနီကိုတစ်လှည့် ကောင်းကင်ကြီးကိုတစ်လှည့် အပြန်ပြန်အလှန်လှန်ကြည့်ရင်း လိုက်ပါနေခဲ့သည်။ ဤသို့ဖြင့် နာရီဝက်ခန့်နှစ်ဦးသား တိတ်ဆိတ်စွာလိုက်ပါခဲ့ရင်း အဘနီမှာတော့ ''ဆလင်တက်မကြီးကို ညာလက်ဖြင့်ကိုင်ကာ ဘယ်လက်မှာတော့ ပုတီးကုန်းအသေးလေးတစ်ခုကို ကိုင်ဆောင်ရင်း နှုတ်မှလည်း တစ်စုံတစ်ရာကို ရွတ်ဖတ်နေလေသည်။

မကြာမီ နီးပြန်းနေသော မျက်နှာကြီးတစ်ခုကဲ့သို့ လေနီကြမ်းများတိုက်ခတ်ရန် တာရှူနေသော ကောင်းကင်ကြီးက တဖြည်းဖြည်းချင်း တိမ်မည်းတိမ်တိုက်များ ကင်းပျောက်ကာ နေရောင်ဖျဖျလေးများပင် တိမ်စိုင်များကြားမှ ထိုးဖောက်ထွက်ပြူလာတော့သည်။ အတန်ကြာတော့ သက်ပြင်းတစ်ခုကို ချလိုက်ရင်းလက်ထဲတွင် ကိုင်ထားသောစိပ်ပုတီးလေးကိုလည်း ဘုရားကျောင်းဆောင်ရှိချိတ်ကလေးတွင် ထချ ချိတ်လိုက်ပြီးမှ . . .

''ဘယ့်နှယ်လဲ ကောင်လေး။ မိုးရိပ်မိုးသားတွေ ရှိသေးလား''

''မရှိတော့ပါဘူး အဘနီ''

''အေး . . . ဒါဆို မင်းအဘပြောတာ ယုံပြီလား''

''ယုံပါပြီ အဘ''

''အေး . . . အဘက မိုးတားနိုင်သလို မိုးရွာအောင်လည်း လုပ်နိုင်တယ်။ ဒါကတော့ လူတိုင်းမလုပ်နိုင်ဘူး။ ''စရဏ''လို့ခေါ်တဲ့ လူတစ်ယောက်ရဲ့သီလသမာဓိအားတွေကောင်းရတယ်။ အပြည့်အဝရှိရတယ်။ အို . . . အစုံအစုံပေါ့ကွာ။ အများကြီးပေါ့''

အဘနီ စကားဆုံးတော့ မော်တော်လေးက မြို့လေးတစ်ခုဆီ ဆိုက်ကပ်လာသည်။ အဘနီပင် မြို့ကလေး၏ဆိပ်ကမ်းလေးတွင် ကပ်ရန် စက်ခန်းသို့ အချက်ပေးလိုက်၏။ မိမိသည်လည်း မော်တော်ဦးပိုင်းလေးမှ နောက်ဖက်သို့ ပြန်လာခဲ့တော့သည်။

♛ ♛ ♛

❑

ထိုမြို့လေးတွင် တစ်ညမျှတာ တည်းခိုရပ်နားခဲ့ပြီး နောက်တစ်နေ့တွင် ခရီးဆက်ခဲ့ပြန်လေသည်။ မြစ်ဆိုသည်က မာယာများ အကွေ့အကောက် အလှည့်အပတ်များစွာဖြင့် ခန့်မှန်းကြိုတင်မမြင်နိုင်သော ကံတရားတစ်ခုကဲ့သို့ရှိတော့သည်။ ဒီနေ့မော်တော်ကလေး

www.burmeseclassic.com

www.burmeseclassic.com

ထွက်လာကတည်းက မြစ်ကြောင်းတစ်လျှောက်မှာ မိုးရိပ်မိုးသားတွေက အုံ့အုံ့ဆိုင်းဆိုင်းနှင့် တစ်ခါတစ်ရံ မြစ်ဖြတ်လေကလေးများပင် တဟူးဟူ အော်မြည်တိုက်ခတ်နေလေသည်။

ကမ်းနဖူးထက်ဆိုကြည့်လိုက်တော့ ဘယ်ညာယိမ်းနွဲ့လှုပ်ခါနေသော သစ်ပင်များက နာနာဘာဝများ အော်မြည်ဟစ်ကြွေးနေသည်ကဲ့သို့ ဆလင်ကြီးဦးနီသည် ဆလင်လက်ထောက်ဦးမြမောင်ဘေးတွင် ထိုင်ရင်း ဆေးလိပ်တစ်လိပ်ကို တမြေ့မြေ့ဖွာရှိုက်ကာ မြစ်ဝ၏ရေကြောင်း အနေအထားလေးများကို ကြည့်ရှုရင်း လိုက်လာသည်။

ထိုစဉ် မိမိတို့မော်တော်လေး ဦးတည်ခုတ်မောင်းနေသည့်ဘက်မှ သင်ဖြူးဗျာတစ်ချပ်တမျှရှိသော ပုဇင်းအုပ်များ ပျံသန်းလာနေသည်ကို တွေ့ရသည်။ ပုဇင်းအုပ်များသည် တချို့လည်း မော်တော်ကို ဝင်တိုးလို့တိုး။ တချို့လည်းဘေးမှကွေ့၍ အုပ်ဖွဲ့ပျံသန်းသွားကြသည်။ ထိုစဉ် ဆလင်လက်ထောက်ဦးမြမောင်နှင့် သူနံဘေးတွင် ဆေးလိပ်သောက်ရင်းလိုက်ပါလာသည့်ဦးနီအား တစ်ချက်ကြည့်ကာ ဘယ်လိုအဓိပ္ပာယ်လဲဟူသော အသံမဲ့အမေးတစ်ခုကို မေးမြန်းလိုက်သည်။

"ကိုမြမောင် စက်ရှိန်ကိုလျှော့ထား။ ပြီးတော့ မော်တော်ကို လည်း တတ်နိုင်သမျှ ကမ်းနဲ့နီးနီးကမောင်း။ ထူးခြားတဲ့လက္ခဏာတွေ တွေ့နေရတယ်။ ပြီးတော့ မော်တော်ကအလုပ်သမားတွေကိုလည်း နီးနီးကြားကြားရှိဖို့ အချက်ပေးဘဲလ်တီးရင်း သတိပေးထား"

တရစပ်ညွှန်ကြားနေသော ဆလင်ကြီးဦးနီ၏ ညွှန်ကြားမှု အတိုင်း တစ်ခုပြီးတစ်ခုပြုလုပ်ရင်း မြစ်လယ်အူကြောင်းလေးအတိုင်း တရွေ့ရွေ့ ခုတ်မောင်းနေသော မော်တော်လေးအား ကမ်းနှင့်နီးရာ ဘက်သို့ စက်ရှိန်လျှော့ရင်း ဦးတည်လိုက်သည်။ စက်ခန်းမှအချက်

ပေးသံကြောင့် မော်တော်လုပ်သားများ အားလုံးနီးနေကြသည်။ မျိုးထူးနှင့်ကိုတင်သောင်းတို့ပင်လျှင် သဘော်ရှေ့ ဆလင်ခန်းလေးဘက်ဆီသို့ တရွေ့ရွေ့ကူးလာနေသည်။

"အဘနီ ဘာတွေထူးခြားနေလို့လဲဗျ"

"ပုစဉ်းတွေ အုပ်ဖွဲ့ပျံသန်းနေရင် သဘော်တို့ မော်တော်တို့ မောက်တတ်တဲ့ အတိတ်နမိတ်ပဲဗျ။ ဒါကြောင့် အားလုံးကို သတိထားနေခိုင်းတာပါ"

ထို့နောက်တွင်တော့ မော်တော်လေးသည် မြစ်ကမ်းနှင့်နီးနီး သမျှနီးအောင် ခုတ်မောင်းရင်း ခပ်ဖြည်းဖြည်း ပြေးနေလေတော့သည်။ မော်တော်စက်ခန်းလေးထဲတွင် ကိုတင်သောင်း၊ ကျွန်တော်/ ဦးမြမောင် နှင့်ဦးနီတို့လေးယောက်သား လိုက်ပါနေခဲ့ကြသည်။

ဦးနီသည် နံရံဘေးတွင်ချိတ်ဆွဲထားသော စိပ်ပုတီးလေးကို ထရှိုးဆွဲလိုက်ရင်း တကျောက်ကျောက် စိပ်နေသည်။ အားလုံးသည် မည်သည့်စကားမျှ မဆိုကြ။ မြစ်ကမ်းတစ်ဖက်တစ်ချက်ကို တောင်ကြည့်မြောက်ကြည့်နှင့် လိုက်ပါလာသည်။ နာရီဝက်ခန့်အကြာတွင်တော့ တစ်ဆစ်ချိုးပြောင်းလဲသွားသော မြစ်ကြောင်းတစ်ခုကိုကွေ့ဝင်လိုက်ရင်း မော်တော်လေးသည် ဝဲတစ်ခုတွင် ဓာဝဲဝဲလည်ကာနေလေတော့သည်။

ဆလင်ကြီးဦးမြမောင်သည် ဝဲတွင်ငြိုနေသော မော်တော်လေး အား ကျွမ်းကျင်စွာတက်မကိုထိမ်းရင်း တိမ်းမောက်မသွားစေရန် တည့်ဆက်ပေးနေရတော့သည်။

"အင်း . . . ကဲကြီးပေလို့သာပဲ ကိုတင်သောင်းရေ။ ဒီဝဲက နာမည်ကြီးဗျ။ ဒီလမ်းမှာ ရေယာဉ်တွေ ဒီဝဲကိုအကြောက်ဆုံး။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com

ဝဲက မှုတ်ဝဲမဟုတ်ဘူး၊ စုပ်ဝဲဟု။ အရာဝတ္ထုတစ်ခုကို စုပ်ထားမိရင် ပါးစပ်ထဲ မြိုချလိုက်သလို တဖြည်းဖြည်း မြိုချလိုက်တော့တာပဲ။ ဒါကြောင့် ဒီဝဲကို ပြန်မလာဝဲလို့ ခေါ်ကြတယ်။

❦ ❦ ❦

❑

ဤသို့ဖြင့် တစ်လခန့်ကြာမြင့်ပြီးချိန်တွင် သဲများ၊ ကျောက်စရစ်ခဲများကို သယ်ဆောင်ကာ မိမိတို့ အုတ်၊ သဲ၊ ကျောက်ဆိုင်ကလေး ဖွင့်လှစ်ထားသည့် အင်းစိန်ဆိပ်ကမ်းလေးသို့ ပြန်လည်ရောက်ရှိတော့သည်။ မော်တော်ဆိုက်ပြီးသော ညနေဘက်တွင် မျိုးထူးနှင့်ကိုတင်သောင်းတို့ အသီးသီးပြန်သွားကြသော်လည်း ဦးနီတို့ မော်တော်သားတစ်စုမှာ မော်တော်လေးတွင် နေရစ်ခဲ့ကြရသည်။

သည်နေ့ ညှိုးညှိုးငယ်ငယ်မျက်နှာလေးနှင့် အလုပ်ဆင်းလာသော မျိုးထူးကိုတွေ့တော့ . . .

''ဟေ့ကောင်လေး . . . နေမကောင်းဘူးလားကွဲ့။ နင့်ကြည့်ရတာ မျက်နှာက မကြည်လင်ဘူး''

''ကျွန်တော်ကတော့ နေကောင်းပါတယ် အဘနီ။ အိမ်မှာ

သားလေးက ဖျားနေတာ(၅)ရက်ရှိပြီ။ ဆေးခန်းလည်း မသွားနိုင်ဘူး။ ဆေးခန်းသွားဖို့ ငွေရေးကြေးရေး အခက်အခဲရှိတယ်။ ဒါကြောင့် ကျွန်တော် အလုပ်မဆင်းတာ''

''ကဲ . . . ကဲ . . . စိတ်မညစ်နဲ့။ ဒီနေ့ မင်းပြန်ရင် အဘဆီက ငွေ (၅၀၀၀) ယူသွား။ မင်းလစာထုတ်တော့ ပြန်ဆပ်ပေါ့ကွာ။ ပြီးတော့ ရော့ . . . ဒီငွေပွားပိုက်ဆံလေးကို မင်းပိုက်ဆံအိတ်လေးထဲမှာ တခြားပိုက်ဆံတွေနဲ့ရောပြီးထား။ မင်းမှာငွေဆိုတာ ဝင်လာမစဲတသဲသဲ ဆိုသလိုဖြစ်တယ်''

အဘနီပေးသော ငွေစက္ကူကလေးကိုကြည့်တော့ စမအင်းများနှင့် သားတော်ရှုပ်သဏ္ဌာန် အရုပ်ကလေးတစ်ခုကို ကျောတပြန်ခေါင်းတပြန် စီရင်ရေးဆွဲထားသည်ကို တွေ့ရသည်။ ထိုစက္ကူလေးသည် မိမိအဖို့ ထူးခြားမှုရှိမရှိ မိမိအမှုမဲ့အမှတ်မဲ့ထားမိသော်လည်း တနေ့တွင် ဇနီးလုပ်သူစုမေက မိမိပိုက်ဆံအိတ်ကလေးထဲသို့ မွေနှောက်ရှာဖွေရင်း''

''ကို . . . ဒါလေးက ဘာလဲဟင်''

''ဩော် . . . အဲဒါ ငွေပွားတဲ့ကွ။ ကိုယ်တို့မော်တော်က ဆလုံဆလင်ကြီးတစ်ယောက်က ကိုယ့်ကိုခင်လို့ ပေးထားတာ''

''သူက ငွေပွားလို့ဆိုပြီး ပေးရအောင် သူကဘိုးတော်မို့လား''

''ဟေ့ . . . သူက ဘိုးတော်လား ဘာလားတော့ မသိဘူး။ ဒါပေမဲ့ အဘနီကတော့ ထူးခြားတဲ့လူတစ်ယောက်ဖြစ်နေတာ သေချာတယ်။ သူက ပုတီးနေ့တိုင်း စိပ်တယ်။ သူပါးစပ်က တစ်ခုခုကို ပြောလိုက်ရင် မကြာခင်မှာ သူပြောသလိုဖြစ်လာတယ်။ တစ်ခါကလည်း လေနီကြမ်းတွေ တိုက်မယ်အလုပ်မှာ သူဂါထာတွေရွတ်ဖတ်ပြီး ဖယ်ရှားလိုက်တာ လက်တွေ့ပဲ။ ပြီးတော့ ကိုယ်တို့မော်တော်ယာဉ်ကေား ပြန်

www.burmeseclassic.com

www.burmeseclassic.com

မလာဆိုတဲ့ စုပ်ဝဲကြီးတစ်ခုမှာ ဒုက္ခရောက်တော့မယ် အလုပ်မှာလည်း သူက ကြိုးသိနေတယ်။ ဒါကြောင့် အဘနီက အာရုံနိမိတ်တွေကို ကြိုးပြီး သိနေပြင်နေတဲ့ ပုဂ္ဂိုလ်ထူးတစ်ယောက်ဖြစ်နေတာ သေချာတယ်''

ထိုငွေပွား စက္ကူလေးအား ဇနီးလုပ်သူက ပိုက်ဆံအိတ်ကလေး ထဲသို့ထည့်ကာ ယူဆောင်ထားလိုက်သည်။ ထိုနေ့မှစ၍ စုမေ၏ပိုက်ဆံ အိတ်ကလေးထဲတွင် ငွေပြတ်သည်ဟူ၍ မရှိ။ ရရန်ရှိသည့် အကြွေး ငွေလေးများပင် မထင်မှတ်ဘဲလာရောက်တောင်းပန်ကာ ဆပ်လာကြ၏။ ထိုအကြောင်းလေးများကို စကားစပ်မိရင်း အဖွားလုပ်သူ ဒေါ်ဖွားခင် ကို ပြောတော့ . . .

''သမီး ဒါဆိုရင် ညည်းငွေပွားလေးကို အဖွားကိုခဏပေး ထား။ အဖွားလည်း ဓာတ်ကူးချင်လို့''

စုမေပေးထားသော ငွေပွားစက္ကူလေးအား မိမိပိုက်ဆံအိတ် ကလေးထဲတွင် အခြားငွေများနှင့်အတူ ရောနှောထားလိုက်သည်။ ထို့ပြင် မကြာမီကပင် ထိုးထားခဲ့သည့် ထီလက်မှတ်ကလေးကိုလည်းညှပ်၍ ထား သည်။ ထိုနေ့မှစ၍ ဒေါ်ဖွားခင်တွင် ငွေများဟိုမှသည်မှအကြောင်း အမျိုးမျိုးနှင့်ဝင်လာကာ ပွားများလျက်ရှိပြီး လဆန်းရက်တစ်ရက်တွင် မဂ်လာစုံတွဲမဟုတ်သော်လည်း ထီဆုငယ်တစ်စုကို ပေါက်လေတော့ သည်။ ထို့ပြင်ဒေါ်ဖွားခင်၏ ခင်ပွန်းဦးစံထွန်းမှာလည်း သူလုပ်ကိုင် နေသော ကုမ္ပဏီတစ်ခုမှနားရန် ဒေါ်ဖွားခင်မှ သူ့ဌေးအားသွားရောက် အသိပေးပြောကြားသည့်အခါတွင်လည်း အုံ့ဩထူးခြားစွာ ရင်းနှီးမတည် စားသောက်ရန် ငွေသိန်းအတော်များများကို ထောက်ပံ့ကူညီပံ့ပိုးပေး လိုက်လေသည်။

ဆလုံဆလင်ကြီးဦးနီ မေတ္တာ၊ စေတနာတို့ဖြင့် ပေးလိုက်သော

ငွေပွားစက္ကူလေးသည် တကယ်စွမ်းမစွမ်း၊ ပွားမပွားတော့မသိ။ စုမေနှင့် ဒေါ်ဖွားခင်တို့၏ လက်တွေ့အဖြစ်အပျက်လေးများကတော့ မယုံကြည် နိုင်စရာ ထူးခြားဆန်းကြယ်နေလေတော့သည်။

❦ ❦ ❦

မင်းအောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com

ကြွက်ပေးတဲ့ရွှေအိုး

❑

ချမ်းသာတာလည်း အစဉ်မရှိ၊ ဆင်းရဲတာလည်း အစဉ်မရှိ ဆိုတဲ့စကားကို ကြားခဲ့ဖူးကယ်။ တကယ်တော့ ဆင်းရဲချမ်းသာဆိုတာ ဟာ ခပ်ပါးပါးမျဉ်းကြောင်းလေးတစ်ကြောင်းနဲ့ ကန့်သတ်ထားတဲ့ အရာ တစ်ခုပဲ။ လူတစ်ယောက်ရဲ့ ကံကြမ္မာဆိုတာကလည်း အဆန်းသားလား။ လုံထမ်းလာတာသာ မြင်နိုင်သတဲ့၊ ကံထမ်းလာတာကိုတော့ ဘယ်လို လုပ်ပြီး မြင်တွေ့နိုင်မလဲ။ သြော် . . . လောကလူ့ဘုံဆိုတာကလည်း လူတွေရဲ့အဖြစ်က စုံတယ်လေ။ ဇာတ်စင်ပေါ်မှာ ခင်းကျင်းပြသနေကြတဲ့ ဇာတ်ပွဲတွေတောင်မှ လူတွေရဲ့အဖြစ်လောက် ဆန်းကြယ်ချင်မှ

www.burmeseclassic.com

www.burmeseclassic.com

ဆန်းကြယ်သိပ်ကြောင်း ဒါကြောင့်လည်း ဘဝဇာတ်ခုံဆိုပြီး လူတွေရဲ့အဖြစ်ကိုကြည့်ပြီး ခိုင်းနှိုင်းကြတာထင်ရဲ့။ ခုလည်း . . . ကြည့်လေ ကျုပ်တို့ နိဗ္ဗာန်ရွာကလေးရဲ့ ဈေးကလေးမှာ တစ်သက်လုံး ကုန်ခြောက်ကလေးတွေရောင်းရင်း ဘဝဆိုတဲ့ ထမင်းတစ်နပ်ကို မလပ်အောင် ရှာကြနေရတဲ့ ကိုသာမောင်နဲ့ မလှမေတို့ရဲ့ ဆန်းကြယ်တဲ့ အဖြစ်လေး တစ်ခုက ယုံနိုင်စရာမရှိတဲ့ အဖြစ်တွေအဖြစ် စာဖတ်သူတွေကို ကျုပ်သိသလောက်ပြောပြရမယ်ဆိုရင်တော့ . . .

ကျုပ်တို့ နိဗ္ဗာန်ရွာဈေးကလေးနဲ့ မနီးမဝေးမှာ ကန်ကြီးဒေါင့်ဆိုတဲ့ ရွာကလေး တစ်ရွာရှိတယ်။ အဲဒီရွာကလေးမှာနေထိုင်တဲ့ ကိုသာမောင်နဲ့ မလှမေတို့မှာ နိဗ္ဗာန်ဈေးကလေးထဲမှာ ဈေးဆိုင်ကလေးတစ်ခု ကိုဖွင့်ရင်း နေ့စဉ်ကုန်ခြောက်ပစ္စည်းတွေဖြစ်တဲ့ ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆန်၊ ဆား။ ငါးခြောက် စတဲ့ကုန်တွေကို ရောင်းရတယ်။ ကိုသာမောင်က ကန်ကြီးဒေါင့်ရွာသား။ နဖူးစာရွာလည်ဆိုတဲ့ စကားကလည်း ဆန်းကြတယ်။ တစ်ခါတော့ ကန်ကြီးဒေါင့်ရွာမှာ အလှူတစ်ခုရှိလို့ စည်တော်ကုန်းရွာသူ မလှမေက သူ့ဆွေမျိုး မိတ်သင်္ဂဟတွေနဲ့ အလှူကို လာရင်း ကိုသာမောင်နဲ့ဆုံကြသတဲ့။ မနီးမဝေး ကာလလေးတစ်ခုမှာပဲ ကိုသာမောင်နဲ့မလှမေတို့ လက်ထပ်လိုက်ရင်း မလှမေက ကိုသာမောင်ရှိတဲ့ ကန်ကြီးဒေါင့်ရွာကလေးကို လိုက်ပြီးနေထိုင်တယ်။ ကိုသာမောင်နှင့်မလှမေအိမ်ထောင်ကျတော့ ကိုသာမောင်က တစ်ဦးတည်းသောသား။ သူ့အဖေဦးဘာဘူကြီးမှာ လယ်ပွဲတွေအများကြီးကို ပိုင်ဆိုင်တယ်။ ဒါပေမယ့် ကံကြမ္မာဆိုတာကလည်း ချိုပါမလားလို့ မမြင်မတွေ့ရဘူး။ ကိုသာမောင်အိမ်ထောင်ကျပြီး တစ်နှစ်နှစ်နှစ်အတွင်းမှာ ပြည်သူ့ပိုင်အသိမ်းခံရပြီး တဖန်ဝေခြမ်းရေးလို့ဆိုတဲ့ခေတ်တွေအရောက်မှာ ဖိမိပိုင်

လယ်တွေကိုပြန်ရပေမယ့် အားလုံးကိုတော့ ပြန်မရရှာတော့ဘူး။ လယ်တစ်ပွဲလို့ဆိုတဲ့(၈)ကေ တစ်တုံးမောင်းကိုပဲ ရတော့တယ်။ ဒီတော့ အမွေအနှစ်လယ်မြေကလေးကို တစ်ဖက်ကလုပ်ကိုင်ရင်း ဇနီးလုပ်သူမလှမေက နိဗ္ဗာန်ဈေးကလေးမှာ နေ့စဉ်ဈေးရောင်းရတယ်။

ကိုသာမောင် မလှမေတို့မှာ အိမ်ထောင်သက်(၅)နှစ်သာ ရှိလာပေမယ့် သားသမီးရတနာဆိုတာ မထွန်းကားရှာဘူး။ ကိုသာမောင်က သားသမီးလိုချင်သလို မလှမေကလည်း ကလေးရှိချင်ခဲ့ကြတယ်။ ရွာတစာနယ်တကာစုံအောင် နတ်မေး၊ ဗေဒင်မေး၊ နောက်ဆုံး နတ်ကွန်းတောင် မချန်ဘူး။ သားဆုပန်၊ သမီးဆုပန်။ ဒါပေမယ့် ဘဝကံပါရမီအတိတ်က သားသမီးထွန်းကားဖို့ အကြောင်းမရှိခဲ့ဘူး ထင်တယ်၊ သားသမီးဆိုတာ တစ်ယောက်မှ မရခဲ့ရှာဘူး။ ဒါတောင် ကိုသာမောင်က လက်မလျှော့ရှာဘူး။ ကိတ္တိမသားတစ်ယောက်ကို မွေးစားဖို့လုပ်သေးတယ်။ ဒီအခါမှာ မလှမေက . . .

"ကိုသာမောင်ရယ် တစ်စိမ်းသွေးသားဆိုတာ မျိုးရိုးဗီဇမှန်ရင် ကြီးလာရင် ဒုက္ခများတတ်တယ်ဆိုတဲ့" စကားနဲ့ နောက်ဆုံးတော့ သားသမီးဆိုတဲ့ အိပ်မက်တစ်ခုကို လက်လျှော့လိုက်ရတယ်။ ကိုသာမောင်တို့အိမ်ကလေးက ကန်ကြီးဒေါင့်ဘုန်းကြီးကျောင်းကလေး ထိပ်နားမှာရှိတယ်။ နံနက်(၄)နာရီမှာ ကန်ကြီးဒေါင့်ကျောင်းက ကပ္ပိယကြီးဦးတေဇ အုန်းမောင်းထခေါက်တာနဲ့ ကိုသာမောင်ကဆိုင်းထမ်းလေး(၂)ခုမှာ ပစ္စည်းပစ္စယတွေကိုတင် ဈေးထွက်ဖို့ ဟန်တပြင်ပြင်လုပ်နေပြီး မလှမေကတော့ သရေစာအတွက် ရေနွေးအိုးကျီ၊ တောက်တိုမည်ရလေးတွေလုပ်ကိုင်ရင်း (၅)နာရီသာသာလောက်ရှိမှ အရှေ့ဘက်ကရောင်နီတွေလာပြီ။ ကံကြီးဒေါင့်ဘုန်းကြီးကျောင်းကလေးလည်း အရုဏ်

www.burmeseclassic.com

www.burmeseclassic.com

မိုးသောက်မှာ ဝတ်ပြုသဲ၊ ဘုရားရှိခိုးသံတွေနဲ့။ အင်း . . . ဒီတော့မှ ကိုသာမောင်က ဆိုင်ထမ်းကိုထမ်း။ မလုမေက တစ်နှင်တစ်ပိုင် ရေးတောင်းကလေးကိုရွက်ရင်း နိဗ္ဗာန်ရွာကလေးရဲ့လမ်းမပေါ် တိုးလျှိုပေါက်ဖောက်ထားတဲ့ ခေမာလမ်းကလေးအတိုင်းလျှောက်လာရင်း နိဗ္ဗာန်ရေးကလေးကို ရေးအချိန်အမီ ခင်းကျင်းဖို့ထွက်ရတယ်။

ကိုသာမောင်ရဲ့အလုပ်က နေ့စဉ် မလုမေရေးထွက်ရာ ရေးကလေးသို့ ရေးထွက်ပေးခြင်းနဲ့၊ အပြန်မှာ ရေးသိမ်းဖို့တာဝန် ယူရတယ်။ နိဗ္ဗာန်ရေးကလေးက (၁၂)နာရီသာသာလောက်ဆို ရေးကွဲတယ်။ အိမ်မှာလုပ်စရာကိုင်စရာ တောက်တိုမည်ရလေးတွေကို လုပ်နိုင်သမျှ လုပ်ပြီးမှ ရေးကြိုဖို့ မလုမေဆီသွားရတယ်။ ဒါကလည်း ကိုသာမောင် အလုပ်ချောင်တဲ့ ကာလတွေမှာ လုပ်နိုင်တာလေ။ လယ်စိုက်ချိန်၊ လယ်ထွန်ချိန်မှာတော့ ရွာကလေးထဲက နဝလီကုန်ထမ်းသမားလေးတွေဖြစ်တဲ့ ခင်ထွန်းတို့၊ လှမောင်တို့ကိုပဲ မုန့်ဖိုးပဲဖိုးလေးတွေပေးပြီး ခိုင်းရတယ်။ ကိုသာမောင်ကတော့ မိမိပိုင်လယ်ကလေးရှိတဲ့ ကန်ကြီးဒေါင့်

ဆည်ထူစိမ် ကလေးနံဘေးက လယ်ကလေးတစ်ပွဲကို ထွန်ယက်ရင်း ဒုညဆိုတဲ့ ဘဝသီချင်းတစ်ပုဒ်ဟာ မျက်မကွက် ရောက်လာတတ်တဲ့ ညည်းဆာတစ်ခုကို အချိန်မှန်ဖူးမွှင့်ခဲ့တယ်။ တစ်ခါတစ်ခါကျတော့လည်း လှုမေက . . .

"ကိုသာမောင်ရယ် . . . ရှင့် လယ်ကလေးကို ရောင်းလိုက်ပါလား။ ကျွန်ုပ်တို့မှာလည်း စားရမယ့် သောက်ရမယ့် သားထောက်အပီးခံဆိုတာရှိတာမှ မဟုတ်ဘဲ"

ဒီလိုပြောတဲ့အခါ . . .

"လှုမေရယ် . . . မင်းပြောတာလည်း မှန်ပါတယ်။ ဒါပေမယ့် ဒီလယ်ဒီယာတွေက ငါ့အဖေ ငါ့အမေတွေရဲ့ အမွေအနှစ်တွေကွ။ ဒီကြောင့် ငါရောင်းရမှာကို နှမြောမိတယ်"

ဒီလိုနဲ့ အသက်ကလေးရလာတော့ နားနားနေနေ နေချင်လာတာရယ်။ မလုပ်မကိုင်နိုင်တော့တာရယ်က စုပေါင်းပြီး တစ်နေ့မှာ လယ်ကလေးကို ရောင်းရမယ့် အခြေအနေတစ်ရပ်က ဖန်တီးပေးအပ်လာတယ်။ ကိုသာမောင် အပြင်းဖျားလိုက်တာ အိပ်ရာထဲမှ တစ်လဆက်ကျော်ကြာတယ်။ ရွာသားတချို့တလေကဆိုရင်တောင် ကိုသာမောင်ဒီတောင်ကို မကျော်နိုင်တော့ဘူးရယ်လို့ ထင်မြင်ချက်ပေးလာတယ်။ ဒီအခါ ရေးကလေးကိုတစ်ဖက်ကရောင်းရင်း တရှဲရှဲနဲ့ငိုရတာက လှုမေလေ။ အဲဒီနှစ်က ကံဆိုးချင်တော့ စပါးတွေပေါ်ချိန်ကျမှ အချိန်အခါယဲ့ မိုးက(၁၀)ရက်လောက်ကြာအောင် ရွာတယ်။ မုန်တိုင်းကြောင့်ဆိုလား . . . ဘာဆိုလား။ ဒီတော့ လယ်သမားတွေရဲ့စပါးတွေကသလင်းထဲမှာ အစို့ပေါက်ပေါက်ဖောက်ထားသလို လယ်တွေယာတွေနဲ့။ အတော်များများက ဝမ်းစာစပါးလေးတောင်မရကြတော့။ ဒီအထဲမှာ

www.burmeseclassic.com

www.burmeseclassic.com

ရှေ့ဆုံးကပါတာက သာမောင်နဲ့လှမေ။ ဒါကြောင့် လယ်ကလေးကို မဖြစ်မနေရောင်းပစ်လိုက်ရတယ်။ သေက်မရောက်ဘဲ ကိုသာမောင်ကလည်း တဖြည်းဖြည်းနဲ့ ထူထူထောင်ထောင်ဖြစ်လာရင်း ခုဆို ကျန်းမာရေးက အတော်ကို ပြန်ကောင်းနေပြီလေ။

ထူထူထောင်ထောင်လေးဖြစ်လာတဲ့ ကိုသာမောင်ကို ကြည့်ရင်း . . .

"ကိုသာမောင်ရယ် လယ်တွေရောင်းပစ်လိုက်ရလို့ စိတ်မကောင်းဖြစ်မနေပါနဲ့။ လူ့အသက်ထက် ဘာအရေးကြီးဆုံးလဲ။ ရှင့် ကျန်းမာရေးကောင်းဖို့ပဲ လိုတယ်။ ကျူပ်ဈေးရောင်းနေတာပဲလေ"

"လှမေရယ် . . . ငါ ကျန်းမာရေးကောင်းလာရင် ငါလည်း မင်းဈေးရောင်းတဲ့ အလုပ်ကို တတ်နိုင်သမျှကူပါ့မယ်"

ကိုသာမောင်နဲ့လှမေက နှစ်ယောက်စလုံး လောဘသက္ကာယ နည်းကြတယ်။ ရသမျှနဲ့ရောင့်ရဲတင်းတိမ်ပြီး အလှူရေစက် လက်နဲ့ မကွာဆိုသလို ဝါတွင်းဆိုရင်လည်း မနီးမဝေးကန်ကြီးဒေါင့်ဘုန်းကြီး ကျောင်းကလေးမှာ ဥပုသ်၊ သီတင်းသီလဆောက်တည်၊ လှူနိုင်သမျှ လှူ။ တန်းနိုင်သမျှတန်းရင်း ဘုရားတရားဆိုတာပြတ်လုတယ် မရှိဘူး။

❀ ❀ ❀

❑

တစ်နေ့တော့ လှမေတစ်ယောက် နိဗ္ဗာန်ရွာကလေးထဲ ကိစ္စ[illegible]ခုနဲ့သွားနေတုန်း ကိုသာမောင်က အိမ်မိုးဖို့ နီးကလေးတွေ ဖြာ[illegible]တယ်။ ပြီးသွားတဲ့အခါ ကိုယ်လက်ညောင်းညာဆန့်ဖို့လမ်းလေး[illegible]တိုခေါင်းပြုရင်း အိမ်ခါးပန်းဝါးလုံးလေးကို ခေါင်းအုံးကာမှေးရင်း [illegible]ကျော်သွားတယ်။ အိပ်မက်ထဲမှာ . . .

"ဟေ့ . . . သာမောင် . . . သာမောင်" လို့ခေါ်တဲ့ အသံကြား[illegible]ကြည့်တော့ မိမိအိမ်ကလေးရှေ့မှာ အိုကြီးတစ်လုံးကိုထမ်းထားတဲ့ [illegible]စ်ယောက်ကို တွေ့ရတယ်။ အဲဒီအခါမှာ . . .

"လာလေ . . . ခြံတံခါးကို ဖွင့်ပြီးဝင်ခဲ့လေ" လို့ ပြောလိုက်[illegible]တော့ အဲဒီလူက ခြံတံခါးလေးကိုဖွင့်ပြီး ကိုသာမောင်တို့အိမ်ကလေးထဲ [illegible]ဝင်လာတယ်။ အနားရောက်လို့ သူ့ကိုကြည့်လိုက်တော့ အိုးကြီး[illegible]လုံးကို ထမ်းလာတဲ့လူဟာ လူတစ်ယောက် မဟုတ်တော့ဘဲ လူ[illegible]ယောက်လောက်ကြီးမားတဲ့ မြေကြွက်ကြီးတစ်ကောင်ဖြစ်နေတာကို [illegible]ရပြီး ကိုသာမောင်အိပ်ရာက လန့်နိုးသွားတယ်။ အိပ်ရာက နိုးတော့ [illegible]ကိုသည်သည်ကို ကြည့်ရင်း . . .

"ငါ ဘယ်လိုအိပ်မက်တွေ မက်တာပါလိမ့်။ အိပ်မက်ရဲ့

www.burmeseclassic.com

www.burmeseclassic.com

အတိတ်နိမိတ်က ကောင်းမှကောင်းပါ့မလား'' စတဲ့ အတွေးမျိုးစုံနဲ့ အိမ်ရှေ့ဝါးရုံပင်ကလေးကို လှမ်းကြည့်လိုက်တယ်။ လရောင်က လဆန်းရက်မို့ မှုန်မှုန်ပျပျ။ ကြယ်ရောင်လေး အနည်းအကျဉ်းကတော့ မလင်းတလင်း ရှိနေကြတယ်။ အဲဒီအခါမှာ ဝါးရုံပင်ရင်းအောက်မှာ ကိုသာမောင် လှမ်းမြင်နေရတာက ပုလင်းကွဲစ၊ ဖန်ကွဲစလေးတစ်ခုလို ပြောင်ပြောင်လက်လက် တောက်ပြောင်နေတဲ့အရာတစ်ခုကို ရှုထောင့်အမျိုးမျိုးကနေ အခါခါကြည့်ရင်း အရာလေးတစ်ခုက ကိုသာမောင်ကို ဘာလဲဟူသော အတွေးတစ်စနဲ့ ဆွဲဆောင်နေတယ်။ နာရီကိုကြည့်တော့ ည ၉ နာရီ ထိုးလုနေပြီ။

''၉နာရီတောင် ထိုးတော့မယ်။ လှမေလည်း ပြန်မလာသေးပါလား''ဆိုတဲ့ အတွေးတစ်ခုနဲ့ မြင်လွှာအောက်က မရွှေနိုင်တဲ့ ပြောင်ပြောင်လက်လက် အရာလေးတစ်ခုကိုစူးစမ်းဖို့ ကိုသာမောင် အိမ်ရှေ့ဝါးရုံပင်ရိပ်ကလေးဆီဆင်းသွားပြီး လျှောက်လာမိတော့ . . .

''ဟာ . . . ရွှေဒင်္ဂါးပြားလေး တစ်ပြားပဲ''

အံ့သြမင်တက်မိစွာ အပြုံးတစ်ခုက ကြယ်ရောင်လရောင်တွေနဲ့ဝင်းလက်သွားတယ်။ မကြာခင် ကန်ကြီးဒေါင့် ဘုန်းကြီးကျောင်းကလေးက အုန်းမောင်းခေါက်သံ(၉)ချက်ကြားရပြီး လှမေလည်း ပြန်ရောက်လာတယ်။

''ကိုသာမောင် . . . ကိုသာမောင်''

လုံးမအိမ်ကလေးပေါ်ရောက်တော့ လှမေရှာကလေးထဲ သွားနေခိုက် မိမိမှားခဲ့အိပ်ပျော်သွားစဉ် မြင်မက်ခဲ့သော အိပ်မက်အကြောင်းပြောပြကာ အိမ်ရှေ့ဝါးရုံရိပ်အောက်မှလည်း ပြောင်လက်နေသော အရာတစ်ခုကိုတွေ့ရပြီး သွားယူကြစဉ် ရွှေဒင်္ဂါးတစ်ပြား

ခြစ်နေကြောင်း အံ့သြမှုများကို အသေးစိတ်ပြောပြမိတယ်။

''အင်း . . . ထူးဆန်းနေတာတော့အမှန်ပဲ ကိုသာမောင်''

''ရော့ . . . ရော့ . . . မင်းဒင်္ဂါးပြားလေးကို သေသေချာချာ သိမ်းထား။ ဒီအကြောင်းကိုလည်း ဘယ်သူ့မှမပြောနဲ့''

ထိုနောက်တွင်တော့ ကိုသာမောင်တို့ဇနီးမောင်နှံနှစ်ယောက် အိမ်ကလေးပေါ်သို့တက်ခဲ့ကြရင်း မလှမေသည် နံနက်တွင် ဈေးထွက်ရန် ဝယ်ယူဝစ္စလေးများကို လုပ်ဆောင်နေသလို ကိုသာမောင်သည်လည်း အိမ်ခေါင်းရင်းရှိ ညောင်စောင်းလေးပေါ်တွင်ထိုင်ကာ နီးဖြာသွက်ရှိတော့သည်။ မကြာမီရွာကလေးဘက်မှ သန်းခေါင်ကြက်တွန်သံကြားရသည်။

''လှမေ . . . အိပ်တော့လေ။ မနက်လည်း ဈေးထွက်ရဦးမယ် မဟုတ်လား''

''ကျွန်ုပ် အထုပ်ကလေးတွေ ထုပ်နေတာပါတော်။ ပြီးပါပြီ။ ကျွန်ုပ်သာပြောတယ် ရှင်လည်းအိပ်တော့လေ။ မနက်ကျမှ ကျွန်တဲ့အလုပ်တွေ ဆက်လုပ်ပေါ့''

''အေး . . . အေး . . . ဟုတ်ပါတယ်ကွာ''

ထို့နောက်တွင်တော့ ကိုသာမောင်တို့ အိပ်ရာဝင်ခဲ့ကြသည်။ တန်ကြီးဒေါင့်ရွာကလေးသည် အမှောင်ညတစ်ခုထဲတွင် ပရစ်အော်သံ၊ ညဉ့်အော်သံလေးများမှအပ ပကတိငြိမ်သက်တိတ်ဆိတ်ခြင်း တစ်ခုနှင့်အိပ်မောကျလျက် ရှိတော့သည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

❑

ဒီနေ့လုမေကို ဈေးထွက်ရန်လိုက်ပို့ပေးပြီး ဟင်းကြော်ဟင်
ရန်လေးများဝယ်ခြမ်းကာ ချက်ပြုတ်ဖို့ အိမ်ပြန်လာတယ်။ နောက်ဆုံ
နွားတင်းကုပ်ကလေးထဲသို့ ထင်းယူရန်အသွား မြက်စာကျင်းလေ
အောက်မှ ဖောက်ထားသော ကြွက်စာမြေခဲများကို တွေ့ရသည်။ ထင်းတစ်
ပွေ့ကို စီ၍ယူလိုက်ရင်းမှ ကိုသာမောင်မျက်စိကို တစ်ချက်ပွတ်သပ်ပြီး
ကြည့်လိုက်သည်။ ကြွက်စာမြေခဲများကြားတွင် ပြောင်လက်နေသော
အရာနှစ်ခုကိုထပ်၍ ကြည့်လိုက်သည်။ ထို့နောက် ထင်းချောင်းကလေ
နှင့်မြေသားများကို တွန်းထိုးဖယ်ရှားကာ ကြည့်လိုက်သည်တွင် ရွှေဒင်
ပြားနှစ်ခုဖြစ်ကြောင်း တွေ့ရတော့သည်။

"ဟာ . . . ရွှေဒင်ပြားတွေပါလား။ ဟိုတစ်နေ့က ဝါးရုံး
အောက်ကရတဲ့ဒင်းပြားနဲ့ တစ်ထပ်တည်းပဲ"

ထို့နောက်တွင်တော့ ဒင်းပြားလေးနှစ်ခုအား ရေဆေးသန့်စင်
ကာ သေသေချာချာ သိမ်း၍ထားလိုက်သည်။

ဘာကြောင့်တော့ မသိ။ ကိုသာမောင်အတွေးတစ်ခုနဲ့ ဟော်
မိသည်။ လုမေဈေးသိမ်းလာရင် ပြောသင့်မပြောသင့် ချင့်ချိန်ရင်
ဒီအကြောင်းကို ဘယ်သူမှသိလို့ မဖြစ်ဘူး။ ဘာပြုလို့ဆိုရင် ဒီလိုကိ

တွေဆိုတာ ကိုယ်ကလွဲရင် ဘယ်သူမှ မပြောရဘူးတဲ့။ ရွှေးလူကြီး
စကားတွေ ကြားဖူးတယ်။ ပြီးတော့ ဒီပစ္စည်းတွေကလည်း အတိတ်က
ဘယ်လိုအကြောင်းအရာတွေနဲ့ ပတ်သက်နေသလဲ မသိဘူး။ အင်း
ဒါလုမေကို လောလောဆယ်ပြောမပြသေးဘူးလေ။

ထို့နောက် နံနက်ဆီမှ ဈေးမှဝယ်ယူလာသည့် ချက်ပြုတ်စရာ
တင်းလေးများကို ချက်ပြုတ်ကာ အိမ်ကလေးနဲ့ မလှမ်းမကမ်းရှိ
ဘန်ကြီးဒေါင့်ကျောင်းကလေးသို့ ဆွမ်းသွားပို့သည်။ လုမေကထော့
အနည်းဆုံး ၁၂၃၀ လောက်မှ ဈေးသိမ်းတတ်သည်။

ဝါးရုံလေးအောက်မှ ရွှေဒင်းတစ်ပြားရသည်ကို လုမေအား
ပြောပြခဲ့သော်လည်း နောက်ဖေးနွားတင်ကုပ်ဘေးအောက် ကြွက်ကျစ်
စာလေးများထဲမှ ယနေ့နံနက် ထပ်မံ၍ ရွှေဒင်း ၂ ပြားရသည်ကို
တော့ လုမေအား မပြောတော့ပေ။ ဤသို့ဖြင့် နေ့စဉ်နံနက်တိုင်း(သို့)
တစ်ရက်ခြား နှစ်ရက်ခြားဆိုသလို နွားတင်းကုပ် မြက်စာကျင်းလေး
အောက်ကြွက်စာလေးများမှ ရွှေဒင်းပြားလေးတစ်ပြားစ နှစ်ပြားစရရ
နေ၏။ မြေကြွက်တစ်ကောင်သည် ညဘက်တွင်မြေကိုတူး၍ တွင်းသစ်
ဖောက်တတ်သည်။ ထို့နောက် မြေစာလေးများကို တွင်းပြင်သို့ယက်
ထုတ်၏။ ရွှေဒင်းပြားလေးများမှ ထိုကြွက်စာများနှင့်ရောနှောပါလာ
တတ်၏။ ကြွက်တွင်းကို မတူးသည့်နေ့တွင်တော့ ရွှေဒင်းပြားလေး
များကိုမတွေ့ရ။

ဤသို့ဖြင့် တစ်ပတ် ၁၀ ရက်ခန့်ကြာလာသည့်အခါတွင်
တော့ ကိုသာမောင်တစ်ယောက် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်မိသည်။

"ငါ ကြွက်တွင်းဆုံးအောင် တူးကြည့်ရင်ကောင်းမယ်။ ကြွက်
တွင်းဆုံးရင် ဘာတွေတွေ့မလဲ။ ဒင်းပြားတွေ အများကြီးပဲရှိနေမလား။

www.burmeseclassic.com

www.burmeseclassic.com

ဒါမှမဟုတ် ဘယ်လိုအရာတွေ တွေ့မလဲ''

တစ်ယောက်တည်း စဉ်းစားနေမိသည့်အဖြစ်က မည်မျှကြာ သွားသည်မသိ။ ဇနီးသည် လှမေက . . .

''ကိုသာမောင် . . . ကိုသာမောင် ရှင်ဘယ်လိုဖြစ်နေတာလဲ။ ကျုပ်ခေါ်နေတာ ကြာပြီ။ ဒီလောက်တောင် ခေါ်မကြားအောင်မကြား ဖြစ်နေရအောင် ရှင်ဘာတွေများတွေးနေသလဲ''

ဆိုတဲ့စကားသံကြားမှ . . .

''အြော် . . . အေး . . . အေး မတွေးပါဘူးကွာ။ ငါအိမ်ဆောက်ဖို့ရက်ကို တွေးနေတာပါ''

''နို့ . . . ဒါနဲ့ မင်းကဘာပြုလို့ ငါစျေးသိမ်းအလာကို မစောင့်ဘဲနဲ့ ပြန်လာရတာလဲ''

''ကျုပ် အိမ်အလုပ်လေးတွေ လုပ်စရာရှိလို့ ခပ်စောစောသိမ်းလာတာပါ''

ထို့နောက်တွင်တော့ ကိုသာမောင်ချက်ပြုတ်ထားသည့် နံနက်စာလေးများကို မြိန်ရှက်စွာ စားသောက်ကြသည်။

❦ ❦ ❦

❑

ညက တော်တော်နှင့် အိပ်မပျော်ခဲ့။ အတွေးတစ်ခုနဲ့ မိုးလင်းလုနီးနီးရောက်မှ မေးခနဲအိပ်ပျော်၍ သွားလေသည်။

''ကိုသာမောင် . . . ထတော့လေ။ ကျုပ်ကို စျေးလိုက်ပို့ပေးဦး''

ဆိုတဲ့ လှမေရဲ့နီးသံကြားမှ အိပ်ရာက ထလိုက်သည်။ လှမေကို နီဗွာန်စျေးကလေးသို့ လိုက်ပို့ပေးပြီး အိမ်ကလေးသို့ ခပ်သွက်သွက်ပြန်လာခဲ့သည်။

ထို့နောက်တစ်စုံတစ်ယောက်မှ မလာစေရန် ခြံဝင်းတံခါးလေးကိုပိတ်လိုက်ရင်း မိမိ၏အစီအစဉ်အတိုင်း နောက်ဖေးနွားတင်းကုပ် မြက်စာကျင်းလေးအောက်မှ ကြွက်တွင်းလေးအား စၦရီတူးလေတော့သည်။ လေးငါးခြောက်တောင်ခန့်မျှ တူးမိသည်တွင် ဒဂါလေးတစ်ပြားစနှစ်ပြားစကို တွေ့ရသည်။ ကြွက်စာထုတ်သည့် ကျင်းတစ်လျှောက် မြေသားနှင့်ရောနှောကာ ကျနေခြင်းဖြစ်သည်။ ကြွက်တွင်းသည် နှစ်တောင်၊ သုံးတောင်ခန့်တွင် မြေအောက်သို့စိုက်၍ နက်ဆင်းသွားသော်လည်း သုံးတောင်ခန့်အကျော်တွင်တော့ တစ်ဖက်သို့ချိုးကွေ့၍ သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုသာမောင် တူးလိုက် မြေသားများကို သယ်ထုတ်လိုက်နှင့် တစ်နာရီခန့်တူးမိသည်တွင်တော့ ကြွက်တွင်းလေးက ဆုံးသွားသည်။ ထို့နောက် တူးနေသော တူးရွင်းကို မြေသားထဲသို့ ထိုးသွင်းလိုက်သည်တွင် ဂျွတ်ခနဲမြည်သံတစ်ခုကို ကြားလိုက်ရသည်။

"ဟာ . . . ဘာပါလိမ့်"

မြည်သံကြားရာ တူရွင်းပြားထိပ်သို့ လက်ဖြင့်စမ်း၍ ကြည့်လိုက်ရာ ရာဝင်စဉ်အိုးတစ်လုံး လဲနေကြောင်းတွေ့ရသည်။ မိမိတူးရွင်းပြားဖြင့် ထိုးမိသည်မှာ စဉ်အိုး၏ နှုတ်ခမ်းဝဖြစ်နေကြောင်းသေချာသည်။ ကိုသာမောင် မျက်နှာသည် အပြုံးရောင်တစ်ခုဖြင့် ဝင်းလက်သွားသည်။ ဘာအိုးကြီးဖြစ်မလဲဟူသော သိလိုဇောစိတ်ဖြင့် ထိုနေရာသို့ ဘေးမှပန်းကာ တူးလေတော့သည်။ မကြာမီ အိုးဝနှုတ်ခမ်းသည် ထင်ထင်ရှားရှား ပေါ်လာသည်။ ထိုနှုတ်ခမ်းရှေ့တွင် ပိတ်ဆို့နေသော မြေသားများကို ဖယ်ရှားလိုက်သည့်အခါတွင် လျှောခနဲမြည်သံတစ်ခုနဲ့ အတူရွှေဒင်္ဂါးပြားများက ဒလဟောထိုးကျလာသည်။

"ဟာ"

အံ့သြမှင်တက်မိမှုတစ်ခုနဲ့အတူ ကိုသာမောင်အတန်ကြာအောင် ငေးကြည့်နေမိတော့သည်။ ထို့နောက်မှ သတိပြန်ဝင်လာရင်း . . .

"သေချာပြီကွ၊ ရွှေဒင်္ဂါးမှ ရွှေဒင်္ဂါးပြား အစစ်တွေ"

ထို့နောက် တူးလက်စ ခြေရာလက်ရာလေးများကို မရိပ်မိစေရန် နေသားတကျပြန်ထား၍ မိမိအိမ်ကလေးပေါ်သို့ တက်လာခဲ့တော့သည်။

❦ ❦ ❦

❑

ဒီနေ့ လှမေရေးထွက်နေရာ နီဗွာန်ရေးကလေးဆီသို့ ခပ်စောစောလိုက်သွားပြီး ရေးသိမ်းကာ ပြန်လာသည်။ အိမ်သို့ရောက်လျှင်

"လှမေရေ . . . လှမေ"

"ရှင် . . . ကိုသာမောင်။ လာပါပြီရှင်။ ဘာပြုလို့ ဒီလောက်တောင် အော်ခေါ်နေရတာလဲ"

"ညော် . . . မင်းကိုပြောစရာကိစ္စလေးရှိလို့ပါ"

"ဘာများလဲရှင်"

"ရှူး . . . တိုးတိုး၊ ဒီလိုကွ လှမေရ"

ထို့နောက် . . .

"နောက်ဖေး နွားတင်းကုပ်ပြက်စာကျင်းလေးအောက်မှာ ကြွက်တွင်းလေးတစ်ခုရှိတယ်။ အဲဒီကြွက်တွင်းလေးထဲက ကြွက်ကျစ်စာလေးတွေနဲ့ရောပြီး ရွှေဒင်္ဂါးတစ်ပြားနှစ်ပြားစဆိုသလို ငါရရနေတာကြာပြီ"

စကားကိုဖြတ်လိုက်ပြီး . . .

"အဲဒါ ရှင် ဘာဖြစ်လို့ ကျုပ်ကို မပြောပြတာလဲ"

"အို . . . စကားဆုံးအောင် နားထောင်စမ်းပါဦးကွာ လှမေ

www.burmeseclassic.com

www.burmeseclassic.com

ရာ။ ပြောတော့ပြောမလို့ပါ။ ဒါပေမယ့် အခြေအနေတစ်ခုကို ချင့်ချိန်ရင်း ပြောမယ်ပြောမယ်နဲ့ မပြောဖြစ်ခဲ့တာပဲ။ ဒါတွေထားတော့။ ဒီလိုနဲ့ တစ်နေ့တော့ မင်းကိုဈေးလိုက်ပို့ပြီး ဒီကြွက်တွင်းလေးကို ငါဆုံးတဲ့အထိ တူးကြည့်မိတယ်။ ကြွက်တွင်းလေးဆုံးတော့ ဘာတွေတွေ့လဲ သိလား''

''ဘယ်သိပါ့မလဲ။ ဘာတွေတွေ့လဲဟင် ကိုသာမောင်။ မြန်မြန် ပြောစမ်းပါရှင်''

''ဩော် . . . ပြောရမှာပေါ့ကွာ။ ဒီမှာကြည့်၊ ရာဝင်အိုးကြီး တစ်လုံး ရွှေဒင်္ဂါးပြားတွေအပြည့်နဲ့ လဲနေတာတွေ့ရတယ်''

''ဟာ . . . ဒါဆို ကျွေးပ်တို့ ချမ်းသာပြီပေါ့တော်၊ ချမ်းသာပြီပေါ့''

''ကဲ . . . မင်း သေသေချာချာနားထောင်။ အဲဒါ အရေးကြီးတယ်။ ဒီကိစ္စမင်းနဲ့ငါ နှစ်ယောက်တည်းသိတာ။ တခြား ဘယ်သူ့မှ မပြောနဲ့ကြားလား။ တို့အတွက် အန္တရာယ်ရှိနိုင်တယ်''

''ဒါပြောစရာလား ကိုသာမောင်။ စိတ်ချပါ''

ထို့နောက်တွင်တော့ ညဘက်ညဘက်များတွင် လဲနေသော ရာဝင်စည်အိုးကြီးထဲမှ ရွှေဒင်္ဂါးပြားများကို တိတ်တဆိတ်အိတ်ငယ်များ ဖြင့်သွတ်ကာ မကြာမီကာလတစ်ခုတွင် ကိုသာမောင်နဲ့မလှမေတို့သည် လည်း ဟသ်ာတမြို့ကလေးပေါ်သို့ အပြီးတိုင်ပြောင်းရွှေ့သွားကြလေ တော့သည်။ ခုဆိုရင် ဟသ်ာတမြို့ရဲ့ အချက်အချာကျတဲ့နေရာတစ်ခုမှာ ''ရွှေစင်ကြယ်''ဆိုတဲ့ ရတနာရောင်းဝယ်ရေးဆိုင်ကြီးတစ်ခုကို ဖွင့်လှစ်ရင်း တင့်တောင့်တင့်တယ် နေထိုင်နေကြတာဟာ တစ်ချိန်က နိဗ္ဗာန်ကန်ကြီးဆေင့်ရွာကလေးက ကိုသာမောင်နဲ့မလှမေတို့ဖြစ်တယ်ဆိုတာ

ရွာသားတချို့သာ သိကြပေမယ့် ကိုသာမောင်နဲ့မလှမေတို့ ဘာကြောင့် ဒီလောက် နေ့ချင်းညချင်း ကြီးပွားသွားရသလဲဆိုတဲ့ အကြောင်းရင်းကို တော့ ခုချိန်ထိ တစ်ဦးတလေမှ တိတိကျကျ မသိခဲ့ကြဘူး။

❦ ❦ ❦

မင်းအောင်ဌာ

www.burmeseclassic.com

www.burmeseclassic.com

အလမ္ဘယ်သိန်းမောင်

❑

သူ့နာမည်က သိန်းမောင်။ ဒါပေမဲ့သူ့ကို အလမ္ဘယ်သိန်းမောင်ရယ်လို့ လူသိများကြတယ်။ အဲဒီနာမည်ကလည်း လွယ်လွယ်ရခဲ့တာ တော့မဟုတ်ဘူး။ တစ်သက်မှာ တစ်ခါဆိုသလို ခဲရာခဲဆစ်ရခဲ့ရတာ။ တကယ်တော့လည်း အလမ္ဘယ်သိန်းမောင်ရယ်လို့သာ လူသိများခဲ့ရပေမဲ့ သိန်းမောင်ကိုယ်တိုင်က မြွေလမ္ဘယ်ဆရာလည်းမဟုတ်၊ မြွေလည်းမပြုတတ်ဘူး။ မြွေလည်းမပြီးဘူး။

အဲဒီလို မြွေလမ္ဘယ်ဆရာတစ်ယောက်ရဲ့ အရည်အချင်းကောင်းတွေ တစ်ခုတလေမှ မရှိပါဘဲ ဘာကြောင့်များ သိန်းမောင်တစ်ယောက်ကို မြွေလမ္ဘယ်ဆရာတစ်ယောက်အဖြစ် လူသိများခဲ့ရတယ်ဆိုတာ . . . ။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

ခင်ခုကျင်းပ ပြုလုပ်ပေးတယ်။

ဒီလိုလုပ်ပေးရတာလည်း သိန်းမောင်မှာ ရည်ရွယ်ချက်ရှိတယ်။ ရွာသူရွာသားတွေ တစ်ဒဂ်ဘဝအမောတွေ ပြေစေနိုင်ဖို့တဲ့လေ။ ဒါကလည်း သိန်းမောင်ရဲ့ပြောနေကြ လက်သုံးစကား။ တကယ်တော့ ရွာသားတွေက နွေမိုးဆောင်းဆိုသလို အလုပ်ထဲမှာပဲ နစ်မြုပ်နေကြရင်း အပျော်အပေါ်းဆိုတာ မြို့ပြတွေလို မပေါများကြဘူးလေ။ ဒါကြောင့်လည်း သိန်းမောင်က စီစဉ်ပေးခဲ့တာ။

သခွပ်ပင်အိုင်ရွာသားတွေက အပတ်စဉ်တနင်္ဂနွေနေ့ရောက်ရင်း ခင်းကျင်းပြသဖျော်ဖြေပေးတတ်တဲ့ ပျော်ပွဲရွင်ပွဲလေးကို အထူးသဖြင့် စိတ်ဝင်စားကြတယ်။

ဒါကြောင့်လည်း သောကြာ၊ စနေဆိုတဲ့ တနင်္ဂနွေနေ့နဲ့ နီးကပ်လာတဲ့ ရက်တွေရောက်လာပြီးလားဆိုရင် ခင်းကျင်းပြသမဲ့ ဝမ္မာရုံလေးရှေ့မှာ ဟိုရပ်သည်ရပ်နဲ့ မသိမသာအကဲခတ် ကြည့်ရှုသွားကြတယ်။

ဒါကလည်း သိန်းမောင်က စနေနေ့တိုင်း ဝမ္မာရုံလေးရှေ့စကြိုလေးထိပ်မှာ ကျောက်သင်ပုန်းတစ်ချပ်နဲ့ စာရေးပြီးပြုလုပ်ပြသမယ့် အစီအစဉ်ကို ကြေညာထားတတ်လို့လေ။

ခုလည်း . . . ကြည့်။ လာမယ့်တနင်္ဂနွေနေ့မှာ ပြုလုပ်ပြသမယ့် အစီအစဉ်လေးက အပတ်စဉ်ကျင်းပနေကျ အကြောင်းအရာနဲ့ ဆန့်ကျင်ဘက် မြွေလမ္ဘာယ်ပြမယ့်ပွဲတဲ့။ ဒါကြောင့် လူတွေက စိတ်ဝင်တစားဖြစ်နေကြတယ်။ ဒါကလည်း သိန်းမောင်က သူစွမ်းလို့မဟုတ်ဘူး။ သခွပ်ပင်အိုင်ရွာနဲ့တစ်ဆက်တည်းရှိတဲ့ မန်ကျည်းပင်ကွင်းဆိုတဲ့ရွာမှာ သူ့ဆရာတစ်ဆူလိုက်ကွယ်နေတဲ့ ဆေးဆရာကြီးဦးဒေဝဆိုတာရှိတယ်။ ဦးဒေဝက ဒီနယ်တစ်ဝိုက်မှာ မြွေကိုက်ခံရတဲ့သူတွေကို ကုသရာမှာနာမည်ကြီးတယ်။

❑

သခွပ်ပင်အိုင်ဆိုတာက ရောဝတီတိုင်း၊ ဟသံတမြို့နယ်လေးထဲမှာရှိတဲ့ ရွာလေးတစ်ရွာ။ ရွာလို့ရယ်သာ သမုတ်ရပေမဲ့ လူနေအိမ်က အလွန်ဆုံးရှိမှ(၁၀၀)ကျော်ကျော်။ သူတို့တွေရဲ့ မိရိုးဖလာအလုပ်ကတော့ ကိုင်းလုပ်ယာလုပ်၊ ခြံလုပ်လယ်လုပ်။

အဲဒီသခွပ်ပင်အိုင်ရွာကလေးရဲ့ အစပ်မှာက ဟသံတမြို့ကစက်သူဌေး၊ ဦးသာဒင်ရဲ့ တန်တစ်ရာဆန်စက်လေးရှိတယ်။ ရွာရှိလူအတော်များများက ဦးသာဒင်ရဲ့ တန်တစ်ရာဆန်စက်ကလေးမှာ ဝင်ရောက်အလုပ်လုပ်ကိုင်ကြတယ်။ နွေရာသီမှာ အစိုးရစပါးအဝယ်ဌာနလေးမှာ အလုပ်ဆင်း။ မိုးနဲ့ဆောင်းမှာ ဆန်စက်လေးအတွင်း အလုပ်ဆင်းရင်း တစ်နှစ်လုံးလည်ပတ် အလုပ်နဲ့လက်နဲ့မပြတ်ပေါ့။

အဲဒီသခွပ်ပင်အိုင်ရွာကလေးမှာ နေကြတဲ့သူတွေက ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေဆိုတော့ ဝါတွင်းလိုကာလတွေမှာ ဥပုသ်သီတင်းဆောက်တည်နိုင်ဖို့ ဟွမ်းလောင်းဝမ္မာရုံလေးတစ်ခုရှိတယ်။ အဲဒီဝမ္မာရုံလေးရှေ့မှာ တနင်္ဂနွေလိုနေ့ကိုရောက်တိုင်း ရပ်ကွက်သူရပ်ကွက်သားတွေကို စိတ်အပန်းဖြေဖို့အတွက် ဖျော်ဝင်ဖြမ္ဘတစ်ခုအဖြစ် သခွပ်ပင်ကိုင်ရွာသားသိန်းမောင်က ဦးဆောင်ရင်းတစ်ပတ်တစ်ခါ ပျော်ပွဲရွင်ပွဲလေး

www.burmeseclassic.com

www.burmeseclassic.com

မြွေပြီးမြွေနိုင်ရယ်လို့လည်း ဂုဏ်သတင်းကျော်ကော်နေတဲ့ ဖြစ်တယ်။ သိန်းမောင်ကိုယ်တိုင် ဦးဒေဝဆီတပည့်ခံရင်း အခုအ သဘောနဲ့ မြွေဆေးလေးအစထိုးထားရင်း သူလည်း မြွေပြီးတဲ့သူရယ် သူ့ကိုယ်သူထင်ထားတဲ့သူပေါ့။ ဒါကြောင့်လည်း ခုလာမယ့် တနင်္ဂ နေ့မှာ သူ့ဆရာဦးဒေဝအားကိုးနဲ့ ရွာသားတွေကို မြွေလမ္ဘာယ်ခြ ကျင်းပဖို့ ကြေညာလိုက်တာဖြစ်တယ်။

♛ ♛ ♛

(၂)

သိန်းမောင်က ဦးသာဒင်ရဲ့တန်တစ်ရာ ဆန်စက်လေးမှ ဘွိုင်လာမီးထိုးရတဲ့ မီးထိုးအလုပ်သမား၊ လှခင်က မနက်မနက်မှာ ရွာနီးချုပ်စပ် ရွာကလေးတွေကို ပဲပြုတ်လေးလှည့်လည်ရောင်းရင် သားသမီးသုံးယောက် ဝမ်းငါးပေါက်ကို ရှုန်းကန်ရတယ်။ လက်လှမ်း ပါးစပ်လှမ်းရတဲ့ဘဝတွေမို့ ခုလို တက်ညီလက်ညီဆိုတော့လည်း လည်ပ် ပတ်ရုံတော့ ရှိတာပေါ့။

အစကသိန်းမောင်က ဒီရွာတစ်ဝိုက်က လယ်ရှင်တွေဆီမှာ လယ်ရာသီဖြစ်တဲ့ မိုးကာလတွေမှာ လယ်ထွန်ပျိုးနှုတ်စတဲ့ အလုပ်တွေ

ဆိုလုပ်တယ်။ တစ်ဝိုလယ်ထွန်းငှားလိုက်ရင် လယ်ထွန်ခစပါးတင်း (၄ဝ)ရတယ်။ ကောက်စိုက်ရက်မှာ အနီးအပါးလယ်လေးတွေဆီပျံ ဆိုက်နှုတ်ရင်တစ်နေ့ကို ငါးဆယ်တစ်ရာသာသာစီတာမို့။ မိုးဥတုလို ရာသီမှာ သိန်းမောင်တစ်ယောက်စားဝတ်နေရေး ဖူလုံပေမဲ့ နွေလို ရာသီကိုလည်းရောက်ရော အလုပ်ကမရှိတာမို့ ဝမ်းရေးဆိုတာ ချွေး ဆမြှောင်ကြီးနဲ့ပေါ့။ ကျေးလက်ဆိုတာကလည်း အခက်သားလား။ သူလည်း အနိုင်နိုင်၊ ကိုယ်လည်းအနိုင်နိုင် ငွေကြေးပေးပြီး ငှားရမ်းလုပ်ကိုင်နိုင်တဲ့ အလုပ်ရှင်ဆိုတာက ခပ်ရှားရှား။ အင်း . . . ဒီတော့ ဇနီးလုပ်တဲ့သူ လှခင်က အကြံပေးရတယ်။

"ကိုသိန်းမောင်ရယ် ရှင်အလုပ်လုပ်တာတော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ ကျွန်ုပ်တို့မှာ မီးစာပဲရှိပြီး နွေစာဆိုတာမရှိဘူး"

"အေး . . . ငါလည်း စဉ်းစားပါတယ် လှခင်ရယ်။ ဒါကြောင့် နွေမိုးဆောင်းမပြတ် ပုံမှန်ရှိမယ့်အလုပ်လေး ဘာလေးရှိရင် လုပ်ချင် တယ်"

အတန်ငယ်စဉ်းစားဟန်ပြုပြီးမှ

"ဩော . . . သိပြီ၊ သိပြီ။ ဒါဆိုရင် ရွာထိပ်က သူဌေးဦးသာဒင် ဆန်စက်မှာလုပ်ပါလား"

"အေး . . . ကောင်းသားကွ၊ ဒါပေမဲ့ ငါဘယ်လိုလုပ် ပြော ရမလဲ"

"ရှင့်မလဲတော့ ယောကျ်ားဖြစ်ပြီး အစွမ်းအစကိုနည်းတယ်။ ကဲ . . . ကဲ . . . သူဌေးကတော် ဒေါ်ငွေစိန်က ကျွန်ုပ်နဲ့ရင်းနှီးတယ်။ ဒါကြောင့် ရှင့်အလုပ်ကိစ္စကျွန်ုပ်ပဲ ပြောပေးတော့မယ်"

ဒီလိုနဲ့ . . . ။

www.burmeseclassic.com

www.burmeseclassic.com

သိန်းမောင်က ဦးသာဒင်ဆန်စက်လေးမှာ ဘွိုင်လာမီးထိုးရာ
လစာစားအလုပ်သမားဘဝကို ရောက်ခဲ့တယ်။ မိသားစုဘဝလေးတွေကို
ရှုန်းကန်ရင်း ရပ်စိတ်ရွာစိတ်လည်းရှိတဲ့သူမို့ ရပ်ရေးရွာရေးဆိုတာ
သိန်းမောင်မမေ့ရင်မပြီးဘူး။ အလှူမင်္ဂလာဆောင်ကအစ၊ သာရေးနာရေး
အဆုံး။ ခုလည်းကြည့်လေ လူများအားလပ်ရပ်ဖြစ်တဲ့ တနင်္ဂနွေလိုနေ့
လေးအမြေရောက်တိုင်း ရွာလယ်ဝမ္မာရုံလေးရှေ့မှာ ပျော်ပွဲရွှင်ပွဲလေး
တစ်ခုကို ကျင်းပပြုလုပ်ပေးရင်း ရွာသူရွာသားတွေ စိတ်အပန်းဖြေ
ဖျော်ဖြေပေးနေတာ။

အဲဒီပွဲလေးကိုတော့ သိန်းမောင်ကပဲ ဦးစီးဦးဆောင်ပြုရင်
ကမကထလုပ်တယ်။

(၃)

လာမယ့် တနင်္ဂနွေနေ့မှာ ဝမ္မာရုံလေးရှေ့မှာ ပြသမယ့် မြွေ
အလမ်းပြပွဲလေးအတွက် သိန်းမောင်တစ်ယောက် သူ့ဆရာ ဦးဒေ
ကို အသိပေးအကြောင်းကြားထားရင်း မြွေအလမ်းပြဖို့ မြွေရှာဖို့
အလုပ်ကိုတော့ သူကပဲတာဝန်ယူထားတယ်။ ဒါကြောင့် သခွပ်ပင်အိုင်
ရွာကလေးရဲ့ ရွာဦးရွာထိပ်မှာရှိတဲ့ ရွာတော်ရှင် နတ်ကွန်းလေးဆီ

သိန်းမောင်တစ်ယောက် ထွက်လာခဲ့တယ်။

ရွာတော်ရှင် နတ်ကွန်းဆိုတာ တစ်ရွာလုံးတစ်ရပ်လုံး၊ အားကိုး
အားထားပြုကြရတဲ့နေရာ။ ရွာသူရွာသားတွေ့ရဲ့ ဘေးဥပါဒ်အန္တရာယ်
များလာဘ်လာဘအတွက် ဆည်းကပ်ကိုးကွယ်ကြရင်း ပွဲထိုးသူထိုး၊
အားဆုပန်သူကပန်၊ ဘာကိစ္စမဆို ရွာတော်ရှင်ကို ဦးတိုက်ပြီးမှ လုပ်ငန်း
ဆောင်တာမှန်သမျှ အောင်မြင်ကြတယ်လို့ အရိုးစွဲနေတဲ့ အစဉ်အလာ
ကြောင့် လာမယ့်တနင်္ဂနွေနေ့မှာပြသမယ့် မြွေအလမ်းပြပွဲအတွက်
ရွာတော်ရှင်ကို ခွင့်ပန်မြွေတောင်းဖို့ သိန်းမောင်တစ်ယောက်တည်း ထွက်
လာခဲ့တယ်။ ရွာတော်ရှင်နတ်ကွန်းရှိတဲ့ ကုက္ကိုပင်ရိပ်အောက် တိုးဝင်
လိုက်တော့ နတ်ကွန်းလေတွင် မီးပူဇော်ထွန်းညှိထားတဲ့ ဖယောင်းတိုင်
မီးလေးတွေက လေနဲ့အတူ ဘယ်ညာယိမ်းနွဲ့နေတယ်။

ငှက်ပျောသီး အုန်းသီးတွေနဲ့ ပွဲထိုးထားတဲ့ ကန်တော့ပွဲသုံးပွဲ
ကိုလည်းတွေ့ရဲ့။ နတ်ကွန်းလေးရှေ့မှာ သိန်းမောင်တစ်ယောက် ဒူး
ထုပ်ထိုင်လိုက်ပြီး သုံးကြိမ်ကန်တော့လိုက်သည်။

ပြီးတော့ . . .

''ကျွန်းပြို့ရှင်ဘုရား ယခုလာမယ့် တနင်္ဂနွေနေ့မှာ တပည့်
တော်တို့ ရွာလယ်ဝမ္မာရုံလေးရှေ့မှာ မြွေအလမ်းပြပွဲလေး ပြသပါ
မယ်။ အခကြေးငွေယူပြီးပြသတဲ့ ပွဲလည်းမဟုတ်ပါဘူး။ ရွာသူရွာသား
တွေကို မေတ္တာစေတနာနဲ့ ပြသတဲ့ပွဲမို့ ကျွန်းပြို့အရှင်ကြီး စောင့်လည်း
စောင့်ရှောက်ပေးပါ။ ပြီးတော့ မြွေအလမ်းပြဖို့ လက်ညှိုးလက်မ
သာသာ မြွေတစ်ကောင်ပေးသနားပါလို့'' လျှောက်တယ်။

ထိုအခိုက် တရှိန်ရှိန်မြည်နေသော မြွေတွန်သံတစ်ခုကြောင့် စုံမှိတ်
ထားသော မျက်လုံးများကိုဖွင့်လိုက်ရင်း သိန်းမောင်နတ်ကွန်းလေး

www.burmeseclassic.com

www.burmeseclassic.com

ဘေးနားက ချုံပုတ်ကြီးတစ်ခုဆီသို့ ကြည့်လိုက်၏။

တွေ့မြင်လိုက်ရသော မြင်ကွင်းကြောင့် သိန်းမောင်တုန်လှုပ်သွားသည်။

"ဟော"

သိန်းမောင်မြင်လိုက်ရသည်မှာ လင်းကွင်းသာသာ မျက်လုံးကြီးများဖြင့် ပြူးချဉ်စိုက်ကြည့်နေသော လူတစ်ဖက်သာသာရှိ မြွေကြီးတစ်ကောင်ကို တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။ အုံ့ညြမင်တက်မိမှန့်အတူ သိန်းမောင်တစ်ယောက်ငေးရ၍ ကြည့်နေမိစဉ်အတွင်း ထိုမြွေကြီးများသော မြွေကြီးက မိမိမျက်စိရှေ့တွင် ဖျတ်ခနဲပျောက်ကွယ်သွားသည်။

ထို့နောက် ရွာတော်နတ်ကွန်းလေးကို ဦးချလိုက်ရင်း သိန်းမောင်တစ်ယောက် နောက်ကျိသော စိတ်တို့နှင့်အတူ ရွာဘက်ဆီသို့ ပြန်လာခဲ့တော့သည်။

❦ ❦ ❦

(၄)

အိမ်သို့ရောက်လေလျှင် သိန်းမောင်တစ်[illegible]ကောက် မျက်နှာ[illegible]ကောင်း။ ညနေထမင်းစားချိန် ထမင်းစားဝိုင်းတ[illegible]ခိုးသည် လုခင်ကအကဲခတ်မိ၍ . . .

"ကိုသိန်းမောင် ရှင်မျက်နှာလည်း မကောင်းပါလား။ ဘာလဲ၊ အလုပ်ထဲမှာ ဘယ်သူနဲ့အဆင်မပြေဖြစ်လာပြန်သလဲ"

"မဟုတ်ပါဘူးကွာ၊ ငါ့စိတ်ထဲမှာ နောက်ကျိနေလို့ပါ"

"မသိဘူးလေတော်။ ရှင့်ကြည့်ရတာ မရှင်မပျနဲ့မို့မေးရတာ"

နေ့လယ်ခင်းက ကြုံတွေ့ခဲ့သော အဖြစ်အပျက်လေးအား ဖေါ်ပြခင်ကိုပြောပြရန် စိတ်ကူးမိသော်လည်း မပြောဖြစ်ခဲ့ဘဲ နောက်ကျိနေသောစိတ်တို့ကြောင့် အရာရာသည် လေးလံနေသည်။ မည်သည့်အလုပ်ကိုလုပ်လုပ် နေ့လယ်ခင်းကတွေ့မြင်ခဲ့ရသော မြင်ကွင်းတို့ကသာ လွှမ်းမိုးရင်း တောင့်တောင့်ခဲခဲရှိတော့၏။

ထိုနေ့ညက သိန်းမောင် ဘုရားရှိခိုးရင်း အိပ်ရာစောစောဝင်ခဲ့သည်။

တရှိန်ရှိန်မြည်နေသော မြွေတစ်ကောင်၏တွန်သံသည် အနည်းငယ်တိုးရာမှ တစ်စတစ်စမိမိနားထဲသို့ ကျယ်လောင်လာနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် မိမိနှင့်တဖြည်းဖြည်းနီးကပ်လာနေသည်ဟု ထင်ရသည်။

ထိုကျယ်လောင်လာသော မြွေတွန်သံကြောင့် သိန်းမောင်ထ၍ ကြည့်လိုက်သည်။ မိမိအိပ်ရာနံဘေးတွင် လူတစ်ဖက်သာသာ လုံးပတ်ရှိ ရှိသည့် မြွေကြီးတစ်ကောင်က ပြူးကျယ်သော မျက်လုံးနှစ်လုံးဖြင့် မိမိကို အုပ်မိုးထားကြောင်း တွေ့လိုက်ရတော့သည်။

ထိုခဏ (၂)တောင် (၃)တောင်ခန့်မျှ မြင့်တက်အောင် ပါးပျဉ်ကြီးကို ထောင်မြှောက်လိုက်ရင်း မိမိအား ပေါက်ချလိုက်လေတော့သည်။

''အား''

ဝူးရှကျယ်လောင်သော အသံနက်ကြီးတစ်ခုက တိတ်ဆိတ်ငြိမ်သက်နေသော ညကို ဖြိုခွင်းလိုက်၏။

''ကိုသိန်းမောင် . . . ကိုသိန်းမောင်၊ ရှင် . . . ရှင် ဘာဖြစ်တာလဲ''

ဇနီးလှခင်ရဲ့ အမေးစကားနဲ့အတူ လှုပ်နှိုးလိုက်သောအသံကြောင့် ရုတ်တရက် အိပ်ရာမှ သိန်းမောင်လန့်ရုန်းသွားသည်။ ထို့နောက် တုန်တုန်ယင်ယင်နှင့် တစ်ကိုယ်လုံးတွင်လည်း ချွေးများက စိုရွှဲနေလေသည်။

''ငါ . . . ငါကို ရေတစ်ခွက်လောက်ပေးစမ်းပါကွာ လှခင်ရာ''

''ကဲ . . . ကဲ . . . ရော့''

လှခင် လှမ်းရှင်ပေးသော ရေတစ်ခွက်ကို သောက်လိုက်ပြီး မိမိအိပ်ရာနံဘေးသို့ လှည့်ပတ်ရှာဖွေကြည့်နေမိသည်။

''ကို . . . ကိုသိန်းမောင်၊ ရှင် . . . ရှင် ဘာတွေဖြစ်နေတာလဲ။ အိပ်မက်ဆိုးတွေမက်ပြီး လန့်အော်လို့ ကျွှပ်နှိုးလိုက်ရတာ''

''အေး . . . ဟုတ်တယ်ကွ။ ငါအိပ်မက်မက်နေတာ အိပ်မက်

သဲမှာ လူတစ်ကိုယ်စာလောက်ကြီးတဲ့ မြွေကြီးတစ်ကောင်က ငါ့ကိုပေါက်လိုက်လို့''

''ရှင့်မလဲတော် ကိုသိန်းမောင်ရယ်။ လာမယ့်တနင်္ဂနွေနေ့မှာ ပြမယ့် မြွေအလမ္ဘာယ်ပြပွဲလေးကို ရှင်စိတ်ဝင်စားနေလို့ဖြစ်မှာပေါ့''

ဇနီးသည်ရဲ့ စကားဆုံးလေတော့ အိပ်ရာပေါ်သို့ ခေါင်းကို ချလိုက်ရင်း အိပ်မက်ထဲတွင် မိမိတွေ့ခဲ့ရသောမြွေကြီးမှာ မနေ့ကရွာတော်ရှင် နတ်ကွန်းလေးဘေးတွင် တွေ့ခဲ့ရသော မြွေကြီးဖြစ်ကြောင်း တွေးနေမိလေသည်။

ဘာကြောင့်များရွာတော်ရှင်က မြွေအလမ္ဘာယ်ပြပွဲအတွက် မြွေသွားတောင်းတာကို ဒီလောက်ကြီးတဲ့ မြွေကြီးကို ငါ့ကိုပြတာလဲ။ မြွေအလမ္ဘာယ်ပြတာကိုများ ခွင့်မပြုချင်လို့လား။ နိမိတ်ဆိုးတစ်ခုခုကို ပြလိုက်တာလား။ အတွေးပေါင်းများစွာဖြင့် သိန်းမောင်တစ်ယောက် ညည်းအတော်နက်ဝဲ့အထိ ပြန်ရှင်အိပ်မရ။ နံနက်မိုးသောက်လုနီးမှ မှေးခနဲ အိပ်ပျော်သွားလေတော့သည်။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

(၅)

နောက်(၂)ရက်ခန့်ကြာလာတော့ မိမိအလုပ်လုပ်ရာ ဆန်စက်မှ အလုပ်သိမ်းခံရအပြန် ရွာစွန်ရှိ ရွာထော်ရှင် နတ်ကွန်းလေးရှိရာဆီသို့ သိန်းမောင် ဒုတိယအကြိမ် ခြေဦးလှည့်လိုက်သည်။ မိမိအသင့်ယူဆောင်သွားသော ကွမ်းလက်ဖက်လေးများကို ပန်းကန်ငယ်လေးတစ်ခုတွင် ပြင်၍ နတ်ကွန်းလေးတွင်တင်ကာ . . .

"ကျွန်းပြို့ရှင် ဘုရား၊ မနက်ဖြန် တနင်္ဂနွေနေ့မှာ မြွေလမ္ဘာယ် ပြုပွဲလေး ပြုလုပ်ပါ့မယ်။ ဒီပွဲဟာ အခကြေးငွေယူပြီး ပြသတဲ့ပွဲလည်း မဟုတ်ပါဘူး။ ရွာသူရွာသားတွေအတွက် မေတ္တာစေတနာနဲ့ ပြုတဲ့ပွဲပါ။ ဒါကြောင့် ဘေးမသီရန်မခအောင် ရွာတော်အရှင် စောင့်လည်းစောင့်ရှောက်ပါ။ မြွေအလမ္ဘာယ်ပြဖို့အတွက် လက်ညှိုးလက်မသာသာ၊ မြွေတစ်ကောင်ကိုလည်း ပေးသနားပါလို့လျှောက်တယ်။

တရှိန်ရှိမြည်နေသော မြွေတွန်သံတစ်ခုကြောင့် နတ်ကွန်းလေးနဘေးရှိ ချုံလေးတစ်ခုဆီသို့ မှိတ်ထားသော မျက်လုံးအစုံကို မရဲတရဲဖွင့်၍ သိန်းမောင်ကြည့်လိုက်သည်။ ထိုအခါ လက်ညှိုးလက်မသာသာ။ အနက်ရောင်မြွေဟောက်လေးတစ်ကောင်က ခေါင်းလေးတစ်ထောင်ထောင် လျှာလေးတထုတ်ထုတ်နှင့် မိမိအား ကြည့်နေသည်ကိုတွေ့ရ၏။

သိန်းမောင် တစ်ချက်ပြုံးလိုက်၏။ ထို့နောက် ရွာတော်ရှင်ကို ဦးချကန်တော့လိုက်ကာ မိမိအသင့်ဆောင်ရှိယူလာခဲ့သော မြွေပခြုံပ်လေးထဲသို့ထည့်၍ မိမိအိမ်လေးဆီသို့ ပြန်လာခဲ့သည်။

ထိုဖမ်းလာသော မြွေလေးမှာ အနက်ရောင်လေးဖြစ်၍ 'နက်ကျော်'ဟု သိန်းမောင်အမည်ပေးလိုက်ရင်း ရွာလယ်ခမ္မာရုံလေးရှေ့တွင်လည်း မနက်ဖြန်တွင် နက်ကျော်ဟူသော မြွေတစ်ကောင်နဲ့အတူ မြွေအလမ္ဘာယ်ပြပွဲ ပြသမည်ဖြစ်ကြောင်း ကျောက်သင်ပုန်းတစ်ချပ်နှင့် ရေးသားကြေညာထားလိုက်၏။

ပြသမည့်နေ့တွင် ဇနီးလှခင် ရေးမှတယ်လာသော ထွာဆိုင်ငှက်ပျောသီးများနှင့် ကန်တော့ပွဲကြီးကိုပြင်ကာ မိမိအိမ်ရှိ စားပွဲလေးပေါ်တွင်တင်ရင်း ရေမိုးချိုး ကိုယ်လက်သန့်စင်ရန်အတွက် အိမ်နောက်ဖေးတွင်ရှိသည့် ရေတွင်းလေးသို့ ထွက်လာခဲ့သည်။

အတန်ကြာတော့ ရေမိုးချိုးကာ အိမ်လေးသို့ပြန်လာခဲ့သည်။ အိမ်ပေါ်သို့လှမ်းတက်လိုက်လျှင် မိမိပြင်ဆင်ထားခဲ့သော ကန်တော့ပွဲကြီးမှာ မှောက်လျှက်ရှိနေပြီး အုန်းသီးငှက်ပျောသီးများမှာလည်း ဟိုတစ်စသည်တစ်စ ယိုကျဲလွင့်စဉ်ကျလျှက်ရှိသည်ကို တွေ့လိုက်ရသည်။

ထိုမြင်ကွင်းများကြောင့် သိန်းမောင်အံ့ဩသွားသည်။

"ဟာ"

အံ့ဩမင်တက်မိမှုနှင့်အတူ . . .

"ဟဲ့ . . . လှခင် . . . လှခင် . . . လှခင်ရေ"

ဇနီးကို အသံပြုခေါ်ကြည့်မိ၏။ မတွေ့။ ဇနီးသည်မှာ ပဲပြုတ်ရောင်းရန် ရွာလေးထဲသို့ ထွက်ခွာသွားပြီးဖြစ်လေသည်။

လှခင်လုပ်တာလား၊ အိုဒါလည်းမဖြစ်နိုင်ပါဘူး၊ အိမ်က

www.burmeseclassic.com

www.burmeseclassic.com

ကလေးတွေဆော့လို့ မောက်သွားတာလား။ ကလေးတွေလုပ်လို့ မောက်ရအောင်လည်း ကလေးတွေက အိမ်မှာတစ်ယောက်မှမရှိ။ ရွာထဲမှာ သွားဆော့နေကြတာ။ သိန်းမောင်တစ်ယောက် သို့လော . . . သို့လော တွေးတောစဉ်းစားရင်း နောက်ဆုံးတော့ . . .

"အို . . . ငါကန်တော့ပွဲပြင်နေတုန်းက အိမ်မှာ ဘယ်သူ တစ်ဦးတစ်ယောက်မှရှိကြတာ မဟုတ်ဘူး"

ရှုပ်ထွေးနေသော စိတ်တို့နှင့်အတူ ဒေါသတစိုခုကြောင့် . . .

"အို . . . ရှုပ်ပါတယ်၊ သွားကွာ . . . သွား . . . သွား"

တစ်စစီပြန့်ကျဲနေသော အုန်းသီးငှက်ပျောသီးများနှင့်အတူ ကန်တော့ပွဲလေးကြီးကို သိန်းမောင်တစ်ယောက် ခြေထောက်နှင့်ကန် ကျောက်၍ ပစ်လိုက်သည်။ ထို့နောက်အကျီချိတ်တွင် ချိတ်၍ထားသော အကျီလေးကိုလဲလိုက်ရင်း မိမိမနေ့က ဖမ်းလာခဲ့သော 'နက်ကျော်' ဟု အမည်ပေးထားသည့် မြွေလေးကိုထည့်ထားသည့် မြွေပခြုံပ်လေး ကိုယူကာ မြွေအလမ္ဘာယ်ပြသရန် ရွာလယ်ဓမ္မာရုံလေးရှိရာဆီသို့ သိန်းမောင်ထွက်လာခဲ့တော့သည်။

❦ ❦ ❦

(၆)

ရွာလယ်ဓမ္မာရုံလေးရှေ့ရောက်လေတော့ မြွေအလမ္ဘာယ်ပြပွဲသို့ ကြည့်ရှုရန် ရောက်နေကြသည်။ ရွာသူရွာသားတွေက မနည်း။ ဓမ္မာရုံ ရှေ့ရှိ မြေကွက်လပ်တွင် စည်းဝိုင်းတစ်ခုကို ဝိုင်းလိုက်ရင်းပြသမည့် ပစ္စည်းပစ္စယများကို ချလိုက်သည်။ ခဏအကြာတွင်တော့ မန်ကျည်းပင် ကွင်းရွာက မြွေဆရာကြီးဦးဒေဝက တပည့်တစ်ယောက်နဲ့အတူ ရောက် ရှိလာသည်။

သိန်းမောင်ဆရာကြီးဦးဒေဝအား ကြိုဆိုလိုက်သည်။ ထို့နောက် ဓမ္မာရုံလေးပေါ်သို့ခေါ်သွား၍ ဘုရားခန်းလေးရှေ့တွင် နေရာချထားပေး လိုက်သည်။

ထို့နောက် မြွေအလမ္ဘာယ်ပြပွဲကို ပြသရန် စတင်လေတော့ သည်။

"သခွပ်ပင်အိုင်ရွာသူရွာသားများခင်ဗျား၊ ခုချိန်ကစပြီး မြွေ အလမ္ဘာယ်ပြပွဲကို စတင်ပါတော့မယ်။ ဒါကြောင့်ရွာသူရွာသားများက ဝိုင်းဝန်းပြီး ကူညီတဲ့အနေနဲ့ စည်းဝိုင်းကို မကျော်ကြဖို့နဲ့ အားလုံး ငြိမ်ငြိမ်ထိုင်ပြီး စည်းကမ်းရှိရှိ ကြည့်ရှုအားပေးကြဖို့ တောင်းပန်ချင် ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

သိန်းမောင်ရဲ့ စကားသံဆုံးတော့ မတ်တတ်ရပ်ကြည့်နေကြသော ရွာသားလူအုပ်ကြီးမှာ ထိုင်လိုက်ကြပြီး စည်းဝိုင်းလေးရဲ့ နောက်ဘက်ရှိ ဝမ္မာရုံပေါ်မှ ဆရာကြီးဦးဒေဝမှ ဆင်းလာလေတော့သည်။ ထို့နောက် စည်းဝိုင်းလေးထဲသို့ ဝင်လိုက်သည်။ ပြဿမှုကို စတင်ပါလေတော့တေ့။

ဆရာကြီးသည် စည်းဝိုင်းပတ်ပတ်လည်တွင် ထိုင်ရှိတစ်ခဲနှက် အားပေးနေကြသော လူထုပရိသတ်ကြီးကို လက်အုပ်ချီရှိခိုးတော့လိုက်တေ့။ ထို့နောက်ပါးစပ်မှလည်း တတွတ်တွတ်ဖြင့် အတန်ကြာအောင် မန်းမှုတ်ရွတ်ဖတ်ကာ အနားတွင်သိန်းမောင်ချထားပေးသော မြွေပချိုပ်လေးကိုဖွင့်ရှိ နက်ကျော်ဟူသော မြွေကလေးကိုထုတ်ကာ အောက်သို့ချလိုက်တေ့။

ထို့နောက် မြွေကလေးကို ကိုင်မြှောက်ရှိလက်ပေါ်သို့လည်းကောင်း၊ ပါးပေါ်သို့လည်းကောင်း၊ ကုပ်ပေါ်သို့လည်းကောင်း ရစ်ပတ်ရှိ သိုင်းကွက်များနှင်းကာဖြင့် ကျွမ်းကျင်စွာ နာရီဝက်ခန့် ပြသလေသည်။

ထို့နောက်ပြဿမှုကို ခေတ္တရပ်ဆိုင်းလိုက်ရင်း အနားယူရန်အတွက် ဝမ္မာရုံလေးပေါ်သို့ တက်သွားတော့သည်။

သက်ပြင်းပင် ခပ်ရဲရဲမချရဲ။ တွံတေးမျိုရန်ပင် မေ့လျော့ကာ တိတ်ဆိတ်ငြိမ်သက်မှုဖြင့် ကြည့်ရှုအားပေးနေကြသော ရွာသားလူအုပ်ကြီးသည် ထိုအခါကျမှ တရွရွလှုပ်ရှားလာကြသည်။ တစ်ယောက်တစ်ပေါက် စကားပြောဆိုသံများလည်း ဆူညံလာကြတော့တေ့။ ဆရာကြီးဦးဒေဝသည် ခေတ္တနားရန် ဝမ္မာရုံလေးပေါ်သို့တက်သွားသည်မှာ အကော်ပင်ကြာလေပြီ ဖြစ်လေသည်။

လူအုပ်ကြီးမှာလည်း ရုတ်ရုတ်သဲသဲနှင့်။ မငြိမ်မသက် ဖြစ်နေလေတော့သည်။

"ဟာ . . . ဘယ်လိုလဲ။ မြွေအလမ္ဘာယ်က ပြဦးမှာလားဟေ့"

"ကြာလိုက်တာကွာ၊ ဘာလုပ်နေမှန်းမသိဘူး။ ဒီမှာ ကြည့်ချင်လှပြီ"

တစ်ယောက်တစ်ပေါက် ပြောဆိုသံများကို ကြားရတေ့။ သိန်းမောင်တစ်ယောက် ထိုအခြေအနေများကို အကဲခတ်ကြည့်ရှုလိုက်ပြီး ပွဲထိန်းရန်အတွက် စည်းဝိုင်းလေးထဲသို့ ဆင်လာခဲ့တော့သည်။

ထို့နောက် . . . ။

"ကဲ . . . ကဲ . . . မြွေအလမ္ဘာယ်ပြပွဲကို လာရောက်ကြည့်ရှုအားပေးကြတဲ့ ပရိတ်သတ်ကြီးခင်ဗျား၊ ဆရာကြီးဦးဒေဝ ခေတ္တအမောဖြေနေပါတယ်။ ဒါကြောင့် ဆရာကြီးနားနေတုန်း ပရိတ်သတ်ကြီးကို အားနာတဲ့ အနေနဲ့ကျွန်တော်က မြွေအလမ္ဘာယ်ပြပွဲလေးကို ဆက်ပြီးပြပေးပါမယ်။ အားလုံးငြိမ်ငြိမ်ထိုင်ပြီး အားပေးကြပါခင်ဗျာ"

သိန်းမောင်ရဲ့စကားဆုံးတော့ တလှုပ်လှုပ်တရွရွ ဖြစ်နေသော ညည်ပရိသတ်လူထုကြီးမှာ တဖြည်းဖြည်းထိုင်ရှိသွားကြပြီး ငြိမ်သက်သွားတော့သည်။ သိန်းမောင် ဝိုင်းထားသော စည်းဝိုင်းလေးအတွင်းသို့ ဝင်လိုက်တေ့။ ထို့နောက် လက်အုပ်လေးချီရှိ အရပ်လေးမျက်နှာကို လှည့်ရှိကန်တော့လိုက်တေ့။

ပါးစပ်မှလည်း တဖွဖွဖြင့် ရေရွတ်နေသည်။ ထို့နောက် စည်းဝိုင်းလေးဘေးတွင်ချထားသော မြွေပချိုပ်လေးကို ဖွင့်ရှိနှိုက်လိုက်သည်။

ထိုအခါ . . .

"ဒုတ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ"

သိန်းမောင်တစ်ယောက် မြွေပခြုပ်လေးအတွင်းမှ နှိုက်ထား သောလက်ကို အလျင်အမြန်ပြန်ရုပ်လိုက်ပြီး ပါးစပ်မှလည်း ရေရွတ်လိုက်သည်။

"ဟဲ့ကောင ... သား နက်ကျော် ဒီကောင်ဘာဖြစ်နေတာလဲ။ ဘယ်သူမှတ်လို့လဲ။ အဖေသိန်းမောင်လေ"

ပါးစပ်မှလည်း ရေရွတ်ရင်း ဆရာကြီးဦးဒေဝနည်းတူ လက်ထိပ်လေးမော်တင်၍ တစ်မျိုး။ ကုပ်တွင်သိုင်းချတစ်ဖုံ အမျိုးစုံအောင် ပြသလေသည်။ စည်းဝိုင်းပတ်ပတ်လည်တွင် ဝိုင်းအုံကြည့်ရှုနေကြသော လူအုပ်ကြီးသည် လက်ခုပ်သြဘာသံများ တဖြောင်းဖြောင်းတီး၍ အားပေးကြ၏။

လက်ခုပ်သြဘာသံများကြားတွင် သိန်းမောင်တစ်ယောက် မျက်လုံးများက ပြာဝေစပြုလာ၏။ ဟန်မပျက် စိတ်ကိုတင်းလိုက်ရင်း ကိုယ်ကို တည့်မတ်လိုက်သည်။ ထိုစဉ် ...

"သိန်းမောင်ကွ၊ သိန်းမောင်"

ဆိုသည့် တစ်ခဲနက်ကြွေးကြော်အားပေးသံများက နားထဲမှ မကြားတစ်ချက် ကြားတစ်ချက်။ မြွေဆိပ်ပြန့်လေပြီ။ နဖူးတွင် ချွေးများက စို့တက်လာ၏။ ထို့နောက် ပြာဝေသော မျက်လုံးအစုံကို မနည်းအားယူဖွင့်ရင်း လည်ပင်းတွင်ပတ်၍ ပြသနေသော နတ်ကျော်ကို လက်မှကိုင်၍ စည်းဝိုင်းအတွင်းသို့ ချလိုက်သည်။

"ဒုတ်"

"အား"

ရုတ်တရက်နှုတ်မှ ထွက်သွားသောအသံကို အလျင်အမြန်

ပြန်ပိတ်လိုက်ရင်း နက်ကျော်အား ပခုံးပတဲသို့ ပြန်ရှိသည့်လိုက်လေသည်။ ထို့နောက် မြွေပခြုပ်လေးနားတွင် သိန်းမောင်တစ်ယောက် ခွေလဲကျသွားတော့သည်။ ကြည့်ရှုနေသော ပရိသတ်များထဲမှ သိန်းမောင်နှင့် အိမ်နီးချင်းတစ်ဦးဖြစ်သူ ထွန်းဝေက ...

"ဟာ ... သိန်းမောင်လဲကျသွားပြီ။ လုပ်ကြပါဦး ... ဆုပ်ကြပါဦး"

ထွန်းဝေ၏အော်သံကြောင့် လူများရုတ်ရုတ်သည်းသည်း ဖြစ်ကုန်ကြသည်။ လူအုပ်ကြီး၏ အော်သံဆူသံများကြောင့် ဝမ္မာရုံပေါ်တွင် ဆန်းယူနေသော မြွေဆရာကြီးဦးဒေဝဆင်းလာပြီး ...

"ဟေ့ ... ဘာဖြစ်ကြတာလဲ၊ ဘာဖြစ်ကြတာလဲကွ"

ရွာသားတစ်ဦးမှ ...

"သိန်းမောင် ... သိန်းမောင် မြွေအလမ္ဘာယ်ပြရင်း လဲကျသွားလို့ ဆရာကြီး"

"ဟာ ... ဒုက္ခပါပဲ၊ သိန်းမောင်ကို ဝမ္မာရုံလေးပေါ်သို့ ခေါ်ခဲ့ ခေါ်ခဲ့"

စကားဆုံးတော့ ရွာသားသုံးလေးဦးမှ သိန်းမောင်အားပွေ့ချီ၍ ဝမ္မာရုံပေါ်ရောက်တော့ ဆရာကြီးဦးဒေဝက မန်းမှုတ်ရင်းမြွေဆိပ်ခြေဆေးတစ်ခွက်ကို တိုက်လိုက်သည်။ ထို့နောက် သိန်းမောင်အား ဦးဝမ္မာရုံလေးပေါ်တွင် အိပ်စက်နားနေခိုင်းလိုက်သည်။ လူအုပ်ကြီးမှာ သည်း တစ်စတစ်စ ပြန်သွားကြလေတော့၏။ ဝမ္မာရုံလေးပေါ်တွင်တော့ မြွေဆရာကြီး ဦးဒေဝနှင့်အတူ ရွာသားသုံးလေးဦးက ကျန်ရစ်ရင်း သိန်းမောင်အား စောင့်ကြည့်နေခဲ့ကြသည်။

သိန်းမောင်ကတော့ ဘာဆိုဘာမျှ မသိလေတော့။ သူ့ကိုယ်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com

အာရုံထဲတွင် တစ်စတစ်စ မှောင်မည်းသထက် မှောင်မည်းလာရင်း မနိုးလေသော အိပ်စက်ခြင်းဖြင့် အိပ်ပျော်မှေးစက်သွားချေတော့သည်။

ထိုမြေအလမ္ဘာယ်ပြပွဲလေး ပြီးဆုံးသွားသည့်နေ့မှစ၍ သခွပ် ပင်အိုင်ရွာတစ်ရွာလုံးတွင် သိန်းမောင်အား အလမ္ဘာယ်သိန်းမောင်ရယ် လို့ နာမည်တစ်လုံးတိုးရင်း နာမည်ကြီးသွားခဲ့ရတဲ့ အဖြစ်ကိုတော့ သိန်းမောင်တစ်ယောက် သိမသွားခဲ့ရှာလေတော့။

❦ ❦ ❦

မင်းအောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com

ဝဂ္ဂယက်သ်သရာ

❑

စွဲလမ်းမှုကြောင့် ကမ္မဘဝ၊ ဇာတိရော မရဏာတည်းဟူသော ဖြစ်စဉ်များဖြင့် ဘဝတစ်ခုက သံသရာလည်ရသည်။ မွေးဖွားလာလိုက်၊ သေဆုံးသွားလိုက် မသိမှုကြောင့် ဘဝသစ်တစ်ခုကို ထပ်ရသည်။ လိုရင်းသော တပ်မက်မှုကြောင့် လောဘ၊ ဒေါသ၊ မောဟစိတ်တွေ ဖြစ်ပေါ်လာပြီး အိုနာသေရပြန်သည်။ ဘဝသစ်တစ်ခုသို့ ကူးပြောင်း ခဲ့သော်လည်း အမြဲတေအတိတ်တစ်ခုက အမြစ်တွယ်ခဲ့ရသော သံယောဇဉ်တစ်ခုကြောင့် ဘဝသစ်၌ပင် သံသရာလည်းရင်း ပြောမယုံ ကြုံရမှု သိဆိုသော စကားကဲ့သို့ ဤမြစ်ဆိပ်ရွာကလေးမှ ကိုမောင်ဘ ဆိုသူ၏ အဖြစ်အပျက်လေးများက အခိုင်အမာ သက်သေထူလျက်ရှိတော့၏။

❦ ❦ ❦

❑

ရောဝတီမြစ်ကြီး၏ပခုံးသားများကို ဖောက်၍ သွယ်တန်းထားသည်သို့ရှိသော ဤမြစ်ဆိပ်ရွာကလေးမှာ လူနေဒေါ်ခြေက သိပ်မများသော်၊ အလွန်ဆုံးရှိမှ အစိတ်၊ သုံးဆယ်။ ရောဝတီမြစ်ကြီးပေါ်မှ ဆင်းသက်ရင်းဖြစ်တည်လာသည့် မြစ်လက်တက်လေးတစ်ခုဖြစ်သော ဤမြစ်ဆိပ်ရွာကလေးသည် အများအားဖြင့် တံငါလုပ်ငန်းဖြင့် အသက်မွေးသမားကျေးကြား။ ဤမြစ်ဆိပ်ရွာကလေးတွင် ကိုမောင်ဘဆိုလျှင် သိသူမရှိကြ။ တံငါလုပ်ငန်းကျွမ်းကျင်သော တံငါပါးဝသော အင်းရည်ကြည့်ဝသော တံငါသည်ကြီးတစ်ဦးအဖြစ် သိရှိထားကြ၏။

ကိုမောင်ဘတွင် မွေးချင်းပေါက်ဖော်ဟူ၍မရှိသလို ကူဖော်ဆောင်ဖက် ဇနီးမယားဟူ၍ မရှိတော့။ နေဝင်နေထွက် ဘဝရက်များကောင်းလယ်ပြင်တစ်ခုတည်းမှာသာအချိန်ကုန်ရင်း အထီးကျန်ဆန်နေခဲ့သည်။ ဇနီးသည်ဆုံးတော့ သားလေးတစ်ဦးသာ ကျန်ခဲ့သည်။ လိုင်းထန်ဆထန်သောရက်များကြားက သားလေးလူလားမြောက်လာခဲ့သလို ဆိုရင် သားပင်ဘဝ၏အဖော်မွန်တစ်ဦးနှင့် သားသမီးများပင်ရနေပြီ။ ဒီသီးသော ဘဝရက်များကြားသို့ လေပြည်လေညင်းလေးတစ်ခုက ဆောင်သွေးတိုက်ခတ်လာသည်တွင် မြေးကလေးတွေကို အရိပ်တားကြည့်

www.burmeseclassic.com

www.burmeseclassic.com

ကြည့်နဲ့ ချစ်မဝနမ်းမဝ လွမ်းရသည်က ကိုမောင်ဘာ။ အဖေအမေများ
သားသမီးတွေရဲ့အရေးကို လေးလေးပင်ပင် မတွေးတော့မသိ။ ကိုမောင်
ကတော့ မြေးကလေးတွေရဲ့ရှေ့ရေးနောက်ရေး ပညာရေး၊ ကျန်းမာ
အားလုံးအလုံးစုံကို တွေးသည်။

သားနဲ့သမီးက ကျွေးသည့်အခါ ဖြစ်ဖြစ်၊ အဝတ်အထည်
ဆင်မြန်းသည့်အခါ ဖြစ်ဖြစ် . . .

"သားတို့ သမီးတို့ရယ် အဖေ့အတွက် ဘာမှအပူမရှာကြ
အဖေက အသက်ကြီးပြီ။ စားခဲ့ဖူးသလို ဝတ်လည်းဝတ်ခဲ့ဖူးပြီ။ အခု
ရောက်လာမယ့် ငါ့မြေးကလေးတွေကိုသာ ဝတ္တရားနဲ့အညီ မချို့ယွ
စေနဲ့"

စတဲ့စတဲ့ ဆင်ခြေကလေးတွေနဲ့ ဘဝတစ်ခုအတွက် အရ
သည် အနှစ်အခုံ့အဖြစ် မြေးကလေးများပေါ်တွင် ကိုမောင်ဘက
တွေကို ပုံထားခဲ့သည်။

ဘဝသည် တစ်ခါတစ်ခါတော့ အိပ်မက်ဆန်လေသည်
အိမ်မက်ဆန်သော ဘဝတစ်ခုသည် ပင်လယ်တစ်ခုနှင့်မခြား။ ကံ
တရားတည်းဟူသော လှိုင်းတံပိုးများကြားတွင် အန့်တုလော်ခတ်နေ
လေ့တစ်စင်းကဲ့သို့ လမ်းမှန်ရောက်သူလည်းရှိသလို လမ်းပျောက်
ဘဝဇာတ်သိမ်းရသော ဤဤထိုထိုဘဝများသည်လည်း ဒုနဲ့ဒေးရှိ
ကကြိုးဆင်မှန်ယိုတတ်သော ကံကြမ္မာဆင်ရိုင်းကို အချိန်တိုင်း ထူ
ထားဖို့ဆိုသည်မဖြစ်နိုင်။ ကာလတစ်ဖြတ်တွင် ကိုမောင်ဘာ၏ သား
ချွေးမတို့နှစ်ယောက် ပင်လယ်သို့ ငါးဖမ်းထွက်ရင်း မုန်တိုင်း
မရဏာခရီးရှည်ကို အပြီးတိုင် ရွက်လွှင့်လိုက်ပါသွားတော့သည်။

♛ ♛ ♛

❑

အဖေနဲ့အမေများဆုံးတော့ ဥမမည်စာမမြောက်ကြသေးသည့်
ကလေး ၃ ယောက်က လူ့လောကတွင် မျက်နှာငယ်လေးများနှင့် ကျန်
နေခဲ့ကြသည်။ အချိန်အခါး အလင်းအမှောင် အဆိုးအကောင်း မသိရှာ
သေးသော မြေးကလေး ၃–ယောက်၏တာဝန်များက ခုတော့ ကိုမောင်ဘာ
၏ပခုံးပေါ်တွင် လုံးလုံးလျားလျား ကျရောက်တော့၏။ ရွာလယ်က
အစိုးရမူလတန်းကျောင်းလေးတွင် ကျောင်းနေရမည့်အရွယ်၌ ကျောင်း
ထားပေးထား၏။ ဘွဲ့ဒီဂရီရလည်အထိ မမျှော်မှန်းနိုင်သော်လည်း သေစာ
ရှင်စာလေးများဖတ်နိုင်သော အဆင့်တစ်ခုကိုရရှိနိုင်ဖို့ ကိုမောင်ဘာ
မျှော်လင့်သည်။

အရင်တုန်းက သားနှင့်ချွေးမရှိစဉ်တုန်းက မိမိတာဝန်သည်
တစ်စိတ်တစ်ဒေသ ဖြစ်သော်လည်း မိဘများဆုံးပါးခဲ့သည့်အခါ မိမိ၏
တာဝန်တွေသာ ဖြစ်လာတော့၏။ ထို့ကြောင့် ငါးရှာသော တံငါအလုပ်
ကိုသာမကတော့ဘဲ ကိုမောင်ဘာတစ်ယောက် ရသမျှရှာ၍ ရှိသမျှ
အလုပ်များကို လုပ်ကိုင်ရသည်။ မြစ်ဆိပ်ရွာကလေးတွင် ကိုသာခင်
ဓာတ်ရွှေဟူသော လူကုံထံအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်တစ်ဦးရှိသည်။
မြစ်ဆိပ်ရွာကလေးသို့ မည်သို့မည်ပုံ ရောက်ရှိလာသည်ကိုတော့ မမှတ်မိ

www.burmeseclassic.com

www.burmeseclassic.com

တော့။ ကိုမောင်ဘမှတ်မိသည်တွင် မြစ်ဆိပ်ရွာတွင် ငါးအုပ်ခိုင်ကြီး တစ်ခုကိုဖွင့်လှစ်၍ ကြီးပွားချမ်းသာနေသည်။ မြစ်ဆိပ်ရွာကလေးမှ ထွက်သမျှ ရေထွက်ပစ္စည်း ငါးဖားမှန်သမျှ ဒေါ်ကျင်ရွှေက မော်တော်သမ္ဘာန်များဖြင့် မြို့သို့တင်ဝို့ဖြန့်ဖြူးသည်။ ကိုမောင်ဘအပါအဝင် ရွာခံ လူဆယ်ဦးခန့်မှာက ဒေါ်ကျင်ရွှေငါးခိုင်တွင် အလုပ်လုပ်ကိုင်ရသည်။ ရွာခံ တံငါများထံမှဝယ်ယူသော ငါးဖားများကိုလည်းကောင်း၊ မြို့သို့တင်ပို့မည့် ငါးဖားများကိုလည်းကောင်း ကုန်တင်ကုန်ချ သယ်ပိုးထမ်းရွက်ရသော အလုပ်များကို လုပ်ကိုင်ကြရသည်။

"မကျင်ရွှေ"

"ဆို . . . ကိုမောင်ဘ"

"ကျွန်ုပ် ငွေလေး ၅၀၀၀ လောက် လုပ်အားခထဲက ကြိုထုတ် ချင်လို့"

"၅၀၀၀ တောင်များလား ကိုမောင်ဘရယ်။ များလှချည်လား ဘာလုပ်ဖို့လဲ"

"ကျွန်ုပ်မြေး အကြီးကောင်လေးကို ကျောင်းအပ်ရမယ်။ လို အပ်တဲ့ အဝတ်အထည်၊ စာရွက်စာတမ်းလေးတွေလည်း ဝယ်ပေး စရာရှိလို့"

"အင်း . . . ဒါဆိုရင်လည်း ကောင်းပြီလေ။ ညနေအိမ်ပြန်ရင် ကျွန်မထုတ်ပေး မယ်"

ဘာရ ဘာင့်မသိ။ အပျော်တရားတစ်ခုနှင့် ကိုမောင်ဘ၏ မျက်ဝန်းတို့က ပပြုံးရောင်သမ်းသွား၏။ ခုဆို ဝိရိုးဖလာ ငယ်စဉ် ကတည်းက လုပ်ကိုင်ခဲ့တဲ့ ပင်လယ်ထွက်ငါးရှာခြင်းအလုပ်ကို ကိုမောင်ဘ မလွမ်းမရှောင်သာ မှ လုပ်တော့သည်။ ဒေါ်ကျင်ရွှေငါးခိုင်တွင် ပျက်ယွင်

မရှိ အလုပ်ဆင်းရင်း မြေးကလေး ၃ ယောက်ကိုတော့ လူတန်းစေ့ အောင်ထားတယ်။

"ကိုမောင်ဘရယ် မြေးတွေအတွက်လဲ သိပ်လုံးပန်းမနေနဲ့။ ကိုယ်က အသက်ကြီးလာပြီ။ ချိုချိုချဉ်ချဉ် စားတန်စား နားစရာရှိ လည်းနားပေါ့"

ဒီလိုကရုဏာနဲ့ အလုပ်ရှင် ဒေါ်ကျင်ရွှေပြောသည့်အခါတိုင်း–

"မကျင်ရွှေပြောတာတော့ ဟုတ်ပါပြီ။ ကျွန်ုပ်နားရင် ကျွန်ုပ် မြေးလေးတွေ ထမင်းအိုး ဟင်းအိုးမှောက်ထားရမှာပေါ့၊ ကျွန်ုပ်မစား ရပေမဲ့ ကျွန်ုပ်မြေးလေးတွေ စားနေသောက်နေကြတာမြင်ရရင် ကျွန်ုပ် ကျေနပ်လှပါပြီ"

ဩော် . . . မေတ္တာတရားဟူသည် အနှိုင်းမဲ့အရိပ်တစ်ခုလို အေးမြ၏။ သတ္တဝါတစ်ခုက်တစ်ခုဟူသော စကားလို မြေးကလေးများ၏ စံတရားသည်ပင် ကောင်းသည်ဟုဆိုနိုင်သည်။ အမိအဘဟူသော အရိပ် ၂ ခု ကွယ်ပျောက်ခဲ့သော်လည်း ထိုအရိပ်နှစ်ခု၏ အေးမြမှုနှင့်မခြား အဘိုးဟူသော မေတ္တာရိပ်တစ်ခုက ဖြည့်စွမ်းကာကွယ်ပေးရင်း နေကွယ် သော်လည်း ခွန်အားပြင်းတဲ့ လတစ်ဝင်းက ဘဝအခင်းများစွာကို ထင်းလက်သာယာလှုပ်နေစေပြန်၏။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

❑

အသွေးအရောင် ခွဲခြားရခက်သည့် ကဲကြမ္မာတရားတည်း ဟူသောအကြောင်းက အကောင်းတရားထက် အဆိုးတရားဘက်ကို သာလွန်စွာ ကိုမောင်ဘတို့အပေါ်တွင် ကျရောက်ခဲ့ကြသည်။ မြစ်ဆိပ်ရွာ ဒေါ်ကျင်ရွှေငါးခိုင်လေးတွင် အလုပ်ဆင်းနေသော ကိုမောင်ဘတစ်ယောက် ကောက်ခါင်ခါဆိုသလို ဆုံးသွားသည်။ ထိုအခါ အမိအဘများ ဆုံး၍ အဘိုးဖြစ်သူ ကိုမောင်ဘပေါ်တွင် မှီခိုနေရသော မြေးကလေး ၃ ယောက်၏ဘဝက ကျားကြောက်၍ ရှင်ကြီးကိုးကာမှ ရှင်ကြီးကျားထက်ဆိုး ဆိုသောဘဝနှယ် အားကိုးတွယ်တာမှု ကင်းခဲ့ပြန်သည်။ မြစ်ဆိပ်ရွာကလေး၏ ဆင်ခြေဖုံးတွင် တဲသာသာအိမ်ကလေးတစ်လုံးနှင့်နေခဲ့သော ကလေး ၃ ယောက်က ကိုမောင်ဘမရှိတော့သည့် နောက်တွင် ဖြစ်သလိုနေထိုင်စားသောက်ရင်း ဘဝကိုပျံသန်းနိုင်ဖို့ အတတ်ပညာများကို ဆည်းပူးခဲ့ရသည်။

မြေးအကြီးဆုံး ထွန်းမောင်လေးပင် ၉ နှစ်၊ ၁၀ နှစ်အရွယ်သာ ရှိသေးသည်။ မြစ်ဆိပ်ရွာအင်းများသို့ လှည့်လည်၍ ကောက်သင်ကောက်သည်။ ရရှိသော ငါးဖားလေးများကို ရောင်းသည်။ ဤသို့ဖြင့် ဘဝဝမ်းတစ်ထွာ ထမင်းတစ်နပ်က ပြတ်လပ်သည်ဟူ၍ မရှိသော်လည်း

အနိုင်နိုင် ဖြစ်နေခဲ့သည်။ တစ်ခါတစ်ရံ ရွာသူရွာသားများက ဆန်လေး ဆီလေးများမှအစ အဝတ်အထည်လေးများအဆုံး ပေးကြကမ်းကြသည်။

ဒေါ်ကြင်ရွှေ အိမ်နောက်ဖေးသို့ အပေါ့အပါးသွားရန်အဆင်း–

"ဟဲ့ . . . ကိုသာခင်ရေ ကိုသာခင်ရေ။ ဒီက ခွေးနက်ကြီးက ဘယ်ကဘယ်လို ရောက်လာတယ် မသိဘူး။ မောင်းထုတ်ပါဦးကွာ။ တော်ကြာ အိမ်မှာကပ်နေရင်အခက်"

ကိုသာခင် အမျိုးမျိုးမောင်းနှင်လွှတ်သော်လည်း ထိုခွေးနက်ကြီးကားမသွား။ ဘယ်လိုရိုက်ရိုက် ဘယ်လိုနှင်နှင် ကပ်မြဲကပ်လျက် နေမြဲနေသည်။ ကြာတော့ ရိုက်မောင်းပစ်လွှတ်ရသူကသာ လက်လျော့ရသည်။

"ကျင်ရွှေရယ် နေပါစေကွာ။ ငါလည်း တွေ့တိုင်းကြုံတိုင်း မောင်းထုတ်ပစ်နေတာပဲ။ ဒါပေမဲ့ သ့ူဝင်ဦးကြွေးများ ရှိနေသလား မသိဘူး။ နှင်လည်း ခဏပဲရတယ်။ ထမင်းကျန် ဟင်းကျန်လေးတွေ ကျွေးမွေးထားရင် တို့ကိုလည်းသူခိုးသူဝှက်ရန်က သူကပြန်ပြီး စောင့်ရှောက်ပေးမှာပေါ့"

ဒီတော့ ဒေါ်ကျင်ရွှေစကားမဟာတော့။ ထိုနေ့မှစ၍ ခွေးနက်ကြီးအားလည်း မောင်းထုတ်ရိုက်ပစ်ရန် မပြောတော့။ ဒေါ်ကျင်ရွှေတို့ အိမ်တွင် ရောက်လာရင်းနေထိုင်သည်။ ခွေးနက်ကြီးမှာလည်း ဒေါ်ကျင်ရွှေတို့ကျွေးမွေးသော ထမင်းဟင်းများကိုစားသောက်ကာ ညရောညတာ သူခိုးသူဝှက်များကို စောင့်ရှောက်ကာကွယ်ပေးသည်။ ကာလကြာမြင့်လာသည့်နှင့်အမျှ ငါးဒိုင်မှအလုပ်သမားများ၊ အိမ်သားများအားလုံးနှင့်ပင် ရင်းနှီးကျွမ်းဝင်နေလေတော့၏။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

❑

ဒီနေ့ ကိုသာခင်နဲ့ မကျင်ရွှေတစ်နေ့တာ စာရင်းအင်းလေးများကိုချုပ်၍ ထမင်းစားရန် မီးဖိုချောင်ကလေးထဲ ဆင်းလာတော့ အိမ်ဖော်မလေးထားခင် ပြင်ဆင်ပေးသော ထမင်းဟင်းများက ပြန့်ကျဲမှောက်လျှက်ရှိသည်။ အထူးသဖြင့် ဟင်းတစ်ခွက်သာ ခပ်ရသေးသည်။ ဟင်းအိုးကြီးက ပျောက်ခြင်းမလှဆိုသလို ပျောက်လျှက်ရှိသည်။

''အလို . . . ဟင်းတွေ ထမင်းတွေ ဘယ်လိုဖြစ်တာပါလိမ့် ထားခင်ရေ ထားခင်''

''ရှင် . . . ကြီးကြီး လာပါပြီ''

''ဟဲ့ . . . ထားခင်၊ နင် ထမင်းတွေဟင်းတွေကို ဘယ်လို လုပ်ပြီးထားခဲ့သလဲ ပြောစမ်း''

''သမီး ခူးခပ်ပြီး အုပ်ဆောင်းနဲ့ သေသေချာချာ အုပ်ထားခဲ့တာပါကြီးကြီး''

''အေး . . . ဒီလိုဆိုလည်း ဟင်းအိုးက လုံးဝရှာလို့မရအောင် အစပျောက်နေတယ် ထူးတော့ထူးဆန်းနေပြီ။ သွား . . . သွား နောက်ဖေးထင်းပုံထဲမှာ အိပ်နေတဲ့အောင်နက်ကို သွားကြည့်စမ်း''

ထို့နောက် အိမ်ဖော်မလေးထားခင် နောက်ဖေးသို့အပြေး

အလှား ထွက်ခွာသွားသည်။

''ကြီးကြီး . . . အောင်နက်လည်း ထင်းပုံထဲမှာ အိပ်နေတယ်။ သူ့ဘေးမှာလည်း ဘာမှအစအနဆိုတာ ရှာလို့မရဘူး''

''အေးဟယ် . . . သူ့ခိုးကလည်း ခိုးစရာရှားလို့ ချက်ထားတဲ့ ဟင်းအိုးကိုမှရွေးပြီး ခိုးတယ်လို့။ တော်တော်အောက်တန်းကျတဲ့ သူခိုးပဲ''

ထိုနေ့မှစ၍ ကိုသာခင် ဒေါ်ကျင်ရွှေတို့အိမ်တွင် ချက်ပြုတ်ထားသော ထမင်းအိုးဟင်းအိုးများက တစ်ရက်ခြား၊ တစ်ခါတလေ နေ့စဉ်ရက်ဆက်ဆိုသလို ထူးဆန်းစွာ ပျောက်ဆုံးနေလေတော့၏။ တစ်နေ့တွင် ကိုသာခင်တစ်ယောက် မီးဖိုလေးထဲသို့ဝင်၍အလာ အုတ်လှေကားဘေးခြေရင်းတွင် ပြောင်လက်စွာတိုက်ချွတ်ထားသော ၃–၄ ရက်ခန့်က ပျောက်သွားခဲ့သည့် ဟင်းအိုးကြီးကို တွေ့ရသည်။

''ကျင်ရှေ . . . ဟဲ့ . . . ကျင်ရှေ''

''ဘာလဲရှင့် . . . ကိုသာခင်''

''ဒီကို ခဏလာပါဦးကွာ''

နောက်ဖေးမီးဖိုထဲသို့ ဒေါ်ကျင်ရွှေရောက်လာသည်တွင် . . .

''ဒီမှာကြည့်စမ်း . . . ကျင်ရှေ၊ ဒါ ဟို ၃–၄ ရက်က ဟင်းတွေနဲ့အတူ ပျောက်သွားတဲ့ ဟင်းအိုးကြီးမဟုတ်လား''

''သေချာတာပေါ့တော် . . . သေချာတာပေါ့''

ပျောက်ဆုံးသွားသည့် ထမင်းအိုး ဟင်းအိုးလေးများသည် ပြန်လည်ရောက်ရှိလာသည်တွင် ပြောင်လက်စွာတိုက်ချွတ်ထားသည်ကို တွေ့ရသည်။ အတွေးတစ်ခုဖြင့် သေသေချာချာ စဉ်းစားလိုက်ရင်း–

''အင်း . . . ဒီသူခိုးက ထူးဆန်းနေပြီ။ ဟင်းအိုး၊ ထမင်းအိုး

www.burmeseclassic.com

www.burmeseclassic.com

တွေကိုခိုးပေမဲ့ ပြန်ပို့တဲ့အခါ တိုက်ခွေတ်ပြီးပြန်ပို့တယ်။ ကဲ . . . ကျင်ရွှေ မနက်ဖြန်ကစပြီး ဒီသူခိုးဟာ ဘယ်သူလဲဆိုတာ စောင့်ပြီးဖမ်းရမယ်''

ထိုနေ့မှစ၍ ဒေါ်ကျင်ရွှေသည်လည်း ယခင်နေ့များကဲ့သို့ ဟင်းကြွေးဟင်းရံများကို မီးဖိုလေးထဲတွင် ချက်ပြုတ်ထားရှိကာ ကိုသာခင်နှင့်အိမ်သားအားလုံး စောင့်ရှောက်ကြည့်ကြသည်။ သို့သော် တစ်ပတ်ခန့်သာ ကြာသွားသည်။ ထူးခြားမှုဟူ၍မရှိ။ အရိပ်အယောင်မျှပင် မတွေ့ရ။ ၁၀ ရက်ခန့်ကြာသည်အထိ ကြာညောင်းလာသည့် အခါတွင်တော့ ကိုသာခင်နှင့် ဒေါ်ကျင်ရွှေတို့မိသားစုမှာ သူခိုးကိုစောင့်ဖမ်းမည့် အတွေးလေးများ တဒင်္ဂဆိုသလို မေ့ပျောက်လုလု ရှိသွား၏။

♛ ♛ ♛

❑

အိမ်နောက်ဖေးတွင် တန်းပစ်၍လှန်းထားသော ငါးခြောက်ပြားများကို ရှုပ်ရန်ကိုသာခင် အိမ်ဘေးမှပတ်အလာ အောက်နက်ကြီးကား ငါးခြောက်ပြားများကိုကိုက်ချီလျက် ဟိုဟိုသည်သည် ကြည့်ရှုနေသည်ကို တွေ့ရသည်။

''ဟော . . . တွေ့ပြီ . . . တွေ့ပြီ''

ထို့နောက် ကိုသာခင်တစ်ယောက် အောင်နက်ကြီး၏ နောက်

ကို ခပ်လှမ်းလှမ်းမှ အစဖျောက်၍ လိုက်သွားသည်။ အောင်နက်ဟူသောခွေးကြီးမှာ ထွန်းမောင်လေးတို့ရှိနေသည့် မြစ်ဆိပ်ရွာကလေး၏ ပြင်ဘေးတဲတန်းတစ်လျှောက်သို့ ကိုက်ချီသွား၏။ ရောက်ရှိသည့်အခါတွင် ထွန်းမောင်လေးတို့ မောင်နှမသုံးယောက်ရှေ့တွင် ငါးခြောက်ပြားကို ၂ ပြားကို ချပေးလိုက်သည်။

''အင်း . . . လက်စသတ်တော့ ဒင်းက ဒီလိုကိုး။ ငါတို့အိမ်ကသင်းတွေ ဟင်းတွေ ပျောက်ပျောက်နေတာ ဒီကို သယ်သယ်လာပြီး ကျွေးနေတာကိုး''

ကိုသာခင် အိမ်ပြန်ရောက်တော့ ဇနီးဖြစ်သူ မကျင်ရွှေအား ပြန်ပြောပြလိုက်သည်။

''ကြံကြံစည်စည် ကိုသာခင်ရယ် ဟုတ်ပါမလားတော်''

''အိုကွာ . . . ငါ့မျက်စိနဲ့ တပိအပ်မြင်ခဲ့ရတာ ငါးခြောက်ပြားကို ၂ ပြားကို ကိုက်ချီသွားလို့ ငါနောက်ယောင်ခံပြီးလိုက်သွားတာ လက်စသတ်တော့ ထွန်းမောင်လေးတို့ မောင်နှမနေတဲ့တဲကို သွားပို့တာပဲကွ''

ထိုနေ့ အောင်နက်ပြန်လာသည်တွင် ကိုသာခင်မှ ကျုပ်ခိုးစင်ကြောင်တင်၍ ထောင်ထားသည့် ပေါက်တူးရိုးဖြင့် သုံးလေးချက်ခန့်ရိုက်သည်။

''ကဲ . . . ခိုးချင်ဦးဟယ်၊ ခိုးချင်ဦး။ သွား . . . ခွေးသူခိုး။ ဒီမှာကိုမလာနဲ့။ ကောင်းကောင်းမွန်မွန်လည်း ကျွေးမွေးထားပါလျက်နဲ့ ခွေးကျွင်ခွေးကြောက် မပျောက်ဘူး''

''ကဲ . . . ကိုသာခင် တော်ပါတော့။ ကျုပ်ရိုက်ထားတာ ညည်းမနည်းဘူး အတော်လေးနာနေပြီ။ နောက်ကိုလည်း ဒီလိုခိုးရဲ

www.burmeseclassic.com

www.burmeseclassic.com

တော့မှာ မဟုတ်ဘူး''

ထိုနေ့ညဘက်တွင် ကိုသာခင်နှင့်မကျင်ရွှေတို့ ဇနီးမောင်နှံ ပြိုင်တူအိပ်မက်တစ်ခုကို မြင်မက်ကြတော့သည်။

အိပ်မက်ထဲတွင် အောင်နက်ဟူသော ခွေးကြီးက . . .

''သာခင်နဲ့ကျင်ရွှေ မင်းတို့ ငါ့ကိုခွင့်လွှတ်ကြပါကွာ။ တကယ်တော့ ငါကတစ်ချိန်က မင်းတို့ငါးဦးလေးမှာ အလုပ်လုပ်ခဲ့တဲ့ကို မောင်ဘလေ။ ငါ မင်းတို့အိမ်က ထမင်းတွေ ဟင်းတွေကို ခိုးယူမိပါတယ်။ ဒါကလည်း ဘဝဟောင်းက ငါပြုစုစောင့်ရှောက်ပေးနေရတဲ့ ငါ့မြေးလေး ၃ ယောက် စားရမဲ့မဲ့ သောက်ရမဲ့မဲ့ ဖြစ်နေကြတဲ့ဘဝလေးတွေကို ငါမကြည့်ရက်လို့ ခုလိုခိုးပြီး ကျွေးမိတာပါကွာ။ ဒီအတွက် ငါ့မှာအပြစ်ရှိတယ် ငါတောင်းပန်ပါတယ်''

BURMESE CLASSIC

အိပ်မက်ကလေးမှ ဖျတ်ခနဲနိုးတော့ . . .

''ကိုသာခင် . . . ကိုသာခင် ထပါဦးတော်၊ ကျွပ်အိပ်မက်မက်လို့တော့''

မကျင်ရွှေ မြင်မက်သော မိမိအိပ်မက်ကို ပြောပြသည်တွင်-

''ဟာ . . . ဒီလိုဆို ငါလည်း မင်းမြင်မက်တဲ့ အိပ်မက်လိုမဲ့ မက်တယ်။ အင်း . . . သေချာပါပြီ။ တို့အိမ်မှာလာကပ်နေတဲ့ ဟို ခွေးနက်ကြီးဟာ ကိုမောင်ဘဝင်စားတာကို မောင်ဘအစစ်။ ဒါကြောင့် တို့ရဲ့ထမင်းဟင်းတွေကို သူ့ကျန်ခဲ့တဲ့ မြေးလေးတွေကို ခိုးဝှက်ပြီး ကျွေးကျွေးနေတာပေါ့''

ထိုနေ့မှစ၍ ကိုသာခင်နဲ့မကျင်ရွှေတို့သည်လည်း အောင်နက်ဟူသောခွေးကြီးကို မရိုက်နှက်တော့ဘဲ အိပ်တွင်ကောင်းကောင်းမွန်မွန် ကျွေးမွေးထားလေ၏။ သို့သော် ခွေးကြီးမှာ ထိုနေ့မှစ၍ ထမင်းဟင်း

များကို မစားသောက်တော့ဘဲရှိ၏။ မိုးတွင်းကာလ မိုးလေမျှားသည်း ညည်းထန်ရင်း အိမ်ခေါင်မိုးပေါ်ရှိသွပ်မျှားပင် လေ၏ရိုက်ခတ်မှုဒဏ်များကြောင့် တဝုန်းဝုန်းအော်မြည်လျက် ရှိနေသောအချိန်ဖြစ်သည်။

ညကမှောင်မှောင်းမည်းမည်း ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးသံများကို အဆက်မပြတ် ကြားလိုက်ရသည်။ အမှောင်ထဲတွင်တော့ ကိုသာခင်နှင့်မကျင်ရွှေတို့မှာ အိမ်ကြီးပေါ်တွင် အိပ်ပျော်နေသလို အောင်နက်ဟူသောခွေးကြီးမှာ နောက်ဖေးထင်းပုံထဲတွင် အိပ်ပျော်လျက်ရှိသည်။ ထိုစဉ် မကျင်ရွှေတစ်ယောက် မိုးလေအေးများဒဏ်ကြောင့် အိပ်ပျော်သွားသည်။ အိပ်မက်ထဲတွင် မိုးရေများရွဲ့ရွဲ့စိုနေသော အောင်နက်ဟူသော ခွေးကြီးက . . .

''ကျင်ရွှေရေ . . . ငါမရှိတော့တဲ့နောက်ပိုင်း ငါ့မြေးလေး ၃ ယောက်ကို နင်တို့တတ်နိုင်သမျှ စောင့်ရှောက်ပေးကြပါကွယ်''

လို့ တတွတ်တွတ်ဖွင့်ဟတောင်းဆိုရင်း ပြောနေသည်ကိုတွေ့ရသည်။

အိပ်မက်မှ လန့်နိုးလာသော မကျင်ရွှေက . . .

''ကိုသာခင် . . . ကိုသာခင် ထစမ်းပါဦး''

''ဘာလဲ . . . ကျင်ရွှေ၊ မင်းဘာတွေ့လို့လဲ ပြောစမ်းပါဦး''

''ထစမ်းပါဦးတော် . . . လာလိုက်ခဲ့။ ဓာတ်မီးလည်း ယူခဲ့''

ဓာတ်မီးလေးကိုင်ရင်း ကိုသာခင်တစ်ယောက် ဘုမသိဘမသိ နောက်ဖေးထင်းပုံလေးထဲသို့ လိုက်သွားသည်။ အောင်နက်နေထိုင်ရာ ထင်းပုံလေးထဲရောက်ရှိ၍ ဓာတ်မီးထိုး၍ ကြည့်လိုက်သည်တွင် ခွေးကြီးမှာ အသက်ဝိညာဉ် ကင်းပျောက်နေလေတော့သည်။ အတန်ကြာသည်အထိ ဒေါ်ကျင်ရွှေနှင့်ကိုသာခင်တို့နှစ်ယောက် ခွေးကြီးကိုကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com

မင်တက်မိနေကြသည်။

ဩော် . . . အဟိတ်တိရစ္ဆာန်ဖြစ်သော်လည်း ဘဝဟောင်းက
သံယောဇဉ်တစ်ခုကြောင့် ခွေးဘဝဖြစ်သည့်တိုင် သံသရာတည်းဟူသော
အနှောင်အဖွဲ့တစ်ခုတွင် လည်နေကြသည်။ ကိုမောင်ဘတစ်ဖြစ်သ
ခွေးနက်ကြီး၏အဖြစ်က ဒီမြစ်ဆိပ်ရွာကလေးမှအပ တခြားသူတွေကို
ပြောပြရင် ဘယ်သူကယုံမလဲ။ ကောင်းမွန်သော ကျွတ်လွတ်ခြင်းတရား
တစ်ခုနဲ့ ကိုမောင်ဘရဲ့အပြစ်က လွတ်မြောက်နိုင်ပါစေရယ်လို့သာ။

❦ ❦ ❦

မင်းအောင်ကျော်



www.burmeseclassic.com

www.burmeseclassic.com

ကိုရောင်စိန်နှင့်ထူးဆန်းသောဂါထာ

❑

ကိုရောင်စိန်ကို တချို့က ခွေးရောင်စိန်လို့လည်း ခေါ်တယ်။ ခင်ဗျားနားရှုပ်သွားပြီလား။ ကျုပ်ရှင်းအောင်ပြောပြပါ့မယ်။ ကျုပ်တို့ ငါးခတ်အင်းရွာမှာ ရောင်စိန်ဆိုတာ နှစ်ယောက်ရှိတယ်။ ရွာမပိုင်းက ရောင်စိန်က ညာဘက်လက်တစ်ချောင်း နည်းနည်းတိုနေလို့ သူ့ကို လက်တိုရောင်စိန်လို့ခေါ်တယ်။ ရွာလယ်ပိုင်းက ရောင်စိန်ကတော့ ယေ ယေက နိဗ္ဗာန်ရွာသူကြီးဦးမောင်တိုးအိမ်မှာ တစ်လကိုငွေတစ်ကျပ်နဲ့ ခွေးကျောင်းရတာမို့ ခွေးရောင်စိန်လို့ခေါ်တယ်။ ခုကျုပ်ပြောပြမယ့် အဖြစ်အပျက်လေးကတော့ ရွာလယ်ပိုင်းက ခွေးရောင်စိန်ဆိုတဲ့လူရဲ့ အကြောင်းပါ။

♛ ♛ ♛

(၁)

ကျုပ်တို့ ငါးခတ်အင်းရွာကလေးမှာ "ခွေခွေ၊ မိုးမို။ ဆောင်းဆောင်း"ဆိုသလို ရွာရဲ့လုံခြုံရေးအတွက် ရပ်ကွက်ကင်းတဲလေးကို ဆောက်ပြီး ညစဉ်ကင်းစောင့်ကြရတယ်။ ကင်းကိုတစ်ညမှာ(၄)အိမ်သတ်မှတ်ရင်း စောင့်ကြရတယ်။ နိဗ္ဗာန်ရွာမဘက်ကတော့ မီးရထားသံလမ်းဘေးထိပ်၊ မီးရထားအလုပ်သမား ကိုသိန်းတို့အိမ်ကလေးနံဘေးမှာ ကင်းတဲဆောက်ထားတယ်။ ကျုပ်တို့ငါးခတ်အင်းရွာကတော့ ကိုချန်ထွန်းတို့အိမ်ကလေးရှေ့ တာလမ်းလေးရဲ့မျက်နှာစာမှာ ကင်းတဲလေးဆောက်ပြီး ကင်းစောင့်ကြရတယ်။

တချို့က ကင်းဌားစောင့်ပြီး တချို့ကတော့ အဌားကင်းစောင့်နိုင်ဖို့ နေရေးသာသာ စားဝတ်နေရေးတောင် အနိုင်နိုင်ရယ်မို့ ကိုယ်ကိုယ်ကိုပဲ ဆိုသလို ထွက်ပြီးစောင့်ကြရတယ်။ ကင်းကတစ်လကိုတစ်ခါလောက်ကျ

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ကင်းကျတဲ့ရက်လေးတွေဆိုရင် ဆယ်အိမ်မျှူးလို ခေါ်တဲ့တာဝန်ရှိသူတွေက မနက်လောက်ကတည်းက ကင်းကျတဲ့အိမ်တွေကို လိုက်အသိပေးတယ်။ ညမှာတော့ ခေါင်းအုံး၊ ဖျာနဲ့ဓာတ်မီးလေးတစ်ချောင်း ကိုကိုင်ရင်း ကင်းတဲလေးဆီထွက် ကင်းစောင့်ရတယ်။

ကင်းစောင့်တယ်ဆိုတာ ကင်းတဲသွားပြီးနေရုံနဲ့မရဘူး။ ကင်းတဲမှာ ချည်နှောင်ထားတဲ့ သံချောင်းလေးကို အပြဲမပြတ်ခေါက်ရင်း မအိပ်မနေ စောင့်ကြရတယ်။ တစ်ခါတစ်ခါမျှား ကင်းတဲမှာနှစ်ယောက်က စောင့်နေပြီး ကျန်တဲ့နှစ်ယောက်က ရွာကိုတစ်ပတ်ပတ်၊ မသက်သာလို့ သူခိုးသူဝှက်ဆိုရင်ဖမ်း စတဲ့ကင်းလှည့်တဲ့ အလုပ်တွေကိုလည်း လုပ်ရတယ်။ တစ်ခါတစ်ခါကျတော့ နိဗ္ဗာန်ရဲစခန်းလေးက ရဲတွေက ကင်းတဲလေးတွေရှိရာ ကင်းလိုက်စစ်ရင်း ကင်းသားတွေ အိပ်မအိပ်ကိုစစ်ဆေးတယ်။ အဲဒီလို စစ်တဲ့အခါမှာ အိပ်နေလို့ကတော့ စောင်(သို့မဟုတ်)ခြင်ထောင်တစ်ခုခုကိုယူသွားပြီး မနက်လင်းတော့ စံခန်းမှာ သွားရွေး၊ ပေါင်းနုတ်၊ မြက်နုတ်၊ ရေသယ်၊ ရေခပ်စတဲ့ ဒဏ်မျိုးတွေ တပ်ရော။

အဲဒီတော့ ကင်းစောင့်ပြီဟေ့ဆိုရင် နည်းနည်းလေးမှမငိုက်မအိပ်ဝံ့တော့ဘူး။ ဘာပြုလို့လဲဆိုရင်း ကင်းမိမှာစိုးလို့။ ကင်းမိတာထက်၊ အပြစ်ဒဏ်ကို လူမြင်သာတဲ့ဈေးထပ်၊ ကားဂိတ်တွေမှာလုပ်ခိုင်းတာမို့ မအိပ်ဝံ့ကြဘူး။ ပြီးတော့လည်း မိမိတို့တာဝန်ကျတဲ့ညမှာ တစ်ရွာတစ်ရာ အပျောက်အရှ၊ အမှုအခင်းမျိုးတွေ မရှိရအောင်လည်း ဆုတောင်းရသေးတယ်။ ပျောက်လို့ရှလို့ကတော့ နာပြီသာမှတ်၊ အနည်းဆုံးတော့ ထုချေလွှာဆိုတာ သေချာနေပြီ။

ဒါကြောင့် ကင်းကျတဲ့ညဆိုရင် ကင်းတဲသံချောင်းလေးကို

ညည်း နာရီမလပ်ခေါက်လို့သတိပေးရင်း မိမိတို့ကိုယ်တိုင်လည်း မအိပ်ရဲ့အောင် အစားအသောက်တစ်မျိုးမျိုး ချက်ပျက်စား၊ ဒါမှမဟုတ် ဆက်ဖက်လေးဖြစ်ဖြစ် အိမ်ကသုပ်လာရင်း ကင်းတဲကျမှ ရေနွေးကြမ်းပူလေး တစ်အိုးလောက်တည်သောက်ကြ၊ စားကြရင်းစကားပြော၊ ပျင်းရိနဲ့ပဲကင်းညကို ဖြတ်သန်းကြရတယ်။

(၂)

ကိုရောင်စိန်ဆိုတာက လူပျိုကြီး။ ဒါကြောင့် အိမ်ထောင်ရှိတဲ့ လူတွေထက်တော့သူက ကိစ္စဝိစ္စနည်းတယ်။ သူကကင်းကို ပင်တိုင်ဆိုသလို အင့ားစောင့်တယ်။ ဒါကြောင့် တခြားလူတွေပြောင်းသွားပေမယ့် ကျွန်တော်ဆိုသလို ရောင်စိန်ကတော့ မပြောင်းမလဲဆိုသလို ပါနေတယ်။ ကျပ်ဆိုရင် ကင်းစောင့်ရမယ့် ရက်လေးကိုမျှော်ရင်း ပျော်နေမိတယ်။ ဘာကြောင့်လဲဆိုရင် ကင်းစောင့်ရက်ဆိုရင် ကိုရောင်စိန်နဲ့တွေ့ရမယ်။ ကိုရောင်စိန်က လူစုံ၊ ဘဝစုံ၊ အတွေ့အကြုံအတော်စုံတယ်။ သူပြောပြတဲ့ အကြောင်းအရာတွေဆိုရင် စိတ်ဝင်စားစရာ အလွန်ကောင်းတယ်။ ဒါကြောင့် ကင်းရက်မှာ ကိုရောင်စိန်နဲ့တွေ့ရင် သူပြောပြတဲ့ ဘဝအတွေ့

www.burmeseclassic.com

www.burmeseclassic.com

အကြီးလေးတွေကို နားထောင်ချင်လို့ တစ်ညမှာတော့ ကျွန်တော်တို့ တင်းရက်လေးတစ်ရက်ကို ရောက်ရှိလာတယ်။

ထုံးစံအတိုင်း ကိုရောင်စိန်နဲ့ ကျန်လူတွေဖြစ်တဲ့ ကျွန်တော်ရယ်၊ ရဲမြင့်ရယ်၊ ထွန်းအောင်ကြည်ရယ် မှောင်စပျိုးတော့အိပ်ရေး လိပ်လေးထမ်းရင်း ကင်းတဲလေးဆီ ထွက်လာမိတယ်။ ကျွန်တော်တို့ ရောက်တော့ ကိုရောင်စိန်က ကင်းတဲလေးမှာရှိတဲ့ ရေအိုးလေးတွေ ရေဖြည့်၊ ကင်းတဲတစ်ဝိုက် အနီးအနားလေးတွေကို တံမြက်လှည်းစည်း အလုပ်တွေကိုလုပ်နေပြီ။ ကျွန်တော်ကိုတွေ့တော့ . . .

"ဟာ . . . အောင်ကျော်၊ မင်း ကင်းအလှည့်လား"

"ဟုတ် . . . ဟုတ်ပါတယ် ကိုရောင်စိန်"

"ဒါနဲ့ ကျွန်တဲ့ခန့်ယောက်ကရော ဘယ်သူတွေလဲကွ"

"သြော် . . . ရဲမြင့်နဲ့ ထွန်းအောင်ကြည်ပါ"

ဒီလိုနဲ့ ကင်းတဲလေးမှာ ကျွန်တော်တို့ လေးဦးလူစုံတော့ ရေနွေးလေးတစ်အိုးကိုတည်၊ ကျိုချက်သောက်ကြရင်း ရှေးဟောင်းနှောင်ဖြစ်စကားလေးတွေ ပြောဆိုနေကြတယ်။ ထိုစဉ် ကိုရောင်စိန်မှ . . .

"ဟေ့ကောင်တွေ . . . တို့ တစ်ခုခုစားကြရရင်ကောင်းမယ်"

"ဘာစားကြမလဲ"

ရဲမြင့်က မေးတော့ . . .

"တို့ကိုဖိုးမောင်အိမ်ခြံထဲက သရက်သီးမှည့်တွေ သွားခူးကြမယ်"

ကိုရောင်စိန်စကားဆုံးတော့ ကျွန်တော်တို့သုံးဦးမှ တည့်တည့်ကြီး . . .

"ဟာ . . . ကိုဖိုးမောင်အိမ်ကို ကျူပ်တို့မလိုက်ရဲပါဘူး။ သူ

အိမ်ကခွေးကြီးက သိပ်ဆိုးတာပျ။ တစ်နေကုန် ကြိုးနဲ့ချည်းထားပြီး ညည်ဆိုခြံဝင်းထဲမှာ လွှတ်ထားပေးတာ။ သူ့ခိုးသူဝှက် လူမပြောနဲ့ ကြောင်တို့ ခွေးတို့တောင် အလွတ်ပေးတာ မဟုတ်ဘူး"

"အို . . . ငါနဲ့သာ မင်းတို့လိုက်ခဲ့စမ်းပါကွာ။ မင်းတို့ဆိုး ရှုပါတယ်ဆိုတဲ့ခွေး ပြားပြားဝပ်နေစေရမယ်"

ကိုရောင်စိန် စကားဆုံးတော့ ကျွန်တော်နဲ့ရဲမြင့်တစ်ယောက်ကိုတစ်ယောက်ကြည့်ကြရင်း . . .

"ဟေ့ကောင်တွေ . . . လိုက်မယ်မဟုတ်လား"

"ဟုတ်မှလည်းလုပ်ပါ ကိုရောင်စိန်ရာ။ တော်ကြာ သရက်သီး မစားရဘဲ ခွေးကိုက်လို့ကျော်မကောင်း၊ ကြားမကောင်း ဖြစ်နေပါဦးမယ်"

မချင့်မရဲ လေသံလေးနဲ့ ရဲမြင့်ကစကားဆိုတော့ . . .

"လိုက်မှာသာ လိုက်ခဲ့စမ်းပါကွာ။ မင်းတို့ကို ခွေးမပြောနဲ့ ခြင်တောင် မကိုက်စေရဘူး။ ငါတာဝန်ယူတယ်"

"ကျွန်တော်ကတော့ ကင်းတဲမှကျန်ရစ်ရင်း စောင့်နေခဲ့မယ် ကိုရောင်စိန်"

ထွန်းအောင်ကြည် စကားဆိုတယ်။ ဒီနောက်တွင်တော့ ကျွန်တော်နဲ့ရဲမြင့်နှစ်ယောက် ကိုရောင်စိန်နှင့်အတူ ရွာလယ်ပိုင်းရှိ ကိုဖိုးမောင်တို့ အိမ်ကလေးကို ထွက်လာခဲ့တော့တယ်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၃)

ရွာကလေးမှာကား မှောင်မည်းပြီး တိတ်ဆိတ်နေတယ်။ ကင်းတဲလေးဆီက ခေါက်လိုက်တဲ့ သံချောင်းခေါက်သံတွေကို ကြားနေရတယ်။ ဦးဖိုးမောင်အိမ်ဝိုင်းကလေးဆီ တဖြည်းဖြည်း ချဉ်းကပ်ရောက်လာကြတယ်။

"ဝုတ် . . . ဝုတ် . . . ဝုတ်"

ကိုဖိုးမောင်အိမ်ဝိုင်းထဲမှ လွတ်ထားတဲ့ ခွေးကြီးရဲ့ ဟောင်သံတွေကို ကြားနေရတယ်။ ရဲမြင့်ခြေလှမ်းကို တစ်ချက်တုံ့လိုက်ပြီး ကိုရောင်စိန်ဘက်လှည့်၍ . . .

"ကိုရောင်စိန် . . . ကျုပ်မလိုက်ချင်တော့ဘူးဗျာ။ ခင်ဗျားကြားလား။ ကိုဖိုးမောင် ခွေးကြီးဟောင်နေတဲ့အသံ"

"မင်းမှာလည်း ကြောက်လိုက်တာ လွန်ပါရောလား ရဲမြင့်ရာ။ အသာလေးလိုက်ခဲ့။ မင်းတို့ ဘာမှမဖြစ်စေရဘူး"

ကိုရောင်စိန်အထပ်ထပ် အာမခံပေးနေတာမို့ လိုက်ခဲ့ရပေမယ့် ခြေလှမ်းတို့က မသွက်လက်။ တုံ့တုံ့နှေးနှေး။ သည်လိုနဲ့ . . . ကိုဖိုးမောင်အိမ်လေးရှေ့ကို ရောက်လာကြတယ်။ သည်နောက်ခြေလေးနံဘေးမှမြှောင်၍ နောက်ဖေးသရက်ပင်တန်းများရှိရာ ထွက်လာခဲ့တယ်။

သည်နောက် ကိုရောင်စိန်မှ လက်ပြအချက်ပေးလိုက်ပြီး . . .

"ရှူး . . . တိုးတိုး။ မင်းတို့ခဏနေ"

ဆိုကာပါးစပ်မှ တလှုပ်လှုပ်နဲ့ (၂)မိနစ်၊ (၃)မိနစ်မျှ ရွတ်ဖတ်နေပြီး . . .

"ကဲ . . . ကဲ . . . ခြံထဲဝင်မယ်။ မင်းတို့ ငါ့ရှေ့ကိုတော့ လုံးဝကျော်မတက်နဲ့။ ငါနောက်က အသာရဲရဲလိုက်ခဲ့ကြ။ မင်းတို့ဆိုးလုပါတယ်ဆိုတဲ့ခွေးကြီး ဟောင်ဖို့နေနေသာသာ ငါတို့ကိုမော်တောင်ကြည့်ရဲမှာ မဟုတ်ဘူး"

ကိုရောင်စိန် စကားဆုံးတော့ ကျွန်တော်တို့(၃)ယောက် နောက်ဖေးခြံပေါက်မှ ကိုဖိုးမောင်တို့အိမ်ဝိုင်းကလေးထဲကို ဝင်လိုက်ကြတယ်။ ကျွန်တော်တို့ခြံထဲဝင်လာတော့ ခွေးကြီးကျွန်တော်တို့ကို စိုက်ရှုကြည့်နေပြီး တစ်ချက်မျှပင်မဟောင်။

"ဟေ့လူ . . . ကိုရောင်စိန် ဖြစ်ပါမလား"

ခြေဟန်လက်ဟန်နဲ့ . . . ကျွန်တော်ကမေးလိုက်တယ်။

"လာသာလာပါကွာ"

ဟူသောသဘောနဲ့ လက်ဟန်ပြ၍ ကိုရောင်စိန်မှ ရှေ့က ဦးဆောင်ရင်းသွားတယ်။ ခွေးကြီးက စိုက်ကြည့်နေရာမှတခြားဘက်ကို လှည့်ကာ ထိုင်ချလိုက်ရင်း ငြိမ်သက်စွာဝပ်ပြီး အိပ်နေလေတော့တယ်။

ထို့နောက် ကျွန်တော်တို့(၃)ယောက် ကိုဖိုးမောင်ခြံမှ သရက်သီး အလုံး(၃၀)ခန့်ကိုခူးပြီး ခပ်သုတ်သုတ် ပြန်လာခဲ့ကြတော့တယ်။

ခြံပြင်ကိုရောက်တော့ ရဲမြင့်မှ . . .

"ကိုရောင်စိန် ထူးတော့ ထူးဆန်းတယ်ဗျ။ ညဆို တဝုန်းဝုန်းအော်နေတဲ့ခွေးကြီးက ကျုပ်တို့ကိုမြင်ရက်သားနဲ့မဟောင်ဘဲ ဘာကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ဗြိမ်နေရတာလဲမသိဘူး''

''ဟား . . . ဟား . . . ဟား ရဲမြင့်ရာ၊ အဲဒါ ငါရွတ်ဖတ်လိုက်လို့ပေါ့ကွာ။ မင်းတို့ကို ဒါကြောင့် ငါပြောတာပေါ့။ ခွေးမပြောနဲ့ ခြင်တောင်မကိုက်စေရပါဘူးလို့''

''ခင်ဗျားက ဂါထာရွတ်ရအောင် ဘိုးတော်မှုမဟုတ်ဘဲ''

''ဟကောင် . . . ဘိုးတော်မဟုတ်လည်း ဂါထာမရွတ်ရတော့ဘူးလား။ အေး . . . ဘိုးတော်မဟုတ်ပေမယ့် ငါ့မှာခွေးမကိုက်နိုင်တဲ့ အဆောင်ကောင်း၊ ယတြာကောင်းတွေ ရှိတယ်ကွ။ ဒါကြောင့်''

''ဟ . . . ဒီဆို ကျွန်ုပ်တို့ကိုလည်း ပေးပါဦးဗျာ''

''ဟား . . . ဟား . . . ဟား နောက်တော့လည်း ပေးရတာပေါ့ကွာ''

အဲဒီညက အဖြစ်အပျက်လေးတွေဟာ ရင်ထိတ်ပျော်မောစရာများနဲ့အံ့ဩဖွယ်များရောပြွမ်းကာ ခွေးလာတဲ့သရက်သီးလေးများကိုတော့ ပျော်ပျော်ပါးပါး ကင်းတဲလေးကိုရောက်မှ ခွဲစိတ်ပြီးစားကြတယ်။

ဒီလိုနဲ့ကင်းရက်တွေ ကုန်ဆုံးသွားပြီး နောက်တစ်လခန့်မှာ ဒုတိယအကြိမ်ကင်းစောင့်ရန် ရက်ကျရောက်လာပြန်တယ်။ ကိုရောင်စိန်နဲ့ကင်းတဲလေးမှာဆုံမိတော့ ရဲမြင့်မှစကာ . . .

''ကိုရောင်စိန် . . . ခင်ဗျားရဲ့ ခွေးဟန့်ဂါထာက အတော်စွမ်းသားပဲ။ ခွေးကြီးက တုပ်တုပ်မလှုပ်ဘူး။ အဲဒီဂါထာလေး ဘယ်လိုရခဲ့တာလဲ။ ကျွန်ုပ်တို့ကို ပြောပြလို့မရဘူးလား''

''အေး . . . ပြောပြတာကတော့ မခက်ပါဘူးကွာ။ ဒါပေမယ့် အစကနေပြောပြမှရလိမ့်မယ်။ ဒီလိုကွ၊ ငါယယ်ယက အဖေနဲ့အမေ ဆုံးပါးသွားခဲ့ကြတယ်။ ဒါကြောင့် ကြီးခေါ်ဖြစ်သူနဲ့နေရတယ်။ ကျောင်း

ပညာဆိုတာလည်း သေစာရှင်စာလောက်သာသင်ခွင့်ရပြီး ကြီးခေါ်ထုပ်သူက သူကြီးဦးမောင်တိုးတို့အိမ်မှာ တစ်လကိုတစ်ကျပ်နဲ့ ခွေးတွေကို ထိန်းကျောင်းတဲ့ အလုပ်လုပ်ခိုင်းတယ်။ အဲဒီ သူကြီးဦးမောင်တိုးဆိုတဲ့ လူကြီးက ခွေးဆိုအလွန်ချစ်တာကွ။ သူ့အိမ်မှာမွေးထားတဲ့ခွေးတွေဆိုရင် အကောင်နှစ်ဆယ်ကျော် အစိတ်လောက်ရှိမယ်။

ခွေးအမျိုးအစားဆိုတာတွေကလည်းစုံလို့။ အင်းခွေး၊ အမဲလိုက်ခွေး၊ အလှပြခွေး၊ နိုင်ငံခြားမျိုးဆိုတာတောင်ပါသေး။ အဲဒီခွေးတွေကို ငါက ထိန်းကျောင်း အစာကျွေး၊ ချေးဂရ၊ သေးဂရ ပြုစုပေးတဲ့အခါပေးနဲ့။ တစ်နေ့တော့ ခွေးတွေကိုအစာကျွေးရင်း ခွေးတစ်ကောင်က အစာမပြီး ငါ့ကိုကိုက်တယ်။ ငါခွေးကိုက်ခံရတော့ သူကြီးဦးမောင်တိုးက မဖြစ်ဘူး၊ မင်းကခွေးတွေနဲ့ ရောရောနှောနှောနေရတော့ မင်းကိုခွေးတွေရန်မမူအောင် အဆောင်တစ်ခုပေးမယ်ဆိုပြီး အဲဒီ ဂါထာလေးကိုပေးခဲ့တာ''

ထို့နောက် အတန်ငယ်စကားကိုရပ်၍ အမောဖြေလိုက်ပြီး ဂါထာလေးကိုလည်း ရွတ်ပြလာတယ်။

''သူကြီး ဦးမောင်တိုးကြီးက လူစုံကွ။ လူပေါင်းစုံနဲ့ ရင်းနှီးဆက်ဆံမှုရှိတယ်။ ပြီးတော့လည်း ခုခေတ်မှာ ကမ္ဘာ့ရလိုခေါ်တဲ့ နက်နဲဆန်းကြယ်တဲ့ ပညာရပ်တွေကိုလည်း လေ့လာလိုက်စားတယ်။ အင်းသူပေးခဲ့တဲ့ဂါထာလေးက ငါ့ကိုခွေးမကိုက်နိုင်အောင် ကာကွယ်ပို့ပေးခဲ့ပေမယ့် တကယ်တမ်းကြည့်ရင် သတ္တဝါတစ်ကောင်ကို သတ္တဝါအချင်းချင်း ဟန့်တားပိတ်ပင်ရတဲ့ကိစ္စဆိုတာ တကယ်တော့ ဝေါ်ကြီးတယ်။

အစကတော့ ငါလည်းဦးမောင်တိုးကြီးကို ကြောက်လို့သာ သူပေးတဲ့ဂါထာကို ကျက်ထားရတာ။ စိတ်ထဲမှာတော့ အယုံအကြည်

www.burmeseclassic.com

www.burmeseclassic.com

သိပ်မရှိလှဘူး။ ဒါနဲ့ တဖြည်းဖြည်းကြာလာတော့ ငါလည်းဒီဂါထာလေး ဘယ်လောက်စွမ်းသလဲလို့ စမ်းကြည့်ရင်းကြည့်ရင်း စွမ်းမှန်းသိလာတယ်။ ဒါပေမယ့် ဒီဂါထာကိုဖြစ်သလို အသုံးချလို့မရဘူး။ ဒီဂါထာကို ရွတ်တော့မယ်ဆိုရင် အဲဒီသတ္တဝါအပေါ် မေတ္တာပွားရင်း ကတိကဝတ် တစ်ခုပြုရတယ်။ အဲဒီကတိကဝတ်ကတော့ မည်သို့သော သတ္တဝါမှန်သမျှ မထိခိုက်မနစ်နာစေလို။ မိမိ၏ ဘေးရန်အန္တရာယ်ကင်းရှင်းမှုအတွက် အခါခပ်သိမ်းအသုံးပြုခြင်းသာဖြစ်ပါ၏''လို့ သစ္စာပြုပြီးမှ ဒီဂါထာကို ညှံ့ခံပြီး(၇)ခေါက်တိတိ ရွတ်ရတယ်။

အဲဒီလိုရွတ်ပြီးတဲ့အခါ မင်းတို့မြင်တဲ့အတိုင်း ဘယ်လောက် ပဲဆိုးပြီး ကိုက်ဖို့ဟန်ပြင်နေတဲ့ခွေးဖြစ်ပါစေ၊ တစ်ချက် ကြည့်လိုက်ရုံနဲ့ ငြိမ်ကုပ်သွားတော့တာပဲ''

''ဟာ . . . ဒါဆို ကိုရောင်စိန်ရဲ့ခွေးဟန့်ဂါထာက ခွေးကိုက် တာတောင် ပျောက်နိုင်တာပေါ့''

''ဒါပေါ့ကွ။ ခွေးကိုက်ခံရတဲ့သူဆိုရင် ရေတစ်ခွက်ကိုခပ်ရင်း ဘုရားစင်ပေါ်မှာတင်၊ ဘုရားရှေ့ထိမှောက်မှာ သစ္စာတရားဆို၊ ငါးပါး သီလ ခံယူတည်ဆောက်ပြီးဟော့ အဲဒီရေခွက်ကို ဂါထာရွတ်ပြီး အဲဒီ ရေမှန်းကိုတိုက်ရင် ခွေးကိုက်တဲ့ဒဏ်ရာဟာ တဖြည်းဖြည်းသိသိသာသာ လေးကောင်းလာပြီး ပျောက်နိုင်တာပေါ့''

''ဒီဂါထာ ကျွန်တော့်ကို ကိုလည်း သင်ပေးလေ ကိုရောင်စိန်''

''အေး . . . သင်ပေးမှာပါ။ ဒါပေမဲ့ ဒီဂါထာက လက်လွတ် စပယ်တော့ အစွမ်းမထက်ဘူး။ ကိုယ်ကျင့်သီလကောင်းရမယ်။ သတ္တဝါ တွေအပေါ် မေတ္တာစိတ်ရှိရမယ်။ ကိုယ်နေထိုင်တည်ဆောက်နေတဲ့သီလ သမ္မာဓိအပေါ်မူတည်ပြီး အစွမ်းထက်နိုင်တာပေါ့။ ဂါထာရွတ်ရုံနဲ့တော့

ထင်သလောက်အကျိုးဖြစ်မှာ မဟုတ်ဘူး''

ကိုရောင်စိန်စကားဆုံးတော့ နိဗ္ဗာန်ရွာကင်းတဲလေးဘက်မှ ရဲများကင်းလှည့်လာနေကြောင်း အချက်ပေးသံချောင်းခေါက်သံ ကြားလိုက်ရတယ်။ နံနက်အရုဏ်မှာကား ဝေးလှတော့။ နှင်းစက်နှင်းစ တချို့ပင် သစ်ပင်ပန်းပင်များအပေါ်က ကပ်ခိုမှီတွယ်စပြုပြီး အအေး ဓာတ်က အထုအထည်နဲ့ သိပ်သိပ်သည်းသည်း တိုးဝှေ့လာခဲ့ပြီဖြစ် တယ်။ မိမိတို့ကင်းတဲလေးမှလည်း ပြန်ရန်အချက်ပေး သံချောင်းခေါက် လိုက်သည်။ ညကတော့ မှန်ရိုးအေးစက်အိပ်မောကျလျက် . . . ။

♛ ♛ ♛

(၄)

ကျွန်တော် ဗောဓိဘုန်းကြီးကျောင်းကလေးမှာ နေထိုင်ပညာ သင်ခဲ့ရစဉ်ကာလက ဖြစ်သည်။ ဖိုးကျော်ညွှန့်ဆိုတာက ကျွန်တော်နဲ့ အတန်းတူ သူငယ်ချင်း။ သူကတော်ရွာလို့ခေါ်တဲ့ ဘုန်းကြီးကျောင်း တလေးနဲ့ မနီးမဝေးရပ်ကွက်လေးမှာနေတယ်။ သူတို့အိမ်ခြံဝန်းကြီး မှာကြီးမားပြီး ယင်းခြံဝင်းထဲတွင်တော့ ကွမ်း၊ ငှက်ပျော၊ ကြေးများကို စိုက်ပျိုးထားပါတယ်။ ကြီးမားတဲ့ကုက္ကိုပင်ကြီးများပေါ်မှာတော့ နှစ်ပေါင်း များစွာကပင်နေခဲ့ကြတဲ့ လင်းခွေများက တစ်ပင်လုံးအပြည့်။

www.burmeseclassic.com

www.burmeseclassic.com

တောရပ်တောရွာများက များသောအားဖြင့် ခွေးကောင်းများ ကိုမွေးမြူလေ့ရှိကြတယ်။ ခွေးကောင်းရင် အိမ်လုံတယ်။ သူငယ်ချင်း ဖိုးကျော်ညွှန့်တို့ အိမ်မှာမွေးမြူထားတဲ့ ခွေးများကတော့ ဆယ်ကောင်ထက် မနည်းပါ။ လူစိမ်းတစ်ယောက်ရဲ့အနံ့ မရလိုက်နဲ့။ အမဲဖျက်သလို ဝိုင်း ကိုက်ကြတော့တာ။ ဒါကြောင့် ဖိုးကျော်ညွှန့်ရဲ့အိမ်တစ်ဝိုက်မှာ လူမပြောနဲ့ သူခိုးသူဝှက်ပင် ရှောင်ရှားကြတယ်။

တစ်နေ့မှာ ဖိုးကျော်ညွှန့်မှ သူငယ်ချင်းများဖြစ်တဲ့ ကျွန်တော်၊ တင်ထွန်း၊ ဌေးဝင်းတို့သုံးယောက်အား သူတို့အိမ်ကလေးကိုလိုက်ခဲ့ရန် ခေါ်တယ်။ အကြောင်းမှာဆရာတော်မှ သူ့အဖေကျောင်းဒကာကြီးအား ခေါ်ခိုင်းလိုက်သောကြောင့်ပင်။ တင်ထွန်းနဲ့ဌေးဝင်းတို့မှာ ကျော်ညွှန့်တို့အိမ်မှ ခွေးများဆိုးကြောင်း။ ရွာနီးချင်းဖြစ်သူတွေမို့ သိထားကြသော်လည်း ကျွန်တော်ကမူ ထိုသို့သော အကြောင်းများကိုမသိ။ ဒီလိုနဲ့ ကျွန်တော်တို့(၃)ယောက်ကျော်ညွှန့်တို့ အိမ်ကလေးရှိတဲ့ တောင်ရွာကို ထွက်ခဲ့ကြတယ်။

နာရီဝက်ခန့်သာသာ စားကျက်ခင်းများကိုဖြတ်ပြီး လျှောက်မိတော့ ကျော်ညွှန့်တို့ ခြံဝိုင်းကလေးကို လှမ်းမြင်ရတယ်။ ခြံဝင်းကြီးဟာ ကြီးမားကျယ်ပြန့်ပြီး ခြံစည်းရိုးကိုတော့ ဝါးခက်များနဲ့ ကာရံထားလေတယ်။ မကြာမီ ခြံစည်းရိုးကလေးအနားသို့ ကျွန်တော်တို့ (၄)ဦး ကပ်သွားကြတယ်။ ကျော်ညွှန့်က မိမိအိမ်ရှေ့ရှိ ခြံတံခါးကိုဖွင့်လိုက်ရင်း ပြေးထွက်လာတဲ့ ခွေးအုပ်ကြီးကိုကြည့်ကာ . . .

"ဟော့ကောင်တွေ နီးရာသစ်ပင်ပေါ် တက်ကြ တက်ကြ"

ဟု အသံကုန်ဟစ်ပြီး အော်လိုက်တယ်။ မိမိနဲ့ တင်ထွန်းနှစ်ယောက် လူတစ်ရပ်သာသာရှိတဲ့ သရက်ပင်များအပေါ် အချိန်မီပြေးတက်

နိုင်ခဲ့ပေမယ် ဌေးဝင်းမှာမူ ပြေးချိန်မရလိုက်။ ခွေးအုပ်ကြီးက ကျွန်တော်တို့ရှိရာဆီ တစ်ဟုန်ထိုးပြေးလာကြတယ်။ ကျွန်တော်တို့ ဖက်တွယ်တက်နေတဲ့ သရက်ပင်များအောက်မှ မာန်ဖီဟောင်နေကြရင်း ဌေးဝင်းဆီကို လည်းကိုက်ရန် အပြေးထွက်သွားကြတာကို မြင်လိုက်ရတယ်။

"အိုး"

အစွယ်တဖွေးဖွေးနဲ့ ကိုက်ကြတော့မယ့်မြင်ကွင်းကို မမြင်ဝံ့တာမို့ . . . "ဘုရား ဘုရား" လို့ တ,ကာ မျက်နှာလွှဲထားလိုက်တယ်။ ခဏကြာတော့ ခွေးများအသံမကြား။ စုံမှိတ်ထားတဲ့ မျက်စိများကိုဖွင့်ပြီးကြည့်လိုက်တော့ ဌေးဝင်းက အရပ်မပျက်၊ နေမြဲတိုင်းနေလျက်။ သစ်ပင်ပေါ်မှကျွန်တော်တို့ရဲ့အဖြစ်ကိုကြည့်ရင်း . . .

"ဟော့ကောင် . . . အောင်ကျော်နဲ့ တင်ထွန်းဆင်းခဲ့ကြ" လို့ ခေါ်တော့တယ်။ ခဏကြာတော့ ခြံလေးထဲမှ ကျော်ညွှန့်ထွက်လာတယ်။ လမ်းတစ်လျှောက် အဖြစ်အပျက်လေးများကိုပြောရင်း "မင်းတော်တော် ဒုက္ခပေးတဲ့ကောင်ပဲ။ ကျော်ညွှန့်က ရုတ်တရက်ကြီးသစ်ပင်ပေါ်တက်ဆိုတော့ ငါတို့လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်သွားတယ်"

"အေးကွာ . . . ခွေးတွေက ပြေးလာတော့ငါလည်း အံ့အားသင့်ပြီး အချိန်မီ မင်းတို့ကိုပြောလိုက်ရတာ။ ခွေးတွေက သိပ်ဆိုးတာကွ။ သူစိမ်းလူဆိုရင် တားမရ၊ ဆီးမရချင်ဘူး"

"သစ်ပင်ပေါ်အမြန်တက်နိုင်လို့ပေါ့ကွာ။ နို့မဟုတ်ရင်လားအပြန်မှာ ခြေထောက်တောင် ပါတော့မှာမဟုတ်ဘူး"

တင်ထွန်းရဲ့စကားဆုံးတော့ . . .

"ကဲ . . . ဒါနဲ့ဆိုပါဦး ဌေးဝင်းရဲ့။ ငါနဲ့ တင်ထွန်းသစ်ပင်ပေါ်ပြေးတက်ပေမယ့် မင်းကမတက်ဘဲ ရပ်နေတာဘာဖြစ်လို့လဲ။

www.burmeseclassic.com

www.burmeseclassic.com

ခွေးကိုက်မှာ မကြောက်လို့လား။''

''ငါ့ အကြောင်း ငါသိနေလို့ပေါ့ကွ''

''ဘာသိတာလဲ တို့ကိုလည်း ပြောပါဦးကွ''

''ဒီလိုကွ . . . ငါ့ကို ခွေးမကိုက်နိုင်ဘူး။ ဘာပြုလို့လဲဆိုရင် ငါတို့ရဲ့အဘိုး ဦးသာမှန်ဆိုတဲ့လူကြီးက ငါ့ကို ခွေးမကိုက်နိုင်တဲ့ ဂါထာ လေးတစ်ပုဒ် သင်ပေးခဲ့ဖူးတယ်။ ဒါကြောင့် မင်းတို့ပြေးသွားပေမယ့် ငါမပြေးဘဲ ဒီဂါထာကို ဥုံခံပြီး(ဂ)ခေါက်တိတိ ရပ်ပြီးရွတ်နေတာ။ ခွေး တွေက ငါ့ကိုကိုက်ဖို့မပြောနဲ့ ငါ့ကိုလည်းမြင်ရော တုံ့ခနဲလှည့်ပြီး ပြန် ပြေးလိုက်တာ တစ်ချီးတည်းပဲ။ ဟား . . . ဟား . . . ဟား''

''ဟာ . . . ဒါဆိုရင် ငါကြားဖူးတဲ့ တို့နိဗ္ဗာန်ရွာကလေးက ကိုရောင်စိန်ပြောပြတဲ့ ခွေးဟန့်ဂါထာကိုဆိုတာ ဒါလားမသိဘူး''

''အေး . . . ဒါတော့ ငါလည်းမသိဘူးလေကွာ။ ငါငယ်ငယ် က ငါ့အဘိုး ဦးသာမှန်ကြီးက ငါ့ကိုသင်ပေးသွားလို့ ရနေတာလေ''

ဒီတစ်ခါ ကိုရောင်စိန်နဲ့တွေ့ရင်တော့ ထိုအဖြစ်အပျက်တွေကို ပြန်ပြောရင်း ထိုဂါထာလေးအကြောင်းကိုလည်း မေးရှီးမယ်။

ဘာပဲဖြစ်ဖြစ် ဌေးဝင်းကိုမာန်ဖီရင်း ကိုက်ရန်ပြေးလာကြတဲ့ ခွေးအုပ်ကြီးမှာ တစ်မုဟုတ်ချင်း ပြန်လှည့်ပြီး ပြေးထွက်သွားကြတဲ့ မြင်ကွင်းကိုတော့ ကျွန်တော်နဲ့ တင်ထွန်းတို့နှစ်ယောက်ရဲ့ မျက်လုံး များထဲမှာခုထိ အထင်အရှား . . . ။

ထိုစဉ်က ကိုရောင်စိန်ပြောပြခဲ့သော ခွေးဟန့်ဂါထာဆိုသော ဂါထာလေးမှာအောက်ပါအတိုင်း ဤသို့ဖြစ်လေသည်။

ပု – ဒီ – အာ

အာ – ဒီ – ပု

ပု = ပုဗ္ဗေနိဝါသ ဉာဏ်တော်

ဒီ = ဒိဗ္ဗစက္ခု ဉာဏ်တော်

အာ= အာသဝက္ခယ ဉာဏ်တော်

ဤဂါထာတော်လေးအသုံးပြုပုံမှာ ခွေးသာမက သတ္တဝါတစ် ကောင်ကောင်၏ ဘေးအန္တရာယ်မှ ကာကွယ်လိုသည့်အခါ ဥုံခံ၍ (ပု–ဒီ–အာ)ဟူသော အဖွင့်ဂါထာကို(ဂ)ခေါက်ရွတ်ဆို၍ 'ထိုခြေ၊ ထိုဝင်းမှ သစ်ပင်၊ သစ်ခက်တစ်ခုကို ကြိုးကဲ့သို့ ထုံးချည်၍ထားရသည်။ မိမိတို့ ပြုသည့်ကိစ္စ ပြီးမြောက်သည့်အချိန်တွင် အဖြေဂါထာကို ဥုံခံကာ(ဂ) ခေါက်ရွတ်ဆို၍ ပြန်ဖွင့်ပေးရသည်။ ထိုဂါထာမှာ(အာ–ဒီ–ပု)ဖြစ်သည်။ ထိုသို့ ပြန်လည်မဖြေပေးပါက အာစေးထည့်ထားသော သတ္တဝါသည် အစာစားရ၍မရ၊ ရေသောက်၍မရ ဖြစ်လေသည်။

ကိုရောင်စိန်ပေးခဲ့သော ဂါထာလေးသည် ခွေးဟန့်ဂါထာဟု ဆိုသော်လည်း ခွေးသာမက အန္တရာယ်ပြုနိုင်သည့် မည်သည့်သတ္တဝါကို မဆို အာစေးထည့် ဟန့်တားနိုင်သည်။ ထို့ကြောင့် ဤဂါထာကို အာစေး ထည့်ဂါထာဟုလည်းခေါ်သည်။ တကယ်တော့ ထိုဂါထာသည် အတုမဲ့ သော ဗုဒ္ဓရှင်တော်မြတ်၏ ညဉ့်သုံးယံတွင် အောင်တော်မူရရှိခဲ့သည့် အောင်တော်မူ ဉာဏ်တော်(၃)ပါးသာလျှင် ဖြစ်ကြောင်း စာပေများဖတ်ရှု လေ့လာချိန်၌ သိခဲ့ရတော့သည်။

❦ ❦ ❦

မင်းအောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com

{မရဏာဖုန်းသံ}

❑

'ကိစ္စများမြောင် လူတို့ဘောင်' ဆိုသည့်စကားအတိုင်း လူဆိုသည်က များမြောင်လှစွာသော ဘဝ၏အကြောင်းတရားတို့ဖြင့် တစ်ညီးမဟုတ်တစ်နည်း ပတ်သက်ဆက်နွယ်နေရင်း နေ့စဉ်လှုပ်ရှား သွားလာ ရှုန်းကန်နေကြသည်။ နေထွက်မှနေဝင်၊ နေဝင်မှမိုးလေါ်ကာ ယန္တရားတစ်ခုကဲ့သို့ ကျင်လည်နေကြရင်း၊ မထင်မှတ်ဘဲသေခြင်း တရားတည်းကသော မရဏာခရီးနှင့်ပက်ပင်းကြုံတွေ့ရသူတွေလည်း ရှိတယ်။

ထို့ကြောင့် မရဏာဟူသည့် သေခြင်းတရားတစ်ခုသည် လူတစ်ယောက်၏ဘဝနှင့် မည်သို့မည်ပုံဆက်သွယ်နေခဲ့ကြောင်း၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

စည်းစားကြည့်မိသည်။ ထို့ပြင် မရဏာခရီးတစ်ခုသည် ဂမ္ဘီရဆန်ဆန် တည်ရှိနေပုံကို မကြာမြင့်မီ ရက်ပိုင်းလေးများမှပင် သေခြင်းတရားနှင့် ကြုံတွေ့ရင်ဆိုင်သွားခဲ့ရသူ ကျွန်တော်၏ညီလေးတစ်ယောက်တမျှ ရင်ခိုးနှီးသည့် မောင်ကွန်းကျော်၏ အဖြစ်အပျက်လေးများကို စာဖတ်သူများ သိနိုင်ရန် ဝတ္ထုတစ်ပုဒ်ဆန်ဆန် တင်ဆက်ရေးသားလိုက်ရပေသည်။

♛ ♛ ♛

❑

ရန်ကုန်ပြိုပြု၏ ဆင်ခြေပုန်းရပ်ကွက်လေး တစ်ခုဖြစ်သည့် သူကြီးကုန်းဟူသော ရပ်ကွက်လေးတွင် အေးမေနှင့်မောင်ထွန်းကျော်တို့ မောင်နှမနှစ်ယောက် နေထိုင်ကြသည်။ မောင်ထွန်းကျော်နှင့် အေးမေတို့တွင် ခင်မေကြီးဟူသော အစ်မတစ်ယောက်ရှိသည်။ လွန်ခဲ့သည့် တစ်နှစ်ကျော်ကျော်က ခင်မေကြီး၏ခင်ပွန်းမြကြိုင် ဆုံးပါးသွားပြီးသောအခါ ခင်မေကြီးမှအပျိုပေါက်အရွယ် သမီးလေးနှစ်ယောက်နှင့် အတူ မောင်နှဲ့ညီမများဖြစ်သည့် အေးမေနဲ့မောင်ထွန်းကျော်တို့ နေအိမ်လေးသို့ပြောင်းရွှေ့ကာ လာရောက်နေထိုင်လေသည်။

သူကြီးကုန်းရပ်ကွက်လေး၏အစွန်တွင် နိုင်ငံခြားကုမ္ပဏီတစ်ခုမှ လာရောက်ဖွင့်လှစ်သည့် စက်ရုံလေးတစ်ခုရှိသည်။ အေးမေနဲ့တူမလေ

နှစ်ယောက်က ထိုစက်ရုံလေးတွင် အလုပ်ဆင်းကြသလို မောင်ဖြစ်သူ ထွန်းကျော်မှလည်း အနီးအနားရပ်ကွက်လေးတစ်ခုတွင် မီးသွေးထမ်းသော အလုပ်လေးကိုလုပ်ကိုင်လေသည်။ အစ်မဖြစ်သူ ခင်မေကြီးကတော့ အိမ်မှုကိစ္စများအလုပ်သွားသော သမီးနှင့်မောင်ညီမလေးများကို နေ့စဉ်ထမင်းဟင်းများ ချက်ပြုတ်စီစဉ်ပေးရင်း ဝမ်းသမုဒ္ဒရာအူအဂါအတွက် တက်ညီလက်ညီ အပူကင်းစင်စွာ တူတူညီညီလှော်ခတ်လျက်ရှိလေသည်။

"ဟဲ့ . . . အေးမေ၊ ညည်းတို့ ဒီနေ့ထမင်းချိုင့်တွေ ယူသွားမှာလား၊ ငါလိုက်ပို့ရမလား"

"အစ်မကြီးပဲ လိုက်ပို့ပေးပါ။ စက်ရုံမှာ ဒီနေ့အလုပ်တွေများလို့ စောစောသွားရမယ်"

"ဒါနဲ့ မောင်လေးထွန်းကျော်၊ မင်းရော အလုပ်သွားရဦးမှာလား"

"မောင်လေး အလုပ်ကမသေချာဘူး။ မီးသွေးကားတွေ မဝင်ဘူးဖြစ်နေတယ်။ အင်း . . . ပစ္စည်းရောက်ရင်တော့ ဆိုင်ကဖုန်းဆက်ယယ်ပြောတာပဲ"

အေးမေနဲ့သမီးလေးနှစ်ယောက်၏အလုပ်များက ပုံမှန်ဆိုသလို ရှိသော်လည်း မောင်ဖြစ်သူထွန်းကျော်၏အလုပ်မှာမူ ပုံမှန်ဟူ၍မရှိ။ အလုပ်အကိုင်ရှိသောအခါများ အထူးသဖြင့်မီးသွေးရောက်သည့်အခါများတွင် ထွန်းကျော်တို့ အလုပ်သမားတစ်စုကို ဆက်သွယ်နိုင်ရန် သူကြီးကုန်းရပ်ကွက်လေးထိပ်ရှိ ငွေလမင်းလက်ဖက်ရည်ဆိုင်ကလေးသို့ ဖုန်းဖြင့် အဆက်အသွယ်ပြုထား၏။ ထွန်းကျော်တို့ အလုပ်သမားအုပ်စုလေးသည် (၅)ယောက်၊ (၇)ယောက်ခန့်ရှိသည်။ ထိုအထဲတွင် ထွန်းကျော်က အလုပ်သမားများကို စုစည်းပေးရသော အလုပ်သမားခေါင်းဆောင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မီးသွေးလုပ်ငန်းမှ ဖုန်းဆက်သွယ် ခေါ်ဝင်လာသောအခါတွင် ရပ်ကွက်လေးအတွင်း မိမိနှင့်အတူလုပ်ကိုင်နေကြ အလုပ်သမား လေးငါး ခြောက်ယောက်ကို လိုက်၍ခေါ်ယူပြီး မီးသွေးချရန်အလုပ်ရှိရာဆီသို့ သွားကြရသည်။ အလုပ်ရှိ မရှိဟူသည့်ကိစ္စကို သိနိုင်ရန်အတွက် ထွန်းကျော်တို့ သူငယ်ချင်း အလုပ်သမားအုပ်စုတို့က နေ့စဉ်နေ့တိုင်း သူကြီးကုန်းရပ်ကွက်ထိပ် ငွေလမင်းလက်ဖက်ရည်ဆိုင်ကလေးသို့ လက်ဖက်ရည်သွား၍သောက်ရင်း စုံစမ်းမေးမြန်းရလေသည်။

❦ ❦ ❦

❑

ထွန်းကျော်တွင် လုပ်ကိုင်နေကြသူငယ်ချင်းများဖြစ်သည့် လှအေး၊ စိုးမြင့်၊ ဝင်းခိုင်၊ ပါနောက်၊ ကရင်ကြီးတို့သည် ၄င်းတို့နှင့် တစ်ရစ်ကွက်တည်း တစ်လမ်းကျော်နှစ်လမ်းသာခြားရင်း နေထိုင်ကြသည်။ အလုပ်ကိစ္စရှိကြောင်း ဖုန်းဆက်သွယ်လာသည့်အခါ ထွန်းကျော်မှ ၄င်းတို့ကိုလိုက်၍ခေါ်စုရင်း တစ်ရက်(သို့)တစ်ညအိပ်စသည်ဖြင့် မီးသွေး သယ်ကြရသည်။ ထွန်းကျော် တိုအလုပ်လေးများကို ယခင်ကမလုပ်၊ အစ်မဖြစ်သူအေးမေ စပေါ်တင်ပေးသောငွေလေးများဖြင့် လမ်းထိပ် ဦးရာမွတ်ဆီမှ ဆိုက်ကားလေးကိုယူ၍နှင်းသည်။ သို့သော် ညဘက်များ

တွင် နင်းရသည်ဖြစ်သည့်အတွက် ကြာတော့ ထွန်းကျော်ထိုအလုပ်ကို ငြီးငွေ့လာသည်။ ထိုအခိုက်ရပ်ကွက်ထဲနေ လှအေးနှင့်ဆုံမိကြသည်တွင် ထိုမီးသွေးထမ်းသော အလုပ်ကိုပြောင်း၍ လုပ်ကိုင်ရင်း ခုဆိုစိုက်လိုက် ဓာတ်တစ်လုပ်လာခဲ့သည်မှာ (၅)နှစ်ခန့်ပင် ကျော်လွန်လာခဲ့ပြီ။

မီးသွေးထမ်းသောလုပ်ငန်းသည် ဆိုက်ကားနင်းရသော အလုပ် လောက်တော့ ခေါင်းမစား။ ဆိုင်မှ ဖုန်းဆက်ခေါ်လာသည့်အခါတွင် သွားရောက်လုပ်ကိုင်ပေးပြီး ထောင့်ငါးရာ နှစ်ထောင်ဆိုသည်မှာ ခပ်လွယ် လွယ်။ ထိုပြင် အလုပ်မရှိသောရက်များတွင် အိမ်၌အေးအေးဆေးဆေး အနားယူရင်း နားနားနေနေ နေနိုင်လေသည်။ ထွန်းကျော်တို့ မီးသွေး ချသော အလုပ်သမားများထဲတွင် ထွန်းကျော်က အသွက်လက်ဆုံး အကြိုးစားဆုံး။ ဒါကြောင့် လုပ်ငန်းရှင်က တခြားအလုပ်သမားများ ထက် ဆောင်းငွေဟုခေါ်သည့် အပိုငွေတစ်ထောင့်ငါးရာခန့်ကို အလုပ် ရှိသည့်အခါတိုင်း ပေးတတ်လေ၏။

ဤလိုနှင့် ထွန်းကျော်ကကြာတော့ မိမိနှင့်လုပ်ကိုင်ရမည့် အလုပ်သမားများကိုပါ စုဆောင်းရှာဖွေပေးရသည့် ရာထူးတာဝန်ကို ရခဲ့ပြန်သည်။ ထွန်းကျော်တို့၏ မီးသွေးချသောလုပ်ငန်းလေးတွင် ကုန်း အဖွဲ့နှင့်ရေအဖွဲ့ဟူ၍ အဖွဲ့(၂)ဖွဲ့ရှိလေသည်။ ကုန်းအဖွဲ့ဆိုသည်မှာ မီးသွေးဆိုင်မှ မီးသွေးများကို ဖောက်သည်ဆိုင်ခွဲများကို ကားဖြင့်လိုက်လံ ချပေးရသောအဖွဲ့ဖြစ်၍ ရေအဖွဲ့ဆိုသည်မှာ မီးသွေးဆိုင်မှမီးသွေးများကို လှေမော်တော်များဖြင့် နယ်ဒေသတစ်ခုခုသို့ သွားရောက်ပို့ဆောင် သယ်ချပေးရသောအလုပ် ဖြစ်လေသည်။

ကုန်းအဖွဲ့တွင် ထွန်းကျော်မှာ အလုပ်သမား အဖွဲ့ခေါင်းဆောင် ဖြစ်သော်လည်း ရေအဖွဲ့တွင်မူ ချမ်းအေးဟူသော သူကအလုပ်သမား

www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့ခေါင်းဆောင်ဖြစ်သည်။ ကုန်းအဖွဲ့သည် အလုပ်ရှိပါက တစ်ညဉ့်(သို့) တစ်ရက်ခန့်ကြာသော်လည်း ရေအဖွဲ့မှာမူ နယ်ဒေသတစ်ခုခုသို့ သွားရောက်ပို့ဆောင်ချပေးကြရသဖြင့် တစ်ပတ်၊ ဆယ်ရက်ခန့် ကြာလေသည်။ ထို့ကြောင့် ရရှိကြသောဝင်ငွေသည်လည်း ကုန်းအဖွဲ့ထက်ပိုၑ် ရတတ်သည်။

တစ်ခါတစ်ခါကြတော့ ထိုအလုပ်များကို ရေရှည်လုပ်ကိုင်လာပါက ကျွန်းမာရေးထိခိုက်လာမည့် အရေးကိုတွေးကာ ပူပန်မိပြန်သည်။ မီးသွေးမှုန့်များကို အမြဲတမ်းရှူမိုက်နေရသည်မို့ တီဘီရောဂါများ အဆုတ်ကင်ဆာစသည်များ ဖြစ်နိုင်သည်။ သို့သော် ရေရှည်တွေးတော စဉ်းစားနေခွင့်မရ။ လွမ်းရေးထက် ဝမ်းရေးခက်သောဘဝတွင် နောင်တစ်ချိန်တွင်ဖြစ်လာသည့် ဘေးအန္တရာယ်များထက် ယခုလက်ငင်းရင်ဆိုင်နေရသော ပစ္စက္ခဘဝ၏ အန္တရာယ်များက သာလွန်စွာအနိုင်ယူသွားခဲ့ရင်း ပင်ပန်းပေမယ့် အတန်သင့်ဝင်ငွေလေးရရှိနေသော ထိုမီးသွေးထမ်းသောဘဝကို မချစ်သော်လည်း အောင့်ကာနမ်းရင်း ဘဝလမ်းကို အလှမန်းဆင်နေရရှာသည်။

♛ ♛ ♛

❑

ထွန်းကျော်တွင် သင်းသင်းဆိုသည့် ချစ်သူရည်းစား တစ်ယောက်ရှိသည်။ ထွန်းကျော်နှင့်အတူ အလုပ်လုပ်ကိုင်နေကြသော လှအေး၊ စိုးမြင့်၊ ဝင်းခိုင်တို့မှာ သက်တူရွယ်တူချစ်သူ ဘဝကိုယ်စီနှင့် အသီးသီးတစ်အိုးတစ်အိမ် ထူထောင်ခဲ့ကြသော်လည်း ထွန်းကျော်မှာတော့ သူတို့လိုမဟုတ်။ ချစ်သူဖြစ်သူသင်းသင်းမှ ခိုးယူရန်တောင်းဆိုလာသည့်အခါများတွင် နားချကာ(၅)နှစ်တိုင်အောင် ကြာညောင်းခဲ့သည်။ တစ်ခါတစ်ခါများတွင်တော့ ထွန်းကျော်အစ်မ အငယ်အေးမေနှင့်အကြီးခင်မေတို့ကို နားပူနားဆာလုပ်ကြည့်သည်။

"အစ်မ . . . ငါအိမ်ထောင်ပြုချင်ပြီဟယ်။ ငါ့အသက်လည်း ငယ်တော့တာမဟုတ်ဘူး။ ငါနဲ့အတူ သူငယ်ချင်းတွေလည်း အိမ်ထောင်ရက်သားကျကုန်ကြပြီ"

"နေပါဦး မောင်လေးရယ်။ သူများဘဝတွေက **အစ်မတို့**နဲ့ တူတာ မဟုတ်ဘူး။ အစ်မတို့မှာက တစ်ကိုယ်ရေ တစ်ကာယဘဝမှာ ထောင် မနည်းရုန်းကန်နေရတာ။ သူများသားသမီးကိုယူပြီဆိုရင် တာဝန်ဝတ္တရားမှလေ။ မကျွေးနိုင်၊ မမွေးနိုင်ရင် ငါ့မောင်အပြစ်ပြောခံရမှာ။ ဒါကြောင့် မောင်လေးရည်ရွယ်ချက်ရှိရင် ကိုယ့်အိုးကိုယ့်အိမ်ခဲ့သားနိုင်

www.burmeseclassic.com

www.burmeseclassic.com

အောင်ကြိုးစားနော် . . . ကြားလား''

အစ်မတွေရဲ့စကားဆုံးတော့ သက်ပြင်းရှည်ကြီးတစ်ခုကိုချရင်း ထွန်းကျော်တစ်ယောက် အဝေးတစ်နေရာဆီသို့ ငေးငေးရီရီကြည့်နေမိသည်။

''အင်း . . . ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ မောင်လေးတို့ဘဝက သူတကာတွေထက်ပိုပြီး ညနက်လေတော့ လောလောဆယ် မောင်လေးမစဉ်းစားသေးပါဘူး''

သင်းသင်းက ထွန်းကျော်ရဲ့ အစ်မအေးမေတို့နဲ့ စက်ရုံတစ်ခုတည်းတွင် အလုပ်လုပ်နေသူ၊ ချစ်နေနီးနေသော်လည်း ဆုံရေးခက်သည့် ချစ်သူဘဝများတွင် ကိုယ်စီကိုယ်ဝ နားလည်မှုသဘောသဘာဝလေးများပျောက်ထားကြကာ ချစ်ကံခေသောဘဝကို အသီးသီးဆိုသလို မေ့ထားရင်းနေခဲ့ကြသည်။

❦ ❦ ❦

❑

ဒီနေ့အိပ်တွင် ထွန်းကျော်မရှိ။ ညဦးကတည်းကပင် အလုပ်မှုန်းလာ၍ မီးသွေးချရန်သွားကြတာ။ အစ်မများဖြစ်သည့် အေးမေနှင့် တူမလေးများတော့ရှိသည်။ အေးမေတို့သည် ယနေ့စက်ရုံပိတ်ရက်ဖြစ်သည်။ ထို့ကြောင့် အတော်လေးမိုးလင်းသည်အထိ အိပ်လျက်ရှိကြသည်။ တစ်ညလုံး အိုက်စပ်ရင်းအုံ့ပျနေသောမိုးသည် မိုးလင်းခါနီး အချိန်တွင်မှ တအုန်းအုန်းနှင့်သည်းရင်း ပြင်းပြင်းထန်ထန်ရွာချလိုက်သည်။ မိုးနဲ့အတူလေက ကြမ်းသည်။ မိုးလေအေးများကြောင့် အေးမေတို့ ပိုရှိ၍အိပ်မောကျသွားသည်။ ထိုစဉ်က တအုန်းအုန်းသည်းနေသောမိုးရေထဲတွင် လူတစ်ယောက်က ထီးတစ်ချောင်းနဲ့ မျက်နှာကိုကွယ်ကာ အထုပ်တစ်ထုပ်ကိုပိုက်လျက် အိမ်ရှေ့ခြံဝင်းတံခါးလေးမှရပ်ရင်း အသံပြုလာသည်။

''ထွန်းကျော် . . . ထွန်းကျော်ရှိလား''

ဖျတ်ခနဲ အိပ်မောကျနေရာမှ ခေါ်သံတစ်ခုကြောင့် အေးမေနိုးလာသည်။ ထို့ကြောင့် အိမ်ရှေ့သို့ကြည့်ရင်း . . .

''ဘယ်သူလဲ၊ ဘာကိစ္စရှိလို့ပါလဲရှင်''

''ဒါ . . . ဒါ ထွန်းကျော်တို့အိမ် မဟုတ်လား''

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ် . . . ဟုတ်ပါတယ်ရှင်၊ ဒါပေမဲ့ထွန်းကျော်မရှိပါဘူး။ မီးသွေးချဖို့ အလုပ်သွားပါတယ်"

"ဒီမှာ ထွန်းကျော်ကို ငွေ(၃)သိန်းပေးခိုင်းလိုက်လို့ပါ"

ထိုလူ၏စကားကြောင့် အေးမေတစ်ယောက်ကြောင်ရှိသွားသည်။

"ဘာရှင့် . . . ငွေသုံးသိန်း၊ ဟုတ်လား။ ထွန်းကျော်ကို ဘယ်သူက ပေးခိုင်းတာလဲ"

အေးမေကြောင်စီစီ အကြည့်ပေးတစ်စုံဖြင့် ခြံဝင်းတံခါးလေးဆီလှမ်းကြည့်တော့ ထိုသူသည် မီးရထားတွင် ရပ်မြဲရပ်လျက်နေသည်။ မျက်နှာကိုကား မမြင်ရ။ တမင်ထိုးဂါ့မမြင်စေရန် ကွယ်ရှောင်ထားပုံရသည်။ အေးမေမေးနေသော်လည်း ထိုသူသည်စကားပြန်မရ။ ရပ်လျက်သာနေသည်။ ထို့ကြောင့် အေးမေအိပ်ရာမှ ထလိုက်သည်။ ထို့နောက် အိမ်ရှေ့ခြံဝင်းတံခါးလေးဆီသို့သွားရန် အိမ်ပေါ်မှဆင်းလိုက်သည်တွင်ထိုသူသည် မည်သို့ပျောက်သွားသည်မသိ။ မတွေ့ရတော့ပေ။ အေးမေလည်း အိပ်ရာမှလန့်၍ နိုးသွားလေတော့သည်။

"ဟဲ့ . . . တူမလေးတို့၊ ထစမ်း . . . ထစမ်း"

အစ်မကြီးခင်မေမှာမူ နောက်ဖေးမီးဖိုလေးထဲတွင် ထမင်းချက်ပြုတ်နေလေသည်။ အိမ်ရှေ့မှအသံကြောင့် ရှေ့သို့ထွက်လာသည်။ တအုန်းအုန်းသည်းနေသော မိုးသည်ရပ်၍သွားတော့သည်။

"ဘာလဲ . . . အန်တီလေးကလဲ၊ အလုပ်ပိတ်ရက်မို့ အိပ်နေပါတယ်၊ ဓိမ်ကိုမရှိဘူး။ ဘာမှန်းလဲ မသိဘူး"

ထို့နောက်တွင်တော့ အေးမေမှ မိုးလင်းကာနီး မိမိမြင်မက်သောအိပ်မက်လေးကို အစမှအဆုံးတိုင် ပြောပြလိုက်သည်။

"ဟင် . . . ဟုတ်လား၊ အိပ်မက်က ထူးဆန်းလိုက်တာနော်။ ဦးလေးထွန်းကျော်ကို လာပေးတာဟုတ်လား"

"အေး . . . အိပ်မက်ထဲမှာ ထွန်းကျော်ကို ပေးခိုင်းလိုက်တာတဲ့။ ဘယ်သူကလဲမေးတော့လည်း မေးလို့မရဘူး။ အဲဒီလူရဲ့ မျက်နှာကိုလည်း မမြင်ရဘူး။ ထီးနဲ့ကွယ်ဆောင်းထားတယ်"

စကားများဆုံးသွားသောအခါ တူမအကြီးမက . . .

"ဦးလေးထွန်းကျော် ထီပေါက်ချင်ပြီလားမသိဘူး။ ထီလေးဘာလေးများ ထိုးထားလားမသိဘူးအမေ"

"အမလေး . . . ညည်းဦးလေးထွန်းလား၊ ကပ်စေးနဲ့၊ ထိုးပါလိမ့်မယ်ထိ။ အစ်မတွေက တစ်ခါတလေမုန့်ဝယ်ကျွေးခိုင်းတာတောင် တုန်နေတာ"

ထို့နောက်တွင်တော့ အိမ်၏ဗာဟီရကိစ္စများဖြင့် လူပ်ရှားသက်ဝင်ရင်း အိမ်မက်လေးသည်လည်း မှုန်ဝါးပျောက်ကွယ်သွားတော့သည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

❑

နောက်တစ်နေ့

ထွန်းကျော်အလုပ်မှ ပြန်လာသည့်အခါ . . .

"ဟဲ့ . . . မောင်လေး၊ မင်းအလုပ်ထဲမှာ ငွေတွေဘာတွေ များသူများဆီက ချေးငှားထားသလား။ ဒါမမဟုတ် ထီတွေဘာတွေ ထိုးထားသလား"

"ဘာပြုလို့လဲ၊ မမအေးမေ"

"ဘာမှမပြုပါဘူး၊ ငါမေးတာသာ ဖြေစမ်းပါ"

"မောင်လေး . . . ဘယ်သူ့ဆီမှလည်း ငွေမချေးထားဘူး ပြီးတော့ ထီလည်းမထိုးဘူး"

"အင်း"

အေးမေတစ်ခုခုကို စဉ်းစားဟန်ပြုပြီးမှ အတွေးတစ်ခုကိုဆွဲ ထုတ်လိုက်သည်။

"ဘာလဲ . . . မမအေးမေ။ ဘာပြုလို့မောင်လေးကို ဒီမေးတာလဲ"

"အေး . . . မမအေးမေ မနေ့ကနံနက်ပိုင်းမှာ အိပ်ရေ သွားတုန်း လူတစ်ယောက်က ခြံစည်းရိုးလေးနားမှာရပ်ရင်း ထွန်းကျော်

ရှိလား၊ ထွန်းကျော်ကို ငွေသုံးသိန်းပေးခိုင်းလိုက်လို့ ဆိုလာတယ်။ သူ့လက်ထဲမှာလည်း ငွေထုပ်ကြီးကိုင်လို့။ ဘယ်သူကပေးခိုင်းတာလဲ မေးတော့လည်း မပြောဘူး။ ဒါနဲ့ မမအိမ်ပေါ်ကဆင်းဖို့အလုပ်မှာ အဲဒီလူကို မတွေ့ရတော့ဘူး"

အေးမေရဲ့စကားဆုံးတော့ ထွန်းကျော်ခေါင်းကို တစ်ချက် ငုတ်လိုက်သည်။

ထို့နောက် . . .

"အိုဗျာ . . . မမအေးမေကလည်း သူဟာသူစိတ်စွဲလမ်းပြီး ကော်ချင်ရာမက်တဲ့အိပ်မက်ကို ဟုတ်တိပတ်တိကြီးလုပ်ပြီး မောင်လေးကို လာမေးနေတယ်"

မည်သို့ဆိုဆို အေးမေ၏ အတွေးအာရုံများထဲတွင်တော့ ဝေခွဲ ရန်ခိုင်သောပုစ္ဆာတစ်ခုနှင့် လွန်းထိုးယှက်တင်နေလေသည်။ ထိုနေ့ ညနေပိုင်းတွင် ထွန်းကျော်တို့လူစု မီးသွေးများဝင်၍ မီးသွေးချရန် ဆောင်ယ်ချင်းတစ်စုနဲ့ ထွက်လာကြသည်။

ထွန်းကျော်တို့မိသားစုသည် မိမိတို့ရပ်ကွက်လမ်းကလေးတွင် တစ်ချိန်က နေထိုင်သွားကြသူများဖြစ်သည့်အပြင် မိမိနှင့်လည်း ညီအစ်ကို အမျှ ခင်မင်နေကြသူများဖြစ်လေ၏။ သူကြီးကုန်းရပ်ကွက်လေးသို့ ပြောင်းရွှေ့ခဲ့သည်မှ တစ်ခါတစ်ရံပင် မဆုံစည်းခဲ့ကြ။ ဤနေ့တွင်မှ ကိုက်တိုက်ဆိုင်ဆိုင် ဆုံမိကြသည်တွင် လက်ဖက်ရည်ဆိုင်ကလေးတစ်ခု၌ (၁၅)မိနစ်ခန့် ထိုင်ဖြစ်ခဲ့ကြသည်။

"အစ်ကို နေကောင်းတယ်နော်၊ မတွေ့တာကြာပြီ"

"ဟုတ်တယ် . . . ထွန်းကျော်ရေ။ ဒါနဲ့ မင်းတို့မောင်နှမ ကော နေကောင်းကြတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ . . . ကောင်းပါတယ် အစ်ကို"

ထိုနောက် ဤဤထိုထိုအကြောင်းများစွာပြောဆိုရင်း မနေ့ညက သူအစ်မအေးမေပြောပြသည့် အိပ်မက်လေးအကြောင်းပင် မိမိအားပြောပြသွားသေးသည်။

"မင်းပြောပုံဆိုရင်တော့ အိပ်မက်က အတော်ကိုထူးဆန်းနေပြီ ထွန်းကျော်"

"ဟုတ်တယ် . . . အစ်ကို"

"အေးပေါ့ကွာ . . . အိပ်မက်ဆိုတာ လာတ်ပေါ့ကွာ။ လာတ်ရချင်လို့ မက်တာပဲဖြစ်မှာပေါ့"

"အင်း . . . ကျွန်တော်လည်း ဒီလိုပဲယူဆပါတယ် အစ်ကို ရာ"

အဲဒီနောက်တွင်တော့ ထွန်းကျော်က မိမိအားနှုတ်ဆက်ရင်း သူ့တို့အလုပ်ရှိရာ ရပ်ကွက်လေးဆီသို့ သူငယ်ချင်းတစ်စုနဲ့ ပျော်ပျော်ရွှင်ရွှင် ထွက်ခွာသွားလေသည်။

❦ ❦ ❦

❑

အေးမေမြင်မက်ခဲ့သည့် အိပ်မက်လေးသည် သုံးရက်ပြောက်ဆယ်ခန့် ထပ်မံ၍မြင်မက်ပြန်လေသည်။ ထိုသို့ ခုတိယအကြိမ် မြင်မက်သည့်အခါတွင်တော့ ထိုင်ရောထုပ်ကြီးကိုပိုက်ထားသောလူမှာ အိမ်ကလေးမှပြန်လှည့်၍ အထွက်တွင် . . .

"ထွန်းကျော်ကို ပြောလိုက်ပါ။ မနက်ဖြန် ဖုန်းဆက်လိုက်ပါလို့" ဟူ၍ ပြောသွား၏။

သို့သော် အေးမေတစ်ယောက်ခေါင်းထဲတွင် လေးလေးပင်ပင်ထားတော့။ မိမိတူမလေးနှစ်ယောက်နှင့် စက်ရုံကလေးသို့ အလုပ်ဝင်၍ သွားလေတော့သည်။ ထိုနေ့နံနက် (၁၁)နာရီခန့်တွင် သူကြီးရုံးရပ်ကွက်လေးထိပ်၊ ငွေလမင်းလက်ဖက်ရည်ဆိုင်သို့ မီးသွေးကားဝင်၍ မီးသွေးချရန် ဖုန်းဆက်ခေါ်သည်။ ထိုအခါ ထွန်းကျော်တစ်ယောက် မိမိနှင့်လုပ်ကိုင်နေကြ အလုပ်သမားများဖြစ်သည့် လှအေး၊ ခြင့်၊ ဝင်းခိုင်၊ ပါနောက်၊ ကရင်ကြီးတို့အား တစ်ဦးချင်းလိုက်၍ ခေါ်သည်။ သို့သော် တစ်ဦးတစ်ယောက်မျှမလိုက်ကြ။ ကိုယ်စီကိုယ်ငြားကြောင်းပြချက်များဖြင့် ကျန်နေခဲ့ကြသည်။ ထွန်းကျော်ခေါ်မရသည့်ခါ ဒေါသထွက်လာသည်။

"တောက် . . . လက်ကြောတင်းအောင် လုပ်မစားချင်ကဲ့

www.burmeseclassic.com

www.burmeseclassic.com

ကောင်တွေ၊ နေ့ပစေ''

ထို့နောက် ရရာအလုပ်သမား(၆)ယောက်ကို ခေါ်ငင်ရှိသွား
၏။ မီးသွေးဆိုင်သို့ရောက်သည့်အခါ အလုပ်ရှင်မှ လုပ်ကိုင်ရမည့် အလု
များကို ပြောပြသည်။

မိမိသည် ရေအဖွဲ့သို့လိုက်ပါရမည်ဖြစ်ကြောင်းနှင့် ရေအ
တွင် အပြုတမ်းအလုပ်သမား ခေါင်းဆောင်ဖြစ်သည့် ချမ်းအေးဆိုသူ
ဖျားနေ၍ မလာရောက်နိုင်ကြောင်းကို သိရလေသည်။ ထို့နောက် ထွ
ကျော်နှင့် မီးသွေးထမ်းသမား(၆)ဦးတို့သည် မော်တော်တစ်စင်းတွ
မီးသွေးများတင်၍ ညဘက်တွင်ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့
သည်။ မိုးသည် ညနေကတည်းက တရစပ်ရွာနေသည်။ ပြတ်သွားလ
ခဏ တဖွဲဖွဲရွာနေသည်။ တွဲတေးတူးမြောင်းမြစ်ဝသို့ ကျော်လာသ
အခါတွင်တော့ လေကြမ်းများကပါ ရောနှောရှိတိုက်ခတ်လာသည်။ ထို
စက်ခန်းဘက်မှ အချက်ပေးဘဲလ်သံလေးများ ကြားရသည်။

''မော်တော်မှူးကာတွေ တင်ထားကြပါခင်ဗျာ။ မိုးရေစို
အရေးမကြီးဘူး။ တာလပတ်တွေချထားရင် မော်တော်မှောက်သ
လိမ့်မယ်''

''ဝုန်း''ခနဲဟူသော အသံကြီးနဲ့အတူ လေပြင်းတစ်ချက် ထ
သိမ့်ခနဲ ခံစားမှုနဲ့အတူ မော်တော်မှာ ဘယ်ဘက်သို့တိမ်းစောင်
မှောက်သွားလေတော့သည်။ ထိုအချိန်တွင် ထွန်းကျော်နဲ့တင်အေးတို့
သဘော်နောက်ဘက်တွင် အိပ်ပျော်လျက်ရှိလေသည်။ အော်ဟစ်သ
သံများ ပွက်လောရိုက်သွား၏။ မိနစ်အနည်းငယ်ခန့်တွင် မီးရ
မော်တော်လေးသည် မြစ်ထဲတွင်စုန်းစုန်းမြုပ်၍ နစ်သွားလေတော့

❦ ❦ ❦

❑

နောက်တစ်နေ့မနက်တွင် တွဲတေးတူးမြောင်းဝတွင် မီးသွေး
မော်တော်တစ်စင်း နစ်မြုပ်သွားသောသတင်းနှင့် မီးသွေးအလုပ်သမား
ခေါင်းဦးဖြစ်သည့် ထွန်းကျော်နှင့်တင်အေးတို့ နှစ်ဦးသေဆုံးသွားသည့်
သတင်းများက သူကြီးကုန်းရပ်ကွက်လေးတစ်ခုလုံး ပျံ့နှံ့သွားတော့၏။
ဖြစ်သည့်အခါတွင်မှ ဆောက်တည်ရာမရ ဖြစ်ကြရသည်။ ထိုနေ့ည(၇)နာရီ
ခန့်တွင် မိုးများက သည်းသည်းမည်းမည်း ရွာသွန်းနေ၏။ မိုးရေထဲ
ရောင်တော့ လူတစ်ဦးက ထီးတစ်ချောင်းကို ခပ်ငိုက်ငိုက်ဆောင်းကာ
ရွှန်းကျော်တို့အိမ်လေးဆီသို့ တရွေ့ရွေ့လှမ်းလာနေသည်။ အိမ်ရှေ့သို့
ရောက်တွင် ခြံစည်းရိုးနားခွဲရပ်ပြီး . . .

''ဒါ . . . ထွန်းကျော်တို့အိမ်လား ခင်ဗျာ''

''ဟုတ် . . . ဟုတ်ပါတယ်ရှင်။ ကျွန်မ ထွန်းကျော်ရဲ့အစ်မ
အားမေပါ''

''ကျွန်တော်က ထွန်းကျော်အလုပ်လုပ်တဲ့ မီးသွေးလုပ်ငန်းက
အလုပ်ရှင်ပါ။ ရုတ်တရက် အသက်ဆုံးပါးသွားခဲ့ရတဲ့ မောင်ထွန်းကျော်
ရဲ့ကိစ္စအဝဝကို ဆောင်ရွက်နိုင်ဖို့ ကူညီတာပါ။ ဒီငွေ(၃)သိန်းကို လက်ခံ
ပါဗျာ''

www.burmeseclassic.com

www.burmeseclassic.com

အလုပ်ရှင်လူကြီး၏စကားဆုံးတော့ ခေါ်းမေတစ်ယောက်
ထိုလူကြီး၏ မျက်နှာကို အကြောမ်ကြောမ်အခါခါကြည့်ရင်း ချွေးမွှဲချိုလိုက်
မိလေတော့သည်။

အတိတ်နိမိတ်ဟူသော စကားတို့ကို ကြားခဲ့ဖူးသည်။ သို့သော်
အေးမေမအဲ့ဒြေ။ သို့ရာတွင် ထိုမျှတိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာခဲ့သော
နိမိတ်လက္ခဏာတရားတို့က ယုံစားရမည်ပင် ခပ်ခက်ခက်၊ တကယ်
တော့လည်း ထိုနေ့နံနက်(၁၁)နာရီခန့်က ငွေလမင်းလက်ဖက်ရည်ဆိုင်
သို့ ဆက်သွယ်ဆင့်ခေါ်လိုက်သောဖုန်းသံသည် ထွန်းကျော်နဲ့တင်အေး
တို့အတွက် မရဏဖုန်းသံဖြစ်သည်ဆိုပါက မှားလိမ့်မည်မထင်။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

ဝိညာဉ်ဓာတ်ပုံ

❑

ပြက်ရယ်ပြုခြင်း အပြောင်အပျက်ပြုလုပ်ခြင်းဆိုတာ အခါ
အားလျော်စွာ မကောင်းမှုကိုဆောင်တတ်တယ်။ ရယ်မောပျော်ရွှင်မှု
အတွက် သက်သက်ပဲဖြစ်ဖြစ်၊ လှောင်ပြောင်ကြည့်စယ်ခြင်းတစ်ခု
အတွက်ပဲဖြစ်ဖြစ်၊ စကြနောက်ကြတာတွေရှိတယ်။ "ကျီစားသန့်ဇ
ရန်များတတ်တယ်ဆိုတဲ့ စကားတောင်ရှိတယ် မဟုတ်လား။ အသက်
တစ်ရာမနေရပေမယ့် အမှုတစ်ရာပွေရတဲ့ လူဆိုတာကလည်း အခက်
သားလား။ ဉာဉ်တို့ စရိုက်တို့ဆိုတာတွေ ရှိတယ်။ မွေးကတည်းကပါလာ
တဲ့ အကျင့်စရိုက်ဆိုတာ ကောင်းတာဖြစ်ဖြစ်၊ မကောင်းတာဖြစ်ဖြစ်

အပြီးတိုင် ဖျောက်ဖျက်ပစ်ဖို့ဆိုတာခက်တယ်။ မလွယ်ကူလှဘူး။ ယခု
ကျွန်တော် စာဖတ်သူတွေကို ရေးပြမယ့်ဝတ္ထုလေးက အကျီစားသန့်
အနောက်သန့်သူ လူတစ်ယောက်ရဲ့အကြောင်းပါ။ ဒီအကြောင်းက
ကျွန်တော် ကိုယ်တွေ့တော့မဟုတ်ဘူး။ ကျွန်တော်နဲ့ ညီအစ်ကိုလို ခင်မင်
ရတဲ့ သူငယ်ချင်းတစ်ယောက်။ တစ်နေ့တော့ ကျွန်တော်ရှိရာ သိမ်ဖြူ
ဈေးကလေးကို ရောက်လာတယ်။ သူငယ်ချင်းနှစ်ယောက် မတွေ့မဆုံ
ဖြစ်ကြသည်မှာ ကြာပြီဖြစ်တော့ လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်မှာ
ထိုင်ဖြစ်ရင်း စာရေးနေတဲ့ကျွန်တော့်အကြောင်းကို သိနေတဲ့သူငယ်ချင်း
က "ဟော့ကောင်အောင်ကျော်၊ မင်းကိုငါဇာတ်လမ်းလေးတစ်ပုဒ် ပြော
ပြမယ်။ ဝတ္ထုရေးကွာဆိုပြီး ပေးခဲ့တဲ့ဇာတ်လမ်းလေးပါ။ ဒီအဖြစ်
အပျက်ကတော့ သူတို့နေတဲ့နယ်ဒေသလေးတစ်ခုမှာ ဖြစ်ပျက်ခဲ့တဲ့
အဖြစ်အပျက်ဆန်းလေးတစ်ခုပေါ့။ အချိန်ကတော့ လွန်ခဲ့တဲ့ (၁)နှစ်
ကျော်လောက်ကပေါ့။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

"အမယ်လေး လုပ်ကြပါဦးတော်။ ဒီမှာ ကိုမြသွေး ဘာမြင်လာတယ် မသိဘူး"

အနီးအဝါး အိမ်နီးချင်းတွေရောက်လာတော့ ကိုမြသွေးအသက် မရှိတော့။ ဒီတော့လည်း အသုဘအတွက် ပြင်ဆင်လုပ်စရာ ရှိတာတွေ လုပ်။ ကိစ္စတွေအားလုံးကိုတော့ မန်ကျည်းပင်အိုင်ရွာက ကာလသားခေါင်းဆောင် ထွန်းမောင်က ဦးဆောင်တယ်။ ဘုန်းကြီးကိစ္စကိုတော့ ကျွန်ုပ်တို့ရွာကလေးထိပ်က ရွာဦးကျောင်းဆရာတော် ဦးသောဘိတက တာဝန်ယူတယ်။ ကျွန်ုပ်တို့မန်ကျည်းပင်အိုင်ရွာကလေးမှာ အသုဘကိစ္စ ပေါ်လာပြီလားဆိုရင် တစပြင်သုသာန်ကတော့ ဟိုရွာအစွန်ကလေးမှာရှိတဲ့ ခရားပင်ကုန်းဆိုတဲ့ သုသာန်လေးမှာ ပြုလုပ်တယ်။ ခုလည်း ရပ်ခလေ့ရွာခလေ့ ထုံးစံလေးတွေရှိတဲ့အတိုင်း မြသွေးရဲ့ဈာပနာကို မွန်းလွဲ(၁)နာရီလောက်မှာ ရွာသူရွာသားတွေနဲ့ ခရားပင်ကုန်း သုသာန်လေးကို ပို့ဆောင်သင်္ဂြိုဟ်ကြမယ်။ ကျေးလက်တောရွာဆိုတာကလည်း သိတယ်မဟုတ်လား။ တစ်ဦးဦးဒုက္ခရောက်ပြီဆိုရင် မခေါ်လိုက်နဲ့၊ ကူညီမယ်သူတွေ ဝိုင်းဝန်းမယ်သူတွေ အများကြီး။ အင်း . . . မြသွေးရဲ့ ကုသိုလ်ပဲလို့ ဆိုရမယ်။ ဒီနေ့ အသုဘချမယ်ရက်မှာ မိုးလေဝသက ကြည်လင်နေတယ်။ သွေ့သွေ့ခြောက်ခြောက် ဖြစ်နေတယ်။ သူတစ်နိုင်ကိုယ်တစ်နိုင်နဲ့ မ,တည်ကူပ့ဲလာတဲ့ ငွေဆိုတာလည်း မနည်းတော့ဘူး။ သူ့ကိစ္စပြီးရင်တောင်မှ သူ့မိသားစုအတွက် အနည်းအကျဉ်းဆိုသလို ကျန်နေခဲ့နိုင်တယ်။ အင်း . . . လူတစ်ယောက်အတွက် နာရေးက အရေးကြီးတယ်။ ဒါတောင် တောအရပ်မှာမို့လို့ စရိတ်စကဆိုတာ တျဉ်းတား မြို့မှာဆိုရင် ရွာလည်ပြီ။ ဒီလိုနဲ့ တစ်နာရီသာသာမှာ မြသွေးရဲ့အသုဘကို မြေချဖို့ရွာသားတွေက သယ်ဆောင်ရင်း ခရားပင်ကုန်း

❑

ဒီနေ့ မန်ကျည်းပင်အိုင်ရွာက ကိုမြသွေးရဲ့ဈာပန မြေချသင်္ဂြိုဟ်မယ့်နေ့ ဖြစ်လေသည်။ ကိုမြသွေးက လွန်ခဲ့သော(၃)ရက်ခန့်က ပိုးထိခိုက်ဆုံးပါးခဲ့သည်။ ကိုမြသွေးဆုံးတော့ ဇနီးဖြစ်သူမတင်ဝင်းက မလတ်မလည် သားသမီး(၃)ယောက်နဲ့ ကျန်ခဲ့တယ်။ သြော် . . . ကံကြမ္မာဆိုတာကလည်း အခက်သားလား။ မြေနိမ့်ရာ လုံ့စိုက်ဆိုသလို မရှိရာလို့ ငါးဖားလေးတွေ ရှာကြစားရတဲ့ဘဝမှာ တစ်နေ့က မိုးတွေသည်းနေတဲ့ လပိုက်ရက်တစ်ရက်မှာ ကိုမြသွေးခရေတော ချောင်းကလေးနံဘေးမှာထောင်ထားတဲ့ မြှုံးတွေဖော်ဖို့အသွား ပိုးထိခဲ့တယ်။ သားဇော၊ မယားဇောတွေနဲ့ အိမ်ရောက်အောင် အားတင်းပြန်လာတဲ့ ကိုမြသွေး အိမ်ရှေ့လည်းရောက်ရော . . .

"မိတင်ရေ . . . ဟေ့ မိတင်"

နှစ်ခွန်းသာ ခေါ်လိုက်နိုင်တယ် အိမ်ကလေးရှေ့မှာ ဟပ်ထိုးလဲ သေပွဲဝင်သွားတော့တယ်။

"အလို . . . ကိုမြသွေးအသံနဲ့ တူလိုက်တာ"

မီးခွက်လေးထွန်းရင်း အိမ်ရှေ့ကိုဆင်းလာတော့ မိုးရေထဲမှာ လဲကျသေဆုံးနေတဲ့ ကိုမြသွေးကိုတွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

သုသာန်လေးကို သွားကြတယ်။ သူ့ယောကျ်ားရှိစဉ်တုန်းက ပုံရိပ်တွေ ကိုပြောပြောပြီးငိုရှာတဲ့ မိတင်ဝင်းရဲ့အဖြစ်ကိုကြည့်ပြီး အသုဘလိုက်ပို့တဲ့သူတွေ မျက်ရည်မဆည်နိုင်ကြဘူး။ ဒီလိုနဲ့ ခရားပင်ကုန်းသုသာန်လေးကိုရောက်တော့ သုသာန်လေးထဲမှာရှိတဲ့ဇရပ်ကလေးမှာ မြသွေးကို သရဏဂုံတင်လူကြီးစွေ တရားနာနေကြတုန်း အသုဘလိုက်ပို့တဲ့ လူတွေထဲမှာ မန်ကျည်းပင်အိုင်ရွာကအစ အနောက်သန်တဲ့ လှခင်နဲ့ ပေတိုး၊ ထွန်းကျော်၊ အောင်မောင်း၊ ညွှန်စိုဆိုတဲ့ ကာလသားတစ်သိုက်လည်းပါသည်။ သုသာန်လေးထဲ ဟိုနား၊သည်နားသွားရင်း လှခင်က မိန်းကလေးတစ်ဦးရဲ့ ဓာတ်ပုံလေးတစ်ပုံကို ကောက်ရတယ်။ အဲဒီ ဓာတ်ပုံလေးဟာ မကြာမီရက်ပိုင်းလောက်ကမှ သေဆုံးလို့လာသင်္ဂြိုဟ်ထားတဲ့ သေဆုံးသူတစ်ဦးရဲ့ဓာတ်ပုံလေ။ မိန်းကလေးရဲ့ ဓာတ်ပုံလေးက အရမ်းချောတယ်။

"ဟာ . . . ဟေ့ကောင်တွေ ဒီမှာကြည့်စမ်း။ ချောလိုက်တဲ့ မိန်းကလေးကွာ။ နေမြောစရာကြီး"

လှခင်က ဓာတ်ပုံလေးကိုကြည့်ပြီးပြောတော့ အောင်မောင်းက . . .

"လှခင် . . . ပေး ပေး။ ဒါ ငါ့ရည်စားကွ။ ငါ့မှာ ရည်းစားမရှိတာနဲ့ အတော်ပဲကွ"

ဓာတ်ပုံလေးက အောင်မောင်းရဲ့လက်ထဲကို ရောက်သွားပြန်တယ်။ တစ်ဖန် အောင်မောင်းလက်ထဲကနေ ကျော်ထွန်း၊ ပေတိုး၊ ညွှန်စိတို့လက်ထဲ သူကယူသွားလိုက်၊ ငါကယူသွားလိုက်။

"ဒါ ငါ့မိန်းမကွ။ ဒီလို ရုပ်ချောချောလေးရရင် သိပ်ကောင်းမှာကွာ"

ထွန်းကျော် အပြောဆုံးတော့ပေးတိုးကလည်း . . .

"ဟေ့ကောင် . . . ထွန်းကျော်၊ မင်းပြောတာမှားတယ်။ အဲဒါ ငါ့ရည်စား၊ ငါ့အဖေက ပေးစားဖို့သဘောတူထားတာ"

ထိုအခါ ညွှန်စိမှလည်း . . .

"ဟေ့ကောင်တွေ . . . မင်းတို့ပြောတာ တစ်ယောက်မှ မမှန်ဘူး။ သူ့အဖေအမေတွေက ငါနဲ့မပေးစားလို့ စိတ်ညစ်ပြီး အဆိပ်သောက်သေသွားတာ။ ဟား . . . ဟား . . . ဟား"

ညွှန်စိရဲ့စကားဆုံးတော့ . . .

"ဟေ့ကောင်တွေ . . . ပေး ပေး။ ဒါ ငါ့ချစ်ချစ်ကွ။ ငါ့အိမ်ခေါ်သွားရမယ်"

ထို့နောက်တွင်တော့ သုသာန်လေးမှကောက်ရသည့် အမျိုးအမည်မသိ ချောမောသောမိန်းကလေးတစ်ဦး၏ ဓာတ်ပုံလေးတစ်ပုံက လှခင်၏အကျိုအိတ်ကလေးထဲမှာပါသွားရင်း မြသွေး၏ဈာပနမြေချရှိပြီးသည်တွင် အသီးသီးမန်ကျည်းပင်အိုင်ရွာကလေးသို့ ပြန်လာခဲ့ကြတော့သည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

❑

နေ့ခင်းကဖြစ်ပျက်ခဲ့သော အကြောင်းအရာလေးများကို လူကြီးများ တစ်ဦးတစ်ယောက်မှ မသိခဲ့ပေ။ လှခင်တို့ လူငယ်တစ်စုသာ သိခဲ့သည်။ အိမ်ပြန်ရောက်တော့ မြသွေးရဲ့ အသုဘအိမ်ကလေးမှာ လုပ်ကိုင်စရာလေးများကိုလုပ်ကိုင်ရင်း ညဘက်တွင်လည်း အိမ်သားများကိုအဖော်အဖြစ် ရက်လည်သည့်အထိ လှခင်တို့ ကာလသားတစ်စု အိပ်စောင့်ရလေသည်။

"တုံ့ . . . တုံ့ . . . တုံ့"

ရွာမြောက်ဘက်ရွာဦးကျောင်းမှ ကုလားတက်ခေါက်သံ(၁၂) ချက်ကို ကြားလိုက်ရသည်။

မြသွေးတို့အိမ်ကလေးပေါ်တွင် စကားပြောသူပြော၊ ကစားသူကစား တချို့အရပ်သူများက အိမ်ကလေးရှေ့တွင် ရေနွေးအိုးကျိုနေသည်။

"ဝုတ် . . . ဝုတ် . . . ဝုတ်"

ထိုအချိန်တွင် ခွေးနက်ကြီးတစ်ကောင်၏ ဝါးလုံးထိုးဟောင်သံများက အဆက်မပြတ် ပေါ်ထွက်နေသည်။ မကြာမီ ရွာမြောက်ပိုင်းမှခွေးများ၏အူသံများက ဆက်ကာဆက်ကာ ပေါ်လာပြန်၏။ အိမ်ရှေ့

တွင် ရေနွေးအိုးကျိုနေကြသော ဖိုးလေးသာခင်နှင့် ရွာသားသုံးလေးဦးတ အိမ်ရှေ့တည့်တည့်သို့လာ၍ ဟောင်နေသော ခွေးနက်ကြီးတစ်ကောင်ကို . . .

"ဟာ . . . ဒီခွေးကလည်း ဟောင်လိုက်တာ သွား . . သွား"

အနီးအပါးက ခဲတစ်လုံးဖြင့်ပေါက်ကာ မောင်းထုတ်လိုက်မှ ခွေးနက်ကြီသည် ထွက်ပြေးသွားတော့သည်။ မြသွေး၏အိမ်ကလေးပေါ်တွင် ကစားဝိုင်းကလေးသုံးခုသာ ရှိသည်။ လှခင်တို့လူငယ်တစ်စု ဘစားနေသော ဝိုင်းမှစတင်ကာ . . .

"အောင်မလေးဗျ . . . လုပ်ကြပါဦး၊ အောင့်လို့ဗျာ အောင့်လို့"

လှခင်တစ်ယောက် ကောက်ကာငင်ကာအော်ရင်း လူးလိမ့်နေလေတော့သည်။

"ဟဲ့ . . . ဟဲ့ . . . ထားမိတို့ မယ်ကြွေတို့ လာကြစမ်း။ အိမ်ထဲက ပရုတ်ဆီဘူး ယူခဲ့ကြစမ်း"

အဘွားတစ်ဦးရဲ့အသံ။

"အမယ်လေး . . . မခံနိုင်တော့ဘူး၊ သေတော့မယ်ဗျ။ ဆေးရုံကို ပို့ကြပါဗျ။ ဆေးရုံကို ပို့ပေးပါ"

လှခင်၏ ညည်းညူအော်ဟစ်သံက အဆက်မပြတ်ပေါ်ထွက်လာသည်။ မကြာမီ ထွန်းကျော်၊ ဇေတိုး၊ ညွှန်စိ၊ အောင်မောင်းတို့သည်း တစ်ယောက်ပြီးတစ်ယောက် လူးလိမ့်ကာ အော်လေတော့သည်။

"ဟဲ့ . . . ဘာတွေဖြစ်ကြတာလဲ"

"အမယ်လေး . . . အောင့်လိုက်တာဗျာ။ သေရတော့မယ်။ ဆေးရုံပို့ကြပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com

"ဒီကလေးတွေ ဘာတွေစားမိကြသလဲ မသိဘူး"

အော့သူအော့၊ အောင့်သူအောင့်၊ တချို့ကဝမ်းတွေ သွားကြသည်။

"ကဲ . . . ကဲ ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူး။ သိန်းဆောင်မင်းရဲ့လှည်းကိုသွားပြင်၊ ဆေးရုံကိုသွားမယ်"

ဖိုးလေးသာခင် စကားဆုံးတော့ သိန်းဆောင်မှ လှည်းကို အမြန်သွားခိုတပ်ကာ မြို့နယ်ဆေးရုံကလေးရှိသည့် တစ်မိုင်သာသာ ခရီးသို့ ရွာလူကြီးများနှင့် သွားရောက်ကြတော့သည်။

❦ ❦ ❦

❑

ဆေးရုံသို့ရောက်၍ ဆရာဝန်များမှ ရောဂါများရှာဖွေကြည့်သည့်အခါတွင် ထူးထူးခြားခြား ဟူ၍မတွေ့ရ။

"ဟဲ့ . . . မယ်ခင်၊ ဒီကလေးတွေအဖြစ်က ရိုးမှရိုးရဲ့လား မသိဘူး"

အဓိုးလေးမြည့်ခန့်၏ ကောက်ချက်ချသံစကား၊ နောက်ဆုံးတော့ လည်း ဆေးရုံမှာ တစ်ရက်ခန့် နေခဲ့ကြပြီး ဆင်းလာခဲ့ကြတော့သည်။ ထိုသို့ဖြစ်ပျက်သော သတင်းက မကျည်းပင်အိုင်ရွာကလေးထဲသို့

နောက်တစ်နေ့တွင် တစ်မုဟုတ်ချင်း ပျံ့နှံ့၍သွားလေတော့သည်။

"ဟဲ့ . . . ညက မြသွေးရဲ့အိမ်မှာ လှခင်တို့လူစု အောင့်သူအောင့် အန်သူအန်၊ တချို့လည်း ဝမ်းတွေလျှောလို့ ညတွင်းချင်းမြို့နယ်ဆေးရုံပို့ရတယ်တဲ့"

"ညက(၁၂)နာရီကျော်ကျော်လောက်မှာ ရွာမြောက်ပိုင်း ခရားထင်ကုန်း သုသာန်လေးဘက်ကနေ ခွေးနက်ကြီးတစ်ကောင် ရောက်လာပြီး မြသွေးတို့အိမ်ကလေးရှေ့ကနေ ဝါးလုံးထိုးဟောင်တယ်။ နောက်ကြာခင်မှာတော့ အဲဒီလိုဖြစ်တော့တာပဲတဲ့"

ဟိုနားတိုးတိုး၊ သည်နားတိုးတိုး ဟိုမှာလည်းသည်အကြောင်း၊ ဒီမှာလည်း သည်အကြောင်းများဖြင့် မြသွေးတို့အိမ်တွင် ညကဖြစ်ပျက်ခဲ့သော အကြောင်းအရာလေးများက လူတိုင်းပါးစပ်ဖျားဆိုသလို ရှိတော့၏။ ကာယကံရှင်များပင် ဖြစ်ခဲ့ကြသည့် လှခင်၊ ထွန်းကျော်၊ ညောက်စိ၊ ပေတိုး၊ အောင်မောင်းတို့ပင် တစ်ဦးကိုတစ်ဦးကြည့်ကာ ကျောချမ်းချင်စရာ ဖြစ်လာကြတော့သည်။ ကာယကံရှင်အသီးသီး၏ မိဘများနားသို့လည်း ထိုသတင်းက တစ်မုဟုတ်ချင်းပျံ့နှံ့၍ သွားစလေတော့သည်။

"ဟဲ့သား . . . မင်းတို့ ဟိုတစ်နေ့က မြသွေးရဲ့ဈာပနကို သုသာန်ပို့ရင်း ဘာတွေအပြောင်းအပြက် လုပ်ခဲ့ကြသလဲ"

"ဘာ . . . ဘာမှ မလုပ်ခဲ့ပါဘူးအမေ"

ထွန်းကျော်၏အမေကမေးတော့ စိုးရွံ့ထိတ်လန့်သော အမူအရာများဖြင့် ထွန်းကျော်တစ်ယောက်ဖြေသည်။

"အေး . . . မလုပ်ခဲ့ဘူးဆိုရင်လဲ မင်းတို့သူငယ်ချင်းတစ်စုဆိုတစ်နေ့ညကဖြစ်ပျက်ပုံက အတော့်ကိုအံ့သြထူးဆန်းစရာပဲ။ တစ်

www.burmeseclassic.com

www.burmeseclassic.com

ယောက်တည်းဖြစ်တာလည်း မဟုတ်ဘူး။ အားလုံးအကုန် တစ်ပြိုင်နက်
တည်းဖြစ်ကြတာ။ ပြီးတော့ ဖြစ်တဲ့အချိန်ကလည်း တစ်ချိန်တည်းပဲ

ထို့နောက် အရာတစ်ခုကို စဉ်းစားဟန်ပြုလိုက်ပြီးမှ . . .

''အမေ့အထင်တော့ မင်းတို့ဖြစ်ပျက်ပုံဟာ မရိုးသားဘူး
အမှားတစ်ခုခုတော့ ရှိနေပြီထင်တယ်''

ထို့နောက် ခင်ပွန်းဖြစ်သူ ကိုလှထွန်းဘက်သို့လှည့်ကာ . . .

''ကိုလှထွန်း''

''ဘာလဲ ကျွင်မေ''

''ကျွန်ုပ်သားကို သက်နိုးလေးစည်းပေးချင်တယ်''

ထို့နောက်တွင်တော့ အကျဉ်းရုံးကာ မိသားစုထိုနေ့တွင်
ရွာဦးကျောင်းဆရာတော် ဦးသောဘိတထံတွင် ထွန်းကျော်အား မိ
များက သက်နိုးဝတ်ပေးလိုက်လေသည်။ ဆံချ။ တရားနာ စ
ကိစ္စများက မှောင်ရိပ်ဖျိုးပျရှိမှ ပြီးဆုံးသွားသည်။ ထွန်းကျော်၏ မိသား
များ ရွာဦးကျောင်းကလေးမှ ပြန်သွားကြသည်။ ထွန်းကျော်သည် သက်
စည်း၍ ရဟန်းပြုလိုက်သော်လည်း မျက်နှာကားမရွှင်မယှ။ သာယာ
အသွင်မရှိ။ တစ်စတစ်စသိမ်းရုပ်လာသော ညတစ်ခု၏ အမှောင်
ကိုသာကြည့်ရင်း အရာတစ်ခုခုကို စိုးရွံ့ထိတ်လန့်နေသည်။ ည(၈)နာရီ
တွင် ရွာဦးကျောင်းမှသံယာတော်များအားလုံး ဘုရားရှိခိုးဝတ်ပြုကြ
တရားထိုင်ကြကာ ည(၉)နာရီခန့်တွင် အိပ်စက်ကြသည်။ ဆရာ
ဦးသာဘိတနှင့်ဦးပဉ္စင်းကြီးတချို့ ကျောင်းဆောင်ကြီးပေါ်တွင် အိပ်
ကြသော်လည်း မနေ့ညနေကမှ သက်နိုးစည်းထားသော ကိုရင်ထွန်
ကျော် နှင့် ကျောင်းရှိကိုရင်ငယ်လေးအချို့မှာ ကပ္ပိယကြီးတစ်ဦးနှင့်အ
သိမ်တစ်ခုထဲတွင် အိပ်စက်ကြသည်။ မောပန်းသွားသည့်ဒဏ်ကြော

ညီးကောင်း။ တစ်ပြန်နေ့ကဝမ်းလျှောရှိ၍ဆေးရုံသို့ တစ်ရက်ခန့်တက်ခဲ့
ခြင်းများကြောင့်လည်း တစ်မေ့တစ်မော အိပ်ပျော်ရှိသွားလေတော့သည်။

ရုတ်တရက်အိပ်မောကျနေရာမှ ဖျတ်ခနဲ နိုးလာသည်တွင်
ကျောင်းဆောင်ကြီးပေါ်မှ အုန်းမောင်းသံ(၁၂)ချက်ကို ကြားလိုက်ရသည်။
ချောလုံးများက ပြန်ရှိအိပ်မပျော်။ ထိုအချက် ကျောင်းကလေး၏မြောက်
ဘက်ဆီမှ ခွေးကြီးတစ်ကောင်၏ ဆွဲဆွဲငင်ငင် အူလိုက်သောအသံများ
ကို ကြားလိုက်ရသည်။

''ဝုတ် . . . ဝုတ် . . . ဝုတ်''

ခွေးအူသံကြီးသည် မိမိ၏အနားသို့ နီးကပ်သည်ထက် နီး
ကပ်ရှိလာသည်သို့ ထင်မြင်လာသည်။ ဒီတစ်ခါ မိမိ၏မျက်စိထဲတွင်
ခွေးကိုက်တော့မည့်အလား အသွင်သဏ္ဌာန်တစ်စုံဖြင့် ပါးလုံးထိုးဟောင်
နေသော ခွေးနက်ကြီးတစ်ကောင်အရိပ်က ထင်ထင်ရှားရှား မြင်လိုက်
ရသည်။ မကြာမီ မိမိ၏ဗိုက်ထဲမှာ သရိုးသရီဖြစ်လာကာ ချက်ချင်း
ဆောက်မှာထိုး၍ အောင့်လေတော့သည်။

''အမယ်လေး . . . လုပ်ကြပါဦးဗျာ။ ဗိုက်အောင့်လို့ သေ
တော့မယ်''

ကိုရင်ထွန်းကျော်၏အသံကြောင့် ကပ္ပိယကြီးနှင့်အတူ အခြား
ကိုရင်ငယ်များပင် နိုးလာလေတော့သည်။

''ကိုရင် . . . ကိုရင် ဘာဖြစ်လို့လဲ''

ကပ္ပိယကြီး၏အမေး . . .

''အမယ်လေး လုပ်ပါဦးဗျာ။ ဗိုက်အောင့်လို့ ဆေးလေး
ဘာလေးတိုက်ပါဦး''

''ဟို . . . ဟို ကိုရင်တစ်ပါး ကျောင်းကြီးကိုသွားပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကို သွားနှိုးပြီးလျှောက်ပေးပါ''

မကြာမီ ကိုရင်လေးတစ်ပါးက ကျောင်းကြီးဆီသို့ထွက်ခွာ[illegible]
ကာ ခဏကြာတော့ သိမ်ကလေးထဲသို့ ပြန်လာသည်။

''ဆရာတော်က ကိုရင်ထွန်းကျော်ကို ကျောင်းကြီးဆီခေါ်ထ[illegible]
မှာလိုက်တယ်''

ထို့နောက် ကပ္ပိယကြီးနှင့်အတူ ကိုရင်(၃)(၄)ပါးခန့်က ကို[illegible]
ထွန်းကျော်အားထမ်းကာ ကျောင်းကြီးပေါ်သို့ ခေါ်ဆောင်လာခဲ့[illegible]
တော့သည်။

❦ ❦ ❦

❑

ထွန်းကျော်ကို သက်နိုးဝတ်ပေးသည့်ညတွင် ရွာဦးကျော[illegible]
ကလေးဌ ထွန်းကျော်တစ်ယောက် ယခင်နေ့ညကကဲ့သို့ ဝမ်းဗိုက်[illegible]
မရပ်နိုင်အောင်အောင့်ကာ ဝမ်းများလျှောခဲ့သည့် သတင်းများက ရော[illegible]
တစ်နေ့တွင် ဒုတိယအကြိမ်အဖြစ် ပေါ်ထွက်လာခဲ့ပြန်သည်။ ဤ[illegible]
မိဘများမှ စိုးရိမ်သထက်စိုးရိမ်လာကြကာ မေးပြန်းရတော့သည[illegible]
လှခင်အား မိဘများက . . .

''ဟော့ကောင် . . . လှခင်၊ မင်းတို့ သူငယ်ချင်းတစ်စု မြေသွေး[illegible]
အသုဘချတဲ့နေ့က သချိုင်းမှာ ဘာတွေနောက်ခဲ့ပြောင်ခဲ့ကြသလဲ[illegible]
ပြန်ပြောစမ်း''

''ကျွန် . . . ကျွန်တော်အမှန်အတိုင်း ပြောပါတော့မယ် အဖေ။[illegible]
ကျွန်တော်တို့ ကိုမြသွေးရဲ့အသုဘကို ခရားပင်ကုန်းသုသာန်လေးကို[illegible]
ပို့တဲ့နေ့က သုသာန်တစ်နေရာကနေ ဒီမိန်းကလေးတစ်ဦးရဲ့[illegible]
ပုံလေးတစ်ပုံကို ကောက်ယူခဲ့ပါတယ်။ ဒီမှာပါ အဖေ''

ထို့နောက် မိမိပိုက်ဆံအိတ်ကလေးထဲတွင် ထည့်ညှပ်ထား[illegible]
မိန်းကလေးရဲ့ဓာတ်ပုံလေးကို ထုတ်ရှာပြလေသည်။

''ဟာ . . . မင်းတို့အတော်ခက်တဲ့ကောင်တွေပဲကွာ။ မလုပ်[illegible]
ကောင်းတာတွေ လုပ်ခဲ့ကြတယ်။ ကြည့်စမ်း . . . ကြည့်စမ်း တော်[illegible]
ဘာပေါ့။ မသေကောင်း မပျောက်ကောင်း ဒါမျိုးဆိုတာ မစမ,နောက်[illegible]
ကွာ။ ရပ်ဝေလေ့ရှာဝေလေ့ဆိုတာ ရှိတယ်။ ရွာကို ခိုက်တတ်တယ်။[illegible]
ကြီးသူမတွေရဲ့ ပြောသံဆိုသံတွေကို မင်းတို့မကြားဖူးဘူးလား''

လှခင် တစ်ယောက်ကတော့ တုံ့ဏှိဘာဝေလုပ်နေတ[illegible]။ မိမိပြု[illegible]
ခဲ့ကြသော အလုပ်မှားတစ်ခုအပေါ်က စိုးရိမ်စိတ်၊ ကြောက်ရွံ့စိတ်[illegible]
ကြောင့် ထိတ်လန့်နေပုံရသည်။

''အဲဒီဓာတ်ပုံလေးရဲ့ပိုင်ရှင် အမျိုးသမီးလေး သိပ်ကိုချောတော့[illegible]
ကျွန်တော်တို့သူငယ်ချင်းတစ်စု ဓာတ်ပုံလေးကို သူကယူလိုက်၊ ငါက[illegible]
ကိုက်နဲ့ တစ်ယောက်တစ်ပေါက် သားပြောမှယားပြော ဆိုတာမျိုးတွေ[illegible]
ကောင် ပြောခဲ့မိပါတယ် အဖေ''

''အင်း . . . ကျော်မကောင်း ကြားမကောင်းကွာ။ တစ်ရွာလုံး[illegible]
ပျက်ရပ်လုံးမှာလည်း အုတ်အော်သောင်းနင်းကိုဖြစ်လို့။ မဖြစ်ဘူး[illegible]

www.burmeseclassic.com

www.burmeseclassic.com

မဖြစ်ဘူး။ ဒီအတိုင်းဆိုရင် မတွေးရဲစရာဆိုးကျိုးတွေ တစ်ဆင့်ပြီး
ဆင့် ဖြစ်လာနိုင်တယ်။ ရွာလူကြီးတွေနဲ့တိုင်ပင်ပြီး ဒီဓာတ်ပုံကိုလည်
သုသာန်မှာပြန်ထားရမယ်။ စော်ကားမော်ကား။ သားပြောမယားပြော
ပြောဆိုမိတဲ့ ဝိညာဉ်ပိုင်ရှင်မိန်းကလေးကိုလည်း မင်းတို့တောင်း
ရမယ်''

ထိုနေ့ညတွင် လှခင်တစ်ယောက်မှာ ဘာမှမဖြစ်သော်လည်
အောင်မောင်းတစ်ယောက်မှာကတော့ ထူးဆန်းသောအိပ်မက်တစ်ခု
မြင်မက်လေတော့သည်။ ည(၁၂)နာရီခန့်တွင် မိမိတို့နေထိုင်ရာ
ကလေးဆီသို့ အရပ်ရှည်ရှည်ထောင်ထောင် မောင်းမောင်းနှင့် လူ
ယောက်ဝင်လာကာ . . .

''အောင်မောင်း . . . ဒီအိမ်မှာ အောင်မောင်းဆိုတာ ရှိသလား
လို့မေးတယ်။ အဲဒီအခါမှာ အောင်မောင်းက အိမ်ရှေ့တံ
ပေါက်ကလေးနားကိုထွက်လာပြီး အိမ်ရှေ့လမ်းမပေါ် ကြည့်လိုက်တာ
လူတစ်ယောက်နဲ့ ခွေးနက်ကြီးတစ်ကောင်က အိမ်ရှေ့မှာရပ်ရင်း . . .

''ဟေ့ကောင် . . . အောင်မောင်းဆိုတာ မင်းလား''

''ဟုတ် . . . ဟုတ်ပါတယ်၊ ကျွန်တော် အောင်မောင်းပါ''

''မင်း သုံးလေးရက်ခန့်က ခရားပင်ကုန်းသုသာန်က
ကလေးတစ်ယောက်ရဲ့ ဓာတ်ပုံကိုယူလာပြီး သားပြောမယားပြော
ကြတဲ့သူတွေထဲမှာ မင်းရောပါတယ် မဟုတ်လား''

''ကျွန် . . . ကျွန်တော် မပါပါဘူးခင်ဗျာ''

''ဟေ့ကောင် . . . ငါ့ကို ညာမနေနဲ့ မင်းလည်းပါတယ်
အေး . . . မင်းတို့ကောင်တွေ ကြပ်ကြပ်သတိထား။ မင်းတို့ထဲ
တစ်ယောက်ယောက်ကို သေအောင်လုပ်မယ်''

ထိုသို့ကြိမ်းဝါးပြီးနောက် ရွာမြောက်ပိုင်းခရားပင်ကုန်သုသာန်
လေးရှိရာဘက်ဆီသို့လှည့်၍ ပြန်သွားလေတော့သည်။ အိပ်ရာမှလန့်
နှိုးလာသော အောင်မောင်းတစ်ယောက် မိမိမြင်မက်ခဲ့သော အိပ်မက်
ကိုတွေး၍ ကြောက်နေမိသည်။

''အမေ . . . အမေ ထပါဦး''

''ဟဲ့ . . . ဘာဖြစ်လို့လဲ၊ ဝိုက်အောင့်ပြန်ပြီလား''

''ဝိုက်အောင့်လို့မဟုတ်ဘူးအမေ။ အမေ့ကို သားပြောစရာ
ရှိလို့''

အမေအိပ်ရာမှနိုးလာသည်တွင် လွန်ခဲ့သောသုံးလေးရက်ခန့်
က မိမိတို့ဖြစ်ပျက်ခဲ့သော အဖြစ်လေးများကို အစမှအဆုံးတိုင်
အမေ့အား ပြောပြလိုက်သည်။

''အိုကွယ် . . . မင်းတို့ကလည်း မလုပ်ကောင်းမလုပ်အပ်
တာတွေ လုပ်ခဲ့ကြတယ်။ ကြည့်စမ်း . . . ကြည့်စမ်း၊ လူကြီးတွေ ခုမှ
သိရတယ်။ အချိန်မီလို့ တော်သေးတာပေါ့။ တစ်ခုခုဖြစ်ပြီးမှသာ သိရ
ရင် ရင်ကျိုးပြီ။ မဖြစ်ဘူး။ မနက်လင်းရင်တော့ ရွာကလူကြီးတွေနဲ့
တိုင်ပင်ပြီး တစ်ခုခုလုပ်မှ ဖြစ်တော့မယ်''

မကြာမီ သန်းခေါင်ကြက်တွန်သံတစ်ခုက ရွာကလေးပေါ်သို့
ပြန့်ကျဲကျဲရင်း ကျွေးရောက်လာတော့သည်။ အရုဏ်တက်အစိတ်အပိုင်းတစ်ခု
ဆီဦးတည်ရင်း နီးကပ်လာသည်မို့ ညကအေးစိမ့်စိမ့်ချမ်းချမ်းလာသည်။
အမောကိုယ်စီသက်ပြင်းကိုလေးတွဲစွာချရင်း ရွာသူရွာသား အားလုံး
ကတော့ အိပ်မောကျရင်း တိတ်ဆိတ်လျက်ရှိနေကြသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

❑

ဒီနေ့ မန်ကျည်းပင်အိုင်ရွာကလေးထိပ်က ခရားပင်ကုန်းသုသာန်လေးမှာ ရွာလူကြီးသုံးလေးယောက်ခန့်နဲ့အတူ ကန်တော့ပွဲလေးတစ်ပွဲကိုပေးပြီး လှခင်တို့အုပ်စု သွားတောင်းပန်ကြတယ်။ ခရားပင်ကုန်းသုသာန်လေးထဲရောက်ပြီး ဓာတ်ပုံလေးကောက်ယူခဲ့ရာနေရာလေးမှာ ကန်တော့ပွဲလေးနဲ့ဓာတ်ပုံလေးကိုထားရင်း ဖိုးလေးသာခင်က . . .

"ကဲ . . . ကဲ ပရလောကမှ မတွေ့မမြင်နိုင်တဲ့ ဒီဓာတ်ပုံပိုင်ရှင် မိန်းကလေးကို ကျေးပ်တို့ရွာမိရွာဖလူကြီးများက လေးလေးစားစားနဲ့ တောင်းပန်ပါတယ်။ အမိုက်အမဲကလေးတွေကို ခွင့်လွှတ်ပေးပါ။ မသိနားမလည်လို့ နောင်ပြောင်ကျီစယ်ခဲ့မိတာတွေ အားလုံးကိုလည်း ခုချိန်ကစလို့ ကျေကျေနပ်နပ်ခွင့်လွှတ်ပေးပါ။ နောက်နောင်ကိုလည်း ဒီလို အဖြစ်မျိုးတွေ မဖြစ်စေရပါဘူး။ ကျေနပ်တယ်။ ခွင့်လွှတ်တယ်ဆိုရင် ကျေနပ်ကြောင်း၊ ခွင့်လွှတ်ကြောင်း သိသိသာသာပြပါ"

ရွာသူကြီးဦးသာခင် ထိုသို့ပြောလိုက်သည်နှင့် ချက်ချင်းဆိုသလို လေများက တဟူးဟူးအော်မြည်ရင်း သုသာန်ထဲရှိ သစ်ပင်သစ်ကိုင်များ ဘယ်ညာယိမ်းနွဲ့ လှုပ်ရှားရင်း(၁)မိနစ် (၂)မိနစ်ခန့် တိုက်ခတ်သွားကြသည်။

လှခင်တို့လူစုနှင့် ရွာလူကြီးများ အားလုံးကလည်း မကျွတ်လွတ်တဲ့ ပရလောကမှမိန်းကလေးအား အမျှသုံးကြိမ်ပေးဝေကြရင်း မိမိတို့၏ မန်ကျည်းပင်အိုင်ရွာကလေးဆီသို့ ပြန်လာခဲ့ကြတော့သည်။ ထိုနေ့မှစ၍ ညစဉ်ညစဉ်(၁၂)နာရီခန့်တွင်ခွေးနက်ကြီးတစ်ကောင်သည် ခရားပင်ကုန်းသုသာန်လေးဘက်ဆီမှ ရောက်ရောက်လာပြီး မန်ကျည်းပင်အိုင်ရွာကလေးဆီသို့ ထိုးကာဟောင်နေသည်ဟူသော သတင်းစကားလေးများက တစ်စတစ်စမှိန်ဖျော့လာရင်း နောင်အခါတစ်စွန်း တစ်ဝက်မှပင် မကြားရတော့ဘဲရှိလေတော့သည်။

❦ ❦ ❦

- ပင်းဒေါင်ကျော်

www.burmeseclassic.com

www.burmeseclassic.com

ဒေးစွန်ပါတောင်တော်မြတ်မှ ရသေ့ကြီးပေးသော ဣဏ္ဍာသယဆေး(၃)လုံး

❑

ကြာကြာညောင်းညောင်း ကာလအတော်ကြာကြာအထိ ဝေဝေ ဝါးဝါးနိုင်လှသော ဓေါသအဟုန်တို့သည် ဟုန်းဟုန်းတောက် ရုတ်ချည်း အေးမြလာကြ၏။ မှတ်မှတ်ရရ ဒီဇင်ဘာလ(၂၄)ရက်ဆိုသော ရက်လေး တစ်ရက်၊ နှစ်စဉ်ဆောင်းရက်များတွင် ခရီးတစ်ခု(သို့)တစ်ခုသွားလာ တတ်သော ဝိမိတ်ဇနီးမှဦးဆောင်ဦးရွက်ပြုရင်း ဤနှစ်များတွင်တော့ ဒေးစွန်ပါတောင်တော်မြတ်နှင့် ပဲခူးဘုရားဝိုဏ်းရန် ဘီအမ်ကားကြီးတစ်စီး ဖြင့် လမ်းသူ၊ လမ်းသား(၅၀)ခန့်တို့က နံနက်(၆)နာရီခန့်တွင် ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com

မှ ထွက်လာခဲ့ကြသည်။

လမ်းခရီးတစ်လျှောက် ဘေးဘီဝဲယာတစ်ခုတွင် ချုံပုတ်ချုံနွယ်တောတန်းသစ်ပင်များကို တွဲခိုခြုံသိုင်းထားသော နှင်းတွေက တဖွေးဖွေး ရပ်ကွက်သားတချို့နှင့်ရောနှောရင်း ကားဇ၀ါနောက်ဆုံးဘက်အလယ်တန်းခုံတန်းများတွင်ထိုင်ကာ လိုက်လာရင်း နံနက်(၉)နာရီခန့်တွင်တော့ ပဲခူးရိုးမ၏ တောင်စွယ်တောင်တန်းတစ်ခုဖြစ်သည့် ဒေးစွန်ပါတောင်တော်မြတ်၏ခြေရင်းဆီသို့ ရောက်ကြ၏။ မိမိတို့ကားပေါ်မှဆင်းရန် ပစ္စည်းများချနေစဉ်အတွင်း တချို့သော ဘုရားဖူးခရီးသည်များက ဒေးစွန်ပါတောင်ပေါ်သို့ တက်နေနှင့်ကြပြီ။ ဒေးစွန်ပါတောင်တော်ကြီးသည် သစ်ပင်သစ်ရိပ်များဖြင့် အုံ့ဆိုင်းမှိုင်းညို့ရင်း တောရိပ်တောင်ရိပ်များကြောင့် နံနက်(၉)နာရီဆိုသော်လည်း နှင်းများက နေရာအနှံ့ဖွေးဖွေးသိုင်းခြုံနေသည်။

တောင်တော်ပေါ်သို့ တက်ရာလမ်းသည် လူသွားစကြံ့များ ဆောက်ထား၍ တောင်ကြောများတည်နေမှုအလိုက် ကွေ့လိုက်ကောက်လိုက်၊ နိမ့်လိုက်၊ မြင့်လိုက် တည်ဆောက်ထားသည်။ လူသွားစကြံ့ တစ်ဖက်တစ်ချက်တွင် အများအပြားရှိသည်က နတ်ကွန်းနှင့် နတ်နန်းများ။ စကြံ့တစ်လျှောက်တွင်လည်း ယောဂီဝတ်များစွာကို တွေ့ရှိရသည်။ ဤတောင် တောစခန်းသည် တရားအားထုတ်ကျင့်ကြံရာ အရိယာနွယ်ဝင်ပုဂ္ဂိုလ်တို့၏ သာသနာ့နယ်မြေတစ်ခုဖြစ်သည်။ ကားပေါ်မှအဆင်း

"အစ်မကြီးတို့မှာ ခေါင်းဆောင်က ဘယ်သူလဲ"

ကားဒရိုင်ဘာရဲ့ မေးသံစကားအဆုံး . . .

"ကျွန်မပဲ . . . "

"ဒါခင်ဗျ နာရီကို တိုင်ပင်သတ်မှတ်ပေးပါ အစ်မ"

"ကဲ . . . အားလုံး(၁၀း၃၀)နာရီကျရင် ပြန်ထွက်ကြမယ်"

ထို့နောက် မိမိတို့မိသားစု ညီတော်မောင်ကိုကျော်ဆန်းတို့ ဇနီးမောင်နှံ၊ တူမလေးချောစုတို့သားအမိ စုစုပေါင်း(၈)ယောက်က တောင်တော်မြတ်၏ခြေရင်းတွင် ဖြန့်ခင်းထားသည့် စကြံ့လှေကားများကို တရွေ့ရွေ့တက်လာခဲ့သည်။

"အမေကြီး သားကိုပိုက်ဆံအကြွေတွေ ပေးသားယောဂီတွေကို အလှူခံထည့်ချင်လို့ဆို၍ ဇနီးလုပ်သူထံပြေးလာရင်း တောင်းဆိုနေသော သားငယ်ပိုင်ပိုင်အား မိခင်ဖြစ်သူက ရန်ကုန်မှယူဆောင်ထည့်သိုလာသည့် တစ်ဆယ်တန်အကြွေများကို ပေးလိုက်သည်။ လမ်းခရီးသည် လှေကားထစ်များခင်းထားသော်လည်း တောင်ကြောများအလိုက် ဖောက်ထားသည်ဖြစ်၍ တချို့နေရာများတွင် အလွန်မြင့်မားသောကုန်းများကို တက်ရသည်။

"အေးလေမောလိုက်တာ ကျွိုက်ထီးရိုးတက်ရသလိုပဲ"

ဟူသည့် ညီမလှလှရီနဲ့ တူမလေးချောစုတို့ နှစ်ယောက်ကို အားပေးရင်း ကျွန်တော်နဲ့ ညီမောင်ကျော်ဆန်းတို့မှ ဦးဆောင်ရင်း တဖြည်းဖြည်း တက်လာခဲ့ကြသည်။ သားလေးနှစ်ယောက်ဖြစ်သည့် ရဲထက်နဲ့ ပိုင်ပိုင်တို့နှစ်ယောက်မှာတော့ ကလေးများပီပီစကြံ့တစ်ဖက်တစ်ချက်ကို အလှူခံပုဂ္ဂိုလ်များ ယောဂီဝတ်များကို အလုအယက်အလှူငွေများကိုထည့်ရင်း မိမိတို့ရှေ့မှပြေး၍ တက်သွားကြတော့သည်။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

❑

မြွေလိမ်မြွေကောက် ကြောင်လိမ်လေ့ကားသဖွယ် လမ်းများကိုတက်လာရင်း နာရီဝက်သာသာခန့်ကြာတော့ ဒေးစွန်ပါတောင်တော်မြတ်ပေါ်သို့ ရောက်ရှိကြသည်။ ဒေးစွန်ပါဘုရားမှာ တောင်တွင်ထိပ်များတွင်တည်ထားသော စေတီငယ်တစ်ခုသာဖြစ်သည်။ စေတီပတ်ဝန်းကျင်တွင် ဘုန်းကြီးကျောင်းများ၊ ဓာတ်နန်းများစွာကိုတွေ့ရသည်။ လက်သမားတချို့ ဘုရားစောင်းတန်းများကို ပြင်ဆင်ပြုလုပ်တည်ဆောက်နေသည်ကိုလည်း တွေ့ရသည်။ ဘုရားကိုတစ်ပတ်ပတ်ရင်း မိမိတို့၏ဘုရားဖူးခရီးသည်များကိုရှာဖွေမိ၏။ တစ်ဦးတစ်ယောက်မျှပင် အစအနမတွေ့ရ။

နေလုံးသည် ပိန်းပိတ်နေသော နှင်းများကြားက အတင်းခွဲ၍ တက်လာသည်။ နုထွေးသော နေခြည်စများက ဘုရားပရိဝုဏ်ပေါ်သို့ ဖြာဆင်းကျရောက်လာသည်။ ဘုရားကုန်းတော်ပေါ်မှ အနောက်ဘက်သို့ကြည့်လိုက်သည့်အခါ ခပ်ပျပျ တောင်ကုန်းငယ်တစ်ခုပေါ်တွင် ကျောင်းသခ်မ်းတစ်ခုနှင့် ဘုရားတစ်ဆူကိုတွေ့ရသည်။ ဘုရားဖူးတချို့ကို မေးမြန်းကြည့်သည်တွင် ကျိုက်စွန်ပါဘုရားတစ်ဆူကို တွေ့ရပြန်သည်။ နွားဝှေ့တောင်ဘုရားဟူ၍ သိရသည်။ လက်တွင်ပုတီးလေးကိုင်၍ သွား

လာနေသော ယောဂီတစ်ပါးအား . . .

"ဆရာလေး ရန်ကုန်က ဘုရားဖူးတွေ မတွေ့မိဘူးလား။ ဘယ်ဘက်ကို ဆင်းသွားတာ မြင်လိုက်ပါသလဲခင်ဗျာ" ဟုမေးမြန်းရာ

"မမြင်လိုက်ဘူး"

ဟူသည့် မရေမရာ အဖြေတစ်စကိုသာ ရလိုက်သည်။ နွားဝှေ့တောင်ဟူသော အိုးစည်ဝုံမောင်းဆိုင်းသံများကို ကြားနေရသည်။ သားမြစ်သူ ပိုင်ပိုင်မှ . . .

"ဖေဖေကြီး နွားဝှေ့တောင်ကိုသွားမယ်၊ ဆိုင်းသံဗုံသံတွေ လည်းကြားတယ်၊ သွားကြည့်ရအောင်။ သို့သော်လည်း ဇနီးလုပ်သူမှ ဒေးစွန်ပါတောင်တော်မြတ်၏ အနောက်စွန်းစွန်းမှဘုရားဆီသို့သာ လက်ညှိုးညွှန်းပြနေရင်း . . .

"လာပါ . . . တစ်ခါတလေလာတာ ဟိုက ကျိုက်စွန်ပါဆိုတဲ့ ဘုရားဆီကိုပဲသွားကြရအောင်ဟု ပြောပြောဆိုဆိုရှေ့မှဦးဆောင်ရင်း သားငယ်အားလက်ဆွဲ၍ ဘုရားကုန်းတော်ပေါ်မှဆင်းသွားသော ဇနီးသည်၏နောက်သို့ ကျွန်တော့်သားကြီးရဲထက်၊ ညီမောင်ကျော်ဆန်းတို့ ဇနီးမောင်နှံ တူမလေးချောစုတို့သားအမိ အပြေးလိုက်ရင်းဆင်းလာခဲ့ကြသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

❑

လက်မှုနာရီကိုကြည့်တော့ နံနက်(၁၀)နာရီရှိပြီ။ နာရီဝက်သာ သာအချိန်လေးနှင့် ဤတောင်ထိပ်ရှိဘုရားသို့ ရောက်နိုင်ပါ့မလားဟု သောအတွေးဖြင့် ခပ်ဖြည်းဖြည်းဆင်းလာခဲ့သည်။ တောလမ်းများသည် လူအသွားအလာနည်းပါးခြင်းကြောင့် ကောင်းကောင်းမွန်မွန်ဟူ၍ သိပ်မရှိလှ။ လမ်းများကိုမှတ်သားထားသည့် အမှတ်အသားအဖြစ် ထိန်ချဲ့သစ်ပင်များတွင် ချည်နှောင်ထားသော သာသနာ့အလံလေးတချို့တို့ တွေ့ရသည်။

တောလမ်းများ၏ တစ်ဖက်တစ်ချက်မှ လျှိုကြီးများမှာ ကြောက်မက်ဖွယ်လိလိ နက်ရှိုင်းနေသည်။ ချုံနွယ်ပိတ်ပေါင်းများ၊ ထိန်ချဲ့များက နေပြောက်ထိုးရ၍ပင်မရနိုင်အောင် ထူထပ်နေသည်။ ဘုရားရှိခိုးရာ ဥည့်သည်များထဲမှ တစ်ယောက်ဖြစ်သည့် ကိုအုန်းသိန်းဆိုသူမှာ သားဖြစ်သူအားရှာဖွေရင်း မိမိတို့အုပ်စုနှင့် ပါလာသည်။ ကိုအုန်းသိန်းမှာ ရဲထက်၊ ပိုင်ပိုင်တို့နှင့် ရှေ့မှခပ်သွက်သွက်သွားကြရင်း အတန်ကြာတော့ လူစလူနပင် မတွေ့ရတော့။ တောလမ်းသည် မြင့်သွားသော တောင်ကုန်းများကိုမော့၍ တက်နေရာမှ အတန်ငယ်ပြေး၍သွားရင်း လျှိုကြီးများထဲသို့ ခဲရာခဲဆစ်တက်ရပြန်သည်။ အဆင်းလေ့ကားထမ်

များ။ အတက်လေ့ကားထမ်များကိုလျှောချ၍ ခြေချော်မကျစေရန် ကတုတ်သဖွယ်တုတ်ခံ၍ ဝါးများဖြင့် ပြုလုပ်ထားသည်။

"ဟေး . . . တို့တော့လာမိတာမှားပြီထင်တယ်"

ဇနီးလုပ်သူမှာ ညည်းလိုက်သည်။ ထို့နောက်တောတန်းတစ်ခုထက်တွင် တစ်ထောက်နားကြသည်။ ထိုအခိုက် ကျိုက်စွန်ပါဘုရားမှ ပြန်လာသော ဘုရားဖူးညည့်သည်(၃)(၄)ဦးနှင့် တွေ့ဆုံသည်။ တူမလေးချောစုမှ . . .

"ရောက်ဖို့နီးပြီလား၊ ဘယ်လောက်လိုသေးလဲ" ဟူသောအားကို အမေးလှုကြီး(၂)ဦးမှ . . .

"ရောက်တော့မယ် နီးနီးလေးပဲလိုတော့တယ်၊ တက် တက်"

ဟု ပြောဆိုသွားသော်လည်း ထိုသူများနှင့်ပါလာသည့် မိန်းကလေးတစ်ဦးကတော့ အဝေးကြီးရှိသေးတယ်။ တောင်(၃)ခုကို တောင်၊ တက်ရဦးမှာဟု ဆိုသည်။

မိမိတို့အားလုံး မောပန်းနွမ်းဟိုက်ကာ နေကြသည်။ ရောက်ဘုရောက်လုနှင့် တက်လာခဲ့သော်လည်း ခရီးကမနီးသေး ဝေးမြဲဝေးဆုက်၊ မိမိမှာဇနီးလက်ကိုဆွဲ၍ တောင်ကြောတစ်ခုပေါ်သို့ တက်ရင်း . .

"အဲဒါ မင်းရှည်တာ။ ဟိုခပ်နီးနီးက မြင်ရတဲ့နွားဥ့ တောင်ကိုဘဲသွားပါဆိုတာကို ပြောမရဘူး။ ဒီတောင်ဘက်ကို ဆင်းလာတယ်"

"ကျုပ်လည်း ဘယ်သိပါ့မလဲတော်၊ နီးမယ်ထင်လို့လာခဲ့တာပေါ့"

အချိုးအကွေ့ လမ်းကလေးများကိုရောက်တိုင်း ပင့်သက်ကို ရှိုက်ရင်းအမောဖြေမိ၏။ တူမလေးချောစုကတော့ တောင်ကုန်းလေးထက်သစ်ပင်ရိပ်တွင် ခြေပစ်လက်ပစ်ထိုင်ရင်း အတန်ကြာတဲ့အထိ

www.burmeseclassic.com

www.burmeseclassic.com

အမောပြေလျှက်ရှိနေတော့၏။ ထိုအခိုက် . . .

မိမိတို့ထိုင်၍ နားနေသည့် လျှိုထဲရှိ စမ်းချောင်းလေးသော
မြောင်ရှိထွက်လာသော အသက်(၆၀)အရွယ်ခန့်ရှိသည့် အဘိုးကြီ
တစ်ဦးကို တွေ့ရသည်။ အဘိုးကြီးသည် သစ်ကိုင်း၊ သစ်ခြောက်များ
နွယ်များဖြင့်ချည်၍ ထမ်းလာသည်။ ကျောတွင်လည်း ဝါးကျည်တောက်
ရေဖူးကြီးတစ်လုံးကို လွယ်ပိုး၍ထားသည်။

မိမိမှစတင်၍

''အဘ . . . အဘ ကျိုက်စွန်ပါဘုရားကို ရောက်ဖို့တော်ထော
လိုသေးလား'' ဟူ၍မေးလိုက်သည်။

''မလိုတော့ပါဘူး၊ ရောက်တော့မှာပါကွဲ့။ ဒါနဲ့သားတို့
ကျိုက်စွန်ပါဘုရားဖူးဖို့ လာကြတာလား''

''ဟုတ်ပါတယ် အဘ၊ ဒေးစွန်ပါတောင်တော်မြတ်ကြီးကို
ရင်း ဒီဘက်မှာရှိတဲ့ ကျိုက်စွန်ပါဘုရားကိုဖူးချင်လို့ ဆင်းလာခဲ့တာပ
''အင်း . . . မင်းတို့ တော်တော်မောနေကြပြီပဲ''

မိမိတို့နားနေသည့် တောင်ကုန်းလေးနားတွင် ထမ်းလာ
ထင်းခြောက်များကိုချလိုက်ပြီး ခါးတွင်လွယ်ပိုးထားသော ရေဘူးဝါးကျည
တောက်ကြီးကိုဖြုတ်ကာ . . .

''ကဲ . . . ရော့ . . . ရော့။ ဒီဆေးလေး(၁)လုံးကို
သောက်လိုက် သောက်လိုက် အမောပြေသွားမယ်''

ပြိုင်တူဖြန့်လိုက်ကြသော မိမိတို့၏လက်များထဲကိုတော့
ညစ်ညစ်စေတီသဏ္ဌာန် ထိပ်ချွန်ချွန်ဆေးလုံးလေး(၃)လုံးကိုထည့်
လိုက်သည်။

''ကျန်တဲ့နှစ်လုံးကို အိမ်ရောက်ရင် ပုလင်းလေး(၁)လုံ

ည် ရေနဲ့ရောပြီး သတ္တဝါအပေါင်းကို ဆေးပါးအဖြစ်နဲ့လှူ။ ကျန်တဲ့
နောက်) တစ်လုံးကိုတော့ စီးပွားရေးလုပ်ငန်းကိုင်ငန်း အရောင်းအဝယ်
ဆိုတဲ့တွေအတွက် အသုံးပြုကြားလား''

''ဟုတ် . . . ဟုတ်ကဲ့ပါအဘ''

အဘိုးအိုပေးသော ဆေးလုံး(၃)လုံးအနက်(၁)လုံးစီကို ရောဂူ
ကျည်တောက်ကြီးထဲမှရေများနှင့် ကိုယ်စီသောက်လိုက်ကြသည်။ အံ့ဩ
ခြားစွာ ညောင်းညာနေသော အညောင်းအညာများက ယူပစ်လိုက်
သလိုပျောက်သွားပြီး မောပန်းနေသော အမောများက ဘယ်မှာဘယ်ဆီ
ပျောက်သွားကြသည်မသိ။ လန်းလန်းဆန်းဆန်းဖြစ်၍ သွားတော့သည်။

ထို့နောက်အဘိုးအိုမှ

''ငါ့သားတို့က စိတ်အားထက်ထက်သန်သန်နဲ့ ဒီဘုရားကိုဖူး
ချင်နေတာကိုးကွ။ ဒီဘုရားက တောင်(၃)ခုကိုကျော်ပြီးမှရောက်တယ်။
ခက်ကြမ်းတယ်။ ဒါကြောင့် ဘုရားဖူးအတော်များများက မလာမသွား
ကြဘူး။ ထူးထူးချွန်ချွန်လာတဲ့ ဘုရားဖူးတချို့တလေတော့ ရှိပါရဲ့ ဒါပေမဲ့
မကျေနပ်ကြဘူး။ ဒီနေရာတစ်ဝိုက်ကပဲ လှည့်ပြန်သွားကြတာများတယ်''

''ဒါနဲ့ သားတို့၊ သမီးတို့က ဘယ်အရပ်ကလာကြတာလဲကွဲ့''

''ကျွန်တော်တို့ ရန်ကုန်ကလာကြတာပါအဘ''

အဘိုးအိုကိုကြည့်တော့ မုတ်ဆိတ်ကျင်စွယ်တချို့က သုတ်
ပြောထားမှုမရှိ ညိုဖျော့ဖျော့ အသားအရောင်ပေါ်တွင် ရှုပ်ရှုပ်ထွေးထွေး
ဖြစ်နေကြ၏။ ကိုယ်ခန္ဓာပေါ်တွင် အင်္ကျီမရှိ ခါးအောက်ပိုင်းတွင်တော့
ပိုဝတ်ညစ်ပုံဆိုးတစ်ထည်ကို ဝတ်ထားသည်။ အတန့်ကြာတော့ တောင
ကြားများပေါ်သို့ အုံ့ဆိုင်းနေသော သစ်ပင်များဆီအကြည့်တစ်ခုံ
ကြည့်လိုက်ပြီးမှ . . .

www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . ကဲ သွားကြ၊ သွားကြ၊ ရောက်ပါပြီ။ နေလည်ပြင့်သွားပြီ။ အင်း . . . ခုလောက်ဆို အမောတွေပြေသွားကြရောပေါ့"

"ဟုတ်ကဲ့ . . . ကျေးဇူးပါပဲအဘ၊ ကျွန်တော်တို့ကိုခွင့်ပြုပါဦး"

"အေး . . . အေး . . . ကောင်းပါပြီကွယ်"

မိမိတို့တောလမ်းကလေးကို ဆက်ရန်ခြေလှမ်းစမိတော့ ဇို အဘိုးအိုသည် ထင်းခြောက်လေးများကိုထမ်းကာ လျှိုတစ်ခု၏လမ်းကလေးအတိုင်းဝင်ရင်း လျှောက်၍သွားတော့သည်။

♛ ♛ ♛

❑

ခပ်ပြေပြေ တောင်ကုန်းလေးတစ်ခုကို ကျော်လိုက်တော့ ကျောင်းသစ်မ်းလေးတစ်ခုကို ဘွားခနဲတွေ့လိုက်ရသည်။ တောင်ထိပ်တွင် တည်ထားသော စေတီမှာ ရွှေရောင်များ တဖိတ်ဖိတ်လက်လာရုံ ဆည်းလည်းသံလွင်မြမြကိုပင် ကြားနေရသည်။

"ရောက်ပြီဟေ့၊ ရောက်ပြီ"

ဟု ရှေ့မှသွားနေသော မောင်ကျော်ဆန်းမှ ဝမ်းသာအားရ အော်လိုက်သည်။

"ရောက်ပြီလားဟေ့"

အမေးတစ်ခုကို ထပ်ဆင့်ရင်း မိမိတို့တစ်သိုက်ခြေလှမ်းများကို ခပ်သွက်သွက်နှင်လိုက်သည်။

တောင်ထွတ်သည် ထင်ထားသည်ထက် မတ်စောက်နေသည်။ တောင်ထိပ်ဘုရားပေါ်သို့တက်ရန် လှေကားထစ်များကိုတော့ကျောက်သားတို့ဖြင့် သေသပ်ကျွန်စွာ တည်ဆောက်ထားသည်။ ထိုအနိုက်ကျိုက်စွန်ပါဘုရားပေါ်မှ သားနှစ်ယောက်နှင့်အတူ ရှေ့မှဦးဆောင်သွားနှင့်နေသော ကိုအုန်းသိန်းဆင်းလာသည်။

"ဝေးလိုက်တာ အစ်မရာ၊ ဟိုဘုရားဖူးအဖွဲ့တွေ ဘယ်တက်နိုင်မှာလဲ၊ ကျွန်တော်တို့တောင် မနည်းတက်ရတာ"

"ဟဲ့ . . . ငါတို့လည်း မနည်းတက်ခဲ့ရတာ။ မောလို့လမ်းမှာ နားနားပြီးနေရသေးတယ်။ ဩော် . . . . ဒါနဲ့နင်တောထဲမှာ အဘိုးကြီးတစ်ယောက်နဲ့မဆုံခဲ့ဘူးလား"

"ဟင့်အင်း . . . မဆုံဘူး။ ဘုရားက ပြန်လာတဲ့ဘုရားဖူးခရီးသည် တစ်ဦးစနှစ်ဦးစနဲ့တော့ တွေ့တယ်။ ဘာပြုလို့လဲ အစ်မ"

ကိုအုန်းသိန်းမှ အမေး . . .

"ငါတို့မောလို့ ထိုင်နားနေရင်းတောထဲမှ အဘိုးအိုတစ်ဦးနဲ့ ဆုံတယ်။ ဆေးလေး(၃)လုံးကိုပေးတယ်၊ (၁)လုံးကိုသောက်လိုက်တဲ့ အမောပြေသွားမတဲ့။ ငါတို့လည်း သူပေးတဲ့ဆေးသောက်ပြီး အမောပြေသွားလို့ ဆက်ပြီးတက်လာခဲ့တာ"

"ကျွန်တော်တော့ ဘာအဘိုးအိုမှ မဆုံတွေ့ခဲ့ပါဘူး"

ထို့နောက် မိမိတို့စကားပြောနေရာသို့ ကပ္ပိယတစ်ဦးမှရောက်ရှိလာရင်း . . .

"ဒါယကာ၊ ဒါယိကာမကြီးတွေ ဘုရားပေါ်တက်အပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးရှိတယ်၊ ဆရာတော်ကြီးက ဖူးရခဲတယ်''

ဟုဆိုလာသဖြင့် မိမိတို့အုပ်စုဘုရားပေါ်သို့ တက်လာခဲ့ကြ သည်။ ဘုရားပရိဝုဏ်သည် မကျယ်လှ၊ ကျောင်းသခ်မ်းလေးထဲမှ လိုက်တော့ သီတင်းသုံးနေသော ဆရာတော်ကြီးတစ်ပါးကို တွေ့ရသည်။ ဆရာတော်ကြီးရှေ့သို့တိုး၍ ထိုင်ကာဝတ်ပြုရင်း ကန်တော့လိုက်သည်။ ထို့နောက် ငုံ့ထားသောမျက်နှာကိုပြန်၍မတ်ရင်း ကြည့်လိုက်သည်တွင် မိမိ၏ကျောရိုးတစ်လျှောက်မှ ကြက်သီးမွှေးညင်းများ တဖျန်းဖျန်းထလာ သွားတော့သည်သို့ ထင်လိုက်ရသည်။ ထို့နောက် မိမိဘေးတွင် ဝတ်ရုံ နေသော ဇနီးသည်၏ဘက်သို့ လှည့်၍ကြည့်လိုက်မိသည်။ အကြောင်း မှာ ဆရာတော်ကြီး၏မျက်နှာသည် မိမိတို့ဒေးစွန်ဓါတောကြီးထဲတွင် တွေ့ကြုံဆုံစည်းခဲ့သော အဘိုးအို၏မျက်နှာနှင့် တစ်ထပ်တည်းဖြစ်နေ သောကြောင့်ပင်။ ဆရာတော်ကြီးကို တစ်လှည့်၊ ဇနီးသည်ကို တစ်လှည့် အံ့သြမှုများစွာဖြင့် အပြန်ပြန်အလှန်လှန် ကြည့်နေမိသည်။ မိမိအနား ကိုရိုပ်စားမိဟန်တူသော ဆရာတော်ကြီးမှ . . .

''ဒကာကြီး . . . ဘာတွေတအံ့တသြဖြစ်နေတာလဲ။ ရန်ကုန်ကို လာကြတာထင်တယ်'' ဟု မိန့်လိုက်၏။

''မှန်ပါ့ဘုရား''

''အေး . . . အေး သာဓုကွယ် သာဓု။ ဒီနေရာက ဝေးလွန်း တော့ဘုရားဖူးတွေ သိပ်မလာကြဘူး။ ဘုရားဂုဏ်ကျေးဇူး၊ တရားတော် ကျေးဇူးတွေနဲ့ မကြာခင်အမောပြေသွားပါလိမ့်မယ်။

ဟောဟိုရေအိုးထဲက ရေတစ်ခွက်စီကိုခပ်ပြီး သောက်လိုက် သောက်လိုက်''

ဆရာတော်စကားဆုံးတော့ ဆရာတော်လက်ညှိုး ညွှန်ပြ

သော ရေအိုးတစ်လုံးထဲမှရေများကို ခပ်၍သောက်လိုက်ကြ၏။

''ဒါနဲ့ ထမင်းရောစားပြီးကြပြီလား''

''မစားရသေးပါဘူး ဘုရား။ တပည့်တော်တို့ ပဲခူးဘုရားဘက် ဆက်ရမှာမို့ ပဲခူးကျမှပဲစားပါ့မယ်ဘုရား''

''အချိန်ရရင် စားသွားကြပါလား။ ဆရာတော်က ဘုရားဖူး လာတဲ့ ခုနှစ်ရက်သားသမီးတွေကို အသက်သတ်လွတ် ထမင်းဒါနအလှူ လုပ်နေတာ။ ကဲ . . . ကဲ ရောက်တုန်းရောက်ခိုက် ဟိုဘက်မှာရှိတဲ့ မယ်တော်ဂူကိုသွားကြည့်ကြဦး။ ထွန်းဆောင်၊ ဖိုးခင်၊ အေးမတို့ ဘယ် ရောက်နေကြလဲဟေ့ . . . လာကြစမ်း''

ဘုရားဖူး ဒကာ၊ ဒကာမတွေကို ဟိုမယ်တော်ဂူကိုလိုက်ပြ လိုက်''

''မှန်ပါ့ဘုရား''

ထို့နောက် လူရွယ်တစ်ဦးမှဦးဆောင်၍ မယ်တော်ဂူသို့လိုက် ပြသည်။

''ဒါ ဒေးစွန်ပါတောင်တော်မြတ်က မယ်တော်ရဲ့ဂူပဲ''

ဂူသည်မကြီးလှ။ လှေကားထစ်များအတိုင်း ဆင်းသွားတော့ ဘုရားဆင်းတုတော်တစ်ဆူနဲ့အတူ မယ်တော်၏ဓာတ်နန်းကို တွေ့ရ သည်။ ဆရာတော်ကြီး ညစဉ်ဝူတင် တရားကျင့်ကြရာ သစ်သားခေါင်း ကြီးတစ်လုံးကိုလည်း တွေ့ရသည်။ ထိုခေါင်းကြီးအတွင်းသို့ အလှူငွေ များထည့်ကြရင်း ဆရာတော်ကိုဝတ်ဖြည့်ကန်တော့ကာ မိမိတို့ပြန် အလာကို စောင့်မျှော်နေကြမည့် ဒေးစွန်ပါတောင်မှ ဘုရားဖူးခရီးသည် များဆီသို့ ပြန်လာကြတော့သည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

❑

မိမိတို့လူစု ကားများရပ်နေခဲ့သော ဒေးစွန်ပါတောင်ထော်
မြတ်ခြေရင်းသို့ ပြန်လည်ရောက်ရှိသည့်အခါတွင် နံနက်(၁၂)နာရီခန့်
ရှိနေပြီ၊ (၁၀း၃၀)နာရီတွင် ပြန်လည်ထွက်မည်ဟု ဘုရားဖူးခရီးသည်
များကိုမှာကြားခဲ့သော မိမိတို့မှာအချိန်(၁း၃၀)နာရီမျှနောက်ကျပြီး
ပြန်လည်ရောက်ရှိခဲ့သည်။ ကားပေါ်ရှိလူများစုမှာ မိမိတို့ကိုစောင့်ရင်
အချို့မှာ အိပ်ငိုက်နေကြသည်။ ထိုမှရွှေမော်တောဘုရားသို့ဝင်၍ ရွှေသာ
လျောင်းဘုရားတွင် နံနက်စာစားကြရင်းထွက်လာခဲ့ကြသည်။

ရွှေသာလျောင်းဘုရားသို့ ရောက်ရှိချိန်တွင် ဘုရားပရိဝုဏ်
အတွင်းသို့ဝင်၍မရ။ ထိုရက်က ဘုရားပွဲကျင်းပပြုလုပ်နေသောရက်
နှင့်ကြုံသည်။ ဘုရားဘေးကားလမ်းတွင်ကပ်၍ရပ်ရင်း ထမင်းချိုင့်ကိုပယ်
စီဆွဲကာ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ခဲ့သည်။

အိမ်ကအသီးသီးချက်၍ လာခဲ့သောဟင်းတွေက များသည်
အများအားဖြင့် တူညီသည်မှာ ချဉ်ပေါင်ရွက်ကြော်များဖြစ်၏။ သားသ
နယ်မြေများသို့ ဘုရားဖူးမည့်ခရီးစဉ်ဖြစ်၍ တတ်နိုင်သမျှအသားဟင်
များကို မချက်ဖြိုတ်ရန်မှာထားခြင်းကြောင့် ဖြစ်သည်။ ဘုရားရင်ပြင်
တော်ပေါ်တွင် ယူဆောင်လာသော အခင်းများကိုခင်း၍ ထမင်းဝိုင်

ကြီးများကိုဖွဲ့ကြသည်။ မိမိတို့မိသားစုနှင့်အတူ တစ်ဝိုင်းတည်းလာ၍
စားသူများက မိမိတို့လမ်းသားများဖြစ်သည်။ လူပျိုကြီးကိုမြင့်ဦးနှင့်
လူပျိုကြီးကိုအေးသန်းတို့ ဖြစ်ကြသည်။ ထမင်းစားရင်း . . .

"ကျွန်တော်တို့ဗျာ၊ လူပေါင်းများတာပဲ။ မမသန်းခေါ်လို့
ကျွေးကစွန်ပါဆင်းသွားတယ်၊ ရောက်လုရောက်လုနဲ့မနည်းကိုတက်ခဲ့ရ
တယ်။ အသွားအပြန်ဆိုရင် (၁)နာရီခွဲသာသာလောက်ကြာတယ်"

ညီတော်မောင်ကိုကျော်ဆန်းစတားစတော့ မိမိမှကြားဝင်၍

"အင်း . . . မောလိုက်တာလည်း လွန်ရော။ ဒီကြားထဲ တူမ
လေးရဲ့သား ဖိုးပြည့်ဆိုတဲ့ကောင်လေး တောင်ကိုတက်ကတည်းက တစ်
စက်လေးမှ ချလို့မရဘူး။ တစ်ချိန်လုံးပခုံးပေါ်မှာထမ်းလိုက် ခါးတစ်ခွင်
လိုက်နဲ့ ပြန်ရောက်တဲ့အထိပဲ"

အင်း . . . တောထဲမှာတွေ့ခဲ့ရတဲ့ အဘိုးအိုတစ်ယောက်ရဲ့
အမောပြေတဲ့ဆေးကြောင့်သာ နို့မဟုတ်ရင်အခက်၊ မိမိစကားဆုံးတော့
ဇနီးသည်မှ . . .

"ဒါနဲ့ ရှင်ကျန်တဲ့ ဆေးနှစ်လုံးရော"

"ဒီမှာရှိတယ်လေ"

အကျီအိတ်ကလေးထဲထည့်၍ယူလာသော လက်ညှိုးများ
သာသာ စေတီသဏ္ဌာန်ဆေးလုံးလေး(၂)လုံးကို ထုတ်ရှင်းပြလိုက်၏

"ဟော . . . အစ်ကို ပြစမ်း၊ ပြစမ်း။ ကျွန်[illegible]
အစ်ကို့လို ဆေးလုံးလေး(၃)လုံးရလာတယ်။ ဒါပေမဲ့ [illegible]
တော့မတူဘူး။ ကျွန်တော်ရခဲ့တာက ဟိုအရှေ့ဘက်က [illegible]

လူပျိုကြီး ကိုအေးသန်းထုတ်ပြသော [illegible]
တော့ မိမိတို့ရခဲ့သောဆေးလုံးများနှင့် တစ်[illegible] . . .

www.burmeseclassic.com

www.burmeseclassic.com

''ဒါနဲ့နေပါဦး ကိုအေးသန်း၊ ခင်ဗျားက ဘယ်လိုရခဲ့တာလဲ ပြောပါဦး''

''အင်း . . . . ကျွန်တော်ရခဲ့တာကတော့ ကျွန်တော်လည်း ဘုရားဖူးလူစုတွေနဲ့ကွဲသွားပြီး အစ်မနဲ့တူလေးတွေကို လိုက်ရှာရင်းက ဒ္ဒေးစွန်ပါ တောင်အရှေ့ဘက်က နွားဝှေ့တောင်ကိုရောက်သွားတယ်။ ဘုရားတစ်ပိုက်က လျှိုမြောက်တွေ တက်လိုက်ဆင်းလိုက်နဲ့ရှာရင်း မောလို့ သစ်ပင်ရိပ်လေးတစ်ခုမှာ နားနေတယ်။ အဲဒီအခါမှာ ရသေ့ကြီးတစ်ပါးက တစ်ဘက်တောင်ကြောထဲကထွက်လာရင်း ကျွန်တော့်ကိုတွေ့တော့ . .

''ငါ့သား မိသားစုတွေပျောက်နေလို့ လိုက်ရှာနေတာမဟုတ်လား။ သူတို့တောင်ခြေကို ဆင်းသွားပြီကွဲ့။ မင်းကြည့်ရတာ့လည်း မောလို့ပမ်းလို့။ ရော့ . . . ရော့ ဒီဆေးလုံးလေးကို သောက်လိုက် သောက်လိုက်။ ကျန်တဲ့နှစ်လုံးကိုတော့ တစ်လုံးကျွေ စီးပွားရေးလုပ်ငန်းကိုင်ငန်းတွေအဆင်ပြေဖို့ အဆောင်အဖြစ်သုံး။ တစ်လုံးကိုတော့ ရေစိမ်၊ သတ္တဝါမှန်သမျှကို တိုက်၊ အဘပြောတာကြားလား။ အဲသလိုပြောပြီး ပေးသွားခဲ့တာ အစ်ကိုရ''

လူပျိုကြီးစကားဆုံးတော့ စကားထဲတွင် နစ်မျောနေသော မိမိမှ

''ဩော် . . . ဒီဆေးလုံးလေးတွေရခဲ့ပုံကတော့ တကယ့်ကို ဆန်းနေပြီ။ ပြီးတော့လည်း ဒီဆေးကိုသောက်လိုက်တာနဲ့ အမောတွေက ချက်ချင်း ယူပစ်လိုက်သလို လန်းဆန်းသွားတယ်''

ထို့နောက်တွင်တော့ ဇနီးသည်က ထမင်းပိုင်းသိမ်းကာ ကလေးတစ်သိုက်နှင့် ဘုရားဖူးဟန်ဆောင်းများရှိ လက်ဆောင်ပစ္စည်းများဝယ်ရန် သားနှစ်ယောက်နှင့် ထွက်ခွာသွားတော့သည်။

♛ ♛ ♛

❑

ပဲခူးဘုရား(၅)ဆူခန့်ကိုဖူးဖိတော့ နီစွေးနေသောနေလုံးသည် ညိုမှုပ်ပုပ်အရောင်တစ်ခုနှင့် တောရိပ်တောင်ရိပ်တို့ပေါ်သို့ မေးတင်လျက် ရှိနေသည်။

''ကဲ . . . အစ်မကြီးတို့ အချိန်ရရင် ပဲခူးဘုရားအားလုံးကို ကျွန်တော်လိုက်ပို့ချင်ပါတယ်။ ဒါပေမဲ့ ခုတော့အချိန်က နည်းသွားပြီ။ အနည်းဆုံးဆိုရင်တောင် ရန်ကုန်ကို(၂)နာရီ ကျော်ကျော်လောက် မောင်းရဦးမှာ''

''ရပါပြီကွယ်။ ဒီလောက်အစ်မတို့ ဘုရားဖူးတွေကို စိတ်ရှည်လက်ရှည် ပို့ပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ''

အပြန်ခရီးလမ်းတွင်တော့ ဘုရားဖူးကားက ပိုကြပ်နေသည်။ ပဲခူးမြို့ထွက် ငါးခြောက်၊ ဗူးသီး၊ ခရမ်းသီး၊ ကြက်ဟင်းခါးတွေ လူတိုင်းကိုယ်စီ ဝယ်ကြသည်။ နေ့စဉ်ကုန်စျေးကြိုသည့် [illegible] ကို ဖျတ်ခနဲသတိရမိသည်။ အမှောင်ထုသည် တစ်စစနှင့် [illegible] ထံပါးသို့ ချဉ်းနင်းခိုဝင်လာ၏။ ကျွန်တော်၊ ကိုအေးသန်း [illegible] တို့တစ်သိုက် ကားဇေါ်နောက်ဘက်ပိုင်းတွင်စုရှ [illegible] ပါလာကြ၏။ အိတ်ကပ်လေးထဲထည့်ထားသည့် [illegible]

www.burmeseclassic.com

မြတ်မှ ရသေ့ကြီးပေးလိုက်သော ဆေးလုံးလေး(၂)လုံးကို ထုတ်၍ကြည့်လိုက်၊ ပြန်၍ထည့်လိုက်နှင့် ထိုက်မှုရသည်ဟူသောစကားကို အမှတ်ရမိ၏။ မိမိတို့ဘုရားဖူး(၅၀)ခန့်တွင် ထိုဆေးလုံးလေးရခဲ့သောသူမှာ ထူးထူးခြားခြား မိမိ၊ လူပျိုကြီး ကိုအေးသန်းနှင့် ညီမဖြစ်သူ မလှလှရီစသော (၃) ဦးသာ ရှိသည်။ ရသေ့ကြီးပေးသော ကျစ္စာသယဆေးလုံးလေးများမှာ တကယ်စွမ်း၊ မစွမ်းတော့မသိရရှိခဲ့ကြသော သူတို့၏နှလုံးသားများတွင်တော့ ကိုယ်စီကိုယ်စီ ပီတိများစွာဖြင့် . . . ။

♛ ♛ ♛

မင်းအောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းကလေးရဲ့ည

(၁)

ကျွန်တော်ငယ်စဉ်က အညာတန်းကျေးရွာ ဗောဓိကျောင်းကလေးတွင် စတုတ္ထတန်းအထိ နေထိုင်ပညာသင်ခဲ့ရသည်။ ဗောဓိကျောင်း၏ ဆရာတော်မှာ ဦးကောဏ္ဍည ဖြစ်သည်။ ဗောဓိဘုန်းကြီးကျောင်းကလေးသည် ငါးခတ်အင်းရွာအလွန် အညာတန်းကျေးရွာကလေး၏အဆုံးတွင် တည်ရှိသည်။ ဗောဓိကျောင်းသည် နီဗွာန်အစ်ဗိုလ်လမ်းမကြီးပေါ်တွင်တည်ရှိပြီး ကျောင်း၏မျက်နှာစာတွင် ဗောဓိသရီမြင်းပေါ်တွင် တစ်ခါတစ်ရံ အ,ကာလညအခါများ

ခ် ဘောလုံးသာသာ မီးလုံးကြီးများ တက်လာတတ်ကြောင်း တွေ့ကြုံ ရူးသူအချို့ ပြောဆိုသံများကို ကြားဖူး၏။ ထိုဗောဓိကျောင်းတွင် ဦးပဏ္ဍင်းကြီးနှစ်ပါးနှင့် ကျောင်းသားကြီးနှစ်ဦး ရှိသည်။ ဦးဥဒင်းနှစ်ပါးမှာ ဦးပဏ္ဍိနှင့် ဦးကေသာရတို့ဖြစ်ပြီး ကျောင်းသားကြီးများမှာ ကိုဝင်းနှင့်ကိုစိန်တို့ ဖြစ်ကြသည်။

ဆရာတော် ဦးကောဏ္ဍညသည် သဒ္ဒါသင်္ကြိုလ်များ၊ ဗုဒ္ဓဘာသာသင်ကျေးမှုစာပေများကို သင်ကြားပေးရ၍ ဆရာကိုဝင်းသည် စတုတ္ထတန်းကို သင်ကြားပေးသည်။ ဆရာကိုစိန်သန်းကမူ ဒုတိယတန်းနှင့်တတိယတန်းကိုသင်ကြားရန် အခြားအတန်းငယ်များကိုတော့ ကျောင်းရှိကိုရင်ကြီးငယ်များက အလှည့်ကြဆိုသလို သင်ကြားပေးလေသည်။

ဆရာတော်သည် အထက်အညာ နတ်မောက်ဇာတိသားဖြစ်သည်။ တစ်ခါတစ်ရံတွင် ဆရာတော်သည် အထက်အညာဇာတိဒေသသို့ တစ်လကိုးသီတင်းခန့်ကြာအောင် ခရီးသွားတတ်၏။ ထိုသို့သောအခါများတွင် ကျောင်းရှိကျောင်းသားများနှင့် ကိုရင်ကြီးငယ်များကို ဦးပဏ္ဍိနှင့် ဦးကေသရတို့က အုပ်ချုပ်ရင်းတာဝန်ယူကြရသည်။

ထိုဗောဓိကျောင်းတွင် ဆရာများအဖြစ် သင်ကြားနေသော ဆရာကိုဝင်းနှင့် ဆရာကိုစိန်သန်းတို့မှာ ထိုဗောဓိကျောင်းကလေးမှာပင် စတုတ္ထတန်းအောင်မြင်၍ ထိုကျောင်းတွင်ပင် ဆရာတော်၏ခေါ်ငင်မှုနှင့်အတူ ပြန်၍ကျောင်းဆရာပြုလုပ်နေကြခြင်းဖြစ်သည်။ သို့သော် လစာကား ကုန်ကျ တစ်ပြားတစ်ချပ်မှ မရခဲ့ကြ။ ဆရာတော်အားပြန်လည် ကျေးဇူးဆပ်သည့်အနေဖြင့် ပညာဒါလှူဒါန်းကြခြင်း ဖြစ်လေသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

ကလေးကိုဖြတ်၍ ကျော်လွန်ပြီးမှ သွားရလာရသည်။

သချိုင်းလေးသည် ကျောင်းအဝင်မုခ်ဦး၏ မျက်နှာစာတွင် ကြီးမားသောသစ်ပင်ချုံနွယ်ဖြင့် စိမ်းညိုဆုံ့ဖိုင်းနေကာ ညအချိန်၏ မဆိုလင့်၊ နေ့ခင်းနေ့ဘက်များ ဖြတ်သွားဖြတ်လာပြုသည့် အခါများတွင်ပင် ကျောခိုမ်လောက်သည့် နေရာဖြစ်သည်။

ကျောင်းအိပ်ကျောင်းစားပြုကြသည့် ကျောင်းသားကြီးများကို ညီး ဆရာတော်က ရံဖန်ရံခါဆိုသလို . . .

"ဟဲ့ . . . နေဝင်ဖျိုးဖျမှာ မသွားမလာကြနဲ့။ သွားစရာ စရာရှိရင် စောစောသွားကြလာကြ" ဟုမှတားခဲ့သည်။ သို့သော် ဆရာတော် ဘာကြောင့်ပြောသည်ကို သဘောမပေါက်ခဲ့။ အချိန်မတော် ဖြတ်သွားဖြတ်လာပြုကြသည်။ နယ်သူနယ်သားအချို့ အဖြစ်မျိုးစုံ ကြုံတွေ့ခဲ့ရကြောင်း၊ ပုံပြင်လိုလို ဒဏ္ဍာရီလိုလို ကြားခဲ့ဖူးသည်။

ဗောဓိကျောင်းကလေးတွင် ဆွမ်းကွမ်းကိစ္စများကို ကျောင်းသားကြီးယမ်များနှင့် တွဲဖက်တာဝန်ယူရင်း သံဃာတော်များ၏ ဆွမ်းကွမ်းခံ ဝတ်ကြီးတော်ငယ်များကို ပြုနေသည်။ အညာတန်းရွာကလေးမှ ဦးကျော်တင့်ဆိုသော လူကြီးတစ်ယောက်ရှိသည်။ ထိုကပ္ပိယကြီးသည် ခေတ်ပညာ(၁၀)တန်း တတ်မြောက်သည့် (၁၀) တန်းအောင်မြင်ကာလည်း လောကီအလုပ်များကို ဆက်မလုပ်တော့ဘဲ ငယ်ဆရာရင်းသူ ဆရာတော်ကြီးဦးကောဏ္ဍည ကျောင်းကလေး၌ပင် ကျောင်း၏ သာဝကကြီးငယ်များကိုလုပ်ကိုင်ကာ လောကုတ္တရာအလုပ်များကိုသာ ပြုကိုင်နေလေသည်။

ကပ္ပိယ ဦးကျော်တင့်သည် တစ်ခုသော နံနက်ဝေလီဝေလင်းတွင် အညာတန်းရွာကလေးထဲသို့ ဆွမ်းချိုင့်ယူရန် ထွက်လာခဲ့သည်။

(၂)

ဆရာတော်၏ ဗောဓိကျောင်းကလေးသည် (၂)ကေမ္ဗျ ကျွယ်ဝန်းသော အဝန်းအဝိုင်းကြီးတစ်ခုဖြစ်ပြီး သစ်ပင်များစိုက်ပျိုးထားသည်။ ကျောင်းကြီးသည် သစ်သားဖြင့်ဆောက်လုပ်ထားသည့် နှစ်ထပ်ကျောင်းကြီးဖြစ်သည်။ ကျောင်း၏စကြဲ်လမ်းမကြီးသည် လမ်းမထိပ်အထိ ရှည်လျားစွာ ဆောက်လုပ်ထားသည်။

ထိုကျယ်ဝန်းသော ကျောင်းပရဝုဏ်အတွင်း စိုက်ပျိုးထားသော စားပင်သီးပင်များစွာကိုတော့ ကျောင်းသားကျောင်းသူများက အခါမလပ် ရေလောင်းပေါင်းသင်ကြရင်း ထွက်ရှိလာသည့်သီးနှံများကို အညာတန်းရွာကလေးထဲရှိ ကုန်သည်များဖြစ်သည့် ဒေါ်ထွေးကြည်၊ ဒေါ်နီမတို့ကို ဖောက်သည်ပေးရှိ ကျောင်း၏ဝေယျာဝစ္စများအတွက် ဆရာတော်က အသုံးပြုလေသည်။

ထို့ကြောင့် ကျောင်းကလေးမှထွက်ရှိသော အုန်းသီး၊ ငှက်ပျောသီးများကိုခူးရှိ အညာတန်းရွာကလေးထဲရှိ ကုန်သည်ဒေါ်နီမတို့ထံ ကျောင်းသားကြီးများက ရံဖန်ရံခါဆိုသလို ပေးရသည်။ ဗောဓိကျောင်းကလေးသို့ လာသောအခါဖြစ်ဖြစ်(သို့) ပြန်သောအခါပဲဖြစ်ဖြစ် သချိုင်း

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့မနက်တွင် ဆရာတော်သည် ကိစ္စတစ်ခုဖြင့် ဟသ်ာတမြို့သို့ ကြွမည်ဖြစ်၍ အာရုံဆွမ်းခပ်စောစောဘုန်းပေးရန်ရှိသည်။ ထို့ကြောင့် အာရုံဆွမ်းမိုရန်စိတ်ဇောက အရာရာကိုဖုံးလွှမ်းရင်း အခြားမည်သည့် အကြောင်းမှ သတိမရ။ အညာတန်းရွာကလေးထဲတွင် ဆင့်ထားသော ဆွမ်းအလှူရှင်အိမ်ကလေးသို့ ဆွမ်းချိုင့်ယူရန်ထွက်လာပြီး အပြန်တွင် ခပ်သုတ်သုတ်ခြေ လှမ်းတိုးဖြင့် ပြန်လာခဲ့သည်။

ကျောင်းအဝင် မုခ်ဦးနဘေးတွင် ကြီးမားသောအင်ကြင်းပင်ကြီးတစ်ပင် ရှိသည်။ ထိုအင်ကြင်းပင်ကြီးအနားသို့ ရောက်ရှိလျှင် မိမိခေါင်းပေါ်ရှိ ဆံပင်များကထောင်၍ ထသွားတော့သည့်အလား ထင်မှတ်လိုက်ရပြီး ကြက်သီးမွေးညင်းများကလည်း တဖျန်းဖျန်းထ၍သွားတော့သည်။ ထို့နောက် . . .

"ရှဲ . . . ရှဲ . . . ရှဲ" ဟူသော သစ်ပင်ပေါ်မှ ရှုပ်တိုက်ဆင်းလာသံကြားလိုက်ရပြီး မိမိရှေ့တွင် မည်းမည်းသဏ္ဌာန်အရာတစ်ခုက စောင့်ကြိုကာဆီးရင်း ရပ်နေတော့သည်။

"ဟဲ့ . . . ဘယ်သူလဲ"

ကပ္ပိယ ဦးကျော်တင့်အသံကိုမြင့်၍ မေးလိုက်သည်။

"ငါသံယာတော်တွေ့ရဲ့ ဆွမ်းကွမ်းကိစ္စ ဆောင်ရွက်နေတာ ကိုယ်လမ်းကိုယ် သွားပါ။ ငါ့ကိုမနှောင့်ယှက်ပါနဲ့"

ထိုသို့ ပြောသော်လည်း မည်းမည်းသဏ္ဌာန်အရာက ပျောက်မသွား ရပ်မြဲရပ်လျက်သား။ ကပ္ပိယကြီးက ဂုဏ်တော်ကွန်ခြာများ ရွတ်လျက် မေတ္တာပို့လိုက်မှ မိမိရှေ့တွင်ရပ်နေသောအရာက ဖျတ်ခနဲ ပျောက်သွားတော့သည်။ ဤသည်တော့မှ ကပ္ပိယကြီးလည်း ကျောင်းကလေးထဲ ခပ်သုတ်သုတ်ဝင်လာခဲ့တော့သည်။

"ဒီလိုတွေ့လိုက်ရတော့ ကပ္ပိယကြီး မကြောက်ဘူးလား"

ကိုရင်တစ်ပါးက အမေး။

"လုံးဝမကြောက်ဘူးတော့ ဘယ်ဟုတ်ပါ့မလဲ ကိုရင်ရယ်။ ဦးနှည်းတော့ကြောက်မိတာပေါ့။ ဒါပေမဲ့ ဘုရားရှင်ရဲ့နှုတ်ကပတ်တော်ဆွေနဲ့ မေတ္တာတရားတွေ ထုံမွမ်းလိုက်တော့ ကြောက်တဲ့စိတ်လည်း ပျောက်ပြီး အဲဒီပုဂ္ဂိုလ်လည်း ပျောက်သွားတာပေါ့"

ဤအဖြစ်အပျက်လေးများကတော့ ကပ္ပိယဦးကျော်တင့် ပြောပြခဲ့သည့် အဖြစ်အပျက် တစ်စိတ်တစ်ဒေသ ဖြစ်လေသည်။

❦ ❦ ❦

(၃)

ဆောင်းဦးပေါက်ကာလတစ်ခုရယ်မို့ စိမ့်အေးသော အချမ်းဆက်က လောကတစ်ခွင်လုံးကိုရစ်ပတ်ရင်း လွှမ်းခြုံထားသည်။ ဧကမိုးကျောင်းကလေးထဲရှိ သစ်ပင်ပန်းမာန်များပင် ဆောင်းရာသီအောက်၌ ကြာမြည်းပြိမ်သက် မှေးစက်နေတော့သည့်အလား။ အရာအားလုံးတိတ်ဆိတ်လျက်၊ ကျောင်းကလေး၏ဦးစီးနာယကက ဆရာတော်မှာ အညာသို့ ကြီးသွားနေသော ကာလဖြစ်သည်။ ဆရာတော်မရှိသည်မို့ ကျောင်း၏

www.burmeseclassic.com

www.burmeseclassic.com

ဝေယျာဝစ္စအားလုံးကို ဦးပဉ္စင်းဦးပဏ္ဍိနှင့် ဦးကေသာရတို့က တာဝန်ယူထားရတယ်။

အချိန်က ညဉ့်(၂)နာရီခန့်ကပ္ပိယ ဦးကျော်ထင်၊ အိပ်ရာမှ ဖျတ်ခနဲနိုးလာသည်။ မိမိခေါင်းရင်းဘက်ရှိ တိုင်ကပ်နာရီလေးကိုကြည့်တော့(၂)နာရီပင် ရှိသေးသည်။ ဘုရားဝတ်တက်ရန် အနည်းငယ်စောနေသေးသည်။ ထို့ကြောင့် အိပ်ရာလေးပေါ်မှေးရင်း အိပ်ပျော်သလိုဖြစ်သွားသည်။ ထိုအခိုက်ဗောဓိကျောင်းကြီး၏ အောက်ထပ် ကိုရင်များနေသော အခန်းတည့်တည့်မှ 'ဒုန်း ဒုန်း ဒုန်း' ဟူသော ထုရိုက်သံများကို ကြားလိုက်ရသည်။

"ဟေ့ . . . ဘယ်သူလဲ"

ကိုရင်တစ်ဦးမှ လှမ်းရှမ်းမေးလိုက်သော်လည်း ပြန်လည်ဖြေကြားသည့်အသံမကြားရဘဲ ထုရိုက်သံများကသာ ဆက်တိုက်ထွက်ပေါ်လာသည်။

"ဒုန်း . . . ဒုန်း . . . ဒုန်း"

"ဟေ့ . . . ကျောင်းအောက်က ဘယ်သူလဲကွ"

ထုရိုက်သံမေးသံများကြောင့် ကျောင်းပေါ်ရှိ ကိုရင်လေးများ နိုးလာပြီး ကြောက်ရွံ့၍ အော်ဟစ်ပြီး ဦးပဉ္စင်းများအခန်းသို့ ပြေးသွားကြသည်။ ကပ္ပိယဦးကျော်တင်သည်လည်း ဆူဆူညံညံအသံများကြောင့် မှေးခနဲပြန်၍အိပ်ပျော်သွားရာမှ လန့်၍နိုးလာခဲ့သည်။ လက်နှိပ်ဓာတ်မီးကိုယစ်ဖြင့် ဦးပဉ္စင်းဦးပဏ္ဍိ၊ ဦးကေသရ၊ ကပ္ပယဦးကျော်တင်တို့သုံးဦး ကျောင်းအောက်ထပ်သို့ အလျင်အမြန်ပြေးဆင်းလာခဲ့သည်။ သို့သော် လူတစ်ဦးတစ်ယောက်၏ အရိပ်အရောင်ကိုမျှ မတွေ့ရ။ (၅)မိနစ်(၁၀)မိနစ်ခန့်မျှ ကျောင်းကလေးအတွင်း လှည့်လည်ရှာဖွေကြည့်ရှုပြီး

ညည်သို့သော အရိပ်အရောင်တစ်ခုမှ မတွေ့ရတော့မှ ကျောင်းပေါ်သို့ပြန်တက်လာခဲ့သည်။

အတန်ငယ်ကြာတော့ ကျောင်းအောက်ထပ်တွင် အိပ်နေသော ခွေးတစ်သိုက်က ဟောင်နေစဉ် ဗောဓိကျောင်းသချိုင်းဂုန်းလေးရှိရာ ကျောင်းအရှေ့ဘက်သို့ ထွက်ခွာသွားသည့် အသံများကို ကြားလိုက်ရသည်။ ကပ္ပိယဦးကျော်တင်သည် ထို့နောက် ဘုရားဝတ်ပြုပုတီးစိတ်ပြီး သံဃာတော်များအား အာရုဏ်ဆွမ်းကပ်ရန် ကိုရင်ကြီးအချို့နှင့် စီစဉ်လုပ်ကိုင်လျက်ရှိတော့သည်။ အရုဏ်ရောင်နီများက ကျောင်းတလေးပေါ်ကျော်၍ တစ်စတစ်စမြင့်တက်လာသည်။ မကြာမီ မိုးလင်းတော့မည်။ ဖြစ်ပွားခဲ့သော ကျောင်းအောက်က ထုရိုက်သံများသည် ဆည်သို့သော အရာဖြစ်သည်ကို ဆက်စပ်တွေးတောမှုတစ်ခုနှင့်အတူ ခံစားကြာတော့ ဆွမ်းစားဆောင်ကလေးဘက်မှ ကျောင်းမကြီးဘက်သို့ ကူးလာခဲ့တော့သည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၄)

ဗောဓိကျောင်းကလေးတွင် ပညာသင်ကြားပေးနေသော ဆရာ
လေး ကိုဝင်းသည် စတုတ္ထတန်းကျောင်းသားများအား နှစ်စဉ်ကျောင်း
စာမေးပွဲကြီးနီးလာသည့်အခါတိုင်း နှစ်လခန့်ကြို၍ အချိန်ပိုစာသင်ပို
များခေါ်ကာ သင်ကြားပေးရင်း ကျောင်းသူကောင်းကျောင်းသားများကိုလည်
ညအိပ်ညနေကျောင်းသားများအဖြစ် ကျောင်း၏ဘုရား သိမ်ကလေး
တွင် စီစဉ်ပေးသည်။

ကျောင်းသားများသည် ညနေကျောင်းဆင်းချိန်တွင် အခြ
ကျောင်းသားများနှင့်အတူ မိမိတို့အိမ်သို့ပြန်သွားကြပြီး ညနေ
နာရီတွင် ကျောင်းသို့အရောက်လာကြရသည်။ ဆရာလေးကိုဝင်းသည်
အညာတန်းရွာကလေးထဲတွင် အဘွားဖြစ်သူနှင့်နေထိုင်သည်။ ည
ကျောင်းဆင်းချိန်တွင် အဘွားဖြစ်သူထံ အိမ်ပြန်၍ ထမင်းစားလေ့ရှိ
(၆) နာရီအရောက်ပြန်လာကြသော ကျောင်းသားများနည်းတူ ဘုန်းကြီ
ကျောင်းကလေးသို့ပြန်လာ၍ (၇)နာရီမှစ၍ စာများကို ည(၉)နာ
(၁၀)နာရီအထိ သင်ကြားပေးတတ်သည်။

ထို့ကြောင့် ဆရာတော်၏ ဘုန်းကြီးကျောင်းကလေးသည်
နှစ်စဉ် အောင်ချက်ရာနှုန်းထိပ်မှာ ရှိနေခဲ့သည်။ တစ်ညတွင် ဆရာ

ကိုဝင်းသည် မိမိညစဉ်သင်ကြားနေရာ သိမ်ကလေးထဲမှ ကျောင်းသား
များကို ကျောင်းမကြီးပေါ်ပြောင်း၍ စာများသင်ကြားလေသည်။ ထို့သို့
သင်ကြားနေစဉ် ကျောင်းသားကျောင်းသူအချို့က ဘုန်းတော်ကြီးကုဋီ
သွားရာစကြံတစ်ဘက်တစ်ချက်တွင် တစ်ဦးလျှင်တစ်လံသာသာခွာ၍
ထိုင်ရင်း စာကျက်နေကြ၏။ ထိုသို့ စာကျက်နေကြစဉ် စတုတ္ထတန်း
ကျောင်းသားဦးဖြစ်သူ ညောင်ကုန်းရွာမှ ထွန်းရွှေက အပေါ့အပါး
သွားချင်၍ သူငယ်ချင်းလှမောင်အားခေါ်ကာ ကျောင်းအောက်ထပ်ရှိ
ကျောင်းသားများအိမ်သာသို့ဆင်းလာရာ ကျောင်းလှေကားသို့ တစ်ထစ်
ချင်းဆင်း၍လာစဉ် လှေကားထစ်တစ်ခုခွဲအိပ်နေသော ခွေးနက်ကြီး
တစ်ကောင်ကို တက်ရှိနင်းမိလေသည်။

ခွေးနက်ကြီးသည် အစာကနဦးတွင်ကျောင်းမှ ခွေးဖြစ်သည်
ဟု ထင်ရသော်လည်း မိမိတက်ရှိနင်းလိုက်သောအခါ လန့်ရှိန်းလာပြီး
မိမိအားလည်းကိုက်မည်ရန်ပြုကာ အတင်းထိုးဟောင်ရင်းဟောင်ရင်း
ခွေးနက်ကြီးက တဖြည်းဖြည်းကြီးလာကာ လူတစ်ရပ်ကျော်ကျော်
မြင့်တက်သွားတော့သည်။ ဤသည့်ကိုမြင်ရသော ထွန်းရွှေတစ်ယောက်

"အမယ်လေး . . . လုပ်ကြပါဦးဗျ"

ဟုအော်ကာ လှမောင်နှင့်နှစ်ယောက်သားကျောင်းပေါ်သို့
ပြန်တက်လာခဲ့တော့သည်။ ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက်
တစ်နေ့တွင် ထွန်းရွှေတစ်ယောက်အကြောက်လွန်ကာ အပြင်းဖျားရင်း
အိပ်ရာထဲလဲတော့သည်။ ထို့နောက် မျက်စိများနာလာပြီး နေပြန်ကောင်း
လာသော်လည်း ထွန်းရွှေ၏မျက်လုံးတစ်ဖက်မှာ လုံးလုံးလျားလျား
ကွယ်ခဲ့ရတော့သည်။

ဆရာလေး ကိုဝင်းမှာတော့ ထွန်းရွှေအတွက် စိတ်မကောင်း

www.burmeseclassic.com

www.burmeseclassic.com

အဘယ်ကြောင့်ဆိုသော် ထွန်းရွှေမှာ စတုတ္ထတန်းကျောင်းသားများ ထဲတွင် စာအတော်ဆုံး တပည့်တစ်ယောက်ဖြစ်သောကြောင့်ပင် ထိုနှစ်က ကျန်းမာရေးချို့ယွင်းသွားမှုကြောင့် ထွန်းရွှေတစ်ယောက် စတုတ္ထတန်းကို ဖြေဆိုခွင့်မရဘဲ ကျရှုံးခဲ့ရသည့်အပြင် မမြင်နိုင်သောအတိတ်ဘဝ၏ ဝဋ်ကြွေးတစ်ခုကြောင့် မျက်လုံးတစ်ဖက်ပါဆုံးခဲ့ရလေသည်။

(၅)

သည်နှစ်တွင် ဗောဓိကျောင်းကလေး၌ တက်နေသော စတုတ္ထတန်းကျောင်သားများက သိပ်မများ။ ယောက်ျားလေး(၉)ယောက် နှင့် မိန်းကလေး(၃)ယောက်၊ အားလုံးစုစုပေါင်းမှ(၁၂)ယောက်သာရှိသည်။ အချိန်ရာသီသည် ဂိမှာန်ဆွေသို့ဖြတ်သန်းစ၊ ဘယ်ဆီကိုကြည့်ကြည့် ပြာမှိုင်းမှုန်ရီအုံ့တလီနှင့် တံလျှပ်တွေက ဟိမှာသည်မှာ၊ မိန်းကလေး(၃)ယောက်ကိုတော့ ညအိပ်ညနေစာသင်ဖို့ ကိစ္စမသင့်လျော်တာမို့ သည်နှစ်စတုတ္ထတန်းကျောင်းသားများကိုသာ ဆရာလေးကိုဝင်း စာမေးပွဲကြီးနီးတော့ နှစ်လခန့်အလိုတွင် ကျောင်းအိပ်ကျောင်းစားထားခဲ့သည်။

ထို့နောက် သူငယ်ချင်းများဖြစ်သည့် ဖိုးကျော်ညွှန့်၊ တင်ထွန်း၊ ဌေးဝင်း၊ အောင်ကြည်၊ စောလွင်တို့တစ်သိုက် ဆရာလေးကိုဝင်း ရှာကလေးထဲ ထမင်းစားသွားနေစဉ် ဆော့ကြပျော်ကြ ဆရာလေးပြန်လာသောအခါ စာကျက်ကြနှင့်ဘဝမှာ အပျော်ဆုံးရက်လေးတွေ ဆိုရင်မမှားဘူး။ ဒီလိုနဲ့ တစ်နေ့တော့ ဆရာလေးက ကျွန်တော်တို့ စတုတ္ထတန်း ကျောင်းသားတစ်စုကို ညှ(၇)နာရီသာသာမှာအညာတန်း ရှာကလေးထဲသို့ ကုန်သည်ဒေါ်နီမတို့ထံကို ကျောင်းမှာခုတ်ထားတဲ့ ငှက်ပျောသီးတွေကို ပို့ခိုင်းလိုက်သည်။

ကျွန်တော်နဲ့ ဖိုးကျော်ညွှန့်က တစ်တွဲ၊ ဌေးဝင်းနဲ့ အောင်ကြည် ကတစ်တွဲ တင်ထွန်းနဲ့စောလွင်တို့က တစ်တွဲ၊ ငှက်ပျော သီးခြင်းတွေကို တံပိုးရှည်တစ်ချောင်းနဲ့ တိုးလျှိုပေါက်လျှိုရင်း ကျောင်းစကြံလမ်းကလေးအတိုင်း ရှာကလေးဘက်ထွက်လာခဲ့ကြသည်။ ကျောင်းထိပ်သို့ အရောက် အညာတန်းရှာကလေးဘက်သို့ ချိုးကွေ့လိုက်ပြီး မျက်နှာမူမိတော့ ကျွန်တော်တို့သွားမယ့်လမ်းရဲ့ တစ်ဘက်မှာရှိတဲ့ ဗောဓိသချိုင်းကြီးအပေါ် အုန်းပင်ထိပ်ဖျားသာသာလောက်မှာ ဘောလုံးတစ်လုံးလောက် ပမာဏရှိတဲ့ စိမ်းပြာပြာမီးလုံးကြီး(၃)လုံးကို တဖွားဖွားလင်းလက်နေတာ မြင်လိုက်ရတယ်။

"ဟာ . . . ဟော့ကောင်တွေ ဗောဓိသချိုင်းပေါ်မှာ ကြည့်လိုက်စမ်း၊ မီးလုံးကြီးတွေ"

ဌေးဝင်းစကားအဆုံး ကျွန်တော်တို့သုံးဦးသား ဌေးဝင်းညွှန့်ပြ ရာဆီသို့ လှမ်းကြည့်ကြသည်။

"အဲဒါ စုန်းမီးတွေကွ"

ထို့နောက် ကျော်ညွှန့်က ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်က စုန်းမီးရေမှာလဲ။ အဲဒါ သရဲမီးက၊ သရဲမီး။ ဟော့ကောင်တွေ ပြေးကြပြေးကြ"

စောလွင်ရဲ့စကားအဆုံးမှာတော့ ကျွန်တော်တို့ သူငယ်ချင်း(၆)ယောက် ကိုယ်စီထမီးထားကြသော ၄ာ်ပျောသီးခြင်းကြီးများကိုချကာ အညာတန်းရွာကလေးထဲသို့ ဆက်မသွားကြတော့ဘဲ ဗောဓိကျောင်းကလေးထဲသို့ပြန်၍ ပြေးဝင်လာခဲ့တော့သည်။ ကျွန်တော်တို့ပြေးဝင်လာကြသောအသံများကြောင့် ဦးပဉ္စင်း ဦးပဏ္ဍိန့်ဦးကောသရတို့ ကျောင်းပေါ်မှဆင်းလာကာ . . .

"ဟဲ့ . . . ဟဲ့ ကျောင်းသားတွေ ဘာဖြစ်လာကြသလဲ"

"တပည့်တော်တို့ ဗောဓိသရီကျောင်းပေါ်မှ မီးလုံးကြီးတွေ တက်နေတာ တွေ့လို့ပြန်ပြေးလာခဲ့တာပါဘုရား" လို့လျှောက်တော့

"ကဲ . . . ကဲ ရေသောက်လိုက်ကြ၊ ရေသောက်လိုက်ကြ"

ချထားတဲ့ ၄ာ်ပျောသီးခြင်းများကိုတော့ ဆရာလေးကိုဝင်းကိုစိန်သန်းနှင့် ကျွန်တော်တို့ ကျောင်းသားတစ်စု တစ်ကျော့ပြန်သွား၍ ထမီးကြရင်း ရွာကလေးထဲသို့ ပို့ခဲ့ရသည်။ မိမိတို့ နောက်တစ်ခေါက်ပြန်သွားသည့်အခါတွင်တော့ ဗောဓိသရီကျောင်းလေးပေါ်တွင် တွေ့မြင်ခဲ့ရသော မီးလုံးကြီးများမှာ တစ်လုံးတလေမျှ မရှိကြတော့။ ကျွန်တော်တို့ငယ်စဉ်က ညအခါများတွင် သရဲမီးများတွေ့ရတတ်သည်။ စုန်းမီးများတွေ့ရတတ်သည်ဟူ၍ ရှေးလူကြီးသမများ၏ ပြောပြချက်များကို ကြားခဲ့ရဖူးသည်။ သို့သော် တစ်ကြိမ်တစ်ခါမျှ မိမိကိုယ်တိုင်မျက်မြင် မကြုံတွေ့မမြင်ဘူးခဲ့။ ဤအဖြစ်အပျက်လေးများကတော့မူ ကျွန်တော်ငယ်စဉ်ဘဝ အညာတန်းကျေးရွာ ဆရာတော်ဦးကောဏ္ဍည ဗောဓိဘုန်းကြီးကျောင်းကလေးတွင် နေထိုင်ပညာသင်ခဲ့ရစဉ်ကာလက ကျွန်တော်တို့သူငယ်ချင်း

တစ်စု မျက်ပါးထင်ထင် ကြုံတွေ့ဖြစ်ပျက်မြင်ခဲ့ရသော အကြောင်းအရာလေးတစ်ခု ဖြစ်သည်။

ဩော် . . . နှစ်တွေကို ရေတွက်ကြည့်ရင် မနည်းတော့။ နှစ်(၃၀)ဆိုသည့် ကာလတစ်ခုတိုင် ချင်းနင်းခဲ့ပြီ။

ပြန်တွေးမိတိုင်း ထိုအဖြစ်အပျက်လေးများသည် မနေ့တစ်နေ့ ကလိုပင် တွေးထင်နေခဲ့မိသည်။ ကြုံတွေ့မြင်ခဲ့ရသော ပြာလဲ့လဲ့ မီးလုံးကြီးများသည်လည်း ယခုထိတိုင် မျက်စိထဲတွင် အထင်အရှား ရှိနေမြင်နေဆဲ။

♛ ♛ ♛

မင်းအောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com

မိုးညဝက်ပါ

❑

မွန်းလွဲချိန်လောက်ကတည်းက ညိုမည်းကာ ရွာသွန်းလာသောမိုးတို့က တစ်လုံးပြီးတစ်လုံး အဆက်မပြတ်။ ထွန်းမောင်တစ်ယောက် မကြာမြင့်မီရက်ကလေးများမှ ပြင်ဆင်ထားသော မီးအုပ်၊ ပလိုင်းနှင့်ဖားရိုက်တုတ်(ကြိမ်လုံး)လေးများကို နောက်ဖေးမီးဖိုချောင်ရှိ ကြေပ်ခိုးစင် ကလေးပေါ်မှလှမ်းယူလိုက်ရင်း အသင့်ပြင်ဆင်ထားလိုက်လေသည်။

ခုလို မိုးဦးလေဦးကျရာသီ မိုးစရွာသောကာလတွေမှာ ကမ်းနွေလုံးရေတက်နေကြတဲ့ တွင်းအောင်းဖားတွေသည် ဗျိုက်တွေ၊ ကျောင်းတွေ

www.burmeseclassic.com

www.burmeseclassic.com

ရှိရာဆီထွက်လာရင်းမှ မြူးကြသောကာလဖြစ်သည်။

ဤရာသီမျိုးက ဖားရိုက်၍အကောင်းဆုံး၊ ရေမဝေးသော ဖားတွေက အရိုက်ခံလေသည်။ အနည်းဆုံး(၅)ပိသာလောက်ရပါစေ။ ပေါ်ဦးပေါ်ဖျားမို့ နိဗ္ဗာန်ရေးကလေးထဲက ငါးသည် မင်္ဂေမှီဆီသွားမို့ လိုက်ရင် တစ်လုံးတစ်ခဲနဲ့ ငွေစကြေးစလေးတွေ မြိုးမြိုးမြက်မြက်ရှေပြီး ဦးသာဝအပေါင်ဆိုင်မှာ သွားထားရတဲ့ မယ်ဖော့ရဲ့ အဝတ်အစားလေး တချို့လည်းရွေးလိုက်ပြီ။ စိတ်ကူးအတွေးတို့ဖြင့် ပျော်နေခိုက် . . . ။

"ဂျိမ်း . . . ဂျိမ်း . . . ဂျိမ်း"

ဟူသော လျှပ်စီးတစ်ချက်နှင့်အတူ မြည်ဟည်းလိုက်သော မိုးပြိမ်းသံများကြောင့် ထွန်းမောင်တစ်ယောက် ကောင်းကင်ကြီးဆီသို့ တစ်ချက်မော့၍ ကြည့်လိုက်လေသည်။ ထိုနောက် ဘာကြောင့်မသိပြန်း လိုက်ပြီး ထိုအပြုံးများက လျှပ်စီးနှင့်အတူ ဝင်းလက်သွားတော့သည်။

❦ ❦ ❦

❑

တကယ်ဆိုရင်တော့ ထွန်းမောင်နေသော အိမ်ကလေးသည် ဟသ်ဘ၊ ပုသိမ်မီးရထားလမ်းကလေးနံဘေးရှိ ဘူတာကွင်းဆိုသော ရွာကလေးဖြစ်သည်။ ဘူတာကွင်းရွာကလေးသည် ရွာဟုသာဆိုရပါ သော်လည်း အိမ်ခြေကိုးမများလှ။ အလွန်ဆုံးရှိမှ (၂၀)ကျော်ကျော် ရွာကလေးရှိ လူအများစုက လက်လုပ်လက်စားသမားများ။ အနီးအပါး ရှိ ငါးဘတ်အင်းချောင်းကလေးထဲ ငါးရှာဖားရှာ၊ တချို့က လယ်ထွန် လယ်ဌား၊ ခြံကူလီ စသည်စသည်ဖြင့် အလျှဉ်းသင့်ရာလုပ်ငန်းလေး များကို အခါမလပ်လုပ်ကိုင်ရင်း ဘဝတစ်ခုကို ၄က်တွေ့လိုမျှသန်းကြ ရသည်။

မယ်ဖော့တစ်ယောက် တစ်မြန်နှစ်က အောက်အရပ်ဘက်သို့ မိုးရာသီတွင် ကောက်စိုက်သွားရင်း နဖူးစာရွာလည်ဆိုသော စကား နှင့်အညီ တစ်ရွာသားထွန်းမောင်နှင့် ဖူးစာဆုံအကြောင်းပါခဲ့ကြပါသည်။ ထွန်းမောင်နှင့်မယ်ဖော့ အိမ်ထောင်ကျတော့ ယောင်နောက်ဆံထုံးပါ ဆိုတဲ့ စကားရှိပေမယ့် အမေတစ်ခု၊ သမီးတစ်ခုသာရှိသော ဘဝတွင် အမေကို လုပ်ကိုင်ကျွေးမွေးနေရလေသော မယ်ဖော့ခမ်းခေါင်ငမ္ဘကြောင့် ထွန်းမောင်တစ်ယောက် ဆံထုံးနောက်သို့ ယောင်ကပါခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

နစ်မျောနေသော အတွေးတစ်ခုကို အစသတ်လိုက်ရင်း ထွန်းမောင်က ပလိုင်းလေးကို လွှယ်လိုက်လေသည်။ ထိုနောက် မီးအုပ်လေးထဲတွင်ထည့်ထားသော ရေနံဆီမီးတိုင်ကလေးအား မီးညှိလိုက်ပြီး ဖားရိုက်တုတ်ကို တစ်ချက်နှစ်ချက်ဆန့်ကိုင်လိုက်ကာ . . . ။

"မယ်ဖော့ . . . မယ်ဖော့ရေ ငါသွားတော့မယ်နော်" ဟု ဇနီးကို အသံပေးရင်း နှုတ်ဆက်လိုက်လေသည်။ ထွန်းမောင်အသံကြောင့်

"ကိုထွန်းမောင် . . . ရှင်တစ်ယောက်တည်းလား"

"မဟုတ်ပါဘူးကွ၊ ငါးဘတ်အင်းရွာထဲက လှအေးလည်း ပါပါတယ်"

"ကဲ . . . ကဲ၊ ဒါဆိုလည်း သွားသွား ပိုးကောင်မွားကောင်တွေလည်း ဂရုစိုက်နော်"

"အေးပါဟာ . . . ငါသိတယ်"

စကားဆုံးတော့ ပိုးတွေက တသည်းသည်းနှင့် အော်မြည်ဟစ်ကြွေး ရွာချလာကြပြန်သည်။ တသည်းသည်း မြည်ကြွေးရွာချနေလျက်ရှိသော ပိုးရေထဲမှာတော့ ထွန်းမောင်ကမီးအုပ်ကလေးအား ကိုင်ဆွဲရင်းတစ်စစ တိုးဝင်ပျောက်ကွယ်သွားတော့သည်။

ပိုးဦးလေဦးကျရောသီတွင် ဖားရိုက်ကြသောသူတွေ အများအပြားရှိသည်။ ထိုသူတွေ အမက်မောဆုံးကွင်းက "ဘွဲ့ချင်ကုန်း"ကွင်းကလေးဖြစ်လေသည်၊ လယ်ကျောက်ပြင်ကွင်း၊ ငါးဘတ်အင်းကွင်း၊ ကန်ကလေးကွင်း၊ ရိုးကြီးကွင်း၊ ကွင်းတွေကွင်းတွေ အများကြီးရှိသည့်အနက် ဘွဲ့ချင်ကုန်းကွင်းကလေးက ဖားအထွက်ဆုံး ဖားရိုက်၍အရဆုံး ကွင်းအဖြစ် ဤနယ်တစ်ဝိုက်တွင် နာမည်ကြီးလှသည်။

ရောင်းချရန် ရိုက်ကြသူများရှိသလို၊ ဟင်းစား(ခေါ်)တစ်အိုး

ထမင်းနပ်စာအတွက် ရိုက်ကြသူများလည်းရှိသည်။ ဘာပဲဖြစ်ဖြစ် နောက်ကျသွင်မကောင်း။ ခြေတစ်လှမ်းဦးနိုင်ဖို့ ထွန်းမောင်နှင့်လှအေး နှစ်ယောက်သား ဘွဲ့ချင်ကုန်းကွင်းကလေးရှိရာဆီသို့ ခြေဦးကိုလှည့်လိုက်သည်။ ဖားကျက်ကို အတွေ့အကြုံရင့်ပြီးသားဖြစ်သော ကိုအောင်စည်လိုအင်းသူကြီးတစ်ယောက်ကလည်း သိလေသည်။ ကိုအောင်စည်ဆိုတာ နာမည်ကြီး။ သူ့ကို ဒီနယ်တစ်ဝိုက်ကလူတွေက အင်းတစ်ပွဲစားရယ်လို့ သမုတ်ထားကြသူ။ ငါးရှာရှာ၊ ဖားရှာရှာ သူတကာထက် သူကပိုရှိရသည်။ မနှစ်ကဆိုလျှင်ဖြင့် ကိုအောင်စည်ဘွဲ့ချင်ကုန်းကွင်းလေးမှာ ဖားရိုက်တာ ဂုံနီအိတ်နဲ့တောင်ထည့်ပြီး ထမ်းယူရသတဲ့။ ဒီတော့ ကိုအောင်စည်ထက် အရင်ရောက်မှဖြစ်မည်။ နို့မဟုတ်ပါက ဖားမရတဲ့ဆက်ချည်းပလာ ဗျာလိပ်ပြန်ရမည်။ ပလိုင်းဝက်သာသာရရှိပြီးသော ကလေးများကို တစ်ချက်ငဲ့ကြည့်လိုက်ရင်း အားအင်တို့က စိုပြေလန်းဆန်း၍ တက်ကြွလာသည်။

"ဟေ့ . . . လှအေး၊ ဘွဲ့ချင်ကုန်းဘက် တက်ကြမယ်ကွာ"

သုံးလေးလံခန့်တွင် တဖျပ်ဖျပ်ရိုက်နေသော လှအေးအား အသံပြုလိုက်သည်။

"ဟုတ်ကဲ့ . . . အစ်ကိုလေး၊ သွားလေ"

လှအေးစကားဆုံးတော့ ကွင်းအစပ်ရှိ လက်ပ်ပင်ကလေးအောက်သို့တိုးဝင်လိုက်ရင်း မီးအုပ်ကလေးများကို ပြန်လည်ပြင်ဆင်ကာ ကိုမှိန်တို့ကျခင်ီးလေးနံဘေးမှဖြတ်၍ ကွေ့ရင်းအညာတန်းရောကလေးဆီ နောက်ကျောဘက်ရှိ ဘွဲ့ချင်ကုန်းကွင်းကလေးရှိရာဆီ ခရီးဆက်ခဲ့ကြသည်။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

❑

တသည်းသည်းရွာနေသောမိုးသည် မောသွားသည့်ဟန်ဖြင့် ဒေါ်ပန်ငယ်ရပ်တန့်သွားပါသည်။ ဘွဲ့ချင်ကုန်းကွင်းစပ်သို့ ရောက်လာတော့ မိုးအုပ်ကလေးများဖြင့် ဖားရိုက်နေသော လူတစ်ဦးစီ၊ နှစ်ဦးကိုတွေ့ရသည်။

"ဟာ . . . ငါတို့တွေတော့ နောက်ကျသွားပြီထင်တယ်"

ဟူ၍ နှုတ်မှ ရေရွတ်ရင်း . . . ။

"မတတ်နိုင်ဘူးလေ"

ဖားရိုက်နေသော သူများအနီးသို့ရောက်တော့ အညာတန်းရွာကလေးထဲမှ လှထွန်းနှင့်အေးမောင်တို့ဖြစ်ကြောင်း တွေ့ရသည်။ ဒီတော့မှ သက်ပြင်းကိုချရင်း . . . ။

"ဟူး. . . တော်ပါသေးရဲ့"

ဖားရိုက်နေသူများမှာ ကိုအောင်စည်မဟုတ်။ အညာတန်းရွာသားများ ဖြစ်နေခြင်းကပင်လျှင် အတန်ငယ်ကံကောင်းနေပါသေးသည်။ ကိုအောင်စည်ဆိုပါက မိမိတို့ရိုက်ရန်၊ ဖားတစ်ကောင်တစ်ဖြီးမှကျန်မည်မဟုတ်။ လှထွန်းနှင့်အေးမောင်တို့မှာ မိမိတို့လိုပင် တစ်ခါတစ်ရံရိုက်သူများဖြစ်၍ ကိုအောင်စည်လောက်တော့မရနိုင်။

ဆိုတို့ရိုက်ရန် ဖားတို့ကျန်နေနိုင်သေးသည်။ မိုးစရွာသောရက်များ ခြေသည်မို့ ရေမဝသေးသောဖားတို့က မှောင်မည်းသော မိုးကောင်းကင်ပေါ်မှကျလာသော မိုးရေမိုးစက်များကိုသောက်ချိုးကာ အပျော်ကြီးဆော့လျက် ရှိကြလေသည်။

မိမိတို့အတွက် သေခြင်းတရားများ နောက်ကျောဖက်မှာ ရှိနေသည်ကိုမတွေး။ မိုးတေးကိုသံပြိုင်ဆိုရင်း ခုန်ပေါက်ပြူးတူး။ အပျော်ကြီးလျက် ရှိလေတော့သည်။ အနီးအပါး သုံးလေးလံခန့်အကွာတွင် ရိုက်နေသော အညာတန်းရွာသား လှထွန်းနှင့်အေးမောင်နှစ်ယောက်သည်း ပြင်လွှာထဲမှ တရွေ့ရွေ့ ဝေးရှဝေးရှသွားကြရင်း ပျောက်ကွယ်သွားကြသည်။

မိုးသည် တသည်းသည်း ရွာသွန်းလာပြန်သည်။ တစွေ့စွေ့ချန်ပေါက်နေသော ဖားတို့သည် မိုးရေပေါက်များအောက်တွင် ပြင်တွေ့နေရသည်။ ဝါဖျပ်ဖျပ်နဲ့ရိုက်ရင်း ပလိုင်းကလေးသည်လည်းပဲ မောက်ဆထက် မောက်ကာလာလေတော့သည်။ ဘွဲ့ချင်ကုန်းကွင်းကလေးသည် ဆောကြီးနှင့်ထိစပ်ကာ ဆက်၍နေသည်မို့ ကွင်းစပ်တွင် လူတစ်ရပ်သာသာရှိသော ချုံကြီးများက စိရရိပေါက်လျက်ရှိကြလေသည်။ လှအေးနှင့်နှစ်ယောက်သား မီးအုပ်ကိုယ်စီနဲ့ ဘွဲ့ချင်ကုန်းကွင်းစပ်ချုံပုတ်ကလေးများဆီသို့ ဦးဦးဦးလိုက်သည်။

ထိုနောက်ချုံပုတ်တစ်ခုအနီးရှိ ငုပင်ကြီးတစ်ပင်အောက်တွင် ချပ်ရင်း အော်မြည်နေသောဖားတို့၏ အသံများကို ထွန်းမောင်နားစွင့်လိုက်သည်။ ချုံအောင်းဖားကြီးတစ်ကောင်၏အသံက ရောနှောအော်မြည်နေသော ဖားများ၏အသံကြားတွင် ပြက်ပြက်ထင်ထင် ပေါ်လွင်လာသည်။ မိမိနှင့်တစ်လံသာသာတွင် ရိုက်နေသော လှအေးအား မီးအုပ်

www.burmeseclassic.com

www.burmeseclassic.com

ကလေးကိုဝှေ့ယမ်း အချက်ပြလိုက်ပြီ။ တွင်းအောင်းဖားကြီး အော်မြည်နေရာ ဆောက်ဝိုင်းချုပုတ်ကြီးအား နှစ်ယောက်သား ဘယ်ညာညှပ်၍ ဝိုင်းလိုက်သည်။

ချုံအောင်းဖားကြီး၏ အသံကား အော်မြည်ဆဲ၊ အော်မြည်ပြီး တစ်ဖက်ချုံစပ်မှနေ၍ လှအေးက ဖားရိုက်တုတ်ဖြင့် ခြောက်လှန့်သည်။ မိမိကထွက်လာမည့် ဖားကြီးအား ရိုက်ရန်အသင့်အနေအထားပြု၏။ သို့သော် မိမိတို့ထင်ထားသကဲ့သို့ ဖြစ်မလာပေ။ တွင်းအောင်းဖားကြီး၏ အော်မြည်သံက ပျောက်ခြင်းမရှိတ်ခြည်း ပျောက်ကွယ်သွားသည်။

လှအေးနှင့်မိမိတို့နှစ်ဦး အတန်ငယ်ငြိမ်သက်ပြီးဖားကြီး၏ အော်သံပေါ်ထွက်လာမည့်နေရာသို့ ငုံ့လင့်နေမိသည်။ သို့သော် ဖားကြီး၏ အသံကလုံးဝပေါ်မလာ။ မိနစ်အနည်းငယ်ခန့်ကြာလာတော့မှ မိမိတို့နောက်နားရှိ ချုံပုတ်တစ်ခုဆီမှ ပေါ်ထွက်လာလေသည်။ လှအေးနှင့်နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ကြည့်မိလိုက်ကြရင်း ဘယ်လိုလဲဟူသောအတွေးဖြင့် တစ်ခြုံကျော်မှ တဘွမ်ဘွမ်အော်မြည်နေသော ချုံအောင်းဖားကြီးရှိရာဆီသို့ သွားရန် ပြင်ဆင်လိုက်ကြလေသည်။

❦ ❦ ❦

❑

ဤတစ်ကြိမ်တွင် အော်မြည်နေသော တွင်းအောင်းဖားကြီး၏ အော်မြည်သံမှာ ပိုရှိကျယ်လောင်လာသည်။ လှအေးနှင့်နှစ်ယောက်သား ဖားကြီးအော်မြည်နေသော ချုံပုတ်ကိုဝိုင်းရံ၍ ကပ်လိုက်သည်။ ထို့နောက် ဖားရိုက်တုတ်ကို ချုံဘုတ်ကြီးအတွင်းသို့ ထိုးသွင်းလိုက်ရင်းလဲကျနေသော နွယ်ပင်တစ်ပင်ကိုမ၍ဖယ်ရှားပြီး မီးတုတ်ကလေးဖြင့် ထိုးကြည့်လိုက်ရာ ချုံပုတ်ထဲတွင် မြင်တွေ့လိုက်ရသောမြင်ကွင်းကြောင့် မိမိ၏ ခေါင်းရှိဆံပင်များနှင့် ခန္ဓာကိုယ်ရှိမွေးညင်းတို့သည် ထောင်ထသွားသည်သို့ ခံစားလိုက်ရသည်။ ပါးနှစ်ဖက်ရှိ အကြောအချဉ်များ ချက်ချင်းတောင့်တင်းလာရင်းမာကျောလာသည် ထင်မိသည်။ မြင်တွေ့လိုက်ရသောမြင်ကွင်းမှာ ချုံပုတ်ထဲတွင်အော်နေသော တွင်းအောင်ဖားကြီးမှာ(၅)နှစ်သာသာ ကလေးတစ်ယောက်၏ အရွယ်ပမာဏခန့်ရှိ၍ ကြီးမားသော မျက်လုံးကြီးနှစ်လုံးကို အစွမ်းကုန်ပြူးကျယ်ထားကာ တင်ပလ္လင်ခွေထိုင်လျက်သားနှင့် တွေ့လိုက်ရသောကြောင့်ပင်။ အံ့သြမှုတစ်စုံတစ်ရာကြောင့် 'ဟာ' ဟူ၍ နှုတ်မှထွက်ပေါ်သွားရင်းချုံစပ်မှ နောက်သို့ဆုတ်ရှိခွာလိုက်သည်။ ထိုနောက်လှအေးအား မီးအုပ်ဖြင့် ဝှေ့ရမ်းအချက်ပြလိုက်ပြီး ချုံပုတ်ကိုခွာရန် အချက်ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရုတ်ခြည်းပြောင်းလဲသွားသော အခြေအနေကြောင့် လှအေးတစ်ယောက်ကတော့ အူတိုအူချာ ကျွန်တော်ခေါ်ရာနောက်သို့ လိုက်ပါလာရင်း တစ်ချီနှစ်ချီးခန့်ကျော်လာတော့မှ။

"အစ်ကိုလေး . . . ဘာတွေ့လို့လဲ"

ဟုမေးလိုက်လေသည်။ ထို့နောက် လှအေးအနားသို့ကပ်ကာ ခပ်တိုးတိုးပြောလိုက်ပြီး . . . ။

"ကဲ . . . တို့ရွာကို ပြန်ကြရင်ကောင်းမယ် လှအေး။ ဖားတွေ့လည်း အတော်ရှေ့ပြေပဲကွာ"

ထိုနောက်မှာ နှစ်ယောက်သားရွာဆီသို့ ပြန်ရန်ဦးတည်လိုက်သည်။ ညကတော့ဖြင့် မှောင်မှောင်မည်းမည်းနှင့်။ မိုးကလည်း သည်းသည်းမည်းမည်း။

ဖိမိတို့နေသော ဘူတာကွင်းရွာကလေးသည် ဘွဲ့ချင်ကုန်းကွင်းထလေးနှင့်ဆိုလျှင် ဓားလွယ်ခုတ်ကျမည်။ သုံးလေးမိုင်သာရှိ၍ သိပ်မဆေးလှ။ ကွင်းကလေး၏တောင်ဘက် အရပ်တွင်ရှိသည်။ သို့သော် ဖိမိတို့ဦးတည်နေသော အရပ်ကအရှေ့ရူးရူး။ အရှေ့ရူးရူးမှာကား နေပြောက်ထိုးနှိုင်သော ကြီးမားသောသစ်ပင်ကြီးများဖြင့် ထူထပ်သော ခုနှစ်မတောအုပ်ကြီး ရှိသည်။ ပလိုင်းလေးများကို ကိုယ်စီလွယ်ပိုးရင်းရွာတက်ဆီသို့ ပြန်ရင်းပြန်ရင်း ဖိမိတို့လာသော လမ်းမဟုတ်ကြောင်း ဒီနှစ်အနည်းငယ်ခန့်မျှ လျှောက်မိတော့သိလာသည်။

"ဟေ့ . . . လှအေး၊ တို့လာတုန်းက ဒီလမ်းဟုတ်ရဲ့လားကွာ၊ ကြည့်ပါဦး"

လှအေးကို အသံပြုမိလေတော့ . . . ။

"ဟုတ်တယ် အစ်ကိုလေး။ ကျွန်တော်လည်း စဉ်းစားနေတာ။ ကျွန်တော်တို့သွားနေတာ ရွာကိုပြန်တဲ့လမ်းမဟုတ်သူး။ မဟုတ်မှလွဲရော ကျွန်တော့်အထင်တော့ ကျွန်တော်တို့ မျက်စိလည်လမ်းမှားပြီး ခုနှစ်မတောကြီးထဲရောက်နေပြီထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com

"အေး . . . ငါလည်း တွေးနေတာ။ ရွာဘယ်ဘက်မှာရှိတယ် ဆိုတာ စဉ်းကိုစဉ်းစားလို့ မရတော့ဘူး၊ မတတ်နိုင်ဘူးကွာ။ ဒီအတိုင်း လျှောက်သွားနေရင်လည်း မိုးသာလင်းသွားမယ် လမ်းကတော့တွေ့ မဟုတ်ဘူး၊ ဒါကြောင့် တွေ့ရာသစ်ပင်တစ်ပင်အောက်မှာ အိပ်ကြရင် ကောင်းမယ်"

ထို့နောက် စကားကိုရပ်တန့်လိုက်ရင်း နားစွင့်လိုက်သည်။

"ဟေ့ကောင် . . . လှအေး၊ နားထောင်စမ်း။ မင်းကြားလား ငါ့နားထဲမှာတော့ အုန်းမောင်းခေါက်သံလိုလို ကြားမိတယ်"

"ကျွန်တော်တော့ မကြားမိဘူး၊ အစ်ကိုလေး"

"အေးကွ . . . အုတ်မောင်းခေါက်သံမှန်ရင်တော့ တို့ရောက် နေတဲ့နေရာဟာ ရွာနဲ့သိပ်မဝေးလောက်ဘူး"

ကြိမ်းစပ်နေပြီဖြစ်သော မျက်လုံးတို့ကြောင့် မျက်စိကမှောင် ချင်တော့။ ခြေထောက်များလည်း မလှမ်းချင်တော့အောင် ညောင်းညာ နေပြီ။ နှစ်ယောက်သား ကုက္ကိုပင်ကြီးတစ်ပင်အောက်တွင် မှီ၍ထိုင် ချလိုက်ကြရင်း အတန်ငယ်မျှကြာတော့ နှစ်ဦးသား နှစ်နှစ်မြိုက်ခြင်း အိပ်ပျော်၍ သွားကြသည်။

❦ ❦ ❦

❑

အာရုဏ်ရောင်နီဦးမှာ တက်ကြွ၍လန်းဆန်းသော အားအင်တို့ ဖြင့် တဖြည်းဖြည်း ဘူတာကွင်းရွာကလေးပေါ် မြင့်တက်လာနေသည်။ ဖရိုဖရဲလွင့်စင်ကျလာခဲ့သော အလင်းများကြောင့် မယ်ဖော့အိပ်ရာမှ နိုးလာရင်း မိမိ၏အိမ်ရှေ့ အကြော်တဲကလေးဆီသို့ အကြော်ကြော်ရန် ထလိုက်သည်။ ပြီးတော့ မျက်နှာသစ်ပြီး အလေးအပေါ့စွန့်ရန် နောက် ဖေးနွားတင်းကုပ်နံဘေးရှိ ရေအိမ်သာကလေးရှိရာဆီသို့ အသွား၊ နွား တင်းကုပ်နံဘေးရှိ ကုက္ကိုပင်ကြီးအောက်တွင် တွဲဖွဲ့ခွဲအိပ်မောကျ၊ အိပ် ပျော်နေသော ထွန်းမောင်နှင့်လှအေးတို့ နှစ်ယောက်သားကို တွေ့ရသည်။

"အလို . . . ကိုထွန်းမောင်၊ ကိုထွန်းမောင်"

မိမိ၏ ပခုံးနှစ်ဖက်အားကိုင်၍ လှုပ်နှိုးလိုက်သော အသံကြောင့် ထွန်းမောင် အိပ်မောကျနေရာမှ နှိုးလာသည်။

"ဟေ"

"ကိုထွန်းမောင် . . . ကိုထွန်းမောင်၊ ရှပ်တို့ ဘယ်လိုဖြစ် နေကြတာလဲ"

မယ်ဖော့စကားဆုံးတော့ ထွန်းမောင်အိပ်ချင်စိတ်များပြေလျော့ သွားကာ အဖြစ်အပျက်များကို အမှတ်ရလာသည်။

"ဟေ . . . ငါတို့တစ်ညလုံး မျက်စိလည်ပြီး တောထဲမှာ၊ တောင်တွေထဲ လျှောက်သွားနေတာကွ။ နောက်ဆုံး မတတ်နိုင်တော့တဲ့

www.burmeseclassic.com

www.burmeseclassic.com

အဆုံး တွေ့ရာသစ်ပင်အောက်မှာပဲ နှစ်ယောက်သားထိုင်ချပြီး အိပ်ပျော်သွားတာ''

ထွန်းမောင် စကားဆုံးလေတော့ . . . ။

''ဖြစ်မှဖြစ်ရလေ ကိုထွန်းမောင်ရယ်၊ မသေကောင်း မပျောက်ကောင်း။ အဲဒါ ရှင်တို့တောမှောက်တာရှင့်၊ တောမှောက်တာ''

သတိရ၍ကြည့်မိတော့ ပလိုင်းပြည့်လုနီးပါးရခဲ့သော ဖားများက ပလိုင်းထဲတွင် တစ်ကောင်တစ်ပြီးမှပင် မရှိတော့။ အုံ့ခဲနေသော ဦးခေါင်းထဲသို့ ညကဖြစ်ပျက်ခဲ့သော အကြောင်းတရားတို့သည် ဆက်ကာဆက်ကာ ဝင်ရောက်လာလေသည်။

မိမိတို့သည် မနေ့ည(၇)နာရီခန့်က မိုးတဖြိုင်ဖြိုင်ရွာနေချိန်တွင် အမှန်စင်စစ်ဖားရိုက်ထွက်ခဲ့ကြပြီး ခုနစ်မတောကြီးထဲသို့ မျက်စိလည်လမ်းမှားရောက်ရှိလာကာ တစ်ညလုံးပင်လျှောက်သွားနေခဲ့ကြသည်။ နောက်ဆုံးမှာ ကြီးမားသောသစ်ပင်ကြီးတစ်ပင်အောက်၌ နှစ်ယောက်သားမိုးခိုနားနေရင်း အိပ်ပျော်သွားခဲ့ကြရသည်။ မိုးလင်းသည့်အခါ မိမိတို့အိမ်နောက်ဖေးရှိ ကုက္ကိုပင်ခြေရင်းတွင် အိပ်ပျော်ရောက်ရှိနေခဲ့ရသောအဖြစ်တွေကို ကစဉ့်ကလျား ဆက်စပ်တွေးတောရင်း လှုအားနှင့်အတူ နှစ်ယောက်သားမှာ ဇနီးမယ်ဖော့ခေါ်ငင်ရာ မိမိအိမ်ကလေးဆီသို့ လှမ်းလာခဲ့ကြလေတော့သည်။

♛ ♛ ♛

မင်းအောင်ကျော်

www.burmeseclassic.com